န့်ရှေးများ
ဘာဘုရင်မ၏လက်စွပ်

UEEN SHEBA'S RING

R H. RIDER HAGGARD

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

ဒဂုန်ရွှေမျှား

ရှီဗာဘုရင်မလက်စွပ်

Sir Rider Haggard

Queen Sheba's Ring

စာမူခွင့်ပြုချက်အမှတ် - ၉၀၀/၉၉(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၉၄/၉၉(၁၂)

■

စီစဉ်သူ
ကိုမြင့်ထွန်း

■

ပုံနှိပ်ခြင်း
ပဥ္စမအကြိမ် - (၂၀၀၀၊ ဖေဖော်ဝါရီလ)
အုပ်ရေ - (၁၀၀၀)

■

မျက်နှာဖုံးပန်းချီ - တင်မောင်မျင့်
ကာလာခွဲ - Alpha
အတွင်းဖလင် - ဇမ္ဗူအေး

■

မျက်နှာဖုံးပုံနှိပ်
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် ၁၆၃၊ ၄၈ လမ်း၊ ဗိုလ်တထောင်။

■

အတွင်းပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် ၁၆၃၊ ၄၈ လမ်း၊ ဗိုလ်တထောင်။

■

ထုတ်ဝေသူ
ဦးသိန်းဆွေ(၀၁၄၇၃)၊ စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း

■

တန်ဖိုး - ၇၀၀ ကျပ်

ဆာဟင်နရီရိုက်ဒါဟက်ဂတ်

SIR HENERY RIDER HAGGARD
(၁၈၅၆–၁၉၂၅)

• • • • ● • • • •

ရိုက်ဒါဟက်ဂတ်သည် အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး ဖြစ်၍ ၁၈၅၆ ခု၊ ဇွန်လ ၂၂ ရက်နေ့တွင် အင်္ဂလန်ပြည် နော်ဖော့နယ် "ဗရက်ဟမ်ဟော" ခေါ် ရွာကလေးတွင်ဖွားမြင်ခဲ့လေသည်။

၁၈၇၅ ခုနှစ်မှ ၁၈၈၀ ခုနှစ်အတွင်း အာဖရိကတိုက်ရှိ "နေတယ်" ဘုရင်ခံထံတွင် ပထမအတွင်းဝန်အဖြစ် အမှုထမ်းပြီးနောက် အင်္ဂလန်သို့ပြန်ခဲ့ပြီးလျှင် ဥပဒေများကို လိုက်စားလျက် ဝတ်လုံတော်ရ စာမေးပွဲကိုအောင်မြင်ခဲ့၏။

၎င်းရေးသော ဝတ္ထုများသည် စွန့်စားခန်းများနှင့်ပြည့်နက်လျက်ရှိ၍ . . . များစွာသော ဖွဲ့နွဲ့စီကုံးမှုများနှင့် ဖတ်ချင့်စဖွယ်ကောင်းအောင် . . . ရေးခြယ်နိုင်ခြင်းကို ပြသသည်၊ ဝတ္ထုများကို ရေးသားရာ၌ . . . စနစ်တကျ ဖွဲ့နွဲ့၍ တိုင်းပြည်ဆိုင်ရာ ဒေသန္တရဗဟုသုတများကို မှန်ကန်စွာအသုံးချလျက် အဖြစ်မှန်ကဲ့သို့ စိတ်ကူးရေးသားနိုင်သည်။

Quality Publishing House

ထို့နောက် မိမိ၏ နိုင်ငံရေး အတွေ့အကြုံများ စစ်မှုထမ်း အတွေ့အကြုံများ အာဖရိက တောတွင်းအတွေ့အကြုံများ အာဖရိကတိုက်ရှိ လူမည်းမျိုးတို့၏ ဇစ်မြစ်ရာဇဝင်ပုံပြင်သမိုင်းမှစ၍ ယင်းတို့၏ ဓလေ့ထုံးစံများကို နောက်ခံထားခါ ဝတ္ထုပေါင်းမြောက်မြားစွာကို ရေးသားခဲ့လေသည်။

သူ၏ အရေးအသားများမှာ အတွန့်အချိုးအကောက် အကွေးမရှိဘဲ ရိုးသားဖြောင့်စင်းလျက် သဘာဝ၏ပကတိမူလ သဘောတရားကို ကွက်ကွက်ကွင်းကွင်း ဖော်ပြတတ်၏။ ရာဇဝင်နောက်ခံထားခြင်း၊ ခွဲခြားဝေဖန်ခြင်း၊ အံ့သြလောက်အောင် အလွန်အမင်း ထူးဆန်းခြင်းစသော ရသဂုဏ်တို့ဖြင့် ပြည့်ဝ၏။ ဇာတ်ကောင်များကို ရွေးချယ်ခြင်းနှင့် သူတို့၏ စိတ်နေစိတ်ထားကို ရေးသားရာတွင် အလွန်နိုင်နင်းစေ့စပ်၏။ စာဖတ်သူအား ဝတ္ထုတစ်ပုဒ်ကို စိတ်ဝင်စားအောင် ပြောနေသကဲ့သို့ ထင်ရ၏။

ယင်းကဲ့သို့ သူ၏ ဝတ္ထုများမှာ အထက်ပါ အချက်အလက်တို့ဖြင့် ပြည့်စုံသဖြင့်လည်း အထူးထင်ရှားကျော်ကြားခဲ့လေသည်။

ဆရာကြီးသည် ခြံလုပ်ခြင်း၊ ဥယျာဉ် ပန်းမာလ်စိုက်မျိုးခြင်းတွင် ဝါသနာပါ၍ အင်္ဂလန်ပြည်၏ တောကျေးလက်အကြောင်းများကိုလည်း ရေးသားခဲ့လေသည်။ ၁၉၁၂ ခုနှစ် တွင် "ဆာ" ဘွဲ့ကို ခံယူရရှိခဲ့သည်။

ဆရာကြီးသည် ၁၉၂၅ ခု မေလ ၁၄ ရက်နေ့ အသက် ၆၉ နှစ်တွင် လန်ဒန်မြို့၌ ကွယ်လွန်အနိစ္စရောက်ရှာလေသည်။

* * *

ရှီဗာဘုရင်မ၏လက်စွပ်

နန်းစဉ်လက်စွပ်ကိုရရှိခဲ့ပုံ

ကျွန်ုပ် "ရစ်ချတ်အဒမ်" သည် အင်္ဂလန်ပြည် ကမ်ဗာလင်နယ်သားဇာတိဖြစ်၍ အလုပ်အကိုင်အားဖြင့် ဆေးဆရာဝန်တစ်ယောက်ဖြစ်၏။ ခြေထောက်တွင် "ဗွေ" ပါသူတစ်ယောက်ဖြစ်သည့်အတိုင်း နိုင်ငံအသီးသီးကို လှည့်ခဲ့ပြီးနောက် အသက် ၄၀ အရွယ်၌ ကျွန်ုပ်သည် အီဂျစ်ပြည် ကိုင်ရိုမြို့တွင် အရှေ့တိုင်းသူတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့ပြီးလျှင် ဆေးဆိုင်တစ်ဆိုင်ဖွင့်ကာ အသက်မွေးမြူနေထိုင်ခဲ့၏။ သို့သော် သူ၏ဆွေမျိုးများက သပိတ်မှောက်သဖြင့် ကျွန်ုပ်တို့မှာ "အဆူအန်" မြို့သို့ တဖန် ပြောင်းရွှေ့ခဲ့ရပြန်၏။ ထိုမြို့သို့ ရောက်သောအခါမှ ကျွန်ုပ်မှာ ရှေ့တွင်ဖော်ပြလတ္တံ့သော ဒုက္ခအမျိုးမျိုးနှင့် ပက်ပင်းပါ တွေ့ရတော့၏။

ကျွန်ုပ်၏ဇနီးမှာ သားတစ်ယောက်ရရှိပြီးနောက် ရက်တရက် သေဆုံးသွားရာ . . . သားကလေး၏မျက်နှာကိုကြည့်ခါ ကျွန်ုပ်မှာ အလွမ်းပြေရတော့၏။ သို့သော် ကျွန်ုပ်၏ကံကြမ္မာကား . . . ဤမျှနှင့်မရပ်သေးချေ၊ သားဖြစ်သူ ၁၂

နှစ်သားအရွယ်သို့ရောက်သောအခါ . . . အာဖရိကတိုက်မြောက်ပိုင်းတွင် တစ်နေရာမှ တစ်နေရာ လှည့်လည်နေထိုင်သော "မာဒီ" ခေါ် လူရိုင်းမျိုးများသည် ကျွန်ုပ်၏ကလေးကို တိတ်တဆိတ်ခိုးယူသွားရကား ကျွန်ုပ်မှာ မျက်ရည်နှင့် မျက် ခွက် ကျန်ရစ်ရတော့၏။

ဤသို့ တစ်ယောက်တည်းသော သားလည်းဖြစ်ပြန် မိခင်၏ကိုယ်စား အရိပ်တကြည့်ကြည့်လည်းထားပြန် ဖြစ်ရကား . . . ကျွန်ုပ်သည် မနေတတ်၊ မထိုင်တတ်ဖြစ်ပြီးလျှင် သား၏ဇောဖြင့် မောပန်းနိုင်သည်မရှိဘဲ အာဖရိကတိုက် အတွင်း သတင်းကြားရာ တစ်နေရာမှတစ်နေရာသို့ လိုက်လံရှာ ဖွေခဲ့ရာ ဤသို့ ရှာဖွေခဲ့ရာမှစ၍ ယခု အတ္ထုပ္ပတ္တိကို ရေးသားရန်အကြောင်း ဖြစ်ပေါ်လာပေတော့၏။

* * * *

ကျွန်ုပ်၏ ဘဝခရီး၌ ဤသို့ ဖြစ်ပျက်တွေ့ကြုံခဲ့ပြီးလျှင် . . . ကျွန်ုပ်သည် လန်ဒန်မြို့သို့ ရောက်လာပြီးနောက် ဒီဇင်ဘာလ၏ တစ်နေ့သော ညနေစောင်းတွင် ကျွန်ုပ်၏မိတ်ဆွေဟောင်းကြီး "ပရော်ဖက်ဆာ ဟာစ်" ၏နေအိမ်တံခါးဝသို့ ရောက်ရှိလာခဲ့၏။ အိမ်တံခါးဖွင့်ပေးသူ အိမ်စေ မိန်းမက ဆရာကြီးမှာ အိမ်ထဲတွင်ရှိနေကြောင်း၊ သို့သော် ဧည့်သည် တစ်ယောက်နှင့်အတူ ညစာစားကြမည်ဆဲဆဲဖြစ်သဖြင့် . . . နောက်တစ်နေ့မှ လာရောက်ပါမည့်အကြောင်းနှင့် တောင်းပန်၏။ သို့သော် ကျွန်ုပ်က အီဂျစ်ပြည်မှ မိတ်ဆွေဟောင်းကြီးတစ်ယောက်သည် ထူးဆန်းသောပစ္စည်းတစ်ခုနှင့် ဆရာကြီးအား ပြရန် ရောက်လာသဖြင့် ချက်ချင်းဝင်ခွင့်ပြုရန် တောင်းပန်ပေးပါမည့်အကြောင်းနှင့်ပြောပြရာ ထိုမိန်းမသည် အိမ်တွင်းသို့ပြန်ဝင်သွားပြီးနောက် မကြာမီပြန်၍ရောက်လာပြီးလျှင် ကျွန်ုပ်အား ဝင်ခွင့်ပြုလေ၏။ အိမ်ခန်းကြီးမှာ . . . ကျယ်ပြန့်သော အခန်းကြီးတစ်ခုဖြစ်၍ လိုက်ကာ၏ အခြားဘက်၌ မီးဖိုမှမီးရောင် ကလေးကိုလည်းကောင်း၊ စားသောက်ဖွယ်များ ပြင်ဆင်ထားသည့် စားပွဲကိုလည်းကောင်း မြင်ရ၏။ ကုလားထိုင်များပေါ်၌ကား လူ နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်၍နေ၏။

အခန်းနံရံများ၌ကား . . . ရုပ်တုများ၊ ဆေးစိမ်ထားသော၊ တိရစ္ဆာန်ခေါင်းများ၊ လူရိုင်းများ၏ လက်နက်ဆန်းများ၊ အရိုးစုများ စသည်ဖြင့် ထူးဆန်းသောပစ္စည်းများကို ဘီရိုကြီးများနှင့် ထည့်ထား၏။ ဆရာကြီးကား ရှေးဟောင်းပစ္စည်းများနှင့်တကွ ကမ္ဘာပေါ်တွင် တိမ်ကောသွားခဲ့သော လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုးနှင့်ပတ်သက်သည့် ရှေးဟောင်းအတတ်ပညာများတွင် တစ်ဘက်ကမ်းခတ်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးပါပေတည်း။

ဓာတ်မီးရောင်တွင်ထိုင်နေသော လူ ၂ ယောက်အနက် တစ်ယောက်မှာ . . . အိမ်ရှင် ပရော်ဖက်ဆာ ဆရာကြီး "ဟာစ်" ဖြစ်၍ အရွယ်ကြီးပြီဖြစ်သော်လည်း အမြင်အားဖြင့် ၄၅ နှစ်ခန့်ဟု ခန့်မှန်းရ၏။ ပုပြတ်ပြတ်နှင့် ခပ်တုတ်တုတ်ရှိသဖြင့် "ဂင်တို" ဟုခေါ်သော လူစားမျိုးဖြစ်လေရာ . . . မျက်နှာလည်း ဝိုင်း၍ နီရဲလျက်ရှိ၏။ အထူးသဖြင့် သူ၏မုတ်ဆိတ်နီကြီးနှင့် စူးရှသော မျက်လုံး ၂ လုံးတို့မှာ . . . သူ၏အင်္ဂါရုပ်တွင် ထင်ရှားသော အချက်အလက်များဖြစ်လျက် မျက်မှန်အပြားကြီးကိုလည်း အမြဲတပ်ထားလေ့ရှိလေသည်။

အခန်းတွင်းသို့ ကျွန်ုပ်ဝင်သွားရာ . . . ဆရာကြီး သည် ကျွန်ုပ်အား ကောင်းစွာ မှတ်မိတော့၏။

"ဟာ . . . အဒမ် . . . ဒေါက်တာအဒမ် . . . ကျုပ်မှတ်မိပြီ မှတ်မိပြီ၊ ခင်ဗျား မုတ်ဆိတ်ဖြူကြီးတော့ ကျုပ်ဘယ်တော့မှ မျက်စိမမှားဘူးဗျို့၊ ဒါထက်နေပါဦး အာဖရိကလူရိုင်းတွေဖမ်းသွားလို့ ခင်ဗျား သေသလိုလို သတင်းကြားနေရတာဗျာ"

"ခင်ဗျား သတင်းကြားတဲ့အတိုင်း မှန်တာလဲ မှန်တာပဲဗျာ၊ နို့ပေမယ့် ဘုရားသခင် မလို့ပြန်ရောက်လာတယ်"

"သိပ်ဝမ်းသာတာပဲ ဒေါက်တာ ၁၀ နှစ်ကျော် ၁၂ နှစ်နီးပါး ခင်ဗျားကလည်း ပျောက်နေတာကိုးဗျာ . . . ဟောဒီက ကျုပ်မိတ်ဆွေ ကပ္ပတိန် အိုလီဗာတဲ့ အင်ဂျင်နီတစ်ယောက်ပဲ"

ဆရာကြီးသည် ကျွန်ုပ်၏လက်များကို အားပါးတရ ကိုင်ဆွဲလှုပ်ရမ်းပြီးနောက် သူ၏မိတ်ဆွေနှင့်ကျွန်ုပ်အား မိတ်ဆက်ပေး၏။ လူရွယ်သည် ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက်ခါ ဦးခေါင်းကို ညွှတ်လိုက်၏။ ဆရာကြီးသည် အစေခံများအား ညစာစားပွဲကို ၃ ယောက်အတွက် ပြင်ဆင်စေ၏။

ကပ္ပတိန် "အိုလီဗာ" ကား . . . ဆရာကြီးနှင့် နှိုင်းစာသော် ရုပ်ရည်ချင်း များစွာကွာခြားလှ၏။ အရပ်မြင့်၍ပြေပြစ်သောမျက်နှာရှိပြီးလျှင် . . . သေးသေးသွယ်သွယ်ပင်ထင်ရသော်လည်း ရင်အုပ်ကျယ်လျက် ခွန်အားဗလနှင့် ပြည့်စုံသော ရုပ်ရည်မျိုးဖြစ်၏။ အရွယ်အားဖြင့် ၂၆ နှစ် ၂၇ နှစ်ခန့်မျှသာ ရှိသေး၍ ဆံပင်နှင့်မျက်လုံးတို့မှာ ခပ်ညိုညိုရှိနေ၏။ ထင်ရှား၍ ပြတ်သားသော မျက်နှာရှိပြီးလျှင် . . . သူ၏ဣန္ဒြေရလှသော မျက်နှာထားမှာ အကြံအစည် အလုပ်အကိုင်တို့တွင် အရည်အချင်းနှင့် ပြည့်စုံဟန်လက္ခဏာရှိ၏။ ထိုသူကား . . . အာဖရိကတောင်ပိုင်း "ဘိုအာစစ်ပွဲ" (အင်္ဂလိပ် ဒပ်ချစစ်ပွဲ)တွင် အင်ဂျင်နီယာတပ်မှ ဝင်ရောက်အမှုထမ်းခဲ့ဖူးကြောင်း သိရ၏။

ညစာ စားသောက်ကြပြီးနောက် ကျွန်ုပ်တို့သည် ဆေးတံများကို ကိုယ်စီသောက်မည်ပြုရာမှ ဆရာကြီးက ကျွန်ုပ်တို့အား . . . "ကိုင်း ဒေါက်တာ ခင်ဗျား ဒီရောက်လာတဲ့ ကိစ္စ ပြောစမ်းပါဦး၊ ဒီလောက်တောင် အာဖရိက တိုက်ထဲမှာ ၁၀ နှစ်ကျော်ကျော် ပျောက်နေတယ်ဆိုတဲ့ ခင်ဗျာ့ အဖြစ်အပျက်ဆိုပါတော့ဗျာ"

ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်၏လက်တွင်ဝတ်ထားသော ရွှေလက်စွပ်ကို ချွတ်လိုက်လေ၏။ လက်စွပ်မှာ သာမန် မိန်းမတစ်ယောက်၏ လက်သန်း၊ သို့မဟုတ် လက်သူကြွယ်တွင် ဝတ်ဆင်နိုင်သော လက်စွပ်ဖြစ်၍ ခပ်ဖျော့ဖျော့ အဆင်းရှိသည့် ရွှေဖြင့်ပြုလုပ်ထား၏။ အလယ်မှကျောက်မှာ . . . နီလာရောင် အဆင်းရှိသော "ကြောင်" ဖြစ်၍ အပေါ်တွင် အီဂျစ်ဘာသာ စာလုံးများကို ထူးဆန်းစွာ ထွင်း၍ထားရာ ဆရာကြီးသည် လက်စွပ်ကိုကြည့်ပြီးနောက် လက်စွပ်ကို တစ်လှည့် ကျွန်ုပ်မျက်နှာကိုတစ်လှည့် ကြည့်၍နေတော့၏။

"ကျောက်ပေါ်မှာ . . . ထွင်းထားတဲ့စာက ဘာကိုဆိုလိုတာလဲ ဆရာကြီး"

"အီဂျစ်နိုင်ငံကြီးရဲ့ နန်းစဉ်လက်စွပ်တစ်ကွင်းနဲ့ တူတယ်ဗျာ၊ မှန်းစမ်း . . . ဓော်လမုန်ဘုရင်၏ ဆုလာဘ်တော်ဆိုပါကလား၊ ဘုရင်တကာတို့၏ သမီးတော် ရှီဗာ . . . မာကွီဒါမင်းသမီး၊ နေပါဦး ဒီလက်စွပ် ဘယ်ကရတယ်ဆိုတာ ပြောစမ်းဗျာ"

အမှန်အားဖြင့်ဆိုသော် . . . ကျွန်ုပ်သည် သူဌေးတစ်

ယောက်ရှေ့တွင် ကျွန်ုပ်၏ဇာတ်လမ်းကို မပြောလိုသဖြင့် ပထမ ခပ်ဆိုင်းဆိုင်းလုပ်နေ၏။ သို့သော် တစ်ဖန်စဉ်းစားလိုက်သောအခါ ကပ္ပတိန်အိုလီဗာကို ကျွန်ုပ်မြင်လျှင်မြင်ချင်း နှစ်သက်သည်တစ်ကြောင်း၊ သူ့အား ယုံကြည်စိတ်ချရသည်လည်း တစ်ကြောင်းဖြစ်ရကား၊ ကပ္ပတိန်အား ကျွန်ုပ်ပြောမည့်အဖြစ်အပျက်များကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေါက်ကြားစေရန် တောင်းပန်ပြီးလျှင် ကျွန်ုပ်လည်း မိမိ၏အဖြစ်အပျက်များကို အောက်ပါအတိုင်းပြောပြလေသည်။

* * * *

လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်ခန့်က ကျွန်ုပ်၏ တစ်ယောက်တည်းသော သားကလေး "ရှော့ဒရစ်" သည် ကျွန်ုပ်စကားကိုနားမထောင်ဘဲ "နိုင်းမြစ်" ၌ မိကျောင်းများကို ပစ်ခတ်နေရာမှ "မာဒီ" ခေါ် လူရိုင်းမျိုးများ ဖမ်းသွားပြီးသည့်နောက် ၎င်းအား ကျွန်အဖြစ်မြင့် ရောင်းစားကြောင်းကြားရ၏။ သူငယ်မှာ ထိုအခါက အသက် ၁၂ နှစ်မျှသာရှိသေး၍ ငယ်စဉ်ကပင် အတီးအမှုတ်ဝါသနာပါပြီးလျှင် စောင်းနှင့် သီချင်းများကို ကောင်းစွာ သီဆိုနိုင်ရကား ထိုအကြောင်းကြောင့်ပင် လူရိုင်းများလက်ထဲ၌ အသက်ချမ်းသာရာရခဲ့၏။

ကျွန်အဖြစ် ရောင်းစားခြင်းခံရသောအခါ သူသည် ကပ္ပလီစပ်ဖြစ်ကြသည့် အလွန်ကြမ်းတမ်းရိုင်းစိုင်းသည့် 'ဖန်း' ခေါ် လူရိုင်းတစ်မျိုးတိုင်းပြည်သို့ ရောက်သွားသည်ဟု ကြားရ၏။ ထိုလူမျိုးများမှာ အာဖရိကတိုက် မြောက်ပိုင်းအတွင်းဘက် ဇဟိုကျရာ တောတောင်များ၌ နေထိုင်ကြ၏။

အခွင့်ကြုံလာပုံမှာ ထို "ဖန်း" လူမျိုးများ၏တိုင်းပြည်သို့ သွားကြမည့်ဆဲဆဲဖြစ်သော ဗိဒူအင် ခေါ် အာရပ်လူမျိုး

တစ်စုနှင့် ကံအားလျော်စွာတွေ့ရသဖြင့် ကျွန်ုပ်လည်း ၎င်းကဲ့သို့ဝတ်ဆင်ခါ ထိုလူစုနှင့်အတူ လိုက်ပါသွားလေ၏။ မြောက်ဘက်ကျသော အာဖရိကအလယ်ပိုင်းသို့ ရောက်၍ "ဖန်း" မြို့တော်အပြင်၌ ကျွန်ုပ်တို့လူအုပ် စခန်းချလျက်ရှိစဉ် သီချင်းဆိုသံ တစ်သံကိုကြားရသဖြင့် ကျွန်ုပ်လည်း နားစိုက်၍ထောင်မိရာ ကျွန်ုပ်သား၏အသံဖြစ်ကြောင်း ချက်ချင်းပင် မှတ်မိလေ၏၊ သို့နှင့် ကျွန်ုပ်သည် မြို့ရိုးအပေါက်တစ်ခုမှ အတွင်းသို့ ဝင်သွားရာ လူရိုင်းတို့အလယ်တွင် လူရိုင်းတို့စောင်းကောက် တစ်မျိုးတီးခါ ကျွန်ုပ်ငယ်စဉ်က သင်ပေးလိုက်သောသီချင်းကို ဝမ်းနည်းဖွယ်ရာ သီဆိုနေသော ရှော့ဒရစ်ကို မြင်ရတော့၏။ ထိုအခါ ကျွန်ုပ်သည် စိတ်ကိုမချုပ်တည်းနိုင်ဘဲ ရှော့ဒရစ်ဟု ပါးစပ်မှ အသံထွက်သွား၏။

ထိုအခါ လူရိုင်းများသည် ရုတ်တရက် အံ့အားသင့်၍ သွားပြီးနောက် သတိရသည်နှင့်တပြိုင်နက် လှံကြီးများဖြင့် ကျွန်ုပ်ရှိရာသို့ ပြေးလာကြလေ၏။ ထိုအခါ ထွက်ပြေးရန် တပါး အခြားနည်းလမ်းမရှိတော့ချေ။ ချောင်းနံဘေးတွင် ချည်၍ထားခဲ့သော ကျွန်ုပ်၏မြင်းရှိရာသို့ တစ်ခါတည်း ခြေကုန် သုတ်ခဲ့ပြီးလျှင် ပေါင်တွင် လှံတစ်ချက်ထိသည်ကိုမျှ ဂရုမစိုက်နိုင်ဘဲ မြင်းပေါ်သို့ ခုန်တက်ပြီးနောက် ခြေဦးတည့်ရာသို့ စိုင်းပြေးခဲ့ရလေ၏။

ကျွန်ုပ်သည် တစ်ကြိမ်မျှမနားဘဲ မြင်းကိုဆက်လက် နှင်ခဲ့ရာ အလွန်မှောင်မိုက်သော နေရာတစ်ခုမှ ခြင်္သေ့တ ကောင်သည် ကျွန်ုပ်စီးလာသောမြင်းအား လှမ်း၍ အုပ်လိုက် သည်မှတစ်ပါး တစ်စုံတစ်ရာကိုမျှ သတိမရတော့ချေ။ မည်မျှ ကြာအောင် မိန်းမောတွေဝေနေခဲ့သည်ကို မသိချေ။ သတိရ

မျက်လုံးများကိုဖွင့်ကြည့်လိုက်ရာ "အဗီဆီနီယာ" ပြည်သူမိန်းမများမျက်နှာနှင့် ခပ်ဆင်ဆင်တူသော မိန်းမတစ်စုသည် ကျွန်ုပ်အား ဝိုင်းဝန်းပြုစုနေသည်ကို တွေ့ရ၏။ ထိုအချိန်၌ ကျွန်ုပ်မှာ အိပ်ရာထဲတွင် ၇ ရက်မျှ ရှိနေခဲ့လေပြီ။

ကျွန်ုပ်၏အသက်ကို ကယ်ဆယ်ထားသူများမှာ ရှေးလွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က အဗီဆီနီယာနယ်မှ နှင်ထုတ်လိုက်သဖြင့် သဲကန္တာရများအတွင်းသို့ ထွက်ပြေးလာရသော ရဟူဒီများ၏ အဆက်အနွယ်ဖြစ်၍ "အက်ဗတီ" လူမျိုးဟုခေါ်ကြောင်း၊ သူတို့နေသောမြို့တော်ကို "မား" ဟုခေါ်တွင်ကြောင်း၊ သူတို့လူမျိုးများမှာ တဖြည်းဖြည်း လျှော့ပေါ့လျက်ရှိပြီးလျှင် နိုင်ငံချင်း နီးကပ်လျက်ရှိသည့် "ဖန်း" လူရိုင်းများအားရန်ကို နေ့စဉ်နှင့်အမျှ ကြောက်ရွံ့နေရကြောင်း၊ မား မြို့တော်ကြီးမှာ တောင်ပေါ်မှ စီး၍ဆောက်ထားသော မြို့ခံ ခံတပ်အတွက်ကြောင့်သာ သက်သာရနေကြောင်း၊ မားမြို့ကြီးနှင့် "အက်ဗတီ" လူမျိုးတို့အား အုပ်ချုပ်နေသူမှာ အလွန်ရုပ်အဆင်းလှပသော ဘုရင်မတစ်ပါးဖြစ်ကြောင်း နောင်တဖြည်းဖြည်းသိရတော့၏။

ကျွန်ုပ်၏စကား ထိုနေရာသို့ ရောက်သောအခါ ဆရာကြီးက "ဟုတ်တယ် အဒမ်၊ ကျုပ်ဒီလူမျိုးတွေအကြောင်းကို အရင်က ကြားဖူးတယ်ဗျာ၊ ကမ္ဘာပေါ်က ပျောက်ကွယ်နေတဲ့ အီဇရယ်လူမျိုးတစ်မျိုးပဲ . . . ဒါနဲ့ ခင်ဗျားဘယ်လိုလုပ်သလဲ ပြောစမ်းပါဦး . . ."

"ကျုပ်လည်းပဲ ဆေးဆရာဝန်တစ်ယောက်ဖြစ်တဲ့အကြောင်း သူတို့ကို ခြေပြလက်ပြနဲ့ နားလည်အောင် လုပ်တော့ ကျုပ်ကို သူတို့ဘုရင်မဆီခေါ်သွားတယ်၊ ဒါနဲ့ ဘုရင်မကို ဆေးဝါးပေးပြီး တဖြည်းဖြည်း သူတို့အကြောင်းသိအောင် လုပ်ရတာကိုးဗျာ၊ ဘုရင်မက သူတို့လူမျိုးတွေဟာ နေ့ရှိသလောက် "ဖန်း" လူရိုင်းတွေကို ကြောက်နေရတဲ့အကြောင်း "ဖန်း" လူမျိုးများ ကိုးကွယ်တာက အင်မတန်ကြီးမားတဲ့ မနုဿီဟ ရုပ်တုကြီးဖြစ်ကြောင်း၊ အဲဒီရုပ်တုကြီးမှာ ခြင်္သေ့ဦးခေါင်းကြီးရှိကြောင်း၊ အဲဒီရုပ်တုကြီး ပျက်စီးတာနဲ့တပြိုင်နက် "ဖန်း" တွေဟာ သူတို့မြို့က ကစဉ့်ကရဲ ထွက်သွားရမယ်လို့ သူတို့မိဘဘိုးဘွား လက်ထက်ကစပြီး အတိတ်တပေါင်တစ်ခုရှိခဲ့ကြောင်း ပြောပြတယ်"

"ဒီတော့ ခင်ဗျားက ဘာပြန်ပြောသလဲ"

"ဒီတော့ ကျုပ်က သူနဲ့လည်း အတော်အတန်ရင်းနှီးလာတော့ . . . ဘုရင်မရယ် . . . ဒီလိုဆိုရင် အဲဒီရုပ်တုကြီး ကို ဘုရင်မရဲ့လူတွေနဲ့ အဖျက်ခိုင်းပါလားလို့ . . . ပြောတော့ သူက မဖြစ်နိုင်ပါဘူးတဲ့ . . . ပြီးတော့ ကျုပ်တို့အက်ဗတီလူမျိုးတွေမှာလည်း တောင်တွေပတ်ပတ်လည်ဝိုင်းပြီး အင်မတန်မြေဩဇာကောင်းတဲ့နေရာကလေးမှာ . . . ဘာသာဘာဝ ထွန်ယက်လုပ်ကိုင်စားနေကျရုံနဲ့ ကျေနပ်နေကြတာပဲတဲ့ . . . ကျုပ်က မိန်းမသားလည်းဖြစ်ပြန်၊ အပြင်လောကနဲ့လည်း အဆက်အသွယ်ကင်းမဲ့ပြန်ဆိုတော့၊ ဘယ်တတ်နိုင်ပါ့မလဲ ဆရာဝန်ရယ်တဲ့၊ ဆရာဝန်ကြီးကိုယ်တိုင် တတ်နိုင်ရင် ကြံပေးစမ်းပါ၊ တကယ်လို့ ဒီအကြံသာ အထမြောက်ရင် ရွှေသတ္တုတွေ ကျုပ်နိုင်ငံမှာ အမြောက်အမြားရှိပါတယ်၊ ကျုပ်တို့မှာ အဲဒီရွှေတွေ ဘာမှအသုံးမကျပေမယ့် . . . ဆရာကြီးတို့တိုင်းပြည်မှာတော့ အင်မတန်အဖိုးထိုက်တန်တယ်လို့ ကျုပ်ကြားဖူးပါတယ်။ အဲဒီရွှေတွေကို သယ်နိုင်သလောက် ကျုပ်ပေးပါ့မယ်လို့ ပြောရှာတယ်။ ဒီတော့ ကျုပ်က ဘာပဲဖြစ်ဖြစ် "ဖန်း" တွေ ပျက်စီးရင်တော့

ဘယ်နည်းနဲ့မဆို ကျုပ်သားကို ကယ်နိုင်မှာပဲဆိုပြီး ဘုရင်မကို ကျုပ်က ဒိုင်းနမိုင်းနဲ့ ပေါက်ကွဲစေတတ်တဲ့ ယမ်းများအကြောင်း ပြောပြတာကိုဗျာ့"

"ရှေ့ဆက်ပြောပါဦး . . . ဒေါက်တာအဒမ်"

"ဒါနဲ့ တစ်နေ့ဘုရင်မက ကျုပ်ကို သူ့အနားခေါ်ပြီး သူပြောတဲ့အတိုင်းလုပ်ရင် "ဖန်း"လူရိုင်းတွေလက်ထဲက ကျုပ်သားကို ကယ်ဆယ်ပေးပါ့မယ်လို့ ပြောတာကိုဗျ . . . ဒီလိုပြောတာဟာ . . . ကျုပ်စိတ်ထင် သူ့အတိုင်ပင်ခံ မှူးမတ်တွေကို အသိမပေးဘဲ သူ့သဘောနဲ့သူပြောတာနဲ့တူတယ်၊ အဲဒီအခါမှာ ကျုပ်က ဒီရေးစကားတွေကို ဘယ်သူမှယုံမယ်မဟုတ်ကြောင်း ပြောတော့ သူက သူ့လက်မှာဝတ်ထားတဲ့ နန်းစဉ်လက်စွပ်ကို ချွတ်ပြီး၊ ကိုင်း ဒီဟာကို အထိမ်းအမှတ်အဖြစ်နဲ့ ခေတ္တယူသွားပေတော့၊ ကျုပ်မိခင်ဟာ သူ့မယ်တော် လက်ထဲကရလိုက်တဲ့ ပစ္စည်းဖြစ်ပြီး မူလ ဒီလက်စွပ်ကို ပိုင်တဲ့သူဟာ တခြားသူမဟုတ်ဘူး . . . ဇောလမုန်ဘုရင်ရဲ့ မိဖုရား "ရှီဗာ" ပါပဲတဲ့၊ ဒီနန်းစဉ်လက်စွပ်ကို သိတဲ့လူကတော့ ကျောပေါ်ကစာတွေကို ဖတ်နိုင်ပါလိမ့်မယ်၊ ဟိုပြည်ရောက်တဲ့အခါမှာ ဆရာကြီးပြောတဲ့ ပေါက်တတ် ကွဲတတ်တယ်ဆိုတဲ့ လက်နက်ဆန်းတွေယူလာခဲ့ပါ၊ ဒီဟာတွေကို ကောင်းကောင်းနိုင်နင်းတဲ့လူ တစ်ယောက် နှစ်ယောက်လည်းခေါ်ခဲ့ပါ၊ များများခေါ်လာလို့လည်း မဖြစ်ဘူး၊ ဆရာကြီးသားကို ကယ်ဆယ်သလို ကျုပ်နဲ့ ကျုပ်တိုင်းသူပြည်သားတွေကို ကယ်လှည့်ပါလို့ နောက်ဆုံးပြောတာကိုဗျာ့"

"သူ့နာမည်က . . . ဘယ်သူဗျာ့"

"နာဂါစတာဘုရင်မလို့ ခေါ်တယ်၊ ဆူးရိုင်းတောမြက်တောမှာ ပွင့်နေတဲ့ နှင်းဆီပွင့်လို့ အမည်ပေးထားပြီး . . . "နှင်းဆီမယ်" လို့လည်း လူရိုင်းတွေက ခေါ်ကြတယ်၊ နာမည်ရင်းကတော့ "မာကွီဒါ" တဲ့"

"ဒါနဲ့ပဲ ကျုပ်ကိုလိုတဲ့ပစ္စည်းများ ဝယ်နိုင်အောင်ရော စရိတ်စကရော ရွှေတော်များများပေးလိုက်တယ်၊ ပေးပြီး ဖန်းတွေရဲ့ ဘေးရန်ကလွတ်အောင် လျှို့ဝှက်တဲ့ တောင်ကြားလမ်းကလေးတစ်ခုက ချပေးပြီး . . . အစောင့်အရှောက်နှင့်တကွ စားရေရိက္ခာ အလုံအလောက်ပေးလိုက်တယ်၊ ဒါနဲ့ သူတို့လူတွေနဲ့အတူ ကုလားအုပ်စီးပြီး . . . သဲကန္တာရကြီးကို ရက်သတ္တပတ်ပေါင်း အတော်များကြာအောင် ဖြတ်လာခဲ့ရတာ လွန်ခဲ့တဲ့ ၁၆ ရက်လောက်ကမှ "အဆူတန်" (နယ်ခြားမြို့)ကိုရောက်လာပြီး . . . ကျုပ်လည်း အင်္ဂလန်ကို ထွက်လာခဲ့တာပဲ၊ ဟိုတယ်ရောက်တော့မှ ခင်ဗျားရဲ့လိပ်စာကိုသိရပြီး . . . ဒီကိုရောက်လာခဲ့တာပဲဗျာ၊ ကျုပ်ကိုလိုက်ပို့တဲ့ အက်ဗတီအစောင့်တွေကတော့ ကျုပ်ပြန်မလာမချင်း အဆူတန်မြို့က စောင့်နေကြလိမ့်မယ်၊ ဒီဟာ ကျုပ်အဖြစ်အပျက်ပါပဲ ပရော်ဖက်ဆာ"

ထိုအခါ ဆရာကြီးသည် အလွန်နှစ်သိမ့်ကျေနပ်သည့်ဟန်ဖြင့် . . . သူသောက်နေသော ပင်လယ်ရေမြှုပ် ဆေးတံကောက်ကြီးကို ပါးစပ်မှ ဖြုတ်လိုက်ပြီးနောက် . . .

"ကိုင်း . . . ဒီတော့ ခင်ဗျား ကျုပ်ဆီကိုလာတဲ့အကြောင်း ပြောပါဦး"

"လာတာက တခြားမဟုတ်ပါဘူးဗျာ . . . ခင်ဗျား လိုက်မယ်ဆိုရင် . . . တိမ်ကောပျောက်နေတဲ့ လူမျိုးတွေ သူတို့ယဉ်ကျေးမှု၊ သူတို့ရဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ ခင်ဗျား တွေ့ရမှာပဲ"

“မတွေ့ရခင် လည်ပင်းအဖြတ်ခံရမှာလည်း စိုးရသေးတယ် အဒမ် . . .”

“ဒါကတော့ ကုသိုလ်ကံတစ်ခုပေါ့ဗျာ . . . ဘုရားသခင်အားကိုးပဲ၊ ပြီးတော့ ဒိုင်းနမိုင်းတွေ၊ ယမ်းဘီလူးတွေ အကြောင်းနားလည်တဲ့ လူတစ်ယောက်ကိုလည်း ကျုပ်တို့ရှာရလိမ့်မယ်”

ထိုအခါ . . . ပရော်ဖက်ဆာဟာစ်သည် ကပ္ပတိန်အိုလီဗာဘက်သို့ ဆေးတံရိုးဖြင့်ညွှန်ပြလျက် . . .

“ဒါက လွယ်ပါတယ်ဗျာ၊ ဟောဒီက ကပ္ပတိအိုလီဗာ ဟာ အင်ဂျင်နီယာတစ်ယောက်ပဲ၊ ကောင်းကောင်းနားလည် တာပေါ့၊ ပြီးတော့ ငယ်စဉ်တုန်းက အီဂျစ်မှာကြီးပြင်းလာတဲ့ လူတစ်ယောက်ဗျာ၊ အာရစ်ကားလည်း ကောင်းကောင်းတတ် တယ်၊ သူသာ လိုက်နိုင်ခဲ့လို့ရှိရင် ကျုပ်တို့သဘောအကျဆုံး လူတစ်ယောက်ရတာပဲ”

ကျွန်ုပ်တို့သည် ကပ္ပတိန်အိုလီဗာ၏အဖြေကို စောင့်ဆိုင်းလျက်ရှိကြ၏။ အိုလီဗာက အကယ်၍ ဤကိစ္စသာ ယမန်နေ့ကဖြစ်ခဲ့ပါမူ သူလိုက်နိုင်တော့မည်မဟုတ်ကြောင်း၊ ယနေ့၌မူ သူနှင့်စေ့စပ်ထားသော မိန်းကလေးက မိမိအမွေမရတော့သည့်အကြောင်းကို သိသဖြင့် ငြင်းပယ်လိုက်ကြောင်း ပြောပြ၏။ ထိုအခါ ဆရာကြီးသည် အခန်းထဲတွင် ဆေးတံကြီးကို ခဲရင်းခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက်ရှိရာမှ . . .

“အင်း . . . ဒေါက်တာ အဒမ် ကျုပ်တစ်ခါ အသဲအသန်ဖြစ်တုန်းက ခင်ဗျားဟာ ကျုပ်အသက်ကိုတစ်ခါ ကယ်ဖူးတယ်၊ ကျုပ်တို့သွားရမယ့်ခရီးကဟော့ တော်တော်စွန့်ရမယ့်ခရီးပဲ။ သို့သော် ကျုပ်ကိုယ်တိုင်ကလည်း အာဖရိကတိုက်

အလယ်ပိုင်းမှာ တိမ်ကောသွားတဲ့ ရှေးဟောင်းပစ္စည်းတွေကို အင်မတန်ကြည့်ချင်တယ် . . . ခင်ဗျားကိုလည်း ခင်မင်တယ်၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ကျုပ်လိုက်မယ်၊ ကပ္ပတိန် အိုလီဗာကော”

“ပရော်ဖက်ဆာ ကျေနပ်တယ်ဆိုရင် ကျွန်တော်လိုက်ပါမယ် ခင်ဗျာ၊ ကျွန်တော့်ဘဝကတော့ ဘယ်ပဲသွားသွား မထူးတော့ပါဘူး . . .”

* * *

အဖော်တစ်ယောက်တိုးလာခြင်း

ထိုအချိန်၌ အိမ်ရှေ့တံခါးဆီမှ ဆူဆူညံညံအသံများ ကို ကြားရပြီးလျှင် ထွားကျိုင်းသော လူတစ်ယောက်သည် အိမ် ရှေ့ ဧည့်ခန်းအတွင်းသို့ ဝင်လာရာ ၎င်းနောက်မှ ပုလိပ်နှစ် ယောက် လည်း ထပ်ကြပ်မကွာလိုက်ပါလာ၏။ ထိုသူသည် ကပ္ပတိန် အိုလီဗာအား စစ်သားဟန်ဖြင့် ဆလံပေးပြီးနောက်–

“ကျွန်တော့်အတွက် အာမခံပါဦးဆရာ၊ ကျွန်တော့်ကို ဖမ်းထားလို့ ဆရာအခုအချိန် ဒီမှာရှိမယ်ဆိုတာ သိတာနဲ့ ကျွန်တော်ဝင်လာတာပါ”

“ဘာဖြစ်လာပြန်တာလဲ . . . ဆာဂျင့်ကွစ်”

“အီဂျစ်က ဆေးစိမ်တဲ့အလောင်းတစ်လောင်းကို လမ်းပေါ်ဖြတ်ယူရမလားဆိုပြီး ပုလိပ်က ဖမ်းထားတယ်ဆရာရဲ့”

ထိုသူကား ဘိုအာစစ်ပွဲတွင် ကပ္ပတိန်အိုလီဗာ၏ လက်အောက်၌ တပ်ကြပ်ကြီး(ဆာဂျင့်) အဖြစ်ဖြင့် စစ်မှုထမ်းခဲ့ဖူးသူ “ကွစ်” ဖြစ်ကြောင်း အိုလီဗာပြောပြသဖြင့် သိရ၏။ အမှုကို အိုလီဗာက စုံစမ်းကြည့်ရာ ပုလိပ်များက ဖမ်းဆီးခြင်းသည် ယောက်ယက်ခတ်ခတ် မိန်းမသေတစ်ယောက်၏ အလောင်း ထင်သဖြင့်သာ ဖမ်းဆီးခြင်းဖြစ်ကြောင်း . . . ကပ္ပတိန်က

ရှင်းလင်းပြသောအခါ သိကြရ၏။ သို့နှင့် . . . ကပ္ပတိန်သည် “ကွစ်” အတွက် အာမခံလေရာ . . . ပုလိပ်များလည်း ကျေနပ်၍ ပြန်သွားကြလေ၏။

ထို့နောက် ကျွန်ုပ်လည်း ဆရာကြီး “ဟစ်”၏ အကြံပေးချက်အရ ကျွန်ုပ်တို့ကိစ္စအတွက် စာချုပ်တစ်စောင်ကို အကြမ်းရေးဆွဲရလေရာ စာချုပ်၏သဘောအတိုချုပ်မှာ အကယ်၍ ကျွန်ုပ်တို့ စွန့်စားမှုမှ အမြတ်အစွန်းတစ်စုံတစ်ရာ ရရှိခဲ့သော် ၎င်းကို ညီတူညီမျှ ခွဲဝေယူရန်နှင့် အကယ်၍ တစ်စုံတစ်ယောက်သေလျှင်လည်း . . . ၎င်း၏အစုကို ကျန်လူများက ခွဲဝေယူရန်ဖြစ်၏။ ကျွန်ုပ်က တစ်စုံတစ်ရာမယူဘဲ သား၏ ကိစ္စချောမောလျှင် ကျေနပ်ပြီဖြစ်ကြောင်း ပြောသော်လည်း အိုစာမင်းစာအတွက် အရေးကြီးကြောင်း ကပ္ပတိန်က အတင်းတိုက်တွန်းသဖြင့် လက်ခံရ၏။ ကျွန်ုပ်တို့သည် အခန်းထဲတွင် တိုင်ပင်နေကြရာတွင် ကွစ်သည် အပြင်ခန်းမှ စောင့်လျက်ရှိလေသည်။ ကျွန်ုပ်တို့၏ အစီအစဉ်မှာ ကျွန်ုပ်က လမ်းပြအဖြစ် ဖြင့်လည်းကောင်း၊ “ဟစ်” က စကားပြန်အဖြစ်ဖြင့်လည်း ကောင်း၊ ကပ္ပတိန် အိုလီဗာက အုပ်ချုပ်သူအဖြစ်ဖြင့်လည်းကောင်း၊ တစ်စုံတစ်ရာ အငြင်းအခုံရှိက အများသဘောအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်၏။

စာချုပ်ကို အချောရေးကူးပြီးနောက် ကျွန်ုပ်လက်မှတ်ထိုးပြီးလျှင် ဆရာကြီးက ရေးထိုး၏။ ထို့နောက် ကပ္ပတိန်လက်သို့ ကမ်းလိုက်ရာ အိုလီဗာသည် တစ်စုံတစ်ရာကို သတိရသည်နှင့် . . . .

“ခဏကလေးနေအုံးဗျို့၊ ကျွန်တော် အခုမှ သတိရတယ်၊ ကျွန်တော့်တပည့်ကြီး “ကွစ်”ကို ခေါ်ခဲ့ရရင် မကောင်းဘူးလားပေါ့လည်း ပေါ့ပါးတယ်၊ သစ္စာလည်းကောင်းတယ်၊ ဘိုအာ

စစ်ပွဲတုန်းက ကျွန်တော့်လက်ထောက် ဆာဂျင့်တစ်ယောက်ပဲ . . . သြော် . . . ပြီးတော့ ဒိုင်းနမိုင်းတွေလည်း သူလက်တွေ့လုပ်ဖူးတယ် . . ." ဟုပြောရာ၊ ကျွန်ုပ်တို့က သဘောတူကြသဖြင့် အခန်းပြင်သို့ထွက်ခဲ့ကြလေ၏။

ကပ္ပတိန်အိုလီဗာက "ကွစ်" အား အကျိုးအကြောင်းပြောပြရာ ကွစ်က သူ၏ဆရာနှင့်အတူလိုက်ရက မည်သည့်နေရာမဆိုလိုက်မည်ဖြစ်ကြောင်း၊ ဆုလာဘ်အတွက်မှာမူ ရရှိမည့်အကျိုးခံစားခွင့်များမှ ၅ ရာခိုင်နှုန်းခန့်ထားလျှင် ကျေနပ်ပါပြီဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။ သို့နှင့် ကျွန်ုပ်တို့သည် စာချုပ်၌ 'ဆာဂျင့်ကွစ်' အား ၅ ရာခိုင်နှုန်းပေးရန် သဘောတူကြောင်း ဖြည့်စွက်ရေးသားပြီးလျှင် . . . သူ့အားလည်း လက်မှတ်ရေးထိုးစေ၏။

ကျွန်ုပ်တို့သွားရောက်ရမည့် ခရီးအတွက် လိုအပ်သောပစ္စည်းများမှာ ဒိုင်းနမိုင်းအမြောက်အမြား၊ စစ်သေနတ်ရိုင်ဖယ်အလက် ၅၀ ခန့်၊ ၆ လုံးပြူးသေနတ် ၄ လက်၊ အဝတ်အထည်များ၊ ဆေးဝါးများ၊ စားရေရိက္ခာများနှင့် အခြားအသေးအဖွဲပစ္စည်းများပါ စရိတ်စကနှင့်ဆိုသော် ကုလားအုပ်များမပါသေးဘဲနှင့်ပင် ပေါင် ၁၅၀၀ ထက်နည်းမည်မဟုတ်ချေ။ ဤတွင် ကျွန်ုပ်က ဘုရင်မ ပေးလိုက်သည့် ရွှေတုံးများကို ထုတ်ပြပြီးနောက် ဤမျှလောက်ငွေရနိုင်ကြောင်းပြောပြ၏။ ကပ္ပတိန်အိုလီဗာကလည်း အကယ်၍ မလုံလောက်ပါက သူ့မှာဆင်းရဲသော်လည်း ပေါင် ၅၀၀ ခန့် ရှာဖွေပေးပါဦးမည့်အကြောင်း ဝန်ခံလေသည်။ ထို့နောက် သူက စိတ်အားထက်သန်စွာနှင့် . . .

"ကိုင်း . . . ငွေကြေးအတွက်လည်း စိတ်ချရပြီ၊ ကျွန်တော်မေးချင်တာက ကျွန်တော်တို့တတွေဟာ ဒီကိစ္စကြီးကို

ဘာပဲဖြစ်ဖြစ် အစကအဆုံးတိုင် ဆောင်ရွက်ဖို့အားလုံးသဘောတူကြပြီလား . . ."

ကျွန်ုပ်တို့က တူပါကြောင်းဖြင့် တညီတညွတ်တည်း ပြောလိုက်၏။

"တခြား ဘာများပြောစရာရှိကြသေးသလဲ"

ထိုအခါ ကျွန်ုပ်က "ကျုပ်ပြောဖို့ တစ်ခုမေ့နေတယ် ဗျို့ . . . ဟိုကိုရောက်လို့ရှိရင် ခင်ဗျားတို့အထဲက တစ်စုံတစ်ယောက်ကမှ . . . "ဝါလဒါနာဂါစတာ" ဘုရင်မကို ချစ်ကြိုက်စကား တစ်စုံတစ်ရာမပြောရဘူး၊ သူဟာ လူရိုင်းများရဲ့ အထွဋ်အမြတ်ထားတဲ့ မိန်းမတစ်ဦးဖြစ်လေတော့ သူတို့အမျိုးတူချင်းသာ လက်ထပ်ဖို့ သူတို့မှာ ထုံးတမ်းရှိတယ်၊ ကျုပ်စကားနားမထောင်ရင်တော့ ကျုပ်တို့လည်းပင်းပြတ်ပြီးသား မှတ်ပေရော့"

ဆရာကြီးက အိုလီဗာဘက်သို့လှည့်၍ . . .

"ကိုင်း . . . ကပ္ပတိန်၊ ဒါဟာ ခင်ဗျားကိုပြောတာပဲ၊ ကျုပ်တို့တတွေမှာတော့ အရွယ်လွန်ကြပါပြီ"

"ဒီ အသားနက်မကို စာရင်းထဲ မသွင်းစမ်းပါနဲ့ ဆရာကြီးရယ် . . ."

ထိုအခါ ဆာဂျင့်ကွစ်က ဝင်၍ . . .

"မလုပ်နဲ့ဆရာ၊ သိပ်ပြီး အပြောလည်း မကြီးနဲ့ဦး၊ မိန်းမဆိုတဲ့လူမျိုးဟာ ဒီကနေ့ အဆိပ် . . . နက်ဖြန်ကျတော့ ပျားရည်ဖြစ်ချင်ဖြစ်လာတယ်၊ စိတ်ချရတာ မဟုတ်ဘူး"

ဤသို့ ဆေးတံများသောက်ရင်း ပိုင်းဖွဲ့ခါ ရယ်မောပြောဆိုနေခြင်းဖြင့် ထိုညအဖို့ အချိန်ကို ကုန်လွန်စေ၏။

ကျွန်ုပ်နှင့် ပဲရော်ဖက်ဆာ ဟာစ်တို့က စားရေရိက္ခာနှင့် အခြားပစ္စည်းများကိုလည်းကောင်း၊ ကပ္ပတိန်နှင့် "ကွစ်"တို့က

ဒိုင်းနမိုင်းစသော လက်နက်နှင့် ခဲယမ်းမီးကျောက်များကိုလည်းကောင်း အသီးသီးတာဝန်ခွဲယူကြပြီးနောက် အလုံးစုံထုပ်ပိုးပြင်ဆင်ပြီးသော် . . . ကျွန်ုပ်တို့သည် အီဂျစ်နိုင်ငံသွား စာပို့သင်္ဘောဖြင့် အင်္ဂလန်မှ ထွက်ခဲ့ကြလေ၏။

(ဤနေရာတွင် ကျွန်ုပ်သည် ရေလမ်းခရီးနှင့်တကွ ကုန်းလမ်းနယ်ခြားစခန်းသို့ ရောက်သည်အထိ သွားရသောခရီးစဉ်မှာ အနှောင့်အယှက်တစ်စုံတစ်ရာမရှိဘဲ သာမန်မျှသာဖြစ်ရကား စာဖတ်သူများ ပျင်းရိငြီးငွေ့မည်စိုးသဖြင့် ချန်လှပ်ထားခဲ့ပြီးလျှင် "အဆူအန်"မြို့မှတစ်ဆင့် ကန္တာရများအတွင်းသို့ ဝင်ရောက်ရသည့် အကြောင်းများကိုသာ ဖော်ပြပေအံ့)

သို့သော် . . . ခရီးမထွက်မီ "အဆူအန်"မြို့၌ ကပ္ပတိန်အိုလီဗာသည် အင်္ဂလန်မှ စာတစ်စောင်နှင့် ကြေးနန်းတစ်စောင်ရရှိရာ . . . ကြေးနန်းမှာ သူ၏ဦးကြီးသေဆုံး၍ မယားငယ်မှမွေးသည့် ကလေးတစ်ယောက်ကျန်ရစ်ခဲ့သည်တွင် ထိုကလေးသည်လည်း ရက်အနည်းငယ်အတွင်း ရုတ်တရက်သေဆုံးသွားပြန်သဖြင့် ထိုပစ္စည်းများအားလုံးကို သူအမွေဆက်ခံရရှိမည့်အကြောင်း ဖြစ်လေသည်။ စာမှာ သူ့အားစွန့်ပစ်လိုက်သည့်မိန်းကလေးထံမှ မေတ္တာပြန်၍ ဆက်သည့်စာဖြစ်၏။ ထိုအခါ ကျွန်ုပ်က ဤသို့ဆိုလျှင် ခရီးကိုဆက်၍လိုက်နိုင်ပါဦးမည်လောဟုမေးရာ ကပ္ပတိန်က မည်သည့်ငွေ၊ မည်သည့်မိန်းမမျှ သူ၏အဓိဋ္ဌာန်ကိုဖျက်၍ မရနိုင်ကြောင်း ပြန်ပြော၏။

"အဆူအန်" မြို့ သဲကန္တာရစခန်းတွင် အထက်ကဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်အပြန်ကို ကုလားအုပ်များဖြင့် အသင့်စောင့်၍နေကြသော ရုပ္ပဒီစပ် မယဉ်မရိုင်း "အက်ဗတီ"များကိုတွေ့ရလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ခရီးထွက်ရန် နေသားတကျအစစပြင်ဆင်ကြပြီးသော် "မား"မြို့တည်ရှိရာ အာဖရိက အလယ်ပိုင်းသို့ ထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့၏ ၄ လခရီးအနက် ၂ လမျှ သဲကန္တာရထဲတွင်နေနှင့် သဲများကိုသာ ရှေ့ရှုလျက်သွားကြရပြီးနောက် . . . တစ်စုံတစ်ရာ ဘေးရန်မရှိဘဲ လာခဲ့ကြရာ . . . "ဗီးအူး" ခေါ် အိုအေစစ်ကလေးတစ်ခုသို့ ဆိုက်ရောက်ကြလေ၏။ ရွာအနီးရှိ အိုအေစစ်ကလေးမှာ ကြည်လင်သောစမ်းချောင်းကလေးများနှင့် စွန်ပလွံပင်အုပ်များလည်းရှိရာ . . . ကျွန်ုပ်တို့၏ကုလားအုပ်မောင်းသမားများကိုခေါင်းဆောင်သော အက်ဗတီလူမျိုး "ရှာဒရက်" ဆိုသူကရက်အနည်းငယ်မျှ ဤနေရာတွင် နားလိုကြောင်း တောင်းပန်လေ၏။ ရွာကလေးမှာ ကျွန်ုပ်လာခဲ့စဉ်က စခန်းချခဲ့ဖူးသည့် ရွာဖြစ်သည့်ပြင် ရွာသူကြီးနှင့် ရွာသားအချို့ကိုလည်း မျက်စိရောဂါများကုသပေးခဲ့ဖူး၏။ သို့ဖြစ်၍ ရှာဒရက်၏ တောင်းဆိုချက်ကိုလည်း မငြင်းဆန်လိုသဖြင့် ကျွန်ုပ်တို့သည် ကုလားအုပ်များကို ရေမိုးချိုးပေးရန်နှင့် သစ်စိမ်း ဝါးစိမ်းများကျွေးမွေးရန် တစ်ပတ်ခန့်မျှစခန်းချလျက်ရှိကြ၏။

ထို "ဗီးအူး"လူမျိုးတို့၏ အကြီးဆုံးရန်သူကား ခြသေ့်များဖြစ်၍ အိုအေစစ်၏ မြောက်ဘက်မိုင်ငါးဆယ်ခန့်အကွာတွင် တောင်တန်းများရှိရာ . . . ခြသေ့်များသည် နှစ်စဉ်သူတို့၏ရာသီ၌ တောင်ပေါ်မှ အမြောက်အမြားဆင်း၍လာကြပြီးလျှင် ရွာမှ ကျွဲနွားများသာမက တစ်ခါတစ်ရံ လူများကိုပင် ကိုက်ချီ၍သွားတတ်၏။ ကျွန်ုပ်တို့ရောက်သည့်အချိန်မှာ ခြသေ့်များ "ထ"ချိန်ဖြစ်သော်လည်း တစ်ခါတစ်ရံ ညဉ့်အချိန်များတွင် အဝေးမှအသံကြားရသည်မှတပါး မတွေ့ မမြင်ရချေ။

ခြောက်ရက်မြောက်သောနေ့၌ ရွာသူကြီးခေါင်းဆောင်

သော လူတစ်စုသည် အလောင်းတစ်လောင်းကို ထမ်းစင်နှင့်တင်ခါ ကျွန်ုပ်တို့စခန်းသို့ ရောက်လာကြ၏။ ကျွန်ုပ်တို့က အကျိုးအကြောင်းမေးမြန်းရာ အကြီးအကဲဖြစ်သူက သေသူမှာ သူ၏ဇနီးဖြစ်၍ ခြင်္သေ့သုံးလေးကောင်တို့သည် ယမန်ညက တဲနံဘေးမှ ဓနိမျှ ကို အတင်းဖောက်ဖြဝင်လာပြီးလျှင် မိန်းမအားကိုက်သတ်လျက် သားကလေးကို ချီ၍သွားကြောင်း . . . ကျွန်ုပ်တို့လူဖြူများမှာ သေနတ်ပိုင်ရှင်များဖြစ်ကြသည့်အတိုင်း အခါအခွင့်ကြုံစဉ် ကူညီပစ်ခတ်ပေးပါရန်အကြောင်း . . . ခြင်္သေ့များမှာ ရွာနှင့် မဝေးလှသော သဲတောင်ကုန်းကလေးများတွင် ကျက်စားလျက်ရှိကြောင်းဖြင့် ပြောကြားလေ၏။

ကပ္ပတိန်အိုလီဗာနှင့် ပရော်ဖက်ဆာတို့က လိုက်လံပစ်ရန် သဘောတူကြ၏။ ကျွန်ုပ်မှာမူ အမဲပစ်ရန်ဝါသနာပါသော်လည်း ကျွန်ုပ်တို့ရှေ့တွင် ရှိနေသည့်တာဝန်ကြီးကိုမြင်သဖြင့် မသွားလိုချေ။ စားသောက်ရန် အခြားအကောင်လေးများမှတပါး ယမ်းတောင့်ဖြုန်းခြင်း၊ အချိန်ကုန်ခြင်းကိုလည်း မပြုလုပ်စေလို၊ သို့သော် . . . ကျွန်ုပ်တို့မှာ အဖော်များကို မဆန့်ကျင်လိုသဖြင့် နောက်ဆုံးတွင် သူတို့အလိုသို့ လိုက်လျောရတော့၏။

သို့နှင့် ကျွန်ုပ်တို့သည် နံနက်စာကို ခပ်စောစော စားသောက်ကြ၍ သေနတ်နှင့် ယမ်းတောင့်များကိုပြင်ဆင်ကြ၏။ ထို့နောက် ရေဗူးကြီးနှစ်ဗူးကိုလည်း ရေအပြည့်ထည့်စေ၏။ သို့ရှိစဉ် ကုလားအုပ်မောင်းသမား “ရှာဒရက်” သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်၍ . . .

“သခင်ကြီးတို့ ဘယ်သွားကြမလို့လဲ”

“ခြင်္သေ့ပစ်ရအောင် ထွက်ကြမလို့”

“ဒီလူရိုင်းတွေအတွက်နဲ့ ဘာကြောင့် သခင်ကြီးတို့ဒုက္ခ

ခံချင်ရတာလဲ . . . ပစ်ချင်ရင် ကျွန်တော်တို့တိုင်းပြည်မှာ . . . ခြင်္သေ့တွေပေါသားပဲဗျာ၊ ဖန်းတွေက ခြင်္သေ့တွေကို အမြတ်တနိုးကိုးကွယ်ကြတာပဲ . . . ပြီးတော့ ဓိးအူးသဲကန္တာရက ဘေးအန္တရာယ်များတယ် ဆရာကြီး”

“ဒါဖြင့် တို့နဲ့ မင်းလိုက်ခဲ့ပါလား”

“မလိုက်ချင်ပါဘူး . . . လိုက်မယ့်အတူတူ အိပ်ရာထဲအိပ်နေမှာပေါ့ . . .”

“ဟေ့ ခွေးကောင် . . . စကားမများနဲ့ . . . မလိုက်ချင်နေရစ် . . .”

“ကောင်းပါပြီသခင် . . . ခြင်္သေ့ဆိုတဲ့အကောင်မျိုးဟာကောင်းတာမဟုတ်ဘူး၊ ကျွန်တော့်မျက်နှာမှာထင်နေတဲ့ အစင်းကြီးသုံးကြောင်းဟာ ခြင်္သေ့လက်ချက်ပါပဲသခင် . . . ဒါထက်ကုလားအုပ်တွေ အစာဝလို့ ရှင်ရှင်လန်းလန်းဖြစ်တုန်း ကျွန်တော်ကို့ ထွက်ကြရင် ကောင်းမယ်”

ထို့နောက် သူသည် နေကိုလက်ဝါးခံပြီးလျှင် မော်၍ကြည့် ပါးစပ်မှ တစ်စုံတစ်ရာရေရွတ်ပြီးနောက် တဲတစ်ခုနောက်တွင် ပျောက်ကွယ်၍သွားလေ၏။ ရှာဒရက်အား သူ၏အဖော်များက ည်သည့်အကြောင်းကြောင့်မသိ “ကြောင်” ဟု အမည်ပေးထား ။ အလုပ်အကိုင်ပေါ့ပါးဖြတ်လတ်သော်လည်း သူမျက်စိကြည့်ကို ကျွန်ုပ်သဘောမကျလှချေ။ ထိုအချိန်၌ ဆာဂျင့်ကွစ်သည် ခွက်ဆေးကြောနေရာမှ ကျွန်ုပ်တို့ရှိရာသို့ရောက်လာပြီးလျှင် လီဗာရှေ့၌ ကိုယ်ကိုမတ်မတ်ရပ်လိုက်ခါ အရိုအသေပြုလိုက် သ၏။

“ဆာဂျင့် . . . ကျုပ်တို့နဲ့အတူလိုက်ဦးမလား”

“သခင့်အမိန့်မရှိရင် မလိုက်ပါဘူးသခင် . . . ပြီးတော့

သခင် ၃ ယောက် ခရီးထွက်တုန်းမှာ ကျွန်တော်နဲ့ "ဖာရီ" စောင့်ပြီးနေရစ်ရင် ကောင်းပါတယ်"

(ဖာရီမှာ လွန်ခဲ့သော ၁၅ ရက်ခန့်က ကပ္ပတိန်ကောက်ယူကျွေးမွေး၍ ကျွန်ုပ်တို့နှင့်အတူခေါ်ခဲ့သော ခွေးကြီးဖြစ်၏။ သစ္စာရှိပြီးလျှင် ကပ္ပတိန်အား အလွန်ချစ်ခင်လေသည်။)

"ပြီးတော့ တစ်ခုလည်းရှိသေးတယ်သခင်၊ ကုလားအုပ်မောင်းသမားလူကြီးလုပ်တဲ့ "ကြောင်" ဆိုတဲ့အကောင်ဟာ သခင်တို့ အမဲပစ်ထွက်တာ ကြိုက်ပုံမပေါ်ဘူး"

"ကျုပ်လည်း ဒီအတိုင်းထင်တယ် ဆာဂျင့်၊ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ ဖာရီသာ ကောင်းကောင်းချည်ထားလိုက်"

* * * * *

ခြင်္သေ့များပစ်ရန်ထွက်ကြခြင်း

ရွာမှ ကျွန်ုပ်တို့ထွက်ကြသောအခါ ရွာသူကြီးနှင့်တကွ ရွာသားအတော်များများပင် ကျွန်ုပ်တို့နှင့် လှံများစွဲကိုင်ကာ အတူပါလာကြ၏။ ထိုနေရာရှိ သဲကန္တာရကား ကျွန်ုပ်တို့လာခဲ့သော ကန္တာရများနှင့်မတူ သဲတောင်ပူစာ၊ သဲတောင်ကုန်းကလေးများကို မကြာမကြာတွေ့ရလျက် အချို့မှာ ပေ ၃၀၀ ခန့်မြင့်ကြ၏။ တောင်ကြားမှာလည်း နက်ရှိုင်းပြီးလျှင် စိမ်းလန်းသော သစ်သီးသစ်ပင်များပင် ပေါက်ရောက်ကြကုန်၏။ တောင်ကုန်းတစ်ခုထိပ်သို့ ရောက်သောအခါ ရွာသူကြီးက ကိုင်းပင်များထူထပ်စွာပေါက်နေသည့် တောင်ကြားတစ်ခုကို ညွှန်ပြပြီးနောက် ထိုနေရာများ၌ ခြင်္သေ့များရှိတတ်ကြောင်း ပြောပြ၏။ ကျွန်ုပ်တို့သည် တောင်ထိပ်မှ အောက်သို့အတန်ငယ်ဆင်းကြလျက် ကျွန်ုပ်က ထိပ်မှလည်းကောင်း ဆရာကြီးနှင့် အိုလီဗာတို့က မြေနိမ့်တစ်ခုမှလည်းကောင်း နေရာယူကြလေ၏။ ထို့နောက် ဓီးအူးရွာသားများသည် တောခြောက်ရန် နံဘေးမှ ပန်း၍ဆင်းသွားကြ၏။ မကြာမီ တောခြောက်သော လူစုထံမှ စီခနဲအသံတစ်ခုကို ကြားလိုက်ရပြီးနောက် လူတစ်ယောက်သည် ရွာသူကြီးထံသို့ တစ်စုံတစ်ရာကို ပွေ့ချီယူလာရာ ထိုအခါမှ ၎င်းမှာ ကလေးသေအလောင်း၏ အကြွင်းအကျန်များဖြစ်ကြောင်း သိရတော့၏။

တောခြောက်သူများမှာ အလွန်ထူထပ်သော ကိုင်းတောကလေးကို သုံးဘက်မှဝိုင်း၍ခြောက်ရမည်ဖြစ်၍ အကယ်၍ ခြင်္သေ့များထွက်လာက တောင်ကြားလမ်းအတိုင်း လာရမည်ဖြစ်ရာ ကျွန်ုပ်တို့က ထိုနေရာကို ဆီး၍စောင့်နေခြင်းဖြစ်လေ၏။ တောင်ကြားအောက်ဆုံး၌ကား ရွံ့ညွန်များရှိ၏။ မကြာမီ ရွံ့ညွန်လမ်းတစ်ဝက်လောက်၌ ခြင်္သေ့ထီးကြီးတစ်ကောင်သည် ကိုင်းတောအတွင်းမှ ရုတ်တရက်ထွက်ပြူလာပြီးနောက် သဲတောင်ကုန်းများရှိရာသို့ တွားသွားလျက်ရှိလေ၏။ "ဟာစ်"မှာ ခြင်္သေ့နှင့် အနီးဆုံးဖြစ်သဖြင့် သူသည် သေနတ်ကိုပခုံး၌ထောက်၍ချိန်ပြီးသော် မောင်းဖြုတ်လိုက်၏။ ပစ်နေကျပင်မဟုတ်သော်လည်း ထိုအကြိမ်တွင် ကံကောင်းထောက်မသဖြင့် ကျည်ဆံသည်လက်ပုံကိုထိပြီးနောက် နှလုံးကိုဖောက်ထွက်သွားလေရာ ခြင်္သေ့သည် နေရာ၌ပင် လဲကျသေဆုံးလေ၏။

သူသည် ဝမ်းသာအားရ ဟာစ်အော်ပြေးသွားလေရာ ကိုက် ၁၀၀ ခန့်မျှမရောက်မီ ခြင်္သေ့မတစ်ကောင် ရုတ်တရက်ပေါ်လာသဖြင့် သေနတ်ကိုအလျင်စလိုမောင်းဖြုတ်လိုက်ပြန်၏။ သို့သော် ထိုအခါ၌ကား တက်တက်စင်လွဲခဲ့လေပြီ နောက်တခဏ၌ခြင်္သေ့မသည် သူ၏ကိုယ်ပေါ်သို့ရောက်သွားလေရာ ဆရာကြီးမှာ ပက်လက်လန်၍လဲကျသွားလေ၏။ ထိုအခါ ခြင်္သေ့မသည် ဆရာကြီး၏ကိုယ်ပေါ်တွင်ရပ်ကာ နှုတ်သီးတပြင်ပြင်နှင့်ရှိလေရာ ကျွန်ုပ်မှာ ပြေးသွားရင်း ကိုက် ၃၀ ခန့်သာဝေးတော့သဖြင့် ပထမ၌ လူကိုထိမည်စိုးသောကြောင့် မပစ်ဝံ့ဘဲ ချိန်ဆနေရာမှ မလွဲသာသဖြင့် ပစ်လိုက်ရတော့၏။ ခြင်္သေ့မသည် တစ်ချက်မျှဟာစ်အော်လိုက်ပြီးနောက် "ဟာစ်"၏ကိုယ်ပေါ်မှ ခုန်ဆင်း၍ နောက်ခြေတစ်ချောင်း ဒရွတ်ဆွဲလျက်နှင့်ပင် သဲတောင်များဆီသို့ ပြေးလေ၏။ အိုလီဗာ

က နောက်ထပ်ပစ်လိုက်သော်လည်း ကျည်ဆံသည် ဝမ်းဗိုက်အောက်သို့သာ ရှပ်၍သွားလေရာ ခြင်္သေ့မလည်း တောင်ပို့တစ်ခုအကွယ်တွင် ပျောက်သွားလေ၏။

ကျွန်ုပ်တို့လည်း ဆရာကြီးအား အရေးတကြီးသွားရောက်ကြည့်ရှုရာ ကိုယ်တွင် အတန်ငယ်ပွန်းပဲ့ရုံမှတပါး တစ်စုံတစ်ရာမဖြစ်ဘဲ ဆရာကြီးသည် လဲရာမှရုတ်တရက်ထ၍ ထိုင်လေ၏။ သူ၏မျက်မှန်ပြာကြီးပင် နေသားတကျရှိနေ၏။ ထို့နောက် ကျွန်ုပ်တို့က လှည့်၍ပြန်မည်အပြုတွင် ဆရာကြီးသည် မကျေနပ်သေးဘဲ "နေကြဦးဗျာ ဓိုးအူးနဲ့ ကျုပ်တို့လူဖြူတွေနဲ့ ဘယ်လိုခြားနားသလဲဆိုတာ ဒီခြင်္သေ့မကို ကျုပ် သင်ခန်းစာပေးချင်သေးတယ် . . ." ဟုပြောခါ တောင်ပို့ဆီသို့ လိုက်သွားသဖြင့် ကျွန်ုပ်တို့လည်း သူစိတ်ကျေနပ်စေရန် လိုက်သွားရ၏။ ထိုအချိန်၌ "ဓိုးအူး" တို့သည် တောခြောက်နေရာမှ ထွက်လာကြပြီးလျှင် အထက် ကောင်းကင်ဆီသို့ လှံများဖြင့်ညွှန်ပြ၍ အိုအေစစ်ဆီသို့ တစ်စု တစ်ချိုးတည်း ထွက်ပြေးကြလေကုန်၏။ ကျွန်ုပ်တို့လည်း ဆက် လက်လိုက်သွားကြရာ . . . တောင်ပို့ကိုကျော်ခါ တောင်ကုန်းကလေးကို ပတ်၍ရှာသော်လည်း ဒဏ်ရာရသော ခြင်္သေ့မကို အရိပ်အငွေ့မျှ မတွေ့ရချေ။ သို့သော် တစ်နေရာတွင် သွေးစက်များကိုတွေ့ရသဖြင့် ခြေရာခံ၍လိုက်သွားသောအခါ၊ အခြားတောင်ကုန်းနှစ်ခုအကြားရှိ တောင်ခေါင်းကလေးထဲတွင် မြင်လိုက်ရသဖြင့် သုံးဦးသားတို့သည် တပြိုင်နက် ပစ်လိုက်ကြလေ၏။

ခြင်္သေ့မ လဲကျသွားသောနေရာသို့ ရောက်ကြလျှင် . . . ဆရာကြီးသည် ခါးထဲမှ အမဲလိုက်ဓားမြှောင်ကိုထုတ်လိုက်သဖြင့် ကျွန်ုပ်က အကျိုးအကြောင်းမေးသည်တွင် "ကျုပ်ကိုယ်ပေါ်ပတ်

ထိုင်တဲ့ ခြင်္သေ့မရဲ့ အရေပေါ်မှာ ကျုပ်တစ်သက်လုံးထိုင်ရမယ် ဒေါက်တာရဲ့၊ သူ့အရေကို ကျုပ်ခွာမယ်လို့" ဟု ပြောသည်နှင့် ကျွန်ုပ်တို့မှာ ကူညီကြရတော့၏။ ပြီးစီးလတ်သော် . . . ဆရာကြီး၏အလိုအတိုင်း ကျွန်ုပ်တို့နှစ်ယောက်က ခြင်္သေ့ရေကို သေနတ်နှင့်လျှိုထမ်း၍ ကျွန်တစ်ယောက်က သေနတ်နှစ်လက်နှင့် ရေဗူးများကို လွယ်ရ၏။ သဲတောင်ကုန်းကလေးသို့ရောက်သောအခါ ၎င်းမှာ . . . ကျွန်ုပ်တို့လာခဲ့သော တောင်ကုန်းမဟုတ်ကြောင်း တွေ့ရ၏။ ကျွန်ုပ်တို့မှာ အရင်တလိုလာခဲ့ခြင်းဖြစ်၍ အိမ်မြှောင်များကိုလည်း မယူခဲ့မိကြချေ။ တောင်ကုန်းကလေးများ တောင်ပူစာများသည် အနံ့အပြားရှိနေရာ . . . မိုင်ဝက်အတွင်းတွင် တစ်ခုနှင့်တစ်ခု ခွဲ၍မရအောင် တူလှပေ၏။ ထို့ပြင်လည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မြူများရုတ်တရက်ဆိုင်း၍ လာလေရာ . . . အိုအေစစ်ရှိရာသို့ မှန်းဆသွားကြသော်လည်း လမ်းမှန်သို့ မရောက်တော့ဘဲ တဝဲလယ်လယ်ဖြစ်နေကြကုန်၏။ ကျွန်ုပ်တို့ကား လမ်းစပျောက်လျက်ရှိနေလေပြီ။

* * * * *

သဲမုန်တိုင်း

ကျွန်ုပ်တို့မျက်နှာမူရာ မိုင်ပေါင်းအနည်းငယ်ကွာ အရပ်မှ မည်းနက်သော အလုံးကြီးများသည် တရှိန်ရှိန်မြည်သောအသံများဖြင့် ကျွန်ုပ်တို့ရှိရာသို့ တဟုန်ထိုးလာလျက်ရှိလေရာ ကျွန်ုပ်တို့က မနီးမဝေးတွင်ရှိသော ကျောက်ပြင်ချပ်ကဲ့သို့ဖြစ်နေသည့် နေရာတစ်ခုကို ညွှန်ပြလျက် . . .

"ကိုင်း . . . ဟိုကျောက်ပြင်ကလေးပေါ်မှာ . . . ကျုပ်တို့သွားပြီး မှောက်နေရုံကလွဲလို့ သည့်ပြင်လမ်းမရှိဘူး၊ ကိုင်း . . . မြန်မြန်လာကြဗျို့ . . ."

သို့နှင့် ကျွန်ုပ်တို့လည်း အလျားမှောက်ခါ ခြင်္သေ့ရေကြီးကို အပေါ်မှခြုံထားလိုက်ကြ၏။ ထိုခဏ၌ တဝုန်းဝုန်းအသံများသည် ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီးနောက် သဲမုန်တိုင်းသည် ကျွန်ုပ်တို့အပေါ်သို့လွှမ်း၍ သွားလေ၏။ အတွင်းသို့ဝင်ရောက်လာသော သဲမှုန်များသည် အဝတ်များထဲသို့ပင် ထိုးဖောက်ဝင်ရောက်လာရာ . . . အရေပြားများမှာ ကျိန်းစပ်လျက်ရှိတော့၏။ သဲအတိပြည့်သော လေမှာလည်း အသက်ရှူ၍မရနိုင်လောက်အောင်ပင် ကြပ်တည်းလှ၏။ အပေါ်မှ ပူလိုက်သည်မှာလည်း ပြောစရာမရှိချေ။ ဤအတွင်း သဲများပိနေသော ခြင်္သေ့ရေကြီးကို

လည်း မကြာခဏ မျှချရသေး၏။ ပထမ၌ ကျွန်ုပ်တို့သည် အချိန်ကိုမှတ်နိုင်ကြသေး၏။ သို့သော် ကျွန်ုပ်မှာ အိပ်ပျော်သွားသကဲ့သို့လည်းကောင်း၊ ထမင်းလုံးတစ္ဆေခြောက်နေသကဲ့သို့လည်းကောင်း သတိမရတရ ရှိနေတော့၏။ ဤလောကရဲ၌ အချိန်မည်မျှကြာသည်အထိ ခံနေရသည်ကို အတိအကျမသိရချေ။

သဲမုန်တိုင်း ရပ်သွားပြီးနောက် ကျွန်ုပ်လည်း အိပ်ပျော်ရာမှ လန့်နိုးသကဲ့သို့ ဖြတ်ခနဲဖြစ်၍သွားခါ ကျွန်ုပ်ကိုယ်ပေါ်တွင်ပိ၍နေသော ပေါင်ပေါင်းများစွာသော သဲများအောက်မှ အဟင်းရန်းကန်ထလေရာ ကပ္ပတိန်အိုလီဗာလည်း ကျွန်ုပ်နှင့်အကူထလေ၏။ ထို့နောက် ကျွန်ုပ်တို့ပါးစပ်ပေါက်၊ နှာခေါင်းပေါက်နှင့် မျက်စိ နားများအတွင်းမှ သဲများကိုထုတ်ပစ်ပြီးသော် အနီးတွင် ခြေထောက် ၂ ချောင်းအပြင်သို့ထွက်ခါ သဲတောင်ပို့ကလေးကဲ့သို့ဖြစ်နေသော ဆရာကြီး၏ကိုယ်ပေါ်မှ သဲများကိုအတော်ပင်ဖယ်ထုတ်ယူကြရ၏။ ဆရာကြီးကား သတိမေ့လျက်ရှိလေသည်။ ရေ ၂ ဗူးအနက် ၁ ဗူးမှာ ပြေးလွှားရာတွင် မတော်တဆကွဲခဲ့ပြီဖြစ်၍ ကျွန်ုပ်သည် ကျန်တစ်ဗူးကိုဖွင့်ပြီးသော် ဆရာကြီး၏ စေးကပ်၍ ပိတ်နေသော နှုတ်ခမ်းများကို အတော်ဖွင့်ယူပြီးနောက် ပါးစပ်တွင်းသို့ တစ်ပေါက်ချင်းရေကို လောင်းထည့်ရ၏။ သတိရလာသောအခါမှ ကျွန်ုပ်တို့သည် ဖန်ခွက်တစ်လုံးခန့်စီမျှ ဝေသောက်ကြရလေရာ အဝသောက်လိုက်ရပါမူ တစ်ဂါလံခန့်ကုန်လိမ့်မည်ဟု အောက်မေ့မိ၏။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိရာ ထူးဆန်းသော ပြောင်းလဲခြင်းကို တွေ့မြင်ရ၏။ ယခင်က တောင်ပူစာရှိသောနေရာများမှာ သဲပြင်အတိဖြစ်လျက် ယခင်က တောင်ကြား

ကဲ့သို့ နိမ့်ရှိုင်းသောနေရာများ၌လည်း မြင့်မားသော သဲတောင်ပူစာများဖြစ်၍ နေတော့၏။ ကျွန်ုပ်တို့နာရီနှစ်လုံးမှာလည်း ရပ်၍နေပြီဖြစ်ရာ အချိန်ကိုမခန့်မှန်းနိုင်တော့ချေ။ အိုအေစစ်ရှိသည့်နေရာကို ခန့်မှန်းရာ၌ပင် ကျွန်ုပ်တို့မှာ တစ်ယောက်တစ်မျိုးစိသဘောကွဲလွဲလျက်ရှိလေ၏။ သို့နှင့် ကျွန်ုပ်သည် တခဏကြာမျှစဉ်းစားပြီးနောက် ခြသေ့်များဆင်း၍လာသည့် တောင်တန်းများကိုမြင်ရသကဲ့သို့ စိတ်တွင်အောက်မေ့မိသောကြောင့် "ကိုင်း . . . ကျုပ်တို့ အဲဒီတောင်တန်းဆီသွားကြမယ်ဗျို့ . . . သွားရင် အိုအေစစ်ကို မြင်ရကောင်းပါရဲ့ဗျာ . . ." ဟုပြောခါ ထိုနေရာဆီသို့ ရှေ့ရှုသွားကြလေ၏။ သစ်ခေါက်ကဲ့သို့ မာကျောနေသည့် ခြသေ့်ရေကြီးကိုမူ ထားပစ်ခဲ့ရ၏။ သို့နှင့် ကျွန်ုပ်တို့သည် ထိုတောင်များဆီသို့ သေနတ်များကို တောင်ဝှေးကဲ့သို့ထောက်ခါ ပုလင်းထဲတွင် လက်တစ်ဝါးခန့်မျှကျန်သည့်ရေကို တစ်ခါသောက်လျှင် တစ်ငုံစီခန့် ဝေငှသောက်ခါ သဲတောင်များကို တက်ချည်ဆင်းချည်ဖြင့် ဒယီးဒယိုင်လာခဲ့ကြလေ၏။ သုံးမိုင်ခန့်မျှရောက်၍ အခြားဘက်၌ ရှိရမည်ထင်သော တောင်ပူစာတစ်ခုသို့ ရောက်လတ်သော် အခြားဘက်တွင်မူ မည်သည့်အရာမျှမရှိ၊ သဲအတိသာဖြစ်နေသဖြင့် ကျွန်ုပ်တို့မြင်ရခြင်းမှာ ကန္တာရအတွင်းခရီးသွားများ အား လှည့်ဖျားတတ်သည့် "တံလျှပ်" မျှသာဖြစ်ကြောင်း သိရသောအခါ ကျွန်ုပ်တို့မှာ အံသည်းကြဲမတတ်ရှိကြရတော့၏။

နောက်ဆုံး၌ ညဥ့်အချိန်သို့ရောက်ခဲ့၏။ တောင်တန်းများမှာ အတော်ဝေးကွာသေးသဖြင့် ကျွန်ုပ်တို့သည် ဤသို့ဖြင့်ရှေ့သို့မသွားနိုင်ကြတော့ဘဲ ခြေကုန်လက်ပမ်းကျခါ နေရာ၌ပင် ကိုယ်ကို ပစ်လှဲကြရတော့၏။ သောက်ရေလည်း ကုန်လေပြီ။

သို့ရှိစဉ် "ဟစ်"က တစ်စုံတစ်ရာကို ညွှန်ပြသဖြင့် ကြည့်လိုက်ရာ . . . ကျွန်ုပ်တို့ရှေ့ ကိုက် ၃၀ မျှပင်မဝေးသော သဲတောင်တန်းကလေးတစ်ခုပေါ်၌ အတန်းလိုက်ရွှေ့လျားလျက်ရှိသော ဒရယ် (၆)ကောင်ကို မြင်ရလေ၏။ အိုလီဗာနှင့် ကျွန်ုပ်သည် ဒူးထောက်၍ထိုင်ခါ . . . တစ်ခါတည်းချိန်ရွယ်၍ပစ်လိုက်ကြ၏။ သို့သော် အိုလီဗာ၏သေနတ်မှ ကျည်ဆံမထွက်တော့ချေ၊ သေနတ်မောင်းအတွင်းသို့ သဲများဝင်နေပြီဖြစ်၍ ဆွဲ၍မရတော့ချေ။ ကျွန်ုပ်သေနတ်မှကျည်ဆံသည် အလယ်မှအကောင်ကြီးတစ်ကောင်ကို ထိခါ ၎င်းနေရာ၌ပင် လဲကျလေ၏။ နောက် တခဏ၌ ကျွန်ုပ်တို့သည် ဓားများဖြင့် ဒရယ်၏အစာအိမ်ကိုခွဲကာ ရေများကိုအဝသောက်ကြရတော့၏။ သေရေး ရှင်ရေးဖြစ်ရကား ကျွန်ုပ်တို့သည် ရွံ့ရှာခြင်းကိုပင် သတိမရနိုင်တော့ချေ။

ကြယ်ကလေးများသည် ကောင်းကင်၌ တောက်ပလျက်ရှိသဖြင့် ထိုကြယ်များကိုကြည့်ခါ . . . ကျွန်ုပ်တို့ရောက်နေသောနေရာကို အတော်အတန် ခန့်မှန်းမိကြ၏။ အိုအေစစ်မှာ ကျွန်ုပ်တို့၏အရှေ့ဘက်တွင် ရှိရပေမည်၊ ကျွန်ုပ်တို့မှာ အတော်အတန်အားအင်ပြည့်လာသဖြင့် . . . တတ်နိုင်သမျှ ဆက်လက်သွားကြရာ . . . သဲတောင်ပူစာစခန်းကိုလွန်ခဲ့၍ ကျောက်စရစ်ကလေးများတွေ့ရသော သဲလွင်ပြင်တစ်ခုသို့ ရောက်လာကြလေ၏။ သို့သော် . . . ကျွန်ုပ်တို့၏ခြေများကိုမျှ မသယ်နိုင်အောင်ရှိနေရာ ဟစ်သည် ကျွန်ုပ်တို့အထဲတွင် အပျော့ဆုံးဖြစ်သည့်အတိုင်း သူ၏သေနတ်ကို တစ်ခါတည်းလွှင့်ပစ်လိုက်တော့၏။ သို့နှင့် ကျွန်ုပ်နှင့်အိုလီဗာတို့မှာ ဒဏ်ရာရသောဆင်ကို နံဘေးမှ ဆင် ၂ ကောင်ကညှပ်၍ခေါ်လာသကဲ့သို့ တွဲခဲ့ကြရ၏။ ထို့နောက် အိုလီဗာကအဝေးမှကြားနိုင်ရန် သေနတ် ၂ နှစ်ပင် ပစ်ဖောက်လိုက်သေး၏။

နောက်နာရီဝက်ခန့်ကြာသောအခါ ခရီးကြမ်းများကို သွားရာ၌ အလွန်မာသူတစ်ယောက်ဟု နာမည်ရခဲ့သော ကျွန်ုပ်မှာ ဦးခေါင်းတွင် မိုက်ခနဲဖြစ်၍ အားပြတ်ခါ ရှေ့သို့ဟပ်ထိုးလဲကျ သွားပြီးနောက် သတိမရတော့ချေ။

မည်မျှကြာအောင်ထိ ကျွန်ုပ်သတိလစ်သွားသည်မသိရချေ၊ တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်အား ပွေ့ထူကာ ပါးစပ်ထဲသို့ ရေတစ်စက်တစ်စက် လောင်းထည့်နေသည်ကို သိရပြီးလျှင် သတိရလာတော့၏။ ထိုသူမှာ . . . "ကွစ်"ဖြစ်ကြောင်း တွေ့ရ၏။ ထိုအချိန်၌ ကပ္ပတိန်မှာ . . . ငုတ်တုတ်ထိုင်လျက်ရှိနေပြီဖြစ်၍ ခွေးတစ်ကောင်သည် အမြီးကိုလှုပ်ခါ သူ၏လက်များကို လျက်၍ပေးနေလေသည်။ ကျွန်ုပ်သည် "ဖာရို"ကို ချက်ခြင်းပင် မှတ်မိတော့၏။ ဆရာကြီးမှာမူ လူသေကဲ့သို့ မလှုပ်မယှက်ရှိနေ၏။ ကျွန်ုပ်သည် ဆရာကြီး၏ရှပ်အင်္ကျီကြယ်သီးများကိုဖြုတ်ခါ ရင်ပတ်ကိုစမ်းသပ်ကြည့်ရာ အသက်ငွေ့ငွေ့မျှရှိနေသေးသဖြင့် . . . ပထမ ပါးစပ်တွင်းသို့ ရေအနည်းငယ်လောင်းထည့်၏။ ထို့နောက် "ကွစ်" တွင်ပါလာသော ဘရန်ဒီပုလင်းကလေးမှ ဘရန်ဒီအနည်းငယ် ထည့်သောအခါမှ အတန်ငယ်လှုပ်ရှား၍ လာလေသည်။ တခဏမျှကြာလတ်သော် . . . "ဟစ်" သည် ထ၍ထိုင်လျက် . . . သူ၏မျက်မှန်နက်ကြီးကို အဝတ်ဖြင့်သုတ်၍ ပြန်တပ်လိုက်ပြီးနောက် . . . ကျွန်ုပ်တို့မျက်နှာကို တလှည့်စီကြည့်ခါ . . .

"နေပါဦး . . . ကျုပ်တို့ဘယ်ရောက်နေတာလဲ . . . ဟာ အမှတ်ရပြီဗျို့ . . . ရေငတ်ပြီး လဲနေကြရာက . . . ဟင် ကွစ်က ဘယ်လိုလုပ် ရောက်လာတာလဲ ကပ္ပတိန်"

"ကျုပ်လည်း ခင်ဗျားနဲ့အတူတူပဲ ဘယ်သိမလဲ၊ ကွစ်ကိုမေးပေတော့"

ထိုအခါ ကွစ်က အောက်ပါအတိုင်းပြောပြလေသည်။

ဓိးအုးများ ကျွန်ုပ်တို့မပါဘဲ ပြန်ပြေးလာ၍ ကောင်းကင်သို့ လက်ညှိုးထိုးပြသောအခါ သဲကန္တာရထဲတွင် တစ်စုံတစ်ရာ ဖြစ်တော့မည်ကိုသိရကြောင်း၊ သူတို့ပြောစကားကို နားမလည်သော်လည်း ကျွန်ုပ်တို့မှာ ဘေးဥပါဒ်တစ်စုံတစ်ရာနှင့်တွေ့ပြီဟု ယူဆကြောင်း၊ ရှာဒရက်က ကျွန်ုပ်တို့သေပြီဖြစ်၍ လိုက်သော်လည်း အကျိုးမရှိကြောင်းနှင့်ပြောရာ သူက သေနတ်နှင့်နားထင်ကို တေ့သောအခါမှ ငြိမ်၍သွားကြောင်း၊ ထို့နောက် သူသည် ရိက္ခာအနည်းငယ် စောင်နှင့် ဆေးဝါးများကိုယူပြီးလျှင် . . . အက်ဗတီကုလားအုပ်မောင်းသမားအချို့ကိုခေါ်၍ ထွက်လာရာ "ဖာရီ" ကိုလည်း သူနှင့်အတူခေါ်ခဲ့ကြောင်း၊ သဲမုန်တိုင်းနှင့်တွေ့ရာ ကုလားအုပ်များလည်း မုန်တိုင်းနှင့် ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသဖြင့် အက်ဗတီတစ်ယောက်ပင် ပျောက်ဆုံးကျန်ရစ်ကြောင်း၊ သူသည် ရှာဒရက်နှင့် ငြင်းခုံမနေလိုသဖြင့် . . . ထားခဲ့ပြီးလျှင် ဖာရီကိုသာ အဖော်ပြုခါ ကုလားအုပ် ၂ စီးနှင့် တစ်ယောက်တည်းထွက်ခဲ့ကြောင်း၊ အိမ်မြှောင်မပါသော ကျွန်ုပ်တို့မှာ အလွယ်တကူမြင်နိုင်သော တောင်တန်းများရှိရာသို့သာ သွားရန်ရှိသဖြင့် အိုအေစစ်နှင့် တောင်တန်းများစပ်ကြားရှိနေရာများသို့ လိုက်ခဲ့ကြောင်း၊ တစ်နေ့လုံး ကုလားအုပ်ကိုနှင်ခဲ့၍ . . . ညဦးအချိန်သို့ရောက်သောအခါ တစ်စုံတစ်ရာ မမြင်ရတော့သဖြင့် ခေတ္တမျှ ရပ်နားရကြောင်း၊ သို့ရှိစဉ် အလွန်ဝေးသောအရပ်ဆီမှ ကြယ်ကြွေသကဲ့သို့ မီးတန်းကလေး ၂ ခုကို မြင်လိုက်ရာ ၎င်းမှာ သေနတ်ပစ်ဖောက်ခြင်းဖြစ်ရမည်ဟု တွေးမိကြောင်း၊ သို့ရှိစဉ် "ဖာရီ"သည် ထိုအရပ်ဆီသို့ နားတစွင့်စွင့်ရှိနေသဖြင့် ကုလားအုပ်များကို ဆက်လက်နှင်ခဲ့ရာ နှစ်မိုင်ကျော်ကျော်ခန့်ရောက်သောအခါ "ဖာရီ"သည် ရှေ့သို့ပြေးသွား၍ ပြင်းထန်စွာဟောင်နေသည်ကို တွေ့ရပြီးနောက် . . . သဲများပေါ်တွင် သတိမေ့၍ လဲနေသော ကျွန်ုပ်တို့ ၃ ယောက်အား တွေ့ရကြောင်းနှင့် နိဂုံးချုပ်လေသည်။

မကြာမီ ကွစ်သည် မီးမွှေးကာ ခရီးဆောင်အိုးကလေးတစ်လုံးဖြင့် ရေနွေးတည်နေသည်ကို မြင်ရ၏။ နောက် ၁၅ မိနစ်ခန့်ကြာလတ်သော် . . . ကျွန်ုပ်တို့ (၃)ယောက်သည် သူပြင်ပေးသော နွားကလေးသား ဆွတ်ပြုတ်ကို မြိန်ရှက်စွာစားသောက်လျက် ရှိကြလေ၏။ ထို့နောက် ကုလားအုပ်များပေါ်တွင် ပါလာသော စောင်ကိုယူ၍ပေး၏။

"ကိုင်း . . . သခင်ကြီးတို့ စိတ်အေးအေးနှင့်သာ အိပ်ကြပါတော့၊ ကျွန်တော်နဲ့ ဖာရီက စောင့်နေပါမယ်"

"ကွစ် . . . ကျုပ်တို့မှာ မင်းကယ်တဲ့အသက်ပဲ ရှိတော့တယ်"

"သခင်ကြီးတို့ကိုတွေ့တာ ကျွန်တော်မဟုတ်ပါဘူး၊ ဖာရီက တွေ့ခြင်းဖြစ်ပါတယ်၊ ဒီလိုဖြစ်လာဖို့တော့ ဘုရားသခင်က ဖန်ဆင်းတာပါ သခင်ကြီး . . ."

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့သည် "ကွစ်"က လမ်းပြခါ အိုအေစစ်ဆီသို့ ရှေ့ရှုပြန်ခဲ့ကြလေ၏။ ကုလားအုပ်မှာ ၂ ကောင်တည်းသာရှိနေသဖြင့် ကျွန်ုပ်နှင့် ဟာ့စ်တို့က တစ်ကောင်စီစီးပြီးလျှင် . . . ကပ္ပတိန်နှင့် ကွစ်တို့က ခြေလျင်လိုက်ကြရသောကြောင့် ခရီးမတွင်လှချေ။ မကြာမီ ကျွန်ုပ်တို့ ရှေ့အတန်ဝေးသောနေရာတစ်ခုမှ ကျွန်ုပ်တို့ရှိရာသို့ ဖုံတထောင်းထောင်းနှင့် ရှေ့ရှုလာနေသော ခရီးသွားတစ်စုကို မြင်ရသဖြင့် ပထမ၌ အာရပ်ဓားပြများဖြစ်ကောင်းဖြစ်လိမ့်မည်ဟု တွေးကြသည့်အတိုင်း ရှိသ

မျှလက်နက်ကလေးများကိုပင် ပြင်ဆင်မိကြသေး၏။ သို့သော် အနီးသို့ရောက်သောအခါ၌မူ ၎င်းတို့မှာ အခြားမဟုတ်၊ ရှာဒရက် ခေါင်းဆောင်သော သူ၏တပည့်များဖြစ်၍ ကျွန်ုပ်တို့၏ဝန်စည် စလယ်များကိုပင် တင်လာသည်ကို အံ့ဩစွာတွေ့ကြရလေ၏။

ရှာဒရက်က ကျွန်ုပ်ကိုမြင်လျှင် . . .

"ဘုရားကယ်တော်မူပါ . . . သခင်ကြီးတို့ပါလား . . . ကျွန်တော်က သဲမုန်တိုင်းထဲမှာ သခင်ကြီးတို့ ဆုံးပြီထင်နေတာ"

"ဘုရားကယ်တော်မူပါ . . လက်စသတ်တော့ မင်းပါလားဟေ့"

သို့နှင့် အပြန်အလှန်ပြောနေစဉ် "ဟာစ်"မှာ အာရပ်စကားကို အလည်ပတ်ဆုံးပြောနိုင်သည့်အတိုင်း ရှာဒရက်အား ဆူညံစွာ ပြစ်တင်ကြိမ်းမောင်းလျက်ရှိလေရာ ကွစ်ကလည်း ဝင်ရောက်စွက်ဖက်ခါ အင်္ဂလိပ်ဘာသာဖြင့် ဆဲဆိုရေရွတ်လေတော့၏။ ကပ္ပတိန်သည် တစ်စုံတစ်ရာဝင်၍မပြောဘဲ အတန်ကြာနားထောင်နေပြီးနောက် . . .

"ကိုင်း . . . တော်လောက်ပါပြီဗျာ၊ ဒီ ခွေးကောင်ကို အဖက်လုပ်ပြီး သိပ်ပြောမနေပါနဲ့တော့၊ ကျုပ်တို့သွားရမယ့်ခရီးက ဆုံးသေးတာ မဟုတ်ဘူးဗျာ၊ အခုမှ အစရှိသေးတယ်၊ အိုအေစစ်ကို ကျုပ်တို့ပြန်ပြီး ၂ ရက် ၃ ရက်ဆိုသလို နားကြရလိမ့်ဦးမယ်၊ ချက်ချင်းခရီးထွက်လို့ မဖြစ်သေးဘူး" ကပ္ပတိန်၏စကားကို ဟာစ်က ပြန်ပြောသောအခါ ရှာဒရက်သည် သဘောမတူဟန်ဖြင့် ကျွန်ုပ်တို့အားကြည့်ခါ ပါးစပ်မှ တစ်စုံတစ်ရာရေရွတ်လျက်ရှိသည်တွင် ကျွန်ုပ်က ရှီဟာဘုရင်မ၏လက်စွပ်ကိုထုတ်ယူလိုက်ခါ သူ၏မျက်လုံးများနှင့် ကပ်၍ထားပြီးနောက် . . .

"ရှာဒရက် . . . ဒီမှာ ကြည့်စမ်း . . . ကျွန်ုပ်တို့စကားကို သင် နားမထောင်ရင် ဒီလက်စွပ်ပေးအပ်လိုက်တဲ့ "နှင်းဆီမယ်" ဘုရင်မရှေ့မှာ ဒီကိစ္စကို သင်နဲ့ကျွန်ုပ် ရှင်းရလိမ့်မယ်"

ကျွန်ုပ်က ဤသို့ခက်ထန်စွာ ပြောလိုက်သည်တွင် ရှာဒရက်သည် တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ ကျွန်ုပ်တို့အား အရိုအသေပေးလိုက်ပြီးလျှင် . . . ကုလားအုပ်ပေါ်သို့ တက်လေ၏။ ထို့နောက် ကျွန်ုပ်တို့လူစုလည်း အိုအေစစ်ရှိရာသို့ လာခဲ့ကြလေသတည်း။

* * ၄ * *

ခရီးဆက်လက်သွားကြသည်

ရက်သတ္တ ၆ ပတ်မျှ ကျွန်ုပ်တို့သည် ဤအစ အဆုံးမမြင်ရသော ကန္တာရကြီးကို ကျော်ဖြတ်လျက်ရှိကြရာ ကျွန်ုပ်တို့၏ တွက်ချက် ခန့်မှန်းချက်အရ အနည်းဆုံးမိုင် ၁၀၀၀ ခန့်မျှ ပေါက်ရောက်ခဲ့လေပြီ၊ ဓိုးအူးရွာတွင် အသက်ဆံဖျားတွေ့ကြုံခဲ့ရသည့် အဖြစ်မျိုးကိုကား ထိုအချိန်ထိ နောက်ထပ်တစ်စုံတစ်ရာမတွေ့ရဘဲ နေထွက်မှနေဝင်ထိ သဲများပေါ်တွင် တရွေ့ရွေ့သွားလျက်ရှိကြလေ၏။ နံနက်လင်းလျှင် အရှေ့ဘက်သဲပြင်အောက်မှ နီရဲသော နေလုံးကြီးတက်လာ၍ . . . ညနေစောင်းသောအခါ အနောက်ဘက်သဲပြင်အောက်သို့ ဝင်သွားတော့၏။ ထိုအခါ ကြည်လင်အေးမြသော လမင်းသည် ထွက်ပြူ၍လာခါ . . . ကန္တာရကြီးကိုအုပ်စိုးလျက်ရှိပြန်တော့၏။ ကန္တာရအခြေအနေမှာလည်း ရှေ့သို့ဆက်လက်သွားသည်တွင် အတော်ပြောင်းလဲသွားလျက် တစ်ခါတစ်ရံ မြေများ ကျောက်လွှာများကို တွေ့ရ၏။ ဤသို့ သက်ရှိသတ္တဝါကင်းမဲ့လျက် လူသူမနီးတောကြီးမျက်မည်းပင်ဖြစ်နေသော်လည်း . . . ရှေးနှစ်ပေါင်းရာထောင်မက အခါများကမူ ရှေးဘုရင်များ၏ ထောင်ပေါင်းများစွာသော စစ်သည်တော်များသည် ဤနေရာများသို့ ဖြတ်သန်း၏သွားဖူးခဲ့၏။ သူတို့၏

မြို့ကြီးပြကြီး နန်းတော်ကြီးများသည် တစ်ခါက ဤနေရာတွင် ရှိခဲ့ဖူး၏။ အဘယ်ကြောင့်ဆိုသော် ရှေးအခါက မြို့ရိုးပျက်များနှင့် အခြားအပျက်အစီးနေရာဟောင်းများကို နှစ်ကြိမ်မျှတွေ့ရ၏။ တစ်ခါကလည်း မုန်တိုင်းတိုက်ခတ်သွားသဖြင့် သဲပြင်အောက်မှ ပေါ်ထွက်လာသည့် တောင်ပုံရာပုံမျှသော ဆွေးမြေ့နေသည့် လူရိုးများ အနီးအနားတွင် လက်နက်အကျိုးအပဲ့များ သံတိုသံစများ သစ်သား အဆွေးအမြေ့များနှင့်တကွ တွေ့ရ၏။ ကျွန်ုပ်တို့ကမ္ဘာကြီးကား . . . အသက်ရှည်ကြာလှပြီဖြစ်၍ ရှေးဟောင်းယဉ်ကျေးမှုများသည် ကျွန်ုပ်တို့နင်း၍သွားသော သဲများအောက်၌ တိမ်ကောပျောက်ကွယ်ခဲ့ဟန်တူ၏။

တစ်နေ့သော ညနေစောင်း၌ ကျွန်ုပ်တို့သည် ကြည်လင်သော မိုးကုပ်စက်ဝိုင်းစွန်းဆီမှ မြင်းခွာပုံသဏ္ဌာန်ရှိ တောင်နှင့် သဏ္ဌာန်တူသော အရာတစ်ခုကို ခပ်ရေးရေးမျှ မြင်ကြရလေရာ ၎င်းမှာ "မား" မြို့၏ တောင်တန်းများပင်ဖြစ်လေသည်။ မည်သည့်နည်းနှင့်မဆို ကျွန်ုပ်တို့ကား . . . "မား" တောင်တန်းများကို နောက်ဆုံး၌ တွေ့မြင်ရလေပြီ၊ နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် တောစပ်လွင်ပြင်ကလေးတစ်ခုမှ ဆင်းသက်ခဲ့၍ မြစ်ဝှမ်းတစ်ခုသို့ ရောက်ခဲ့ရာ . . . ထိုမြစ်မှာ "နိုင်း" မြစ်၏ လက်တက်တစ်ခုဖြစ်သည်ဟု ထင်ရ၏။ ထိုနေရာ၌ကား အမဲများအလွန်ပေါသည့် စိမ်းလန်းသော မြက်ခင်းကြီးများရှိသဖြင့် ကုလားအုပ်များသည် ဗိုက်ပေါက်၍ထွက်လုမတတ် စားကြလေ၏။ မကြာမီ "မား" တောင်များပျောက်ကွယ်သွားပြီး ထိုနေရာ၌ မိုးသားများ အုံ့မှိုင်းနေသည်ကို မြင်ရ၏။ မိုးကျလာပြီဖြစ်၍ အကယ်၍ ကျွန်ုပ်တို့သာ တစ်ပတ်ခန့်နောက်ကျခဲ့သော် . . . မြစ်ရေလျှံ၍ ကူးနိုင်ကြမည် မဟုတ်။

မြစ်တစ်ဘက်ကမ်းသို့ ရောက်သောအခါ "ဖန်း" နယ်စပ်သို့ ဝင်ကြရပြီဖြစ်၍ ကျွန်ုပ်တို့လည်း အချင်းချင်း စည်းဝေးတိုင်ပင်ကြရ၏။ မိုင် ၅၀ ခန့်ဝေးသောနေရာတွင် "မား" တောင်တန်းခံတပ်ရှိ၍ ကျွန်ုပ်တို့၏ပြဿနာမှာ ထိုမိုင် ၅၀ ကိုဘေးလွတ်အောင် မည်သို့သွားကြရမည်ဟူသော အချက်ဖြစ်လေသည်။ သို့နှင့် ရှာဒရက်က "မား" တောင်ခြေမှာ "အီဗာ"ခေါ် မြစ်ဝှမ်းတွင်ရှိနေ၍ "ဖန်း" များသည် ထိုမြစ်ဝှမ်း၌နေကြကြောင်း၊ စစ်သားများ လည်း သောင်းပေါင်းများစွာရှိကြောင်း၊ သူတို့မြို့တော်ကို "ဟာမာ့(ခ်)"ဟု ခေါ်တွင်၍ ကျွန်ုပ်တို့ဝင်ကြရမည့် တောင်ကြားဝ၌ တည်ရှိကြောင်း၊ မြို့တော်နှင့် မျက်နှာချင်းဆိုင်အရပ်တွင် "ဟာမာ့(ခ်)" ရုပ်တုကြီးရှိကြောင်း ပြောပြ၏။

ကပ္ပတိန်က မားတောင်ပေါ်ခံတပ်သို့ဝင်ရန် အခြားလမ်းရှိမရှိနှင့် ကျွန်ုပ်လာစဉ်က လျှို့ဝှက်သော တောင်ကြားတစ်ခုမှအောက်သို့ချပေးခြင်းကိုမေးရာ . . . ရှာဒရက်က တောင်ကြားရှိသည်မှာ မှန်ကြောင်း၊ သို့သော် အပြင်သို့ငေါထွက်နေသောကျောက်စွန်းကြီးများကြောင့် အပေါ်သို့တက်ရန် မဖြစ်နိုင်ကြောင်းပြောပြလေသည်။ ထိုအခါ ကပ္ပတိန်က နောက်မှလှည့်၍ဝင်သည့်အပေါက်ရှိမရှိ မေးပြန်ရာ ရှာဒရက်က ဝင်ပေါက်တစ်ခုရှိကြောင်း၊ သို့သော် ဤနေရာမှ ၈ ရက်ခရီးဝေးကြောင်း၊ တောင်၏အခြားဘက်တွင် ရေအိုင်ကြီးရှိ၍ ယခုအခါတွင် ရေပြည့်လျှံနေကြောင်း၊ ထိုနေရာနှင့် "မား"တောင်တန်းကြားတွင် လူမမြင်နိုင်သော ဥမင်များရှိနေကြောင်း ပြောပြလေသည်။

ကပ္ပတိန်အိုလီဗာက စိတ်မကျေနပ်သေးသည်နှင့် . . . ကျွန်ုပ်အား လျှို့ဝှက်စွာချပေးသောတောင်ကြားမှ အကယ်၍ ကုလားအုပ်များနှင့် ဝန်စည်စလယ်များ မပါခဲ့သော် အပေါ်သို့တက်နိုင် မတက်နိုင်မေးရာ . . . ရှာဒရက်က အကယ်၍အပေါ်မှ လူများမသိလျှင် တက်နိုင်ကြောင်း ဖြေဆိုလေသည်။

"ဒါပေမယ့် ကျုပ်တို့ ဝန်ထုပ်တွေက အရေးကြီးတာပဲ မယူလို့မဖြစ်ဘူး၊ တခြားနည်းရှိရင် ပြောပါဦး . . . ရှာဒရက်"

"နည်းလမ်းတစ်ခုတော့ ရှိပါတယ် သခင်၊ နေ့ခင်းမှာ ပုန်းနေကြပြီး ညမှာ သွားကြရပါလိမ့်မယ်၊ နက်ဖြန်ဟာ သူတို့ယဇ်ပွဲနေ့ဖြစ်တဲ့အတွက် နေဝင်ပြီးတဲ့နောက် မြို့ထဲမှာ အစောင့်ကင်းများပါ စားသောက်ပျော်ပါးနေကြပါလိမ့်မယ်၊ ဒီအချိန် ကျွန်ုပ်တို့အသံမကြားရအောင် သွားပြီး၊ နံနက်လင်းရောင်လာရင် မားတောင်ဝကိုသွားတဲ့လမ်းစကို တွေ့နိုင်တယ်၊ ဒီတော့ ကျွန်ုပ်တို့က အက်ဗတီတွေကို အချက်ပေးရပါလိမ့်မယ် . . ."

"ဘယ်ပုံပေးရမှာလဲကွဲ့ . . ."

"ကိုင်းပင်ခြောက်တွေကို မီးရှို့ဖို့ပါပဲ၊ ဖန်းတွေက မြင်ပေမယ့် မတော်တဆလောင်တဲ့မီး ထင်ပါလိမ့်မယ်"

ကပ္ပတိန်သည် ပခုံးများကို တွန့်လိုက်၏။ ဟာစ်နှင့်ကျွန်ုပ်တို့ကလည်း သဘာမကျချေ၊ ထိုအခါ "ကွစ်"ကပါဝင်၍ ရှာဒရက်နှင့် အပြင်းအထန် ငြင်းခုံလျက်ရှိလေ၏။ ထိုအခါ ကပ္ပတိန်က–

"ဒီလိုကွယ့် . . . ရှာဒရက်ရဲ့ အခုအချိန်မှာ ငြင်းခုံနေဖို့အချိန်မဟုတ်ဘူး၊ မင်းဟာ တို့တတွေရဲ့ လမ်းပြပဲ၊ ဒီတော့ မင်းခေါ်တဲ့အတိုင်း ငါတို့လိုက်ကြရလိမ့်မယ်၊ တကယ်လို့ တိုက်စရာခိုက်စရာရှိရင် ငါ့လူစုမှာ ငါစစ်ဗိုလ်ပဲကွဲ့၊ ပြီးတော့ တစ်ခုလည်းရှိသေးတယ်၊ နောက်ဆုံး မင်းဘာလုပ်တယ်ဆိုတာ မင်းတို့ဘုရင်မကို အစီရင်ခံရလိမ့်မယ်၊ အားလုံး မင်းတာဝန်ပဲ၊ ကိုင်း မင်းသွားချင်သလို သွားတော့ ငါတို့လိုက်မယ် . . ."

ကျွန်ုပ်ကမူ ရှာဒရက်ပြောသည့်လမ်းမှသွားရန် တွေး၍စိုး

ရှိမိ၏။ ရှာဒရက်သည် လူဖြူများအပေါ်၌ မကောင်းသောစိတ်ထားဖြင့် ကြံစည်ခြင်းပေလော . . . မပြောတတ်ချေ၊ ကျွန်ုပ်ကိုယ်တိုင်လည်း လမ်းမညွှန်နိုင်သဖြင့် သူ့ကိုသာ အားထားရန်ရှိတော့၏။ နေဝင်သည်နှင့်တပြိုင်နက် "ကွစ်" သည် ကုလားအုပ်များ အသင့်ပြင်ပြီးကြောင်း ပြောလာသဖြင့် . . . ကျွန်ုပ်တို့လည်း ကုလားအုပ်များပေါ်သို့ တက်ကြရာ . . . ရှာဒရက်သည် ကျွန်ုပ်တို့နောက်မှ ကိုင်းတောကိုမီးရှို့လေတော့၏။ သို့နှင့် ကျွန်ုပ်တို့သည် ရှေးမြို့ဟောင်းကြီးတစ်ခု၏ လမ်းပျက်ကြီးတစ်လျှောက်မှ ကုလားအုပ်များကိုနှင်ခဲ့ကြပြီးနောက် . . . တောင်စွယ်တစ်ခုအောက်တွင်ရှိနေသည့် တောကလေး၌ စခန်းချရပြီးလျှင် ရန်သူများမြင်မည်စိုးသဖြင့် မီးကိုမျှ မမွေးဝံ့ဘဲ အေးစက်သောအစားအစာများနှင့်သာ တင်းတိမ်ကြလေ၏။ စောင့်ရာတွင်လည်း အလှည့်နှင့်စောင့်ကြရလေရာ . . . ကျွန်ုပ်တို့သည် လူနေအိမ်ခြေများသော မြို့တစ်မြို့သို့ ဝင်လာကြပြီဖြစ်၍ မှန်ပြောင်းနှင့်ကြည့်သောအခါ ကျွန်ုပ်တို့ရှေ့ ၁၅ မိုင်ခန့်အကွာတွင် "ဟာမာ့(ခ်)"မြို့ကို တွေ့မြင်ရလေ၏။ မြို့ပတ်ဝန်းကျင်၌ကား . . . ပြောင်းခင်းများဖြင့် သာယာစွာရှိနေ၏။ ကျွန်ုပ်ကား ရုတ်တရက် အိပ်မပျော်ချေ၊ "ဒီလူကို ကျုပ်ရွေးပြီးထည့်လိုက်ရတာက သတ္တိလည်းကောင်းတယ်၊ ပရိယာယ်လည်းများတယ်၊ ငယ်ငယ်တုန်းက ဒီသဲကန္တာရကို စွန့်စွန့်စားစားဖြတ်ခဲ့ဖူးလို့ လမ်းပန်းတွေလည်း အကုန်သိတယ်၊ နို့ပေမယ့် သူ့အကျင့်စာရိတ္တကိုတော့ ကျုပ်မယုံပါဘူး၊ ဆရာကြီးကို သူ့လက်ထဲအပ်ပြီး ထည့်လိုက်ရတာတောင် ကျုပ်စိတ်မချနိုင်ဘူး"ဟု ပြောလိုက်သော မာကွီဒါဘုရင်မ၏ စကားများကို ကြားယောင်လျက်ရှိလေ၏။

ညနေခင်း၌ ကျွန်ုပ်သည် ဆူဆူညံညံအသံများဖြင့် အိပ်ပျော်ရာမှ လန့်နိုးရာ . . . "ဟာစ်" သည် ဖာရိုအား ချိုင်းတစ်ဘက်အောက်တွင် ညှပ်ထားလျက် . . . "ကိုင်း မှတ်ထား ငါ့အကြောင်းသိပြီလား" ဟုပြောခါ တစ်စုံတစ်ယောက်အား ကြိမ်းဝါးလျက်ရှိ၏။ သူ၏အနီး၌ကား ရှာဒရက်သည် မြေပေါ်တွင် တစောင်းလဲကျခါ . . . မျက်နှာကို လက်ဝါးဖြင့်ပွတ်သပ်လျက်ရှိလေရာ . . . သူ၏တပည့်ကုလားအုပ်မောင်းသမားများသည်လည်း အတန်ဝေးမှ ခက်ထန်သောမျက်နှာများဖြင့်ကြည့်လျက် ရှိနေကြ၏။ ထိုအချိန်၌ ကွစ်နှင့် ကပ္ပတိန်တို့လည်း . . . ရောက်လာကြလေပြီ . . . ကျွန်ုပ်က . . .

"ဘာဖြစ်ကြတာလဲ ဟာစ်ရဲ့"

"သိပ်မိုက်တဲ့အကောင်ဗျာ၊ ခွေးထက်မိုက်သေးတယ်၊ ဖာရိုကို အဆိပ်ကျွေးသတ်မယ် . . . သူကြံတယ် . . . မနက်တုန်းက ဖာရိုက သူ့ကိုဟောင်လို့ သူက ခဲနဲ့ပေါက်တော့ ဖာရိုက လိုက်ကိုက်တာ ကျုပ်မြင်ရတယ်ဗျာ၊ နောက် အခုညနေမှ ဒရယ်သားတစ်တုံးကို အဆိပ်သုတ်ပြီး ပစ်ပေးလိုက်တာ ကျုပ်မြင်လိုက်ပေလို့ပေါ့ဗျာ . . . ဒါကြောင့် ကျုပ်က မျက်ခွက်ကို နှစ်ချက်ဆင့်ထိုးပြီး ဆုံးမလိုက်တယ်"

ထိုအချိန်၌ ရှာဒရက်သည် အံကြိတ်လျက် "ကောင်းပြီ၊ မျက်မှန်ကြီးတော့ သတိသာထားနေ . . . ကျုပ်အကြောင်းသိမယ်" ဟုပြောကာ သူ့အဖော်များရှိရာသို့ ပြန်၍သွားရာ သူ၏အဖော်များကလည်း ဟာစ်အပေါ်အခဲမကြေနိုင်သည့် မျက်နှာမျိုးဖြင့် ရှိနေကြကုန်၏။ သို့နှင့် ကျွန်ုပ်လည်း အသက်အကြီးဆုံးဖြစ်၍ ဖြန်ဖြေရန် ဝတ္တရားရှိသည့်အတိုင်း ရှာဒရက်ကိုခေါ်၍ "ရှာဒရက် . . . မင်းလုပ်ပုံဟာ လူကြီးကိုစော်ကားရာရောက်တယ်၊ ဒီ

တော့ ဆရာကြီးကို မင်းတောင်းပန်လိုက်" ဟု ပြောရတော့လေရာ ရှာဒရက်သည် ကျွန်ုပ်၏စကားကို နားထောင်သည့်အနေဖြင့် ဆရာကြီး၏လက်ကို နမ်းရှုံ့ခါ ကျွန်ုပ်တို့အထုပ်ထဲမှ စိန်မှုန့်များကို ခိုးပြီးလျှင် အသားတုံးကိုသုတ်ကျွေးမိသည်မှာလည်း "ဖန်း" နယ်စပ်ကိုဖြတ်ရာတွင် ဖာရိ အနှောင့်အယှက်ပေးမည်စိုးသဖြင့် လုပ်မိကြောင်း၊ ဆရာကြီးအပေါ်တွင် ရန်ငြိုးမထားပါကြောင်းနှင့် တောင်းပန်လေ၏။ ထိုအခါမှ ဟာစ်လည်းကျေနပ်လျက် . . .

"ကိုင်း . . . သွားပေတော့ မိတ်ဆွေ၊ ကျုပ်က ဘယ်တော့မှ ရန်ငြိုးထားတတ်တဲ့လူမဟုတ်ဘူး . . . ကျုပ်ကျေနပ်ပါတယ်" ဟု ပြောလေ၏။

ညနေချိန်မှ ညဘက်သို့ ကူးလာခဲ့ရာ အချို့နေရာ၌ မိုးသားများတက်လာသည်ကိုမြင်ရပြီးလျှင် လေကလေးကလည်း တဖြူးဖြူးတိုက်ခတ်လာသဖြင့် ကျွန်ုပ်တို့သွားမည့်ကိစ္စကို ကူညီပေးသကဲ့သို့ ရှိတော့၏။ ကမ္ဘတိန်နှင့် တွစ်တို့မှာ ဒိုင်းနမိုင်းအိုးများ ဘက်ထရီများ ခလုတ်နှင့် ဝိုင်ယာကြိုးများကို အသေအချာကြည့်ရှုစစ်ဆေးလျက် ကုလားအုပ်များပေါ်သို့ တင်ရာ၌လည်း တာဝန်အသီးသီး ခွဲဝေယူကြ၏။ ကိုက် ၃၀၀ ခန့်ရှိသည့် ဝိုင်ယာကြိုးနှင့် ဘက်ထရီအိုးတစ်လုံးကိုလည်း အသင့်ပြင်ဆင်ထား၏။ သို့နှင့် အစစ နေသားတကျပြင်ဆင်ပြီးလတ်သော် နေဝင်ပြီးနောက် တစ်နာရီခန့်အကြာတွင် ဘေးအန္တရာယ်ထူပြောလှသော "ဖန်း" လူမျိုးတို့မြို့မှ ဖြတ်ရန်ကျွန်ုပ်တို့ရင်ထဲတွင် တထိတ်ထိတ်နှင့် ထွက်ခဲ့ကြ၏။

* * *

ဟာမာ့(ခ်)မြို့တော်

ကျွန်ုပ်တို့၏အစီအစဉ်မှာ ရှေ့ဆုံးမှလမ်းသိသော အက်ဗတီတစ်ယောက်ကသွား၍ ကပ္ပတိန် အိုလီဗာနှင့် ကွစ်တို့က ဒိုင်းနမိုင်းနှင့် ဝိုင်ယာကြိုးများတင်ထားသည့် ကုလားအုပ်များကို ကြီးကြပ်လိုက်ပါကြ၏။ ထို့နောက်မှ ကျွန်ုပ်က ကုလားအုပ်များနှင့် လူများအရိပ်အကဲကိုကြည့်ရှုလိုက်ပါရ၏၊ ကျွန်ုပ်၏နောက်တွင် အဝတ်အစားနှင့် စားရေရိက္ခာများတင်သည့် ကုလားအုပ်များက လိုက်ရပြီးလျှင် နောက်ဆုံးမှ "ဟာစ်" "ရှာဒရက်" နှင့်အခြားအက်ဗတီနှစ်ယောက်တို့ လိုက်ကြလေသည်။ ရှာဒရက်က ဤနေရာကို ရွေးချယ်လိုက်ခြင်းမှာ အရေးကြီးသောကိစ္စတစ်စုံတစ်ရာကို ရှေ့မှလူများမမြင်ဘဲသွားလျှင် မြင်နိုင်ရန်နှင့် နောက်မှရန်ကို ချက်ချင်း သိနိုင်ရန်ဖြစ်ကြောင်းနှင့် ပြောဆို၏။ "ဟာစ်"မှာ ပြီးပြီးပျောက်ပျောက် လူကြီးတစ်ယောက်ဖြစ်သည့်အတိုင်း ထိုအခါတွင် ရှာဒရက်နှင့် အလွမ်းသင့်လျက်ရှိနေလေပြီ။

ကျွန်ုပ်တို့ထွက်လာသည့်အချိန်၌ လေကလေးသုတ်၍လာပြီးလျှင် မိုးဖွဲလေးများပင် ကျလာတော့၏။ သို့နှင့် ကျွန်ုပ်တို့သည် ရှေးက လမ်းဟောင်းကြီးအတိုင်း မြို့ပျက်ကြီးမှ ထွက်ခဲ့၍

“ဟာမာ့(ခ်)” မြို့မှ မီးရောင်များဆီသို့ ရှေ့ရှုသွားကြရ၏။ မြို့ကြီးကား ကျွန်ုပ်တို့ရှေ့ လက်ဝဲဘက်ခပ်ယွန်းယွန်းတွင် ရှိနေ၏။ မိုးဖွဲကလေးများမှာ တဖြည်းဖြည်း ပြင်းထန်လာလျက် ကျွန်ုပ်တို့၏ မိုးကာအကျႌများအတွင်းသို့ပင် ပေါက်လျက်ရှိတော့၏။ ထိုအတွင်း လေကလေးကလည်း တချီတချီတွင် သုတ်၍လာသည်နှင့် ကျွန်ုပ်တို့မှာ ရိုးတွင်းချဉ်ဆီအထိ အေးလျက်ရှိ၏။ ကုလားအုပ်များသည်လည်း ကျွန်ုပ်တို့၏အကြံအစည်ကို သိသကဲ့သို့ ခြေသံမကြားစေဘဲ သွားကြလေရာ . . . အဝေးမှ လျှပ်ပြက်၍ ဝင်းခနဲ လက်ခနဲဖြစ်သွားတိုင်း မည်းနက်သော ကျွန်ုပ်တို့လူစု၏ အရိပ်မည်းမည်းကြီးများကို မြင်ရပြီးလျှင် . . . ရင်ထဲမှ ထိတ်ခနဲဖြစ်၍သွား၏။

၃ နာရီမျှ သွားမိလတ်သော် . . . “ဟာမာ့(ခ်)” မြို့တော်မှ မီးရောင်များနှင့် မျက်နှာချင်းဆိုင်သို့ ရောက်လာကြ၍ ကျွန်ုပ်တို့၏ လက်ယာဘက်တွင် တောင်ကြားလမ်းရှိကြောင်း လျှပ်ပြက်လိုက်သည့်အချိန်များတွင် မြင်ရ၏။ ဤအချိန်အထိ မည်သည့်သက်ရှိသတ္တဝါကိုမျှ လမ်းတွင်မတွေ့ရဘဲ . . . အေးချမ်းစွာရှိနေကြရာ . . . ကုလားအုပ်များလည်း ယခင်ကထက် ပို၍လျင်မြန်စွာ သွားကြလေ၏။

သို့ရှိစဉ် ကျွန်ုပ်တို့ရှေ့ အတန်ဝေးမှ လက်ခနဲ မီးရောင်တစ်ခုကို မြင်လိုက်ရသည်နှင့်တပြိုင်နက် ရှေ့ဆီမှ “ရပ်လိုက်ကြ” ဟူသော အသံတစ်သံကို ခပ်အုပ်အုပ်ကြားလိုက်ရသဖြင့် . . . ကျွန်ုပ်တို့လည်း ချက်ချင်းရပ်လိုက်ကြ၏။ ထိုအချိန်၌ ရှေ့မှလမ်းပြတစ်ယောက်သည် နောက်သို့ ကုလားအုပ်ကိုလှည့်လာပြီးလျှင် လမ်းကြီး၏ထိပ်ဆီ၌ ဖန်းမြင်းစီးသမားတစ်စုကိုမြင်ရကြောင်းနှင့် ပြောလေ၏။ သို့နှင့် ကျွန်ုပ်တို့လည်း တိုင်ပင်ကြရာ အချို့က ပွဲတော်သို့သွားကြသည့် လူစုဟု တွေးထင်ကြ၏။ ရှာဒရက်ကမူ ယခင်ကထက် တိတ်ဆိတ်စွာနေကြရန် ပြော၏။ ဖာရိမှာ ကပ္ပတိန်၏ကုလားအုပ်နံဘေးတွင် ချိတ်ထားသော ခြင်းတောင်းထဲတွင် လိုက်ပါလျက်ရှိရာမှ အနီးသို့ ရှာဒရက်ရောက်လာသည်ကိုမြင်လိုက်သည်နှင့်တပြိုင်နက် ထိုး၍ယောင်လိုက်လေ၏။ ထိုခဏ၌ ကျွန်ုပ်တို့လူစုထဲ၌ ရုန်းရင်းဆံခတ်ဖြစ်သွားပြီးနောက် ရှာဒရက်သည် သူ၏ကုလားအုပ်ကို နောက်သို့မောင်းသွားလေ၏။ ကျွန်ုပ်တို့ရှေ့မှမြင်ရသော မီးရောင်သည် ယခင်ကထက် လှုပ်ရှားခါ . . . ကျွန်ုပ်တို့ရှိရာသို့ လျင်မြန်စွာချဉ်းကပ်လာလေ၏။ ထိုအခါ ရှေ့မှ ကုလားအုပ်များသည် လမ်းပေါ်မှ ဖဲ့၍ထွက်သွားရာ နောက်မှကုလားအုပ်များက သဘာဝအတိုင်း နောက်တို့နောက်မှ လိုက်လေ၏။-

မကြာမီ ကပ္ပတိန်နှင့် ကွစ်တို့သည် ကျွန်ုပ်တို့အနီးသို့ ရောက်လာကြ၍ . . . ကျွန်ုပ်တို့လည်း မြင်းစီးသမားတစ်စုနှင့် ရင်ဆိုင်ကာ ဘာသာတစ်မျိုးဖြင့် ဟစ်အော်ပြောဆိုသံကို ကြားရလေ၏။ မှောင်မိုက်သဖြင့် တစ်စုံတစ်ရာ မမြင်ရသော်လည်း ခကြာခဏ ပြတ်လိုက်သော လျှပ်စစ်ရောင်ထဲတွင် ပုံသဏ္ဍာန်အမျိုးမျိုးသည် ကျွန်ုပ်တို့ရှေ့မှ မဲခနဲ၊ ရိပ်ခနဲဖြတ်၍သွားကြ၏။ “ဟစ်”စီးသော ကုလားအုပ်ဖြူကြီးသည် ကျွန်ုပ်တို့ရှေ့ ၁၀ ကိုက်ခန့်အကွာ လမ်းဘေးမှဖြတ်၍သွားရာ ၎င်း၏ကျောပေါ်တွင် လူတစ်ယောက်စီး၍သွား၏။ ၎င်းမှာ “ဖန်း” လူရိုင်းမဟုတ်ဘဲ ရှာဒရက် ဖြစ်ကြောင်း ကွစ်ပြော၍သိရ၏။ ထိုအခါမှ ဟစ်မှာ ကျွန်ုပ်တို့နှင့်အတူ မရှိကြောင်း . . . သိရတော့၏။ အခြားပုံသဏ္ဍာန်တစ်ခုမှာ လမ်း၏အခြားဘက်တွင် ကျွန်ုပ်တို့၏ ဝန်တင်ကုလားအုပ်များကို အဝတ်ဖြူများဝတ်ထားသည့် မြင်းစီးသမားတစ်စုက

မောင်းလျက်ရှိ၏။ ပထမ၌ ကျွန်ုပ်တို့သည် သူတို့နောက်သို့ လိုက်မည်ပြုရာ . . . နောက်တစ်ကြိမ် လျှပ်ပြက်လိုက်သည်တွင် မြင်းစီးသမားတို့သည် ကျွန်ုပ်တို့ဘက်သို့ ပြန်လှည့်လာသဖြင့် ကျွန်ုပ်တို့မှာ ပြေးရန်မှတပါး အကြောင်းမရှိတော့ချေ။

“ကုလားအုပ်ခေါင်းကိုသာထောင်ပေး ကပ္ပတိန်၊ မှောင်ထဲမှာ သူတို့မြင်နိုင်တယ်၊ ကိုင်း မြန်မြန်လုပ်ကြ”

ကွစ်၏အသံကို ကြားလိုက်သည်နှင့် ကျွန်ုပ်လည်း သူပြောသည့်အတိုင်း ကုလားအုပ်ခေါင်းကို ထောင်ပေးလိုက်ပြီးလျှင် နောက်သို့ပြန်၍ပြေးကြရတော့၏။ ၁၅ မိနစ်ခန့်ကြာသောအခါ ကျွန်ုပ်တို့သည် စွန့်ပလွန်တောကလေးတစ်ခုသို့ ဝင်မိကြ၍ ကပ္ပတိန်သတိပေးသည့်အတိုင်း လူချင်းမကွဲစေရန် များစွာသတိထားရတော့၏။ ယင်းသို့ ဆက်လက်၍ အတော်ဝေးသွားမိသော မိုးကလေးလည်း . . . တိတ်သွားပြီဖြစ်၍ ထိုအခါမှ ကျွန်ုပ်တို့လည်း အတော်အတန် အသက်ရှူနိုင်ကြတော့၏။ လျှပ်တစ်ခါတစ်ခါ ပြက်ချိန်၌ လက်ယာဘက်တွင် အိမ်များကဲ့သို့ မည်းနက်သောအတန်းတစ်ခုကိုမြင်ရသဖြင့် . . . ကျွန်ုပ်တို့မှာ “ဟာမာ့(ခ်)” မြို့တွင်းသို့ ရောက်လာပြီဟု အောက်မေ့မိ၏။ မကြာမီ ကျွန်ုပ်တို့သည် “ခုံး”ကြီးတစ်ခုအောက်မှ စီးသွားကြရပြီးနောက် ကိုက် ၁၅၀ ခန့်မျှ ရောက်သောအခါ ကုလားအုပ်များ ရုတ်တရက် ရပ်သွားသဖြင့် “ကွစ်” သည် ကုလားအုပ်ပေါ်မှ ဆင်းကြည့်ရာ “တံခါးကြီး . . . ကပ္ပတိန်” ဟု ခပ်တိုးတိုးပြောလိုက်သံ ကြားလိုက်ရ၏။ ထို့နောက် ကွစ်၏အသံဖြင့် . . .

“တံခါးမှာ ကြေးဝါကန့်လန့်တွေနဲ့ အပေါ်မှာလည်း မျှော်စင်နဲ့တူတယ် ကပ္ပတိန်၊ ကျွန်တော်တို့ကို ထောင်တဲ့ ထောင်

ချောက်ပဲလား မပြောတတ်ဘူး၊ အလင်းရောင်မလာမချင်း နေကြရလိမ့်မယ် ထင်တယ်၊ တခြားလုပ်ဖို့ ဘာမှမရှိဘူး”

ထိုအချိန်၌ မိုးအနည်းငယ်ရွာလာပြန်သဖြင့် ကျွန်ုပ်တို့သည် ခုံးကြီးအောက်သို့ ဝင်ပြီးလျှင် . . . ကုလားအုပ်များကိုလည်း တစ်ကောင်နှင့် တစ်ကောင် တွဲ၍ ချည်ထားလိုက်၏။ ကျွန်ုပ်တို့မှာ တကိုယ်လုံးမိုးရွှဲနေသဖြင့် ခိုက်ခိုက်တုန်မျှ ရှိနေသည့်ပြင် မောပန်းဆာလောင်၍လည်း နေပြီဖြစ်၍ . . . ကုလားအုပ်ကုန်းနှီးဘေးရှိ လွယ်အိတ်အတွင်းမှ ဘီစကွတ်မုန့်အနည်းငယ် စားကြပြီးသော် ကွစ်၏ဓာတ်ဗူးအတွင်းမှ ဘရန်ဒီအနည်းငယ်စီ၊ သောက်ကြရသောအခါမှ အတန်ငယ် သက်သာရာရတော့၏။ နံနက်မိုးမသောက်မီ မိုးစဲ၍သွားပြီးနောက် ကောင်းကင်သည် တဖန်ကြည်လင်သွားပြန်လျက် . . . ကြယ်ကလေးများကိုပင် မြင်ရပြန်၏။ မြေပြင်တွင် မြူများဖုံးလျက် ရှိနေသေးသသော်လည်း ကောင်းကင်ယံ၌ အလင်းရောင်ယှက်သန်း၍လာလေ၏ရာ ရဲရဲနီသော နေလုံးကြီးသည် မြူထု၏ အကြားမှ တဖြည်းဖြည်း ထွက်ပြူ၍လာတော့၏။

ကွစ်သည် တစ်နေရာ၌ လှေခါးထစ်များကို တွေ့ရသဖြင့် ကပ္ပတိန်ခွင့်ပြု၍ တက်သွားလေရာ တစ်မိနစ်ခန့်အကြာတွင် ကျွန်ုပ်တို့အားပြန်ခေါ်သဖြင့် တက်၍လိုက်သွားကြလေ၏။ ခုံးကြီး၏ အပေါ်၌ကား မျှော်စင်ဖြစ်၍ တောင်ဘက်မြို့တံခါး၊ကို အပြင်မှ အစုအခဲအလို့ငှာ ထားဟန်တူသောအဆောက်အအုံဖြစ်လေသည်။ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်၌ကား ကြီးမားသော “မား” ကျောက်တောင်ကြီးများရှိ၍ နက်ရှိုင်းသော တောင်ကြားကိုလည်း တွေ့မြင်ရ၏။ တောင်ကြားအတွင်းသို့ နေရောင်သည် ထိုးဝင်လျက်ရှိရာ ပြိုကွဲနေသော မြူထုအတွင်းတွင် အလွန်ကြီး

မားသော ကျောက်နှတ်ရုပ်တုကြီးကို တွေ့မြင်ရတော့၏။ ၎င်းမှာ တိရစ္ဆာန်တစ်ကောင်ဝပ်နေသကဲ့သို့ ခြသေ့်ဦးခေါင်းနှင့်ဘုသည့် ဦးခေါင်းပေါ်၌ မြွေရုပ်များပါသော အီဂျစ်သရဖူကိုဆောင်းလျက်ရှိ၏။ ရုပ်တုကြီးရှိသောနေရာမှာ ကျွန်ုပ်တို့နှင့် တစ်မိုင်ခန့်ပေးသေးသဖြင့် မည်မျှကြီးမားသည်ကို မပြောနိုင်ချေ။ သို့သော် ဤမျှလောက်ကြီးမားလှသော ရုပ်တုကိုမူ ကျွန်ုပ်တို့တစ်သက်တွင် မတွေ့မမြင်ဘူးချေ။ အီဂျစ်ပြည်မှ "ဂိဇယ်"ကျောက်ရုပ်ကြီးပင်ယခုရုပ်တုကြီးနှင့်နှိုင်းစာသော် ကလေးကစားစရာမျှသာ ဖြစ်နေတော့၏။ တောင်ငယ်ကလေးတစ်တောင်မျှ ပမာဏရှိရကား တိမ်ကောသွားသော ရှေးလူမျိုးတစ်မျိုး၏ လက်ရာတစ်ခုဖြစ်ဟန်ရှိ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဖန်းရုပ်တုကြီးဆိုတာ ဒါပဲ ကြည့်လိုက်ကြဗျို့"

"အံ့ဩစရာကြီးပဲဗျာ . . . ဆရာကြီးသာရှိရင် သိပ်ပြီးစိတ်ဝင်စားမှာပဲ . . ."

"ကျွန်တော်တို့ ဒိုင်းနမိုင်းနဲ့ ခွဲရမယ်ဆိုတာ ဒီရုပ်တုကြီးလား၊ နည်းတာကြီး မဟုတ်ပါကလား ဆရာကြီးရယ်"

ထို့နောက် ကျွန်ုပ်လည်း ရုပ်တုကြီးနှင့် တစ်မိုင်ကွာလောက်တွင် မြူခိုးများအလယ်မှ အပေါ်သို့ချွန်တက်ခါ ထိုးထွက်နေသော ကျောက်တောင်တစ်ခုကို ကပ္ပတိန်အားပြလျက် . . .

"ကျောက်ဖြူတောင်လို့ ရှာဒရက်ပြောတာ . . . ဟိုတောင်ပဲ ကပ္ပတိန်၊ အဲဒီတောင်ကြားက မားမြို့အထိ ပေါက်တယ်၊ ကျုပ်တို့ဒီနေရာကို ရောက်နိုင်ရင်တော့ လွတ်ပြီ"

ထို့နောက် ကျွန်ုပ်တို့လည်း ကပ္ပတိန် သတိပေးသဖြင့် အောက်သို့ဆင်းလာကြ၏။ ခုံးတံခါးကြီးမှာ ကြေးဝါပြားကြီးများ အုပ်ထားလျက် အတွင်းမှလူများ မြှားလွှတ်နိုင်ရန် အပေါက်က

လေးများ ဖောက်ထားသည်ကို တွေ့ရ၏။ ကွစ်သည် အပေါက်တစ်ပေါက်မှ ချောင်းကြည့်လျက်ရှိသည်နှင့် ကျွန်ုပ်လည်း လိုက်၍ကြည့်ရာ မြူခိုးများအကြားမှ တံခါးဆီသို့ စိုင်းလာသော မြင်းစီးလူအုပ်တစ်စုကို မြင်ရလေ၏။ မကြာမီ တံခါးအပြင်သို့ လံများစိုက်သောအသံများကို ကြားရပြီးလျှင် လှံသွားတစ်ခုသည် ကွစ်ကြည့်သောအပေါက်မှ အတွင်းသို့ထိုးစိုက်လာ၏။ ဖန်းများကားတံခါးကို တိုက်ခိုက်လျက်ရှိနေကြလေပြီ။ ထိုအခါ ကပ္ပတိန်က–

"ကိုင်း . . . သေနတ်တွေထုတ်ကြဗျို့"–ဟု အမိန့်ပေးလိုက်သဖြင့် ကျွန်ုပ်တို့သည် ရိုင်ဖယ်တစ်လက်စီယူ၍ အပေါက် ၃ ပေါက်အတွင်းသို့ ပြောင်းဝများကိုသွင်းပြီးသော် ကပ္ပတိန်အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ခလုတ်များကို ဆက်ခါဆက်ခါဆွဲလိုက်ကြလေ၏။ လူတစ်ယောက်လျှင် ၅ ချက်စီမျှ မောင်းဖြုတ်လိုက်ရခြင်း၏အကျိုးကား အတော်ပင် ထိရောက်ပေ၏။ နောက် တခဏအတွင်း ဖန်း ၇ ယောက် ၈ ယောက်ခန့်တို့သည် မြေပေါ်တွင် လဲကျခါ ကျန်လူများလည်း နောက်သို့ဆုတ်သွားကြလေ၏။

ကျွန်ုပ်တို့သည် ထိုလမ်းမှပြေးရန် ကြံကြသေး၏။ သို့သော် တစ်နေရာရာတွင် သူတို့ပုန်းအောင်းနေမည်ကို စိုးရိမ်မိကြ၏။ အုတ်နံရံကြီးမှာ "ဟာမာ့(ခ်)"မြို့တွင်ဆုံးလျက် ၎င်းမှာ ဆင်ဝင် သို့မဟုတ် စမုတ်ဆောင်တစ်ခုကဲ့သို့ရှိနေရာ မြို့တံခါးကို အပြင်မှကာကွယ်ရန် ဆောက်လုပ်ထားခြင်းဖြစ်ရကား ထိုအထဲသို့ ညဥ့်အချိန်က မတော်တဆ ဝင်ခဲ့မိခြင်း ဖြစ်လေသည်။ ကပ္ပတိန်သည် နောက်ဘက်သို့ကြည့်လျက် "အတွင်းတံခါးပွင့်နေတယ်ဗျို့ . . . ကြည့်လိုက်ကြ၊ ကျုပ်တို့သွားပိတ်နိုင်ရင်ကောင်းမယ်၊ ဒီနေရာကနေပြီးကျုပ်တို့ကြာကြာခံနိုင်မယ် မထင်

ဘူး” ဟုပြောသဖြင့် ကျွန်ုပ်တို့လည်း အခြားတံခါးရှိရာသို့ ပြေးသွားကြလေ၏။ ထိုတံခါးကြီးမှာ ယခင်တံခါးကြီးထက်ပင် ထုထဲကြီးမားလှသဖြင့် တံခါးရွက်ကို ကျွန်ုပ်တို့သုံးယောက် အားကုန်ထုတ်၍ ချွေးဒီးဒီးကျသည်အထိ ပိတ်ကြရ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ကုလားအုပ်များရှိရာ ပေါင်းကူးအောက်သို့ပြန်၍ ပြေးခဲ့ကြပြန်ရာ အချိန်အနည်းငယ်ရသည်နှင့် ဘီစကွတ်မုန့်အနည်းငယ်ကို ဝါးပြီးလျှင် ရေနှင့်ကျိုက်၍ ချကြရကုန်၏။

“ကွစ်”နှင့် ကျွန်ုပ်က ထွက်လမ်းတွင် ရှင်းလင်းနေပြီဖြစ်၍ သွားကြရန် အကြံပေးသော်လည်း ကပ္ပတိန် အိုလီဗာက “မဟုတ်သေးဘူး . . . ကွစ်၊ ဒီအကောင်တွေကို ဒီလိုထားခဲ့လို့မဖြစ်သေးဘူး၊ မြို့ထဲက မြင်းစီးတပ်လိုက်လာရင် ကျုပ်တို့တစ်ခါတည်း ကိစ္စချောလိမ့်မယ်၊ ဒီတော့ ဒီအကောင်တွေ မှတ်လောက်အောင် လုပ်ခဲ့ဦးမယ်၊ ဒေါက်တာက ကုလားအုပ်တွေကို ကြည့်ရင်း အပြင်တံခါးကို စောင့်ပေတော့” ဟုပြောပြီးလျှင် ကုလားအုပ်များပေါ်မှ စီးကရက်ဘူးနှင့် တူသည့် ဒိုင်းနမိုင်းများနှင့် ဝိုင်ယာကြိုးများကို ယူပြီးလျှင် “ကွစ်” ကိုခေါ်၍ ကွက်လပ်သို့ ထွက်သွားရာ ကျွန်ုပ်လည်း ကုလားအုပ်များကို စောင့်၍ နေရစ်ခဲ့ရလေ၏။ မကြာမီ နှစ်ယောက်သား ပြန်ရောက်လာပြီးနောက် ကပ္ပတိန်သည် လက်ထဲတွင်ယူခဲ့သော ကြေးနန်းကြိုးကို ဘက်ထရီအိုးနှင့်ဆက်ရန် “ကွစ်”အား အမိန့်ပေးပြီးနောက် ကျွန်ုပ်တို့လည်း အပြင်သို့ထွက်ရန် တံခါးရွက်တစ်ရွက်ကို ပင်ပန်းကြီးစွာဖွင့်ကြလေ၏။ ဒိုင်းနမိုင်းကား ကွပ်လပ်၏အလယ်တွင် မြှုပ်ထားပြီးဖြစ်၍ ဖောက်ခွဲရန်အသင့်ရှိနေလေပြီ၊ ထို့နောက် ကပ္ပတိန် “အိုလီဗာ” က . . .

“ကိုင်း . . . ခင်ဗျားတို့နှစ်ယောက် . . . နားထောင်ကြ

စမ်း . . . ကျုပ်က အချက်ပြလိုက်တဲ့အခါ ဒီကုလားအုပ်တွေကို တံခါးအပြင်ဘက် ကိုက် ၅၀ လောက်ရောက်အောင် ဆွဲသွားပြီး ဒူးထောက်ခိုင်းထားရမယ်၊ ကျုပ်ကတော့ သူတို့လူအုပ်ကြီး ကွက်လပ်ပြည့်လုမှ မိုင်းကိုခွဲဖို့ ဒီနေရာက စောင့်နေရစ်ခဲ့ရမယ်၊ နားလည်ပြီမဟုတ်လား၊ တကယ်လို့ ကျုပ်မလာခဲ့သော် ကျော်ဖြူတောင်အရောက် ကုလားအုပ်တွေကို မောင်းသွားကြပေတော့၊ ကျုပ်အတွက် ဘာမှနှောင့်နှေးမနေကြနဲ့ ကြားရဲ့လား မားမြို့တော်ကိုရောက်တဲ့အခါမှာသာ ခင်ဗျားတို့ “နှင်းဆီမယ်” ခေါ်တဲ့ဘုရင်မကို ကျုပ်ကျန်ရစ်ခဲ့ပေမယ့် “ကွစ်” ဟာ ဖောက်ခွဲဖို့ ဒိုင်းနမိုင်းတွေကို ကျုပ်နားလည်သလို နားလည်တဲ့အကြောင်း၊ ကျုပ်ကလည်း အောင်မြင်ပါစေလို့ ကောင်းကြီးသြဘာ ပေးလိုက်တဲ့အကြောင်း ပြောလိုက်ကြပါတော့ဗျာ၊ ပြီးတော့ ရာဒရက်ကိုလည်း ပရော်ဖက်ဆာဟစ်ကို သတ်တဲ့အမှုနဲ့ တရားသဖြင့် စီရင်ဖို့ခင်ဗျားတို့က ကြည့်ပြီးဆောင်ရွက်လိုက်ကြပါ၊ ကွစ် . . . ကျုပ်ပြောတာ ကြားပြီမဟုတ်လား”

“ကြားပါပြီ ကပ္ပတိန်၊ ဒါပေမယ့် ကျွန်တော် ကပ္ပတိန်နဲ့အတူနေရစ်ခဲ့ပါရစေလားခင်ဗျာ၊ ဒေါက်တာတစ်ယောက်တည်း ကုလားအုပ်တွေကို မောင်းနိုင်ပါတယ်”

“ကွစ် . . . ကျုပ်အမိန့်ကိုနာခံပါ၊ နောက်ထပ်ပြီး ဘာမှမပြောနဲ့တော့၊ အခုကိစ္စမှာ ကျုပ်တို့နှစ်ယောက်အနက်ဘယ်နည်းနဲ့မဆို တစ်ယောက်ယောက် အသက်ရှင်ပြီးကျန်ရစ်ခဲ့ရမယ်”

“ဒါဖြင့်လည်း ဘက်ထရီကို ကျွန်တော်ပဲ ကိုင်ပါရစေ ကပ္ပတိန်”

“မကိုင်ရဘူး”

ထိုအချိန်၌ မြို့ဘက်မှ တံခါးကြီးမှာ ပွင့်သွားပြီဖြစ်၍ ဖန်းတို့သည် အချို့ခြေလျင် အချို့လည်း မြင်းများစီးနင်းလျက် လက်နက်မျိုးစုံကိုင်ကာ မြို့တံခါးမှထွက်လာကြပြီးလျှင် သူတို့ဘာသာဘာ၀အတိုင်း စစ်ကြွေးကြော်သံများကို ဟစ်အော်လျက်ရှိကြကုန်၏။

"ကိုင်း . . . ဒေါက်တာ ဒီအကောင်တွေ ခဏရပ်သွားအောင် ကျုပ်တို့လုပ်လိုက်ကြဦးစို့ . . . ခင်ဗျားက ကျုပ်တို့အထဲမှာ လက်အဖြောင့်ဆုံးပဲ၊ ကြက်တောင်စိုက်ထားတဲ့ဗိုလ်တွေကို အရင်ရွေးပြီး ပစ်လိုက်စမ်းဗျာ၊ ကိုင်း . . . တစ် နှစ် သုံး . . ."

ထိုခဏ၌ ကျွန်ုပ်တို့၏ ငါးချက်ထွက် ရိုင်ဖယ်သုံးလက်မှ "ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း" ဟူသော သေနတ်သံများ ဆက်သွားလျက် ကျည်ဆံများ ဒလဟောထွက်သွားလေရာ ကြက်တောင်စိုက် ဗိုလ်အချို့နှင့်အတူ ရှေ့တန်းမှ စစ်သားများပါ လဲကျကြကုန်၏။

"ကိုင်း . . . တော်လောက်ပါပြီဗျာ . . . ကုလားအုပ်တွေ သာ ယူသွားကြပါတော့ . . . သွားပေတော့နော်၊ ဒေါက်တာ ကျုပ် နောက်ဆုံးနှုတ်ဆက်လိုက်ပါတယ်ဗျာ"

သို့နှင့် ကျွန်ုပ်တို့မှာ ကပ္ပတိန်၏စကားကို မလွန်ဆန်နိုင်သဖြင့် ကုလားအုပ်များကို ဆွဲ၍သွားရတော့၏။ ကပ္ပတိန်အိုလီဗာကဲ့သို့ သတ္တိကောင်း၍ သဘောထားကြီးလှသောသူတစ်ယောက် အကယ်၍ မတော်တဆကျဆုံးခဲ့ပါမူ ကိုယ်ကျိုးနည်းရပေတော့မည်ဟု ကျွန်ုပ်မှာ ရင်ထုမနာဖြစ်မိ၏။ ကွစ်မှာကား မျက်ရည်များပင် ကျလျက်ရှိတော့၏။ ကျွန်ုပ်တို့ရောက်နေသော နေရာမှ ကွက်လပ်ကို ကောင်းစွာမြင်ရလေရာ . . . ကွက်လပ်တစ်ခုလုံးမှာ ရှေ့သို့တရွေ့ရွေ့တိုးနေသည့် "ဖန်း"စစ်သားတို့ဖြင့် ပြည့်လျှက်ရှိလေ၏။ "ကွစ်"က ညွှန်ပြသဖြင့် ကျွန်ုပ်လည်း တစ်ဘက်ပွင့်နေသော တံခါးဆီသို့ ကြည့်လိုက်ရာ ပိတ်၍ထားသော တံခါးရွက်အကွယ်မှ စိတ်အားထက်သန်စွာ ကွက်လပ်ဘက်သို့ ချောင်းမြောင်းကြည့်နေသော ကပ္ပတိန်အိုလီဗာကို မြင်ရ၏။ သူ၏လက်ယာဘက်လက်၌ကား ဘက်ထရီကိုကိုင်ထား၏။ ထိုအချိန်၌ကား . . . ဖန်းလူအုပ်ကြီး၏ ရှေ့ဆုံးတန်းသည် ကွက်လပ်အလယ်ရှိ ကျောက်တန်ဆောင်းကလေးကိုပင် ကျော်ခဲ့လေပြီ၊ "ဝုန်း . . . ဝုန်း . . . ဝုန်း" ဟူသော မိုးချုန်းသံနှင့်တူသည့် အသံကြီးကိုကြားလိုက်ရသည်နှင့်တပြိုင်နက် ကွက်လပ်ဆီမှ မီးလျှံကြီးတစ်ခု ကောင်းကင်သို့ ထိုးတက်သွားသည်ကို မြင်လိုက်ရ၏။ ကျွန်ုပ်တို့ပတ်ဝန်းကျင်မှ လေမှာ လေးဘက်ဆားတန်မှ စုတ်ယူလိုက်သည့်အလား အေးခဲနဲ့ဖြစ်၍သွားပြီးလျှင် မြေမှုန့်များ သဲများ သစ်သားစများ သစ်ကိုင်းနှင့် သစ်ရွက်ခြောက်များတို့သည် အပေါ်မှ တဖွားဖွားကျလာသဖြင့် ကျွန်ုပ်တို့လည်း မြေပေါ်တွင် ဝပ်လိုက်ကြရ၏။ မြူခိုးများ ဖုံးသကဲ့သို့ တစ်မိုးလုံးမှောင်၍သွား၏။ တခဏမျှကြာသောအခါ အတန်ငယ် လင်းသွားသဖြင့် ကျွန်ုပ်လည်း ကွက်လပ်ဘက်သို့ ကြည့်လိုက်ရာ . . . အတုံးအရုံးလဲကျနေသူများ ပြေးလွှားနေသူများ ကျိုးပဲ့နေသည့်မြင်းများဖြင့် ပြည့်လျက်ရှိသည့် ဖရိုဖရဲဖြစ်နေသော လူအုပ်ကြီးကိုမြင်ရလေ၏။ လူဖြူသုံးယောက်တို့၏ ခေတ်မီလက်နက်ဖြင့် ရာပေါင်းများစွာသော ဖန်း-လူရိုင်းတို့ကား ပျက်စီးရာကြရလေပြီ။

သို့ရှိစဉ် အရပ်မြင့်၍ အကျီစုတ်များကို ဝတ်ထားသည့် လူတစ်ယောက်သည် အရက်မူးတစ်ယောက်ပမာ ကျွန်ုပ်တို့ရှိရာသို့ ဒယိမ်းဒယိုင်ရောက်လာရာ . . . ထိုသူမှာ အခြားသူမဟုတ် ကပ္ပတိန် အိုလီဗာဖြစ်ကြောင်း အတန်ကြာမှ မှတ်မိကြ၏။ သူ၏

မျက်နှာမှာ ညိုမဲလျက် အဝတ်များမှာလည်း အဖျား၌မီးကျွမ်းခါ အစုတ်စုတ်အပြတ်ပြတ်ရှိနေရာ . . . ဦးခေါင်းပေါ်ရှိ ဒဏ်ရာကြီး တစ်ခုမှလည်း သွေးတစ်စက်စက်ကျလျက်ရှိ၏။ ထိုအခါ ကျွန်ုပ်လည်း ဆီးကြိုတွဲကာ . . .

“ခင်ဗျား ဒဏ်ရာ ရလာတယ်ထင်တယ် ကပ္ပတိန် . . . နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကံကောင်းသေးတာပဲဗျာ”

“ကောင်းကောင်းကြီး အောင်မြင်တာပဲဗျို့ . . . ကိုင်း ကျုပ်တို့ စကားပြောနေဖို့ အချိန်မရှိဘူး၊ ဟိုအကောင်တွေ အကြောက်မပြေခင် ကျုပ်တို့ပြေးကြရလိမ့်မယ်၊ ကုလားအုပ်တွေ ပေါ် တက်ကြပေတော့ . . .”

“ကွစ်နှင့် ကျွန်ုပ်က သူ့အား ကုလားအုပ်ပေါ်သို့ ဖေးမ တင်ပေးလိုက်ရာ နောက်တစ်မိနစ်အတွင်း၌ပင် ကျွန်ုပ်တို့သည် ကျောက်ဖြူတောင်စခန်းသို့ အပြင်းနှင်လျက်ရှိကြလေ၏။ သို့သော် ကပ္ပတိန်အား ထောက်ညှာသဖြင့် ခရီးမတွင်လှချေ၊ ခရီး တစ်ဝက်ကျော်မျှ ရောက်သောအခါ လူ ၁၀၀ ခန့်ရှိ ဖန်းမြင်းတပ် တစ်တပ်သည် ကျွန်ုပ်တို့နောက်သို့ လိုက်လာသည်ကို မြင်ရလေ၏။ ထိုအခါ ကွစ်လည်း စိုးရိမ်လှသည့်အမူအရာဖြင့် “ဒေါက်တာ ကုလားအုပ်ကို နာနာရိုက်ပေး ကပ္ပတိန်တစ်ဆိတ်လောက် အားတင်းထားဗျာ . . . ရောက်လုပါပြီ” ဟု အားပေးသဖြင့် ကျွန်ုပ်တို့လည်း ကုလားအုပ်များကို ယခင်ကထက် ကြိုးစား၍ နှင်ကြရပြန်၏။ ထိုအချိန်၌ကား ကျွန်ုပ်တို့မှာ ကျောက်ဖြူတောင် နှင့် အတော်ပင်နီးကပ်လျက်ရှိနေလေပြီ။

ထိုခဏ၌ အခြားမြင်းတပ်ကြီးတစ်ခုသည် ကျောက်ဖြူတောင်၏ နောက်မှ ရုတ်တရက်ထွက်ပေါ်လာပြီးနောက် ကျွန်ုပ်တို့ရှိရာသို့ စိုင်း၍လာကြပြန်၏။ ပထမ၌ ကျွန်ုပ်တို့မှာ မြင်းတပ်နှစ်တပ်ကြားတွင် ပိတ်မိပြီဖြစ်၍ “တစ်ခါဖြင့် ကိစ္စချောပေပြီ” ဟု အောက်မေ့လိုက်၏။ သို့သော် . . . ကွစ်က . . .

“မဟုတ်ဘူး ဒေါက်တာ သူတို့က တခြားဗျို့၊ အလံစိမ်း တစ်ခုလည်း မြင်ရတယ်၊ ထိုအခါမှ အက်ဗတီတိုင်းပြည်တွင် ကျုပ်နေခဲ့စဉ်က မြင်ဖူးသော အလံစိမ်းကို အမှတ်ရမိ၏။ ၎င်းမှာ (၃)မြှောင့်ပုံဖြစ်၍ “ဟီးဗရူး”အက္ခရာများပါပြီးလျှင် ဆောလမုန် ဘုရင်၏ရုပ်ပုံပါရှိ၏။ မကြာမီ အနီးသို့ရောက်လာပြီဖြစ်၍ သက်တော်စောင့်စစ်သားများခြံရံလျက်မိန်းမတစ်ယောက်၏ပုံသဏ္ဌာန် ကို တွေ့မြင်ရလေ၏။ ထိုအချိန်၌ကား “ဖန်း” စစ်တပ်မှာနောက် သို့ ဆုတ်ခွာသွားလေပြီ . . .။

* * *

မာကွီဒါဘုရင်မနှင့်ကိုယ်ရံတော်များ

အဝတ်ဖြူခြုံထားသော မိန်းမကား . . . အခြားသူမဟုတ် "နှင်းဆီမယ်" ခေါ် မာကွီဒါဘုရင်မပင်ဖြစ်တော့၏။ သူသည် ကျွန်ုပ်တို့ရှိရာ မြင်းကိုဇက်သတ်၍ စီးလာပြီးနောက် ကျွန်ုပ်ထံ ချည်းကပ်လျက် . . .

"သင့်အား နှုတ်ခွန်းဆက်သပါတယ် ဆေးဆရာကြီး၊ သင်တို့ရဲ့လူစုကို အုပ်ချုပ်တဲ့လူ ဘယ်သူပါလဲ"

ကျွန်ုပ်က ကုလားအုပ်ပေါ်တွင် ခေါင်းငိုက်စိုက်ကျလျက်ရှိသော ကပ္ပတိန် အိုလီဗာကိုညွှန်ပြလိုက်၏။ ထိုအချိန်၌ အိုလီဗာသည် ဦးခေါင်းကိုအနည်းငယ်ထောင်လိုက်သော်လည်း ဒယိမ်းဒယိုင်နေလေသည်။

"အရှင် . . . သင့်ကိုလည်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်ုပ်ကား အက်ဗတီတို့ကို အုပ်စိုးသည့် မာကွီဒါဘုရင်မဖြစ်၍ ကျွန်ုပ်၏ ရာထူးအဆောင်အယောင်များကိုလည်း ကြည့်ပါဦးလော့ . . ."

သို့ပြောဆိုပြီးနောက် ဘုရင်မသည် မျက်နှာပေါ်တွင်ခြုံထားသော အဝတ်ကိုနောက်သို့ လှန်၍ ချလိုက်ရာ . . . နဖူးပေါ်မှ ရွှေသရဖူမှာ ဆံပင်နက်များကိုနောက်ခံထားကာ . . . နေရောင်

နှင့်ပဏာရလှပေ၏၊ အသံမှာ ယဉ်ကျေးချိုသာလှသဖြင့် အိုလီဗာသည် မျက်လုံးများကို မပွင့်တစ်ပွင့်ဖွင့်လျက် . . .

"အိပ်မက်များ လား မပြောတတ်ပါဘူး ချောလိုက်တဲ့ မိန်းမ၊ ခေါင်းပေါ်က ရွှေသရဖူကလဲ ဆံပင်နဲ့ ပဏာရလိုက်လေဗျာ"

ဟုရေရွတ်လိုက်၏။ ထိုအခါ 'ကွစ်' လည်း ၎င်းအနီးသို့ ချဉ်းကပ်၍ . . .

"ကပ္ပတိန် ခင်ဗျား အိပ်မက်, မက်နေတာမဟုတ်ဘူး . . တကယ်ဗျာ သတိထားမှပေါ့ . . ."

ဟုပြောလိုက်ရ၏။

ထိုအခါမှ ကျွန်ုပ်က စကားပြန်လုပ်၍ ဖန်းတို့အား ဒိုင်းနမိုင်းနှင့် မည်သို့မည်ပုံ တိုက်ခိုက်ခဲ့ကြောင်း၊ ကပ္ပတိန်မှာ ယခုမှ သတိရလာကြောင်း အကျဉ်းချုပ်ပြောပြပြီးနောက် သူယောင်ယမ်းသော စကားများကို ဘုရင်မကမေးသဖြင့် ကျွန်ုပ်က ပြန်ပြောလိုက်ရာ ဘုရင်မသည် မျက်နှာတွင်သွေးရောင်များလွှမ်းသွားပြီးနောက် ခေါင်းမြီးခြုံကို ပြန်၍ချလိုက်လေသည်။ အိုလီဗာလည်း သတိရလာ၍ . . .

"အို ကျုပ်သတိရပြီ၊ ပြင်းလိုက်တဲ့ ဒိုင်းနမိုင်းဗျာ ဘိုအာစစ်ပွဲမှာ သုံးတာထက်တောင်ပြင်းသေးတယ် ကိုင်း . . . အဒမ် ဘုရင်မကို စစ်သားဘယ်လောက်ရှိသလဲဆိုတာ မေးစမ်းပါဦး၊ ဘယ့်လောက်ဗျာ ငါးရာ ဟုတ်စ ဟာ . . . မာန်ကို တစ်ခါတည်း တိုက်နိုင်ရင်ကောင်းမယ်၊ မြို့တံခါးလဲ နှစ်ထပ်လုံးဖွင့်ပြီးသားပဲ၊ လူတွေလဲကြောက်ပြီး တုန်လှုပ်နေကြတယ်"

ဘုရင်မသည် အိုလီဗာ၏ စကားများကို စိတ်အားထက်သန်စွာ နားထောင်နေပြီးနောက် . . .

"ကျွန်ုပ်လဲ သဘောကျပါတယ်၊ ဒါပေမယ့် ကျွန်ုပ် မှူး မတ်တွေနဲ့ တိုင်ပင်ရဦးမယ်၊ ဘယ်မှာလဲ ဦးလေး ဂျိုရှုအာ"

ထိုအချိန်တွင် မြင်းဖြူတစ်စီးကို စီးလျက်နောက်မှ လူတစ်ယောက် ထွက်လာပြီးလျှင် . . .

"ကျွန်ုပ် ဒီမှာရှိပါတယ် ဘုရင်မ"

ဟုပြောလေ၏။ ထိုသူမှာ တုတ်ခိုင်၍ ကြမ်းတမ်းသော မျက်နှာရှိပြီးလျှင် အဝတ်ဖြူများအပေါ်၌ သံကိုယ်ကျပ်အင်္ကျီ သံခမောက် စသည်တို့ကို ဝတ်ဆင်ထားရကား . . . ရှေးနော်မန် စစ်သားတစ်ယောက်နှင့် ခပ်ဆင်ဆင်တူ၏။ ဘုရင်မက တည်ကြည်သော အသံဖြင့် . . .

"ဘယ်နဲ့လဲ ဦးလေး ပြဿနာကတော့ အခုချက်ချင်းပဲ တိုက်ကြမလား၊ သေရင်လဲသေမယ်၊ ရှင်ရင်လဲ ဖန်းတွေရဲ့ရန်က တစ်သက်လုံးလွတ်ဖို့ပဲ"

ဟုမေးလိုက်လေ၏။

"ကျွန်ုပ်တို့မှာ စစ်သား ငါးရာ သာရှိပြီး ရန်သူဘက်မှာ ထောင်ပေါင်းများစွာရှိပါတယ်၊ အချိန်မတော်သေးပါဘူး"

"အို . . . ဟောဒီလူဖြူတွေဟာ နံနက်ခင်းက သူတို့ သုံးယောက်ထဲနဲ့တောင် ဒီဖန်းတွေကို ခုခံတိုက်ခိုက်သေးတာပဲ"

ထိုနောက် ဘုရင်မသည် သူ၏စစ်ဗိုလ်များဘက်သို့ လှည့်၍ . . .

"ဗိုလ်မှူးတို့ ကျွန်ုပ်မိန်းမသားတစ်ယောက်ဖြစ်ပါလျက်နဲ့ တကယ်လို့ခေါင်းဆောင်ပြီး အခုတိုက်မယ်ဆိုရင် ဘယ်သူလိုက်ကြမလဲ ထွက်ကြစမ်းပါ"

ဟုပြောလိုက်သည်တွင် ထိုနေရာ ဤနေရာမှ . . .

"ကျွန်ုပ်လိုက်ပါမည်"

ဟူသော အသံအနည်းငယ်သာ ထွက်လာ၏။ ထိုအခါ ဘုရင်မလည်း ကျွန်ုပ်တို့ဘက်သို့ တစ်ဖန်လှည့်လျက် . . .

"အနောက်တိုင်းသားများ သင်တို့လုပ်ခဲ့တဲ့အလုပ်နဲ့ သင်တို့ပေးတဲ့ အကြံဉာဏ်အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်တို့လူမျိုးက စစ်ကိုအတော်မုန်းတဲ့ လူမျိုးဖြစ်လို့ ဒီကိစ္စလက်ငင်းတော့ မဖြစ်နိုင်သေးပါဘူး"

ဟုပြောလိုက်လေ၏။

မှူး မတ်များ စစ်ဗိုလ်များလည်း အချင်းချင်းဆူညံစွာ ပြောဆိုလျက်ရှိကြ၏။ သို့ရှိစဉ် 'ဖန်း' သုံးယောက်တို့သည် မြင်းသုံးစီးဖြင့် ကျွန်ုပ်တို့ရှိရာသို့ ကဆုန်စိုင်း၍ လာသည်ကို မြင်ရ၏။ သုံးယောက်အနက် အလယ်မှတစ်ယောက်သည် မျက်လုံးပေါက်နေရာ၌ ဖောက်ထားသောခေါင်းစွပ်ကိုစွပ်ထားလျက် အခြားတစ်ယောက်က လှံဖျားတွင်အဝတ်ဖြူတစ်ခုကို ချည်၍ထားလေသည်။ ကျွန်ုပ်တို့မှာ 'မား'တောင်ကြားဝရှေ့၌ ရှိနေ၍ စစ်တပ်မှာ နောက်သို့ဆုတ်လျက်ရှိရကား ကျွန်ုပ်တို့သုံးယောက်နှင့် ဘုရင်မသာ ရှေ့၌ရှိနေကြ၏။ ထိုအခါ ဘုရင်မက . . .

"ငြိမ်ငြိမ်သာရပ်နေကြ အဆွေတော်တို့၊ သူတို့က သံတမန်တွေပါ"

လူသုံးယောက်တို့သည် မြင်းများကို ဇက်သတ်ကာ အာရပ်တို့ ထုံးစံအတိုင်းဘုရင်မအား လှံများကိုမြှောက်၍ အရိုအသေပေးပြီးနောက် အကြီးအကဲဖြစ်သူက . . .

"အို . . . နာဂါစတာဘုရင်မ . . . ဆူးတို့အလယ်တွင် ပေါက်အပ်သော စောလမုန်ဘုရင်၏ သမီးတော် နှင်းဆီမယ်ကြားသိပါလော့ . . . ကျွန်ုပ်တို့ကား 'ဟာမာခ်' မြို့ကြီးကို အုပ်စိုးသော 'ဟာရန့်'မင်းသား၏ သံတမန်များဖြစ်ကြ၍ သူ၏ကိုယ်

စားပြောကြားပါသည် ကျွန်ုပ်တို့လက်တွင် ဖမ်းမိ၍ထားသော မျက်လုံးနှစ်လုံးကို ပြူတင်းပေါက်အနက်များ တပ်ဆင်ထားသည့် လူဝကြီးကဲ့သို့ သင်တိုင်းပြည်သို့ရောက်လာသောလူဖြူ သုံးယောက်သည်လည်း သူရဲကောင်းများဖြစ်ကြပါသည်။ သူတို့၏ ထူးဆန်းသော လက်နက်များဖြင့် 'ဖန်း' စစ်သားအတော်များများ သေခဲ့ရုံမက ကောင်းကင်မှလျှပ်စစ်မိုးကြိုးထက်ပင် ပြင်းထန်သော လက်နက်တစ်မျိုးဖြင့် ကျွန်ုပ်တို့လူမျိုးများ အတုံးအရုံးကျဆုံးခဲ့လေပြီ . . . ထိုလူဖြူများ၊ ဗာရန့်မင်းသား၏ အမိန့်မှာ သင်တို့သုံးယောက်သည် ကျောက်တောင်များကို အားကိုးပြုကာ တွင်းနှင့်နေသော ယုန်သတ္တဝါများ၊ သစ်ပင်ပေါ်မှ မျောက်များနှင့် တူသည့် အက်ဗတီလူရိုင်းများကိုစွန့်ခွါ၍ ကျွန်ုပ်တို့ထံဝင်ရောက်ခစားက သင်တို့အသက်များကို ချမ်းသာပေးရုံမျှမက သင်တို့မလိုချင်လောက်အောင် လယ်မြေများ မိန်းမများ မြင်းများကိုပေးမည်၊ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ဖမ်းမိထားသော လူဝကြီးကိုလည်း "အီဂျစ်ပြည်သီချင်းဆိုသမား"ကဲ့သို့ ဘုန်းတော်ကြီးအဖြစ်သွတ်သွင်း၍ အသက်ဆောမှ ချမ်းသာပေးမည်၊ ဤသည်လျှင် ကျွန်ုပ်၏ အမိန့်ပေတည်း"

သူတို့ပြောသောဘာသာမှာ အက်ဗတီတို့နှင့်အနည်းငယ်မျှသာ ကွဲလွဲသဖြင့် ကျွန်ုပ်က ကပ္ပတိန်နှင့် ကွစ်တို့အား အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောရာ ကပ္ပတိန်က . . .

"သူတို့ကိုပြန်ပြောလိုက်ပါ အဒမ်၊ ဒီလိုသဘောကောင်းတဲ့အတွက် သူ့ကို အများကြီးကျေးဇူးတဝ်ပါတယ်၊ ပြီးတော့ ကျွန်ုပ်တို့ရဲ့ လက်နက်ကိုသုံးခဲ့ရတာကလည်း ကျွန်ုပ်တို့အသက်တစ်ချောင်း ကယ်ဖို့အတွက်သာဖြစ်တယ် . . . သည့်နောက် ကျွန်ုပ်တို့မှာ သဘောထားဖြူစင်ပြီး ဧည့်ဝတ်ကျေပွန်တဲ့ဘုရင်မနဲ့ တွေ့ရတဲ့အပြင် သူ့ထံအမှုထမ်းဖို့လာပြီး သူ့ထမင်းကို စားရတော့မယ့်အတွက် သူ့သဘောမတူသမျှ ကျွန်ုပ်တို့မလာနိုင်ဘူးဆိုတာသာ ပြောလိုက်ပါတော့ . . ."

ကျွန်ုပ်က အဓိပ္ပါယ်ပြန်ပြောသောအခါ ဘုရင်မ၏ မျက်နှာမှာ ညိုးငယ်လျက်ရှိရာမှ ရွှင်၍သွားသကဲ့သို့ မှတ်ထင်၏၊ ထို့နောက် သံတမန်သည် ဘုရင်မအားတိုက်ရိုက်ပြောလေသည်။

"မားမြို့ကြီး၏ အလုထိပ်တင်ဘုရင်မ . . . လူဖြူများကို အခွင့်အရေးပေးသကဲ့သို့ သင့်ကိုလည်းပေးပါမည်၊ ကျွန်ုပ်တို့ဘုရင် "ဗာရန်" က သင့်အားမိဖုရားခေါင်ကြီး တင်မြှောက်၍ စံစားစေပါမည်၊ သို့မဟုတ် သင်နှစ်သက်ရာလူကို လက်ထပ်နိုင်ပါသည်၊ နားထောင်ပါလော့ ဘုရင်မ . . . သင်၏ ဉာဏ်စွမ်း သင်၏သူရသတ္တိကြောင့်သာ ဤမားမြို့ကြီးတည်မြဲလျက် သင်သည် မိန်းမတို့၏မရိယာယ်ဖြင့် ဤလူဖြူများအား ရွှေဖြင့်ဖြားယောင်းခေါ်ခဲ့၏ . . ."

"အို . . . သံတမန်၊ သင့်ကိုဘယ်သူပြောသလဲ၊ သင်တို့ဖမ်းမိထားတဲ့ လူဝကြီးဆိုတာလား . . ."

"မဟုတ်ပါ ဘုရင်မ၊ ကျွန်ုပ်တို့မှာ သူလျှိုများရှိပါသည်၊ ဤလူဖြူများ လာမည်ကို ကျွန်ုပ်တို့ ကြိုတင်၍သိပါသည်၊ သို့သော် . . . ကုလားအုပ်များပေါ်တွင် သူတို့၏ မိုးကြိုးနှင့် လောင်မီးလက်နက်များ ပါလာသည်ကိုမသိ၍သာ ကုလားအုပ်များကို လွှတ်လိုက်ပါသည်"

ဤနေရာတွင် ကျွန်ုပ်ကဝင်၍ "ဒီလက်နက်မျိုးတွေ ကျွန်ုပ်တို့မှာ အများကြီးရှိသေးတယ် မှတ်ထားလိုက်ကြ" ဟု ပြောလိုက်၏၊ ထိုအခါ သံက ဆက်၍ . . .

"သင်တို့က ရှာဒရက်ခေါ်သော "ကြောင်"ကိုပင် သင်တို့

၏ လူဝကြီးကို ကျွန်ုပ်တို့ထံရောက်အောင် ပြုလုပ်ပေးစေ၏၊ အို . . . ဘုရင်မ သင်၏အဖြေကိုသာပေးပါလော့ . . .”

“ဗာရန်ဘုရင်၏ တမန်တော် . . . ကျွန်ုပ်၏ရာထူးကား ဤမားမြို့ကြီးကို အသက်သေသည့်တိုင်အောင် ကာကွယ်ရမည် ဖြစ်ပေ၏”

“မွေးကြိုင်သော နှင်းဆီငုံကဲ့သို့ရှိနေသည့် အလှထိပ်တင် အို . . . ဘုရင်မ၊ ကျွန်ုပ်တို့ ကိုးကွယ်သည့် ဤကမ္ဘာတည်အံ့သော ရုပ်တုကြီးသည် အခြားတစ်နေရာသို့ ပြောင်းရွှေ့မှသာ ဖန်းများသည် သူ့နောက်သို့ လိုက်ပါရမည်ဟု ကျွန်ုပ်တို့တွင် အတိတ်တပေါင် ရှိခဲ့သည် မဟုတ်ပါလော”

ဤသို့ ပြောဆိုပြီးနောက် . . . သူသည် မျက်နှာဖုံးစွပ်ထားသော မြင်းစီးသမားဆီသို့ ကြည့်လိုက်ရာ . . . မြင်းစီးသမားလည်း မျက်နှာဖုံးကို တစ်ခါတည်း ဖြုတ်၍ ချလိုက်လေ၏၊ ထိုသူမှာ အခြား “ဖန်း”များကဲ့သို့ အသားမနက်ဘဲ . . . ကြေးနီရောင်အဆင်းရှိလျက် အရောင်ထွက်သော မျက်လုံးများရှိပြီး . . . နှာရောင် အနည်းငယ် ကောက်၏၊ အရွယ်အားဖြင့် (၅၀)ခန့်ရှိ၍ လည်ပင်းမှ ရွှေလည်ပတ်သည်လည်းကောင်း၊ နဖူးစီးမှ မြွေရုပ်ကလေးနှစ်ကောင်တို့သည်လည်းကောင်း၊ သူ၏မဟာဆန်သော ရုပ်လက္ခဏာကို ပို၍ထင်ရှားစေ၏၊ အခြားမြင်းစီးသမား ၂ ယောက်တို့သည် မြေပေါ်တွင် ပြားပြားဝပ်ကာ . . . ရှိနေကြလျက် “ဗာရန် . . . ဗာရန်” ဟု ဟစ်အော်လိုက်ကြရာ . . . ကျွန်ုပ်တို့သည် အလိုအလျောက် ဦးခေါင်းကိုညွှတ်မိကြ၏၊ ဘုရင်မကိုယ်တိုင်ပင် အရိုအသေပြုလိုက်လေသည်၊ ထိုသူက–

“အို . . . နာဂါစတာဘုရင်မ . . . သင်နှင့် ကျွန်ုပ်၏ကျေးကျွန်များပြောစကားကို ကျွန်ုပ်ကြားရပေပြီ၊ သင့်လူဖြူတို့အား

ကျွန်ုပ်၏စစ်သားများက ကျူးလွန်မိသည်ကို . . . ကျွန်ုပ်ဝမ်းနည်းပါသည်၊ သူတို့လည်း ထိုက်တန်သော အပြစ်ကိုရကြပါပြီ၊ “မား”မြို့ကြီး၏ နှင်းဆီပွင့်သဖွယ် ကျက်သရေနှင့်ပြည့်စုံသော အို . . . ဘုရင်မ . . . ကျွန်ုပ်တို့ဘုရား၏ဝိညာဉ်ကား . . . ဤကျောက်တောင်ကြီးကို ထုလုပ်ထားအပ်သော ရုပ်တုတော်အတွင်း၌ တည်ရှိ၏၊ သူသွားရာသို့လိုက်၍ . . . ကျွန်ုပ်တို့ လက်စားချေအံ့၊ ကျွန်ုပ်၏ မိတ်ဆက်မှုကို လက်မခံ၍ စစ်ဘက်ပြိုင်ရမည်ဆိုသော် . . . အမျိုးအနွယ်မြင့်မြတ်သော သင်တစ်ယောက်နှင့် အကယ်၍ စစ်ပွဲ၌ မသေကျန်ခဲ့သော် . . . လူဖြူသုံးယောက်တို့ကိုသာ အသက်ချမ်းသာပေးအံ့၊ သင်တို့၏ အစ်ကို လူဝကြီးကိုမူ ဘုန်းကြီးများအလိုအတိုင်း ယဇ်နတ်ပူဇော်ရအံ့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ရာထူးကိုလည်းကောင်း၊ အဘိုးအဘွားတို့၏ အရိုးများကိုလည်းကောင်း၊ သက်သေထားကာ ကျိန်ဆိုပါ၏”

ထိုအခါ ဘုရင်မက . . .

“သို့သော် ဗာရန် . . . ကျွန်ုပ်ကား မယိမ်းယိုင်တော့ပြီ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ခဲ့သော ကျွန်ုပ်သည် သင့်အား အသနားမခံတော့ပြီ . . . သို့သော် ကျွန်ုပ်ဧည့်သည် တစ်ယောက်၏သားသည် သင့်လက်တွင်း၌ ရှိနေပါသည်”

ဗာရန်သည် တစ်စုံတစ်ရာ အဖြေမပေးချေ။

သို့နှင့် ဘုရင်မသည် ကျွန်ုပ်တို့ဘက်သို့လှည့်၍ . . .

“ကိုင်း . . . အဆွေတို့ ဘုရင်နောက်သို့ လိုက်သွားကြပေတော့၊ ကျွန်ုပ်အတွက် ဤမျှလောက် ဒုက္ခခံလာသည်ကို ကျွန်ုပ်ကျေးဇူးတင်လှပါတယ်၊ တင်တဲ့အတိုင်းလည်း သင့်တို့ထံ ရွှေများလက်ဆောင်ပို့လိုက်ပါမယ် နောင်စစ်ပွဲမှာ ကျွန်ုပ်နဲ့တွေ့ ဆောင်းတွေ့ကြပါလိမ့်ဦးမယ်၊ ကျွန်ုပ် နောက်ဆုံးနှုတ်ဆက်လိုက်

ပါတယ်"

ဗာရန်နှင့်တကွ ဘုရင်မပါ ကျွန်ုပ်တို့၏မျက်နှာများကို အကဲခတ်လျက်ရှိကြ၏၊ ကျွန်ုပ်တို့လည်း အဆောတလျင် တိုင်ပင်လျက်ရှိကြရာ . . . ကပ္ပတိန်က "ကျုပ်တို့လိုက်လို့ မဖြစ်သေးပါဘူးဗျာ . . . ကျုပ်တို့ အခြေအနေသာသိရင် ဟစ်က ဘယ်နည်းနဲ့မှ အပြစ်မတင်ပါဘူး အဒမ် . . . ခင်ဗျားမှာတော့ သားအတွက်က ရှိနေသေးတယ်၊ ဒီတော့ ခင်ဗျားကိစ္စ ခင်ဗျားဆုံးဖြတ်ပေတော့၊ ကွစ်အတွက်တော့ ကျုပ်တာဝန်ထား"

"ကျုပ်သားအတွက်တော့ ဘုရင်ကလည်း ဘာမှမပြောဘူးဗျာ၊ သို့သော် ရှိပေစေလေ"

ဤသို့ပင်ပြောလိုက်ရသော်လည်း . . . ကျွန်ုပ်၏အသည်းမှာ ဓားမြှောင်ဖြင့် စိုက်ထားသကဲ့သို့ ရှိချေ၏၊ ဤမျှလောက်မျှော်လင့်ချက်ဖြင့် . . . လာခဲ့ရပြီးနောက် . . . ဤသို့စွန့်လွှတ်လိုက်ရခြင်းကို ယူကြုံးမရဖြစ်မိ၏၊ သို့နှင့် ဗာရန်ကိုသာ ကျွန်ုပ်တို့၏ အခြေအနေကို ဟစ်အားပြောရန် မှာကြားရတော့၏။

"ကောင်းပါပြီ မိတ်ဆွေ စိတ်ချပါ ပြောလိုက်ပါမယ်၊ သင်တို့လည်း အင်္ဂလိပ်လူမျိုးတွေဖြစ်ပြီး . . . မိန်းမတစ်ယောက်ရဲ့ လှည့်ပတ်ခြင်းခံရတာ ကျွန်ုပ်ဖြင့် ဝမ်းနည်းပါတယ်"

ကျွန်ုပ်တို့အား နှုတ်ဆက်ပြီး၍ ဘုရင်မက ကမ်းပေးသောလက်ကိုနမ်းရှုံ့ကာ . . . နောက်ဆုံးနှုတ်ဆက်လေ၏၊ ထိုနောက်သူသည် ဘုရင်မလက်ကို မလွှတ်သေးဘဲ တောင်ကြားဆီသို့ အရောက်လိုက်ပို့၏၊ အဘယ်ကြောင့်ဆိုသော် . . . ဘုရင်မ၏ဦးလေးဂျိုရှုအာနှင့် ကိုယ်ရံတော်ဗိုလ်မှူးများမှာ တောင်ကြားအဝမှ စောင့်၍နေသောကြောင့်ပေတည်း၊ ကိုယ်ရံတော်အနီးသို့ ကျွန်ုပ်ချဉ်းကပ်မိသောအခါ တောင်ကြားလမ်းဆီမှ . . . "ဗာရန် . . . ဗာရန်" ဟူသောအသံများကိုကြားရသည်နှင့် တစ်ပြိုင်နက် ဂျိုရှုအာသည် ဓားကြီးကိုဝင့်ကာ . . . ဗာရန်ရှိရာသို့ မြင်းကိုစိုင်းလာပြီးနောက် . . .

"အသင် ဗာရန် . . . ကျွန်ုပ်အား အရှုံးပေးမည်လော သို့မဟုတ် အသက်အသေခံမည်လော"

ထိုအခါ ဗာရန်၏လက်တွင် တစ်စုံတစ်ရာလက်နက်မရှိချေ။ ဘုရင်မလက်ကိုလှမ်း၍ ကိုင်လိုက်စဉ်ကပင် လှံကိုချထားခဲ့လေသည်၊ ဗာရန်သည် ရုတ်တရက် ဖြတ်ခနဲဖြစ်သွားပြီးနောက် ပြန်၍ ဣန္ဒြေဆယ်ကာ တည်ငြိမ်သောအသံဖြင့် . . .

"အသင်ဝက်ကြီး၊ ကျွန်ုပ်လက်ထဲတွင် လက်နက်မရှိ၍သာ သင် ဤသို့ပြောဝံ့၏၊ သို့မဟုတ်က သင်သော်လည်းကောင်း ကျွန်ုပ်သော်လည်းကောင်း ဤနေရာတွင် သေရမည်မဟုတ်ပါလော"

ဟုပြောလိုက်၏။

"ဦးရီးတော် ဒီလိုလုပ်ပြီး ကျွန်ုပ်ရဲ့ ဣန္ဒြေကိုမဖျက်ပါနဲ့၊ ဂူလတန်ဘုရင် လွှတ်လပ်စွာသွားပါစေ"

ကျွန်ုပ်တို့နှင့်တကွ လူအားလုံးပင် ဂျိုရှုအာ၏အပြုအမူကို အံ့အားသင့်လျက်ရှိကြကုန်၏၊ သို့သော် ကပ္ပတိန်သည် သတိမလစ်ဘဲ ကွစ်အား . . .

"ကွစ် . . . ခင်ဗျားကုလားအုပ်ကို ရှေ့တိုးသွားစမ်း၊ ဒီလိုမတရားတဲ့အပြုအမူကို ကျုပ်မကြည့်နိုင်ဘူး၊ ဟိုဝက်ကြီး ရီးတီးယားတားလုပ်ရင် ဦးနှောက်ထဲသာ ကျည်ဆံပစ်ထည့်လိုက်"

ကွစ်ကား လက်နှေးသူတစ်ယောက်မဟုတ်ချေ၊ ကုလားအုပ်ကို ရှေ့သို့ချက်ချင်းတိုးသွားကာ ဂျိုရှုအာအား သေနတ်ဖြင့်ချိန်လိုက်သောအခါမှ ဂျိုရှုအာသည်ဓားကြီးကိုချလိုက်လေသည်၊

သို့ရှိစဉ် ဗာရန်၏မြင်းမှာ ရုတ်တရက် လန့်ပတပ်ရပ်လိုက်သဖြင့် ဗာရန်သည် မြင်းနောက်သို့ လျှောကျသွားလေ၏၊ သို့နှင့် ကျွန်ုပ်တို့လည်း ဗာရန်အား မြင်းပေါ်သို့ပြန်၍တင်ပေးပြီးလျှင် ရှုပ်ယှက်ခတ်ရှိနေသည့်အတွက် ကျွန်ုပ်တို့ရှိရာသို့ ဒုန်းစိုင်းလာသော သူ၏သက်တော်စောင့် ၂ ယောက်လက်ထဲသို့ ထည့်လိုက်ရလေ၏။

ထိုအခါ ဗာရန်က . . .

“အသင်လူဖြူများ . . . ကျွန်ုပ်သည် သင်တို့၏ကျေးဇူးကို မည်သည့်အခါမျှ မမေ့ပါ”

ဟု ပြောကာ သူ၏ရွှေကြိုးတစ်ကုံးကိုယူ၍ ကွစ်အား အထိမ်းအမှတ်တစ်ခုအနေနှင့် ပေးလေ၏၊ ထိုနောက် ဘုရင်မနှင့်တကွ ကျွန်ုပ်တို့အား ဦးညွတ်၍ အရိုအသေပြုကာ သက်တော်စောင့်နှစ်ယောက်ခြံရံလျက် မြင်းများကို စိုင်းနှင်သွားတော့လေသတည်း။

* * *

မားမြို့တော်ကြီး

“မား”ကုန်းမြေမြင့်ပေါ်သို့ တက်၍သွားရသောလမ်းတစ်လျှောက်လုံးကား ထူးဆန်းအံ့ဩဖွယ်ကောင်းလှပေ၏၊ ပထမတက်ရသောလမ်းမှာ လူများ ဖောက်ထားသောလမ်းမဟုတ်ဘဲ၊ ရှေးနှစ်ပေါင်းများစွာမှစ၍ သဘာဝအတိုင်း ဖြစ်လာဟန်တူ၏၊ ပထမ ၂ မိုင်ခန့်တွင် တက်ရမှန်းမသိလှဘဲ ခပ်ပြေပြေရှိနေလျက် ကျွန်ုပ်တို့၏မြင်းကို ခြသေ့်အဆွဲခံရသောနေရာမှစ၍ ကျဉ်းမြောင်းမတ်စောက်သွားတော့၏။ မည်မျှမတ်စောက်သနည်းဆိုပါမူ၊ အချို့နေရာများ၌ နံဘေးတစ်ချက်မှ ကျောက်နံရံကြီးများမှာ ပေပေါင်းသုံးလေးရာခန့်မြင့်ပြီးလျှင် မိုးကောင်းကင်မှာ ဖဲကြိုးအပြာကလေးကို တန်း၍ထားသကဲ့သို့ ရှိနေတော့၏၊ သို့ဖြင့် နေ့အခါပင်ဖြစ်လင့်ကစား တောင်ခြေမှာ မှောင်လျက်ရှိလေသည်။ ဝန်တင်ကုလားအုပ်များမှာလည်း ခြေကုတ်မမြဲနိုင်ဘဲ ရှိကြရကား တခဏမျှကြာလတ်သော် ကျွန်ုပ်တို့ပင် ကုလားအုပ်မှ မြင်းများသို့ ပြောင်း၍စီးရတော့၏၊ အချို့နေရာများတွင် တောင်ကြားမှာ လေးဆောင့်ပုံကဲ့သို့ ရုတ်တရက်ကွေ့၍သွားရာ လူ ၄-၅-၆ ယောက်မျှနှင့်ပင် စစ်တပ်တစ်တပ်ကို ခံနိုင်လောက်ပေ၏၊ ထိုမျှမကသေး အချို့နေရာများတွင် တံတားများပြုလုပ်ကာ အပေါ်မှ မျှော်ခင်းထားလျက် အောက်တွင် အပေါ်သို့ မြှောက်ချည် အောက်သို့ချ

ချည် ပြုလုပ်နိုင်သော ပေါင်းကူးတံတားများ တပ်ဆင်ထားလေ၏။

ကျွန်ုပ်တို့အစီအစဉ်မှာကား ရှေ့ဆုံးမှ မှူးမတ်များက မြင်းစီးသွား၍ နောက်မှ လုံကိုင်ခြေလျင်တပ်က လိုက်ရ၏၊ ထိုတပ်နှစ်တပ်၏အလယ်တွင် ဘုရင်မနှင့်အတူ သက်တော်စောင့်များ အချို့နန်းတွင်းသားများနှင့် ကျွန်ုပ်တို့လိုက်ပါကြ၏၊ နောက်ကြောင်းမှ ရန်သူလိုက်လာသည် မလာသည်ကို စောင့်၍ကြည့်ရှုရန်နောက်ဆုံးမှမြင်းတပ်က လိုက်ပါရလေသည်၊ ကပ္ပတိန်အိုလီဗာမှာ မိုင်းဖုံး၏ဒဏ်ချက်ကြောင့် သတိမရတစ်ချက် ရတစ်ချက်ပင်ရှိနေသေးရာ လူ ၂ ယောက်က မြင်းတစ်စီးစီနှင့် နံဘေးမှတွဲ၍လိုက်ရ၏၊ ဘုရင်မသည် ခေါင်းမြီးခြုံအောက်မှပင် အိုလီဗာရှိရာသို့ မကြာခဏ လှည့်၍ကြည့်သည်ကို မြင်ရသဖြင့် ကျွန်ုပ်တို့ကပ္ပတိန်အား အတော်ဂရုစိုက်ရှာပေသည်ဟု ကျွန်ုပ်မှာ ကျေးဇူးတင်မိသေး၏၊ ဂျိုရှူအာကမူ ကျွန်ုပ်တို့လူဖြူတစ်စု(အထူးသဖြင့်) ကွစ်အား မျက်မုန်းကျိုးသည့်ဟန် ရှိလေသည်။

မြို့တံခါးဆိုသည်မှာ တောင်ကြား၏ အထွက်အဝင်ဖြစ်၍ ထိုနေရာသို့ရောက်သောအခါ ကျွန်ုပ်တို့အောက်တွင် ကျယ်ပြန့်သော လွင်ပြင်နှင့်တကွ နံဘေးမှ တောင်များပတ်လည်ဝိုင်းရံလျက်ရှိသော "မား"မြို့ကြီးကို တွေ့မြင်ရလေ၏၊ မြောက်ဘက်၌ကား မျက်စိအဆုံးရှိနေသည့် ရေအိုင်ကြီးကိုလည်း နေရောင်တွင် လှပစွာတွေ့မြင်ရလေသည်၊ ဤသို့လျှင် အက်ဗတီတို့ကား ကန္တာရအလယ်ခေါင်တွင် ကမ္ဘာနှင့် အဆက်ပြတ်၍နေသော လူမျိုးတစ်မျိုးဖြစ်ကြောင်း သိရတော့၏။

မြို့သို့ရောက်၍ မြို့တွင်းသို့ ဝင်မိကြသောအခါ မိန်းမများ ကလေးများသည် စစ်တပ်ကိုကြိုဆိုလျက် မိမိတို့လင်သားများအား ကလေးများကိုမြှောက်ချီကာ နမ်းရှုံ့ရန် ပေးကြ၏၊ အချို့မိန်းမများသည်လည်း အဖျော်ယမကာများကို မိမိတို့လင် သားမောင်ဖွားနှင့် ချစ်သူများအား အသီးသီးတိုက်ကျွေးကြ၏၊ မြို့လယ်လမ်းမကြီးကိုဖြတ်၍လာခဲ့ကြပြီးနောက် မြို့လယ်ကွက်လပ်ကြီးတစ်ခုသို့ ရောက်ရှိလာကြ၏၊ ကွက်လပ်ထိပ်တွင် ကျောက်တောင်များကို နောက်ခံထားကာ ခပ်နိမ့်နိမ့်ဆောက်လုပ်ထားသည့် ဆေးဖြူသုတ်ထားသော အဆောက်အအုံတစ်ခုသည် ကွင်းပြင်နှင့် ကျုံးတစ်ခုခြား၍နေလေရာ၊ ၎င်းမှာ ဘုရင်မ၏နန်းတော်ပင်ဖြစ်၍၊ ကျွန်ုပ်ယခင်တစ်ခေါက်ရောက်စဉ်က ဘုရင်မ၏ညီလာခံ၌ ကျွန်ုပ်အား လက်ခံစကားပြောသောနေရာ ဖြစ်လေသည်၊ ကွက်လပ်၏ပတ်လည်၌ကား မှူး မတ် သေနာပတိများ၏ အိမ်များရုံးများမှစ၍ တိုင်းပြည်နှင့်သက်ဆိုင်သည့် အဆောက်အအုံများရှိ၏၊ မြို့ကလေးမှာ လမ်းများ ဈေးများ အဆောက်အအုံများဖြင့်လည်းကောင်း အချို့နေရာများတွင် သစ်ပင် ပန်းပင်တို့ဖြင့်လည်းကောင်း အချို့နေရာတွင် စွန်ပလွံပင်အုပ်ကလေးများဖြင့်လည်းကောင်း စည်ကားလှပစွာ တည်ရှိလေသည်။

နန်းတော်တံခါးဝသို့ ရောက်သောအခါ "ဂျိုရှူအာ" သည် သူ၏မြင်းကို ဘုရင်မရှိရာသို့ စီးနင်းလာပြီးနောက် အနောက်တိုင်းသားများအား ဘုရားဖူးများကို ထားနေကြဖြစ်သည့် မြို့အနောက်ပိုင်းသို့ ခေါ်သွားရမည်လောဟု မျက်နှာမကြည်မသာနှင့် မေးမြန်းလေ၏။

"ခေါ်မသွားပါနဲ့ ဦးလေးတော် . . . လူဖြူဆရာကြီးတွေကို နန်းတော်က ဧည့်သည်တော်ဆောင်မှာ ထားရမယ်"

"ဪ . . . နန်းတော်မှာထားမယ်လို့ ဟုတ်လား . . . သတိထားပါ တူမတော် . . . တူမတော်ဟာ လွတ်လွတ်လပ်လပ်

ပဲရှိသေးတဲ့အတွက် ဦးလေးတော်တောင် နန်းတော်မှာမနေဘူး ဟုတ်လား . . .”

“ရှေ့ကို စကားမဆက်ပါနဲ့တော့ ဦးလေးတော် . . . တူမတော်ဟာ သူ့ကိုယ်သူ စောင့်ရှောက်တတ်ပါတယ်၊ အိမ်တော်ကို သွားပြီး အပန်းသာဖြေချေပါတော့ . . .”

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် ဘုရင်မသည် စမုခ်ဆောင်မှ အတွင်းသို့ဝင်သွားရာ “ဂျိုရှုအာ” သည် အထူးသဖြင့် ကွစ်အား မျက်စောင်းထိုး၍ကြည့်ကာ ကျန်ရစ်ခဲ့၏။

ကျွန်ုပ်လည်း အခြားသူများမည်သို့ ဖြစ်ပျက်နေသည်ကို ကောင်းစွာ ဂရုမစိုက်တော့ချေ၊ အဘယ်ကြောင့်ဆိုသော် . . . ကပ္ပတိန်အိုလီဗာမှာ သတိမေ့၍သွားမည့်လက္ခဏာများကိုပြသဖြင့် ၎င်းအား ကွစ်နှင့်အတူ ဖေးမကူညီလျက်ရှိနေသောကြောင့်ပေတည်း၊ အတန်ကြာမှ ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်မိရာ မြို့တံခါးများပိတ်၍နေပြီကို မြင်ရ၏၊ ထို့နောက် ကောင်းစွာဝတ်စားထားသည့် လက်ပါးစေများက ကျွန်ုပ်တို့အား နန်းတော်၏ဧည့်သည်ဆောင်သို့ခေါ်သွားသဖြင့် လိုက်ပါသွားရ၏၊ အခန်းများမှာ မြင့်လည်းမြင့် အေးလည်းအေးပြီးလျှင် . . . ကျယ်ဝန်းလှပေရာ ထုထည်ကြီးမားသော သစ်များကို ပန်းနွယ်ပန်းခက်များဖြင့် ထွင်းထုခြယ်လှယ်ထား၏၊ သို့သော် ကျွန်ုပ်တို့နေရသောအဆောင်မှာ ဝင်းတံခါးသီးသန့်ရှိပြီးလျှင် နန်းမနှင့် အဆက်အသွယ်မရှိချေ၊ ဥယျာဉ်ကလေးတစ်ခုလည်း ရှေ့တွင်ရှိ၍ ၎င်းတွင် ကျွန်ုပ်တို့ကုလားအုပ်များကို ထားကြောင်းသိရ၏၊ ကျွန်ုပ်တို့မှာ ခရီးပန်းလွန်းသဖြင့် ထိုအချိန်တွင် ထိုထက်ပို၍မသိတော့ချေ။

ဒိုင်းနမိုင်းများကို အလုံခန်းတစ်ခုတွင် ထားသဖြင့်

ကပ္ပတိန်အိုလီဗာသည် ကျွန်ုပ်ပြောသည်ကိုမျှ နားမထောင်ဘဲ အတော်ပင်နေမကောင်းရာမှထ၍ ကွစ်၏ပခုံးကိုတွဲခါ အခန်းသို့ သွားရောက်စစ်ဆေးပြီးလျှင် . . . တံခါးကိုသော့ခတ်၍ သော့ကို ယူထားရန်ပြောသေး၏။

အိပ်ရာသို့ ပြန်၍ရောက်လာသောအခါ၌ကား ဦးခေါင်းရှိ ဒဏ်ရာမှာ တော်ပင်နာလာသဖြင့် ကျွန်ုပ်လည်း ဆိတ်နို့တစ်ခွက်ကို သူ့အား သောက်စေပြီးနောက် ကျွန်ုပ်၏ဆေးသေတ္တာထဲမှ အိပ်ဆေးကိုတိုက်ရလေရာ . . . ကပ္ပတိန်သည် မိနစ် ၂၀ အတွင်းတွင် အိပ်ပျော်သွားလေ၏၊ ထိုအခါမှ ကျွန်ုပ်နှင့် ကွစ်မှာ ရေမိုးချိုး၍ ကိုယ်လက်သုတ်သင်ပြီးသော် . . . အစားအစာများကိုစားသောက်ရလေ၏၊ ထို့နောက် ကျွန်ုပ်တို့လည်း သူ့အား အလှည့်နှင့်စောင့်၍ အိပ်ကြလေရာ ကပ္ပတိန်မှာ ဒိုင်းနမိုင်းမှိုင်းမိသဖြင့်တစ်ကြောင်း အနာရှိန်ကြောင့်တစ်ကြောင်း ခရီးပန်းလွန်းလှသဖြင့်တစ်ကြောင်း အဖျားဒီဂရီ ၅ ဒီဂရီမျှ ရှိနေသည်ကိုတွေ့ရ၏၊ နိုးလာသည့်အခါတိုင်း ရေတောင်းသဖြင့် ပေးရ၏။

နံနက် ၁၀ နာရီအချိန်လောက်တွင် ဘုရင်မကိုယ်တိုင် နောက်ပါအခြွေအရံ အနည်းငယ်နှင့် ရောက်လာပြီးလျှင် . . . လူမမာအား တွေ့နိုင်ပါသလောဟုမေးရာ ကျွန်ုပ်က တွေ့နိုင်ကြောင်းပြောသဖြင့် ကျွန်ုပ်တို့အခန်းတွင်းသို့ ဝင်လာလေ၏၊ ထိုအချိန်၌ ကပ္ပတိန်မှာ အိပ်ပျော်လျက်ပင်ရှိနေသဖြင့် ဘုရင်မသည် စိုးရိမ်သောမျက်နှာဖြင့် ဦးခေါင်းမှဒဏ်ရာနှင့် နဖူးပေါ်တွင်ယမ်းငွေ့များကြောင့် ညိုမဲနေသောနေရာများကို ကြည့်ရှုလေသည်။

ကြည့်ပြီးသော် . . . ဘုရင်မသည် အခန်းပြင်သို့ထွက်ခဲ့၍ ကိုယ်ရံတော်များကို ခေတ္တမျှ ဖယ်ရှားစေပြီးနောက် . . . ကျွန်ုပ်အား လေသံဖြင့် . . .

"အသက်စိုးရိမ်ဖို့များ ရှိသလား . . . ဆရာကြီး"

"မပြောတတ်သေးပါဘုရင်မ . . . ယမ်းငွေ့သင့်ရုံ ခရီးပန်းရုံ အနာရှိန်တက်ရုံကြောင့်ဖြစ်တဲ့ အဖျားဆိုရင် အသက်ချမ်းသာနိုင်ပါတယ် . . . ဒဏ်ရာက ဦးခွံကိုထိခိုက်နေရင်တော့ . . .

"ကျွန်ုပ်တို့အတွက်ကြောင့် အခုလိုဖြစ်ရတာ . . . သိပ်သနားစရာကောင်းတာပဲနော် . . . ကြိုးစားပြီး ကုပါဆရာကြီး"

ဘုရင်မက . . . သူ၏နန်းစဉ်သမားတော်ကြီးများနှင့် ကုသရန် တိုက်တွန်းသေး၏၊ သို့သော် ၎င်း၏ဆေးဝါးများမှာ ကျွန်ုပ်တို့ မကြားဖူးလောက်အောင် ဆန်းပြားထွေထူးလှသဖြင့် ကျွန်ုပ်မှာ မကုဖြစ်ရန် အတော်ပင်လှည့်ပတ်ပြောဆိုရတော့၏၊ တတိယနေ့ ညနေစောင်း၌ ကပ္ပတိန်မှာ အတော်သက်သာလာသဖြင့် မျက်လုံးများကို ကောင်းစွာဖွင့်နိုင်လေရာ ထိုအချိန်၌ ဘုရင်မ ရောက်လာပြီးလျှင် . . . ကပ္ပတိန်၏နံဘေး၌ထိုင်လေ၏၊ တခဏမျှကြာသောအခါ ကျွန်ုပ်ရှိရာ အခန်းပြင်သို့ထွက်လာပြီးနောက် မျက်နှာခပ်ရွှင်ရွှင်နှင့် ကျွန်ုပ်အား . . .

"ဆရာကြီးတို့လူတော့ . . . မသေနိုင်တော့ပါဘူး"

"ဘယ်လိုကြောင့် ပြောတာလဲ ဘုရင်မ . . ."

အတန်ငယ်ရှက်ဟန်ဖြင့် . . .

"သူကောင်းကောင်း သတိရလာပြီး ကျွန်ုပ်ရဲ့မျက်လုံးဟာ ဘာရောင်လဲလို့ မေးတယ်၊ ကျွန်ုပ်က မျက်လုံးဆိုတာ အပြင်ကလင်းနေတဲ့ အရောင်အတိုင်းပဲလို့တော့၊ သူက မဟုတ်ဘူးတဲ့၊ ဘုရင်မမျက်လုံးဟာ ဘယ်ခါမဆို ဗိုင်အိုလက်ရောင်ထွက်နေတယ်လို့ပြောတယ်၊ ဗိုင်အိုလက်ဆိုတာ ဘယ်လိုအရောင်မျိုးလဲ ဆရာကြီးရဲ့ . . . ပြောစမ်းပါဦး၊"

ထိုအခါ . . . ကျွန်ုပ်က ကျွန်ုပ်တို့နိုင်ငံ၌ အလွန်ပေါ၍ မြေဦးပေါက်တွင်ပွင့်ပြီး မွှေးကြိုင်သော အပြာရင့်ရောင် ပန်းကလေးတစ်မျိုးဖြစ်ကြောင်း ပြောပြ၏။

"ဒီတော့ သေရမယ့်လူဆိုရင် ဒီလောက်သတိရှိပြီး အရောင်မခွဲခြားနိုင်ပါဘူး . . . ဆရာကြီးရယ်၊ အမှန်ပြောရမယ်ဆိုရင် ဖောက်ခွဲဖို့ကိစ္စတွေမှာ သူအကျွမ်းကျင်ဆုံးဆိုလို့ သူသေသွားမှာ ကျွန်ုပ်မခံနိုင်သေးဘူးဆရာကြီးရဲ့"

ဘုရင်မ ပြန်သွားသောအခါ ကွစ်က ဘုရင်မသည် အလာ၌ မောပန်း၍လာသော မြင်းမကဲ့သို့ ခေါင်းငိုက်စိုက်ချ၍လာသော်လည်း အပြန်တွင် ဒရယ်ဖိုနှင့်တွေ့သော ဒရယ်မကလေးကဲ့သို့ ခြေမြှောက်ကာ . . . ခေါင်းထောင်ကာနှင့် ရှိနေကြောင်းနှင့် ပြောသဖြင့် ကျွန်ုပ်က . . .

"ဒါတွေ ပြောမနေနဲ့ဦးကွစ် . . . မနက်က ကပ္ပတိန်ဟာ နန်းတော်ကပို့တဲ့ ဆွတ်ပြုတ်နဲ့ ဆိတ်နို့ကို အကုန်သောက်ရဲ့လား"

"သောက်ပါတယ်ဆရာကြီး"

ကွစ်ကား နေ့ရော ညဉ့်ပါ ကပ္ပတိန်အား ညီရင်းအစ်ကိုမကယုယစွာပြုစုစောင့်ရှောက်ရှာ၏၊ ဖာရိသည်လည်း သူ့သခင်အနီးမှ မခွာတော့ချေ၊ ဤသို့ဖြင့် ကပ္ပတိန်နှင့် အိုလီဗာသည် ရက်အနည်းငယ်မျှကြာသောအခါ ထူထူထောင်ထောင်ဖြစ်၍လာတော့၏၊ ဤရက်များအတွင်း၌ ဘုရင်မသည် ကျွန်ုပ်တို့ထံ အခြေအရံအနည်းငယ်မျှနှင့် မကြာခဏလာရောက်ကာ ကွစ်နှင့် ကျွန်ုပ်၏မျက်ကွယ်၌ပင် အိုလီဗာအား ရင်းရင်းနှီးနှီး တိုးတိုးသက်သာ ပြောဆိုနေသည်ကို တွေ့ရ၏၊ ကပ္ပတိန်ကား ဘုရင်မ၏ အချို့အတွင်းရေးများကိုပင် သိ၍နေပြီဖြစ်ရာ ကျွန်ုပ်က ဤကဲ့သို့အခြေအနေမျိုး၌ လူယဉ်ကျေးတို့နှင့်ဝေးသော တောကြီးတောင်ကြီးထဲ

တွင် အက်ဗတီလူမျိုးတို့အား ဘုရင်တစ်ဆူအဖြစ်ဖြင့် အုပ်ချုပ်နေသူ မိန်းမပျိုအား ရင်းရင်းနှီးနှီးနေခြင်းမှာ မသင့်လျော်ကြောင်း လူကြီးပီပီ သတိပေးရတော့၏၊ ထိုအခါ ကပ္ပတိန်က ဘုရင်မမှာ တိုင်းပြည်၏ ဥပဒေအရ အမျိုးတူဖြစ်သော သူတို့၏အမျိုးသားချင်းထဲမှသာလျှင် လက်ထပ်နိုင်ခွင့်ရှိကြောင်း၊ ၎င်းနှင့်စေ့စပ်၍ထားသူမှာ အခြားသူမဟုတ် သူ့ဦးလေးတော် လူဝကြီးဂျိုရှူအာဖြစ်ကြောင်းနှင့် ပြောပြပြီးသည့်နောက် . . .

“ဒါကြောင့် ဒီအကောင်ကြီးက သူနဲ့ စေ့စပ်ထားတဲ့အကြောင်း နေရာတကာမှာ ထင်ပေါ်အောင် လုပ်နေတာပေါ့ ဒေါက်တာရယ် . . . အမှန်ကတော့ မာကွိဒါက သူ့ကိုမေတ္တာရှိတာ မဟုတ်ပါဘူး . . .”

“ဒါကြောင့် ကျုပ်က သတိပေးတာပေါ့ . . . ကပ္ပတိန်”

“ဒီအကောင်ကြီး ဘုရင်မကိုရဖို့တော့ . . . မိုးနဲ့မြေကြီးကွာပါသေးတယ် ဒေါက်တာ . . . ဒါထက် ဒီအချစ်ကိစ္စတွေ ဖယ်ထားလိုက်ပါဦးလေ . . . ဒေါက်တာရဲ့ မိတ်ဆွေဟာစ်နဲ့ ဒေါက်တာရဲ့သားအကြောင်းကိုကော ကြားပြီလား”

“ခင်ဗျားက နန်းတွင်းရေးတွေ ကျုပ်ထက်ပိုသိနေတာပဲ ဘယ်လိုများကြားလို့လဲ”

“သူဘယ်လိုလုပ်သိသလဲတော့ မပြောတတ်ဘူး၊ ဘုရင်မပြောတာက ဟာစ်ရော . . . ခင်ဗျားသားရော . . . ကျန်းကျန်းမာမာပဲတဲ့ဗျာ၊ ဗာရန်မင်းသားကလည်း သူ့စကားအတိုင်း ဟာစ်ကို ယစ်ပူဇော်မှာအမှန်ပဲတဲ့ . . . ဒီတော့ ကျုပ်တို့မိတ်ဆွေကြီးကို တစ်နည်းနည်းနဲ့ ကယ်ရလိမ့်မယ်”

“ဒီတော့ . . . ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ . . . ကပ္ပတိန်ကျုပ်လည်း ခင်ဗျားကောင်းကောင်းနေမကောင်းသေးတဲ့အတွက် ရောဂါတိုးမှာ စိုးရိမ်ပြီး မပြောတဲ့နေတာပဲ၊ တစ်နည်းနည်းတော့ ကျုပ်တို့ ဆုံးဖြတ်ရလိမ့်မယ် . . .”

“ကျုပ်သိပါတယ် ဒေါက်တာ . . . ကျုပ်သိပါတယ်၊ ကျုပ်ဆရာ ပရော်ဖက်ဆာကိုတော့ ဘယ်နည်းနဲ့မှ အသေမခံနိုင်ဘူး၊ ကျုပ်ကိုကျုပ် ဗာရန်လက်ထဲကိုအပ်လိုက်မယ်၊ သူ့ကို ကျုပ်မကယ်နိုင်ရင် ကျုပ်သူနဲ့ အတူတူမျှပြီးခံမယ်၊ ဒါမှမဟုတ်လို့ လူချင်းလဲရရင် . . . သူ့အစား ကျုပ်ခံမယ် . . . ဪ . . . တစ်ခုတော့ရှိတယ် ဒေါက်တာ၊ ဘုရင်မဟာ သဘက်ခါ ညီလာခံကျင်းပလိမ့်မယ်၊ ကျုပ်ကောင်းကောင်း မမာသေးတဲ့အတွက် ရက်ရွှေ့ထားတာဗျ၊ အဲဒီညီလာခံမှာ ရှာဒရက်ကိုလည်း သစ္စာဖောက်မှုနဲ့ စစ်ဖို့ရှိတယ်၊ ပြီးတော့ ဒေါက်တာလက်ထဲကိုယုံကြည်အောင် ပေးအပ်လိုက်တဲ့ ရှိဗာဘုရင်မလက်စွပ်ကိုလည်း ဒီညီလာခံမှာ ကျုပ်တို့က ပြန်အပ်ရလိမ့်မယ် . . . ဒီအခါကျရင် ကျုပ်တို့ဘယ်လိုဆုံးဖြတ်ကြမယ်ဆိုတာ အတိအကျပြောနိုင်ရောပေါ့၊ ကိုင်း . . . ကျုပ်လည်း နေကောင်းပါပြီ၊ ဒီကနေ့တော့ မြင်းစီးပြီးမြို့ကို လှည့်ကြည့်မယ်စိတ်ကူးတယ်”

“သွားလေ ကိစ္စမရှိပါဘူး၊ နေကောင်းမှုပဲ”

“ဟာရီ . . . လာဟေ့ . . . ငါ မြင်းစီးထွက်မလို့ လိုက်ခဲ့”

* * ၎ * *

ညီလာခံသဘင်

နောက် ၂ ရက် ၃ ရက်ခန့်ကြာသောအခါ နန်းတော်ခန်းမဆောင်ကြီး၌ ဘုရင်မ၏ ညီလာခံသဘင် ဆင်ယင်ကျင်းပလေသည်၊ ကျွန်ုပ်တို့မှာ အကျဉ်းသားများကဲ့သို့ အစောင့်အရှောက်များနှင့် ဝင်ရ၏၊ အက်ဗတီလူမျိုး ၁၀၀ ခန့်တို့ကား ခုံများပေါ်တွင် အစဉ်လိုက်ထိုင်လျက်ရှိရာ ဘုရင်မမှာ အခန်း၏အစွန်းဘက် လခြမ်းပုံသဏ္ဌာန်ရှိ ကွက်လပ်တွင် ခြင်္သေ့ဦးခေါင်းပုံလက်တန်းရှိသော ရွှေကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက်ရှိ၏၊ ငွေချည်ကြယ်ပွင့်များ ထိုးထားသည့် နှင်းပွင့်တမျှ ဖြူဆွတ်သော ခေါင်းမြီးခြုံကိုယ်ရုံကို ဝတ်ဆင်ထားရာ . . . အပေါ်၌မည်းနက်သောဆံပင်ကို ဖုံးအုပ်ထားသည့် ရွှေသရဖူတွင် အလယ်မှကျောက်နီတစ်လုံးသည် တောက်ပလျက်ရှိ၏၊ ဘုရင်မမှာ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်ပင်ဖြစ်သော်လည်း နုညားလှပ၍ မဟာဆန်လှပေ၏၊ ရာဇပလ္လင်၏နောက်တွင် လှံများ ဓားလွှတ်များကိုကိုင်ထားသည့် စစ်သားများက ရပ်လျက်နံဘေးတစ်ဘက်တစ်ချက်တွင် နှစ်ယောက်စီ စီတန်းနေသော ကိုယ်ရံတော်မိန်းမပျိုများရှိလေသည်။

စစ်သေနာပတိနှင့် သံကိုယ်ကျပ်များ ဝတ်ထားသော စစ်ဗိုလ်များ ကပ္ပတိန်များ၏ရှေ့တွင် ဂျိုရှုအာမှာ စစ်သေနာပတိချုပ်အဖြစ်ဖြင့် ရပ်နေ၏၊ တရားသူကြီးများမှာ . . . ဝတ်လုံအနက်ဖြင့်လည်းကောင်း ဘုန်းကြီးများမှာ အဝါရောင်များဖြင့်လည်းကောင်း နယ်မှ ဘုရင်ခံတို့မှာ တောက်ပြောင်သော အဝတ်အစားများဖြင့်လည်းကောင်း သူ့နေရာနှင့်သူ ရှိနေကြ၏၊ အတိုချုပ်အားဖြင့်ဆိုရသော် . . . မားမြို့ကြီး၏ မှူးမတ် သေနာပတိ အရာရှိ အရာခံမှန်သမျှတို့မှာ . . . ဤနေရာတွင်စုရုံးလျက်ရှိကြကုန်၏၊ ကျွန်ုပ်တို့အတွက် သီးသန့်ထားသော ကုလားထိုင်များမှာ ရာဇပလ္လင်ရှေ့တည့်တည့်အလယ်တွင် ဖြစ်၍ . . . ကျွန်ုပ်တို့ရောက်သောအခါ . . . အစောင့်များက ကြမ်းပေါ်တွင်ဝပ်လိုက်သဖြင့် ကျွန်ုပ်တို့သည် ဘုရင်မအား အရိုအသေပြုပြီးမှ ထိုင်ကြလေသည်၊ မကြာမီ တံပိုးမှုတ်သံကြားရပြီးနောက် ခန်းမဆောင်နံဘေးမှ မလွယ်ပေါက်တစ်ပေါက်ပွင့်လာပြီးလျှင် . . . သံကြိုးများဖြင့် ချည်နှောင်ထားသော ရှာဒရက်ကို ထိုအပေါက်မှ အစောင့်များက သွင်းခဲ့ကြလေ၏။

ထို့နောက် ကျွန်ုပ်တို့ ၃ ယောက်အား ရှာဒရက်နှင့်ပရော်ဒက်ဆာတို့ စကားစ၍များပုံကို စစ်ဆေးရာ . . . ကျွန်ုပ်တို့ကလည်း ဟုတ်မှန်သည့်အတိုင်း ဖာရီအား အဆိပ်ကျွေးရန်ကြံစည်ပုံပါမကျန် ထွက်ဆိုကြ၏၊ အခြားသက်သေများမှာ သူ၏ကုလားအုပ်မောင်းသမားများဖြစ်၍ ဟုတ်မှန်သည့်အတိုင်း မပြောလျှင် ကြာပွတ်နှင့်ရိုက်၍စစ်မည့်အကြောင်း တင်ကြို၍ပြောကြားထား၏၊ ဤသို့ဖြင့် ရှာဒရက်အား မစစ်ဆေးမီ တရားလိုဘက်မှ သက်သေအားလုံးကို စစ်ဆေးလေသည်၊ ထိုသူများသည် တစ်ယောက်စီ ကျမ်းသစ္စာကျိန်ဆိုကြပြီးနောက် . . . "ဟာစ်" အား စွန့်ပစ်

သွားခြင်းမှာ ယခင်က တင်ကြိုကြံစည်ထားခြင်းဖြစ်ကြောင်း၊ မြက်ခြောက်တောကို မီးရှို့ခြင်းမှာ ကျွန်ုပ်တို့လာရောက်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် သတိပေးခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ သေနတ်များပါသော ကုလားအုပ်များကို ခိုးယူကာ ကျွန်ုပ်တို့အားလုံးအား ရန်သူများက ဖမ်းမိရန် ကြံစည်ခြင်းဖြစ်ကြောင်းနှင့် ထွက်ဆိုကြကုန်၏။

ရှာဒရက်ကမူ အထက်ပါအကြောင်းအရာအားလုံးနှင့်တကွ . . . အထူးသဖြင့် ဟာစ်၏ကုလားအုပ်အား စီးသွားခြင်းကိုငြင်းပယ်လျက် . . . ရှိလေ၏၊ သို့သော် နောက်ဆုံး၌ တရားသူကြီးက ရှာဒရက်အား သစ္စာဖောက်များ သေရသည့်ထုံးစံအတိုင်း သေစေရန်နှင့် သူပိုင်ပစ္စည်းဥစ္စာအားလုံးကို အစိုးရက သိမ်းယူရန်နှင့်၊ သူနှင့်ကြံရာပါသူများကိုလည်း စစ်ဘက်၌အမှုထမ်းရန် အမိန့်ချမှတ်လေ၏၊ ညီလာခံတစ်ခုလုံးမှာ အုတ်အုတ်ကျက်ကျက်ဖြစ်၍သွားတော့၏၊ အမှုစစ်ဆေးခြင်း ပြီးဆုံးပြီးနောက် . . . တိုင်းရေးပြည်ရေးနှင့်ပတ်သက်သည့် ညီလာခံစတော့၏၊ ထိုအခါ ဆိုင်ရာစစ်ဗိုလ်ကြီးများနှင့် မှူးကြီး မတ်ကြီးများသာ တက်ရ၍ ကျွန်ုပ်တို့ ၃ ယောက်မှာ အထူးသီးသန့်ထားသည့် ကုလားထိုင်များတွင် ထိုင်ရ၏၊ ညီလာခံစပြီးသည့်နောက် မကြာမီ ကျွန်ုပ်အား လက်စွပ်ကိုတောင်းဆိုသဖြင့် . . . ကျွန်ုပ်သည် လက်စွပ်ကိုကိုင်လျက် . . .

"အို . . . ဘုရင်မ သင်နှင့်ကျွန်ုပ်သည် ကတိသစ္စာမှန်ကန်မှု အထိမ်းအမှတ်အဖြစ်ဖြင့် ပေးအပ်ထားသော ဤလက်စွပ်ကို ပြန်၍ယူပါလော့ . . . ဤလက်စွပ်ကို ယုံကြည်သဖြင့် ကျမ်းတတ်ဆရာကြီး ဟာစ်သည်လည်းကောင်း ဤတွင်ရပ်လျက်ရှိသော ကပ္ပတိန်အိုလီဗာသည်လည်းကောင်း သူ၏အစေခံစစ်သား

"ကွစ်"သည်လည်းကောင်း ကျွန်ုပ်နှင့်အတူ အသင့်ထံအမှုထမ်းရန် လိုက်လာကြပါသည် . . ."

ဘုရင်မသည် ကျွန်ုပ်ထံမှလက်စွပ်ကိုလှမ်းယူပြီးနောက် ဘုန်းကြီးများအား ကြည့်ရှုစစ်ဆေးစေရာ ၎င်းတို့က မှန်ကြောင်း ဝန်ခံကြ၏၊ ထိုအခါ ဘုရင်မသည် သူ၏လက်သူကြွယ်တွင်ဝတ်ထားလိုက်လေ၏၊ ထိုအချိန်၌ စစ်သားတစ်ယောက် ရှေ့သို့ထွက်လာပြီးလျှင် . . . "ဝါလဒါနာဂါစတာဘုရင်မ မိန့်ခွန်းမြွက်ကြားတော်မူမည်၊ နားထောင်ကြလော့"ဟု ဟစ်အော်လိုက်၏၊ ထို့နောက် ဘုရင်မသည် ကျွန်ုပ်တို့အား သာယာအေးမြလှသော အသံဖြင့် အောက်ပါအတိုင်း ပြောကြားလေသည်။

"အနောက်တိုင်းသား လူဖြူများတို့၊ ကျွန်ုပ်၏စကားကို နာယူပါလော့ . . . "ဖန်း" လူမျိုးများသည် ကျွန်ုပ်တို့နိုင်ငံကလေးကို ဝန်းရံကာ ကျွန်ုပ်တို့အား အမျိုးပါပြုတ်အောင် ဖျက်ဆီးကြမည့်အကြောင်း သင်တို့သိပြီးဖြစ်ပါသည်။ ဤအခြေ၌ရှိစဉ် ယမန်နှစ်က ကျွန်ုပ်တို့နိုင်ငံသို့ မျက်စိလယ်လမ်းမှား၍ရောက်လာသော သင်တို့အထဲမှ တစ်ယောက်အား ဤဖန်းရုပ်တုတော်ကြီးကို ဖြိုခွဲနိုင်မည့် လောင်မီးလက်နက်များယူခဲ့ရန်နှင့် ထိုပညာရပ်များတွင် ကျွမ်းကျင်သူများကိုလည်းခေါ်ခဲ့ရန် ကျွန်ုပ်မှာကြားလိုက်ပါသည်၊ ရုပ်တုကြီးပျက်စီးသည်နှင့်တစ်ပြိုင်နက် ဖန်းတို့သည် သူတို့နေထိုင်ရင်းစွဲနေရာမှ ထွက်ခွာသွားရမည့်အကြောင်း သူတို့တွင် တပေါင်ရှိခဲ့ပါသည်၊ ထိုအခါ ကပ္ပတိန်အိုလီဗာက . . .

"သို့သော် . . . ဗာရန်မင်းသားကမူ ရုပ်တုပင်ပျက်စီးစေကာမူ သင်မှတစ်ပါး အက်ဗတီတစ်မျိုးလုံးအား လက်စားချေမည့်အကြောင်း ပြောသေးသည် မဟုတ်ပါလော"

ဘုရင်မက ဆက်လက်၍ "ထို့ကြောင့် အက်ဗတီတို့သည်

သားစဉ်မြေးဆက် ထိုရုပ်တုကြီးကို ဖျက်ဆီးလိုကြ၏၊ အက်ဗတီပေါင်းများစွာတို့သည် ဖန်းတို့က ခြင်္သေ့စာကျွေး၍ ယဇ်နတ်ပူဇော်ခြင်းကို ခံခဲ့ရ၏၊ သို့ဖြစ်၍ သင်တို့အား မေးပါရစေ . . . ကျွန်ုပ်အတွက် ဤကိစ္စ ဆောင်ရွက်ကြမည်လော . . ."

ထိုအခါ စစ်ဗိုလ်ချုပ်ဂျိုရှူအာကာဝင်၍ "တူမတော် သူတို့အား သင်ပေးမည့် ဆုလာဘ်ကိုလည်း ပြောပါဦးလော့ အနောက်တိုင်းသား လူဖြူများကား ရွှေကိုအလွန်တပ်မက်၍ လောဘကြီးသူများဖြစ်ကြောင်း ကျွန်ုပ်ကြားဘူးပါသည် . . ."

ဤနေရာတွင် ကျွန်ုပ်ကကြားဝင်၍ သူတို့၏ ဘိုးဘေးများဖြစ်သော စောလမုန်ဘုရင်ပင် အော်ဖီယာနှင့် အခြားနယ်များတွင် ရွှေနှင့် အကြီးအကျယ်ကုန်စည်ရောင်းဝယ်ခြင်း မပြုပါသလောဟုမေးရာ ဘုရင်မ၏ဦးခေါင်းဆီမှ ငွေကြိုးကလေးများမှာ တချွင်ချွင်လှုပ်သွားသည်ကို ကြားရသဖြင့် ဘုရင်မမှာ ခေါင်းမြီးခြုံအတွင်းမှ ရယ်မောလျက်ရှိကြောင်းသိရ၏၊ ထို့နောက် ဘုရင်မက . . .

"ကျွန်ုပ်တို့ လူမျိုးများကား . . . တောင်များဝိုင်း[illegible]ကာ ကမ္ဘာနှင့်အဆက်ပြတ်၍နေသောကြောင့်သာ ဤရွှေသတ္တုသည် ဝတ်စားတန်ဆာမှလွဲ၍ အဖိုးမတန်ခြင်းဖြစ်၏၊ ဤရွှေများကျွန်ုပ်တို့၌ စုဆောင်းပြီး အတော်အတန်ရှိပါသည်၊ ရန်သူ့လက်မှ ကျွန်ုပ်တို့လွတ်မြောက်လျှင်၊ ရဟူဒီဖြစ်စေ လူဖြူပဲဖြစ်စေ ရွှေကိုတန်ဖိုးထားမည့်အကြောင်းကို ဦးရီးတော် မရိပ်စားမိသဖြင့်သာ ပြောခြင်းဖြစ်ပါလိမ့်မည်"

ထိုအခါ ကပ္ပတိန်အိုလီဗာက "အမှန်သော် . . . ကျွန်ုပ်တို့သည် ပစ္စည်းကိုစွန့်စားရှာဖွေသည့် စစ်သားများသာဖြစ်သဖြင့် သင်တို့ဘက်မှ ကူညီတိုက်ခိုက်ရန် ဤမျှလောက်ဝေးလံသော

ခရီးမှလာကြခြင်းမှာ အခြားအကြောင်းမရှိပါ၊ ဗာရန်သည် ကျွန်ုပ်တို့၏ ရန်သူမဟုတ်သည့်ပြင် "မယဉ်မရိုင်း" ဟုဆိုရသော်လည်း ရဲရင့်ခြင်း ကျေးဇူးသိတတ်ခြင်းများနှင့် ပြည့်စုံကြောင်း ကျွန်ုပ်တို့သိရပါသည်၊ ကျွန်ုပ်တို့ကား ပစ္စည်း ဥစ္စာကိုအလိုရှိပါသည်၊ လမ်းခရီးတွင် ကျွန်ုပ်တို့အား လမ်းပြလုပ်သူ၏သစ္စာဖောက်မှုကြောင့် . . . ဟစ်မှာ ဖန်းတို့လက်တွင်းသို့ပင် ကျရောက်ခြင်းခံရပါပြီ၊ သူသေဆုံးခဲ့သော် အင်္ဂလန်ရှိ သူ့ဆွေမျိုးများအား ကျွန်ုပ်တို့က ပစ္စည်းဖြင့် လျော်ပေးရန် တာဝန်ရှိနေပါသည်"

"နားထောင်ပါလော့ အဆွေတော်တို့ . . . သင်တို့အား ကျွန်ုပ်နှင့်တကွ အက်ဗတီလူမျိုးစုက ကုလားအုပ်များပေါ်တွင် သင်တို့တင်၍ယူဆောင်သွားနိုင်သလောက် ရွှေများကိုပေးပါမည်၊ သင်တို့ကိစ္စမဆောင်ရွက်မီ သင်တို့လိုက်ဝံ့က ရွှေများရှိသောနေရာကို ကျွန်ုပ်လိုက်ပြပါမည် . . ."

"အလုပ်ဝတ္တရားကိုသာလျှင် . . . ပထမဖြစ်၍ ဆုလာဘ်ကား . . . နောက်ဖြစ်ပါသည် ဘုရင်မ၊ ကျွန်ုပ်တို့ မည်သို့ဆောင်ရွက်ရမည်သာ ပြောကြားပါလော့ . . ."

"အို . . . ကပ္ပတိန် သင်တို့သည် ဘာသာကွဲများဖြစ်ကြသဖြင့် . . . ဤနေ့မှစ၍ တစ်နှစ်အတွင်း ဤနိုင်ငံစည်းမျဉ်းအတိုင်း ဤနိုင်ငံသားအဖြစ် နေထိုင်၍ အမှုထမ်းပြီးလျှင် . . . ကျွန်ုပ်အတွက် တိုက်ခိုက်မည့်အကြောင်း ကျမ်းသစ္စာကျိန်ဆိုရပေမည်၊ ထို့နောက် ဆုလာဘ်ကိုယူပြီး သင်တို့လိုရာသွားနိုင်ပါသည်"

"ဤသို့အမှုထမ်းက ကျွန်ုပ်တို့အား မည်သည့်အဆင့်အတန်း ပေးပါမည်နည်း"

"သင့်ကိုတော့ စစ်ဗိုလ်ချုပ်အရာ ပေးပါမည်၊ သင့်လူများ

ကိုတော့ သင့်လက်အောက်မှာ သင့်သဘောအတိုင်းပေးပါလေ"

ထိုအခါ မှူး မတ်များ စစ်ဗိုလ်များထဲမှ မကျေနပ်သံကဲ့သို့ ညည်းတွားသံကြီးကို ကြားလိုက်ရ၏၊ ထိုအခါ ဂျိုရှူအာက ဘုရင်မအား . . .

"ဒါဖြင့် တူမတော်စီမံပုံက ဦးရီးတော်တို့ကပါ သူ့စကားနားထောင်ရမယ်ပေါ့"

"ဒီအလုပ်နဲ့ ပတ်သတ်ရင်တော့ နားထောင်ရလိမ့်မယ် ဦးရီးတော်၊ ဘာဖြစ်လို့လဲဆိုရင် သူတို့ရဲ့ မိုးကြိုးလက်နက် လောင်မီးလက်နက်တွေအကြောင်း ဦးရီးတော်သိလို့လား . . ."

ဂျိုရှူအာကား . . . စကားပြန်၍ မပြောချေ၊ တစ်ခန်းလုံး ငြိမ်သက်လျက်ရှိရာ ဘုရင်မကဆက်၍ "မသိဘူး မဟုတ်လား ဒါကြောင့် ဒီကိစ္စအတွက်လောက်တော့ သိတဲ့လူတွေရဲ့အောက်မှာ ခဏတဖြုတ် အမှုထမ်းရမှာ ဝန်မလေးပါနဲ့ ဦးရီးတော်"

ထိုနောက် ငြိမ်သက်လျက်ရှိပြန်ရာ . . . ကပ္ပတိန်အိုလီဗာက . . .

"အက်ဗတီလူမျိုးတိုင်း လက်နက်ကိုင်ဆောင်နိုင်ကြပါသလော"

ဟု မေးမြန်းရာတွင် ဘုရင်မက . . .

"အက်ဗတီများသည် ရှေးသူတို့ ဘိုးဘေးများလက်ထက်က စစ်သားကောင်းများဖြစ်ခဲ့၍ ဖန်းတို့ကို ကြောက်ရွံ့ခြင်းမရှိခဲ့ကြောင်း . . . ယခုအခါ အလွန်ဆင်းရဲသူများနှင့် ရာဇဝတ်မှုကျူးလွန်သူများသာ မလွဲသာ မရှောင်သာ၍ စစ်မှုထမ်းကြကြောင်း"

ပြောကာ စိတ်ကိုမချုပ်တည်းနိုင်သည့်ဟန်ဖြင့် ခေါင်းမြီးခြုံကိုဖွင့်ချလိုက်ပြီးနောက် . . .

"အို . . . ဘယ်နည်းနဲ့မှ ကျုပ်လူမျိုးတွေ မပျက်စီးစေရဘူး"

ဟုပြောရင်း မျက်ရည်များကျလျက်ရှိလေ၏၊ ထိုအခါ၌ ဗိုလ်မှူးများ စစ်ဗိုလ်များထဲမှ ယခင်ကထက် ဆူညံသံများကြားရပြီးလျှင် . . . ဂျိုရှူအာသည် နေရာမှထလာပြီးနောက် . . . ရာဇပလ္လင်ရှေ့တွင် ဒူးထောက်ကာ . . .

"အလုထိပ်ခေါင်တင် . . . အို ဘုရင်မ၊ ဤမျှလောက်ကြောင့်ကြ စိုးရိမ်မဖြစ်ပါနဲ့၊ ကျွန်ုပ်တို့ကို ကာကွယ်တဲ့ စောလမုန်ဘုရားသခင်ရှိပါသေးတယ်"

"ဒါပေမယ့် ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ လူကိုမှ ဘုရားသခင်က ကာကွယ်တယ် ဦးရီးတော်"

"သူရသတ္တိနဲ့ပြည့်စုံတဲ့ စစ်ကဲ စစ်ဗိုလ်တွေလည်း တူမတော်မှာ အရှိသားပဲ"

"စစ်သားမရှိဘဲနဲ့ စစ်ဗိုလ်တွေရှိနေရင်ကော ဘာလုပ်စရာလဲ ဦးရီးတော်ရဲ့"

"ပြီးတော့ သင့်ကိုမေတ္တာရှိတဲ့ သင့်ဦးရီးတော် ကျွန်ုပ်တစ်ယောက်လုံးလည်း ရှိနေသေးတာပဲ၊ ယောဒီ လူဖြူတွေနှောင့်ယှက်လို့ပေါ့ . . . နို့မဟုတ်ရင် ဗာရန်ကို ဟိုတုန်းက တစ်ခါတည်းပိတ်မိနေတာ . . .၊ ဪ . . . ဒါထက် မားမြို့ကြီးရဲ့ နှင်းဆီပွင့်သဖွယ်ဖြစ်တဲ့ တူမတော် နှင်းဆီမယ်ရယ် . . . ကျွန်ုပ်တို့ချင်းလက်ထပ်ပြီးမှလည်း . . . ဒီရန်ကိုအေးအောင် လုပ်နိုင်ကြမယ် မဟုတ်လား . . . ဘယ်တော့များ မင်္ဂလာအခမ်းအနားလုပ်ကြမှာလဲ"

"ဖန်းရုပ်တုကြီး ပျက်စီးပြီး သူတို့တိုင်းပြည်ကထွက်သွားတဲ့အခါကျမှပေါ့ ဦးရီးတော်ရဲ့ အခုလို အခါမျိုးမှာ အချစ်စကား

တွေ ပြောဖို့ အချိန်မဟုတ်သေးပါဘူး၊ ကိုင်း အနောက်တိုင်းသားတွေ ကျမ်းကျိန်ဖို့ ဘုန်းကြီးတွေက ပေစာတွေ ယူခဲ့ပါစေ”

ထိုအခါ မုတ်ဆိတ်ဖြူကြီးနှင့် ဘုန်းကြီးတစ်ပါးသည် ဟီးဘရူး(ဟေဗြဲ) အက္ခရာများပါသည့် ပေစာများကို ယူလာခဲ့လေ၏။ ဘုန်းကြီးသည် ကျိန်စာများကို ဖတ်ပြသဖြင့် ကျွန်ုပ်က ဘာသာပြန်၍ ပြောရ၏၊ ထိုနောက် ကပ္ပတိန်က . . .

“အင်မတန်ကျယ်ဝန်းတာပဲ၊ ဘယ့်နှယ်လဲ ဒေါက်တာ ကျုပ်တို့ ကျိန်ဖို့သင့်ရဲ့လား”

“ကျိန်မှပဲ ကပ္ပတိန်၊ ကျုပ်တို့မှာ တခြားနည်းလမ်းမရှိတော့ဘူး”

“ဒေါက်တာပြောတာ မှန်တယ် ကပ္ပတိန်၊ ကျွန်တော်တို့ ၃ ယောက်ထဲ သူတို့လက်တွင်းရောက်နေတော့ သူတို့သဘောကျ ပထမလုပ်ရလိမ့်မယ်၊ ဒါပေမယ့် အကြောင်းရှိရင် ကျွန်တော်တို့ဘက်က ဘုရင်မ အားကိုးရှိပါတယ်၊ ဒီနည်းအပြင် အခြားနည်းမရှိဘူး”

“အင်း . . . ကွစ်ပြောတာလည်း မှန်တာပဲ . . . ဖြစ်မိလို့ရှိမှ မထူးတော့ပါဘူး၊ ရွှေလိုချင်တဲ့လူတွေ သည့်လောက်တော့ လုပ်ဝံ့ရမယ်ပေါ့”

ဘုရင်မသည် ကျွန်ုပ်တို့ချင်း အင်္ဂလိပ်ဘာသာဖြင့် တိုင်ပင်သည်ကို စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိရာ . . . ကပ္ပတိန်က . . .

“အို . . . ဘုရင်မ သင်၏ကျမ်းကျိန်စာကို ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ချို့ယွင်းတိမ်းချော်ခြင်းမှ ကာကွယ်လိမ့်မည်ဟု အသင်၏ဂုဏ်သိက္ခာကို ကျွန်ုပ်တို့အကြွင်းမဲ့ယုံကြည်ပါသည်။ ကျွန်ုပ်တို့အား သူစိမ်းပြင်ပြင်များဖြစ်ကြ၍ ဤနယ်မှ ဥပဒေများ ထုံးစံဓလေ့များကို မသိပါ။ ကျွန်ုပ်တို့သည် ဝတ္တရားကိုဆောင်ရွက်နေစဉ် ဖန်းတို့လက်တွင်း၌ရှိနေသည့် ကျွန်ုပ်တို့အစ်ကိုတော်အား လွတ်လပ်စွာကယ်ဆယ်နိုင်ခွင့်ကိုလည်း ပေးစေလိုပါသည်၊ ထို့အပြင် အကယ်၍ ကျွန်ုပ်တို့၌ ပြစ်မှုတစ်စုံတစ်ရာရှိခဲ့သော် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ သင်ဘုရင်မတစ်ဦးသာ ကျွန်ုပ်တို့အား အပြစ်ပေးနိုင်သည့် တရားသူကြီးဖြစ်ပါစေလော့ . . .”

ဟု ဆို၏။

ကျွန်ုပ်တို့အား နောက်သို့အနည်းငယ်ဆုတ်နေစေပြီး နောက် ဘုရင်မသည် တရားသူကြီးများ အတိုင်ပင်ခံ မှူးမတ်များနှင့် အတန်ကြာတိုင်ပင်လျက်ရှိ၏။ အချို့လည်း သဘောတူကြ၏။ အချို့လည်း ငြင်းခုံကြ၏။ အချို့လည်း ကန့်ကွက်ကြ၏။ သို့သော် နောက်ဆုံးတွင် ဘုရင်မ၏စကားမှာ အောင်မြင်ဟန်ဖြင့် ကျွန်ုပ်တို့တောင်းဆိုချက်ကို လက်ခံကြောင်း . . . ဘုရင်မနှင့် တကွ အတိုင်ပင်ခံ မှူးမတ်အဖွဲ့ကပါ စည်းကမ်းများကိုနှစ်ဦးနှစ်ဘက် အသီးသီးစောင့်ရှောက်သည် မစောင့်ရှောက်သည်ကို ကြည့်ရှုရမည်ဖြစ်ကြောင်းနှင့် ပြောကြားလေသည်၊ သို့နှင့် ကျွန်ုပ်တို့လည်း ထုံးစံအတိုင်းပေစာကို နမ်းရှုံ့ကျိန်ဆို၍ စာချုပ်ကို လက်မှတ်ရေးထိုးကြလေ၏။

ကျောက်ဂူမြို့တော်ကြီး

ကျွန်ုပ်တို့ အခန်းသို့ပြန်ရောက်၍ နေ့လယ်စာ စားသောက်ပြီးနောက် တရေးတမော အိပ်လျက်ရှိကြရာ . . . ကျွန်ုပ်လည်း "ဖာရို" ဟောင်သံကြားသဖြင့် အိပ်ရာမှရုတ်တရက်လန့်နိုးလေရာ ဘုရင်မထံမှလွှတ်လိုက်သည့် လျှို့ဝှက်သောလက်ပါးစေတစ်ယောက် ရောက်လာသည်ကို တွေ့ရလေ၏။ ထိုသူက ဘုရင်မသည် ကျွန်ုပ်တို့အား အလွန်လျှို့ဝှက်ထူးဆန်းသောနေရာတစ်ခုကို လိုက်လံပြသမည်ဖြစ်၍ လိုက်လိုကလိုက်နိုင်ရန် အမိန့်ရှိလိုက်ကြောင်း ပြောသဖြင့် ကျွန်ုပ်တို့လည်း လိုက်ကြရန်သဘောတူကြပြီးလျှင် . . . ထိုသူ့နောက်သို့ လိုက်သွားကြလေ၏၊ ထိုသူသည် ကျွန်ုပ်တို့အား နန်းတော်၏နောက်ပိုင်းအကျဆုံး နန်းသူနန်းသားများ အသုံးမပြုသည့် အဆောင်တစ်ခုသို့ ခေါ်သွားရာ မကြာမီ "မာကွီဒါ"ဘုရင်မကိုယ်တိုင် ရောက်လာ၍ သူ့နောက်မှ ကိုယ်ရံတော်အပျိုဖော် ၃ ယောက်နှင့် မီးအိမ်များ မီးတုတ်များ ဆီပုံးများကိုင်ထားသော ယောကျ်ားအချို့လည်းပါလာလေသည်။

မာကွီဒါသည် ထိုအခါ၌ ခေါင်းမြီးခြုံထားခြင်းမရှိဘဲ ကျွန်ုပ်တို့အား လွတ်လပ်စွာပြောဆိုလျက်ရှိ၏။

"ဆရာကြီးကိုယ် တိုင် အာဖရိကတိုက်ကို အတော်ကလေး နံ့စပ်အောင်ရောက်ဖူးလို့ အဆန်းအပြားတွေ တွေ့ခဲ့ဖူးပေမယ့် အခုကျွန်ုပ်ပြမယ့်နေရာမျိုးတော့ တွေ့ဖူးမယ် မထင်သေးဘူး၊ လာလိုက်ခဲ့ကြ"

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်ပါသွားရ၏။ အခန်းကြီး၏အဆုံးတွင် တံခါးတစ်ခုကိုတွေ့ရသဖြင့် ထိုတံခါးကိုလက်ပါးစေများက ဖွင့်ပြီးလျှင် . . . အတွင်းသို့ ကျွန်ုပ်တို့ရောက်သောအခါ ပြန်၍ပိတ်ထားလိုက်ကြ၏၊ တဖြည်းဖြည်း အောက်သို့နိမ့်ဆင်းလျက် ကျောက်များကို ထွင်းဖောက်ထားသည့် အလွန်ရှည်လျား ကျဉ်းမြောင်းသော လမ်းကြားမှခေါ်သွားရာ . . . အခြားတံခါးတစ်ခုကိုတွေ့ရပြီးနောက် အတွင်းသို့ဝင်မိသောအခါ အလွန်ကျယ်ပြန့်သော ဂူကြီးတစ်ခုကိုတွေ့ရ၏။ ထိုအခါ ကျွန်ုပ်တို့သည် အမိုးကိုပင် မီးတုတ်များအလင်းရောင်ဖြင့် မမြင်နိုင်တော့ဘဲ နံရံတစ်ဘက်တစ်ချက်တွင် လံပြိုကျနေသည့် ကျောက်စိုင်ကျောက်ခဲများ၏ အရိပ်အရောင်များကိုသာ မထင်မရှား တွေ့မြင်ရလေ၏။ ဘုရင်မသည် သူ၏မီးအိမ်ကို မြှောက်ကာ . . .

"ဒီဟာ ကျွန်ုပ်တို့ရဲ့ကျောက်ဂူမြို့ကြီးပဲ ဆရာကြီး ပြိုကျနေတဲ့ နံရံတွေဟာ "ဖန်း" လူမျိုးတွေရဲ့ သား ဘိုး ဘီ ဘင်များ ဆောက်လုပ်ခဲ့တဲ့ . . . ရိက္ခာခန်းတွေ ဘုရားရှိခိုးကျောင်းတွေ နန်းတော်အဆောက်အအုံတွေပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ လောက်က ငလျင်ကြီးလှုပ်လို့ မြို့ကြီးတစ်ချို့တစ်ဝက်ပြိုကျတော့ သူတို့လည်း ကြောက်ပြီးထွက်ပြေးကြတာပဲ။ ဒီအခါကတည်းက သူတို့ဟာ ငလျင်ကိုကြောက်ရွံ့ပြီး ယဇ်ပူဇော်တဲ့အလေ့အထဖြစ်လာတယ်၊ ကိုင်း လာကြ လာကြ . . . အချိန်နေရာက စိတ်မချရဘူး"

ထို့နောက် ကျွန်ုပ်တို့သည် အမိုးမရှိသော နေရာတစ်ခုအောက်တွင် ရုပ်တုအကျိုးအပဲ့များ ကန့်လန့်ဖြတ်လဲကျနေသော ကျောက်တိုင်ကျိုးကြီးများကို တွေ့ရပြီးလျှင် မြေပြင်၌လည်းဖုံများ ကျောက်မှုန့်များဖြင့်ပြည့်လျက် ရှိလေ၏။ ထိုအခါ၌ ကျွန်ုပ်တို့မှာ ဟစ်အား အလွန်တမ်းတမိတော့၏။ ကျောင်းပျက်ကြီးထဲမှထွက်ခဲ့၍ အတန်ကြာသွားမိလျှင် ကျောက်များကြားမှပန်းထွက်နေသော ရေတံခွန်ကြီးတစ်ခုနှင့် ကျယ်ပြန့်သော ကျောက်ရေကန်ကြီးကိုလည်းကောင်း လျှံ၍စီးနေသော စမ်းချောင်းကလေးကိုလည်းကောင်း တွေ့ရ၏။ ကပ္ပတိန်က . . .

“ဤမျှလောက်ကျယ်ဝန်းသော တောင်အတွင်းရှိ ဂူကြီးတွင် အလင်းရောင်ကိုလည်းကောင်း လေကိုလည်းကောင်း မည်ကဲ့သို့ရရှိပါသနည်း”

ဟု မေးရာ ဘုရင်မက . . .

“မိမိမသိပါကြောင်း ၎င်းမှာ ရှေးလူများ၏ လျှို့ဝှက်သော ပညာသာဖြစ်ကြောင်းနှင့် ဖြေဆို၏။ ထို့နောက် ဘုရင်မသည် မြင်းဇောင်းများနှင့် ကျောက်တွင်းကြီးများကိုပြသလျက် ၎င်းတို့မှာ အကယ်၍ စစ်မက်ဖြစ်ပွားက စစ်သားများနှင့် တိုင်းသူပြည်သားများအရှည်သဖြင့် စားသောက်နိုင်ရန် ပြောင်းစပါး မုယောစပါးတို့ကို သိုလှောင်ထားရာ နေရာများဖြစ်ကြောင်း၊ သို့သော် မလုံလောက်ကြောင်းဖြင့် ပြောဆို၏။ ရှေးက လူများသည် ထိုကျောက်ဂူမြို့ကြီးကို ဤမျှလောက်ခမ်းနားကြီးကျယ်အောင် ပြုလုပ်နိုင်ခြင်းပင် အံ့သြဖွယ်တစ်ခု ဖြစ်တော့၏။

ဆက်လက်သွားကြသောအခါ လမ်းကြားကလေးသည် နောက်ဆုံး၌ ကျယ်ပြန့်လာပြီးလျှင် အလှမ်း ၅၀ ခန့်သွားမိလတ်သော် အလွန်ကြီးသော ကျောက်နံရံကြီးတစ်ခုကို တွေ့ရလေ၏။

ဘုရင်မသည် နံရံတွင် ကွဲအက်နေသော နေရာတစ်ခုမှ ကျောက်တုံးများကို ဖယ်ရှားစေရာ လူဝင်သာရုံမျှ အပေါက်တစ်ပေါက်ပေါ်၍လာသည်ကို တွေ့ရလေ၏။ ထိုအခါ သူ၏ကျေးကျွန်နှင့်အပျိုတော်များအား ကျွန်ုပ်တို့ပြန်၍မလာမချင်း ဤနေရာမှ စောင့်ဆိုင်းရန်နှင့် မီးအိမ်တစ်လုံးကိုလည်း ထိုအပေါက်၌ ဆွဲချိတ်ထားရန် အမိန့်ပေးပြီးလျှင် . . . ကျွန်ုပ်တို့အတွက် ဆီတစ်ပုံးနှင့် မီးအိမ်များကိုယူပြီးနောက် အိုလီဗာ၏ပခုံးကိုဖေး၍ကိုင်ကာ အတွင်းသို့ ခုန်ချလိုက်သဖြင့် ကျွန်ုပ်တို့လည်း နောက်မှလိုက်ပါသွားရလေ၏။ အတွင်း၌ကား အလွန်ကျယ်သော လိုဏ်ခေါင်းကြီးတစ်ခုရှိပြီးလျှင် လေမှာလည်း အပြင်ဘက်ထက် အတန်ငယ်ပို၍ပူလေသည်။ ထိုအခါ ကပ္ပတိန်က . . .

“ကျုပ်တို့ ဘယ်နေရာ ရောက်နေတာလဲ ဘုရင်မ”

“ဒီနေရာက မားမြို့ကြီးရဲ့ ရှေးဘုရင်များမြှုပ်နှံတဲ့သင်္ချိုင်းရာပဲ ကပ္ပတိန် . . .”

ကိုက် ၄၀၀ – ၅၀၀ ခန့်အတွင်း၌ ကျွန်ုပ်တို့၏ခြေသံများမှာ ပဲ့တင်ထပ်၍သွားလေ၏။ အတန်ကြာသွားမိလေသော် လိုဏ်ခေါင်းမှာ ယခင်ကထက် ကျယ်ပြန့်လာလျက် အပေါ်မှ အမိုးမှာလည်း အင်္ဂလိပ်ဘုရားရှိခိုးကျောင်းမှ ခုံးကြီးတစ်ခုကဲ့သို့ ရှိနေသည့် အခန်းဝိုင်းကြီးတစ်ခုအတွင်းသို့ ရောက်လာလေ၏။ ထိုနေရာများမှာ ယခင်ကထက်မှောင်ပြီးလျှင် လင်းနို့များသည်လည်း မည်သည့်နေရာမှ ပျံသန်းလာသည်မသိ ကျွန်ုပ်တို့၏မီးအိမ်များကို ဝင်၍တိုးဝှေ့ကြကုန်၏။ ကျွန်ုပ်တို့မီးရောင်ကျရာ ရှေ့အရပ်၌ကား . . . အလယ်တွင် ကျောက်ကုလားထိုင်ကြီးတစ်လုံးရှိ၍ ထိုင်သည့်နေရာတွင် လူ၏အရိုးစုတစ်ခုရှိနေ၏။ ၎င်းနှင့်အတူ ရွှေသရဖူတစ်ခုနှင့်တကွ ရာဇလှံတံတစ်ချောင်းသည်လည်း

ကောင်း လက်ကောက် ပုတီးနားထောင်းနှင့်တကွ ဓား ပုဆိန် လှံ ဒိုင်း စသောလက်နက်များသည်လည်းကောင်း ရှိနေ၏။ ထိုကုလားထိုင်ကြီးကို စက်ဝိုင်းသဏ္ဍာန်ပြုကာ အခြားလူ့ရိုးများသည်လည်း သူ့နေရာနှင့်သူ သူ့လက်နက်များနှင့်သူ ရှိနေကြ၏။ ထိုမျှသာမက အရိုးစုတစ်ခုစီ၏ရှေ့တွင် ရွှေခွက်များ ရွှေပုတီးများ လက်စွပ်များ ခြေချင်းများ နားထောင်းများနှင့် အခြားတိုလီမိုလီ ပစ္စည်းကလေးများကို ကြေးလင်ပန်းတစ်ချပ်စီနှင့် ထည့်ထားရာ အရိုးစုပေါင်း ၅၀ ကျော်ခန့်ပင် ရှိပေမည်။ ဘုရင်မက ကျောက်ကုလားထိုင်ရှိရာသို့ ညွှန်ပြလျက် . . .

“ကြည့်လိုက်ကြစမ်း . . . ကျောက်ကုလားထိုင်ပေါ်က အရိုးက ရှင်ဘုရင်ရဲ့အရိုး၊ တခြားဟာတွေက သူ့မှူးမတ်သေနာပတိတွေ၊ သူသေတော့ ကျန်တဲ့လူတွေဟာ နောက်ဘဝကို သူ့အခြွေအရံအဖြစ်နဲ့ လိုက်ရမယ်ဆိုပြီး သတ်ပစ်လိုက်ကြတယ်၊ ဦးခွံတွေကို စေ့စေ့စပ်စပ်ကြည့်ရင် ဒဏ်ရာတွေတောင် တွေ့ပါလိမ့်မယ်”

ဟု ပြောသဖြင့် ကွင်က ဦးခွံတစ်လုံးကို ကိုင်၍ကြည့်ပြီးလျှင် . . .

“ဟုတ်တယ် . . . ကပ္ပတိန်”

ဟု ပြောပြီးနောက် လျင်မြန်စွာ လွှတ်ချလိုက်လေ၏။

“ကျွန်ုပ်ရဲ့လူမျိုးတွေကတော့ ဒီထုံးစံတွေကို မယူကြပါဘူး . . . ကိုင်း ရှေ့ဆက်သွားကြဦးစို့”

သို့နှင့် ဆက်လက်လျှောက်သွားကြရာ ခြေလှမ်းအစိ သုံးဆယ်ခန့်သွားမိတိုင်း အလယ်မှကျောက်ကုလားထိုင်တစ်လုံးနှင့် နံဘေးမှ ဝိုင်းရံလျက်ရှိသော အရိုးစုများကို တွေ့ရလေရ အခြွေအရံများလျှင် များသည့်အလျောက် အရိုးစုများ များပြီးလျှ

ပစ္စည်းဥစ္စာပေါလျှင်လည်း ပေါသည့်အလျောက် လင်ပန်းများထဲတွင် ရတနာများပြည့်လျက် ရှိကြ၏။ သို့နှင့် ကျွန်ုပ်သည် ပထမမှ ဒုတိယစုသို့ အစဉ်အတိုင်းသွားလေသော် . . . ကျုပ်မှတ်သားမိသလောက် ၂၅ ခုမြောက် ကျောက်ကုလားထိုင်သို့ရောက်သောအခါ နံဘေးပတ်ဝန်းကျင်မှ အရိုးစုများသည်လည်း အခြားအစုများထက် နှစ်ဆမျှ များပြားလျက် ပစ္စည်းဥစ္စာ ရတနာ ရွှေငွေတို့မှာလည်း အခြားတွေ့ခဲ့ရသော လင်ပန်းများထက် နှစ်ဆခန့်စုပုံနေသည်ကို တွေ့ရ၏။ ကျောက်ကုလားထိုင်ပေါ်ရှိ အရိုးစုကြီးမှာ ကျောက်တုံးထက်တွင် ဘုကြီးတစ်ခုရှိနေလျက် တစ်ကြိမ်က “မား” မြို့ကြီးတွင် အလွန်တန်ခိုးကြီးသော ခါးကုန်းဘုရင်တစ်ပါး မင်းမူခဲ့ကြောင်း ထင်ရှားလေသည်။

“ကိုင်း . . . ကပ္ပတိန် ကျွန်ုပ်တို့ဒီနေရာက ပြန်လှည့်ရလိမ့်မယ်၊ ဂူကြီးက ဂူဝိုင်းကြီးပဲ . . .”

ဘုရင်မက ပြောလိုက်သော်လည်း ကပ္ပတိန်အိုလီဗာမှာ ဘုရင်မ၏နောက်မှထွက်ခဲ့ပြီးလျှင် ခါးကုန်းဘုရင်ကြီးအရိုးစုရှိရာ ကျောက်ကုလားထိုင်ကြီး၏နောက်တွင် အတိုင်းအထွာများယူနေသည်ကိုတွေ့ရသဖြင့် ဘုရင်မသည် သူ့နောက်သို့လိုက်ပါသွားလေ၏။ ထို့နောက် ဘုရင်မသည် အိုလီဗာကိုင်ဆောင်ထားသော အိမ်မြှောင်အကြောင်းကို မေးမြန်းလျက်ရှိရာ . . . အိုလီဗာက ဤကျောက်ကုလားထိုင်၏ အခြားဘက်မှာ နေထွက်သောနေရာ အရှေ့အရပ်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ရောက်နေသည့်နေရာမှာ ပင်လယ်ရေပြင်ထက် မည်မျှမြင့်သည်ကိုသိရကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြလျက်ရှိလေ၏။

“ဒီကျောက်ကုလားထိုင်ကြီးရဲ့ ဟိုဘက်မှာ ဘာရှိသလဲ ဘုရင်မ”

"ဟိုဘက်မှာ ဖန်းရုပ်တုကြီးရှိတာပေါ့ ဘယ်လောက်ဝေးတယ်လို့တော့ တပ်အပ်မပြောနိုင်ဘူး ဒီလို ဒေါက်တာရဲ့၊ ဒီမြေအောက်ကျောက်ဂူကြီးကို ကျွန်ုပ်တို့တွေ့ရတာ နှစ်ပေါင်းမကြာလှသေးဘူး . . . ကိုင်း . . . ဒေါက်တာ ကျွန်ုပ်မီးအိမ်ကို ဆီဖြည့်ပါဦး . . ."

ကျွန်ုပ်က မီးအိမ်ကိုဆီများထပ်မံ၍ ဖြည့်ပေး၏။ ဘုရင်မက အိုလီဗာအား အိမ်မြှောင်နှင့် တိုင်းထွာ၍ရသည့် အတိုင်းအထွာများကို မေးမြန်းလျက်ရှိရာ အိုလီဗာက ယခုကောင်းစွာမပြောနိုင်သေးကြောင်း၊ ကုလားထိုင်၏ နောက်တွင် ဖန်းရုပ်တုတည်ရာအပြင်သို့သွားနိုင်သည့် တောင်ကြားလမ်းဟောင်းတစ်ခုရှိခဲ့ဟန်တူကြောင်း၊ သို့သော် ယခုအခါ ပိတ်ဆို့နေပြီဖြစ်၍ တပ်အပ်သေချာ မပြောနိုင်ကြောင်း ရှင်းလင်းပြလေ၏။

"ကပ္ပတိန်က သိမ်ပြီးတတ်ကျွမ်းတာပဲနော် . . . ဒါပေမယ့် ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘဲ ကိုယ့်ဝမ်းထဲမှာသာထားဦး"

ကပ္ပတိန်အိုလီဗာသည် ဘုရင်မ၏အမိန့်ကိုနာခံဟန်ဖြင့် ဦးခေါင်းကို ညွတ်လိုက်လေသည်၊ ထို့နောက် ကျွန်ုပ်တို့လည်း လှည့်၍ပြန်ကြရလေရာ အရိုးစုများနှင့် ကျောက်ကုလားထိုင်များ ထပ်မံတွေ့ရှိသော်လည်း ငြီးငွေ့လှပြီဖြစ်၍ ပြန်၍ပင် မကြည့်မိတော့ချေ။ အချို့အရိုးစုများ၌မူ လင်ပန်းများတွင် ရွှေငွေရတနာဟူ၍အလျဉ်းမရှိဘဲ သေစဉ်က စားရေရိက္ခာများသာ ထည့်၍ထားခဲ့ဟန်တူ၏။ ထိုအရိုးစုများကား အက်ဗတီတို့လာရောက်မအုပ်စိုးမီ ငလျင်ကြီးလှုပ်ပြီးနောက် တိုင်းပြည်တွင် ကျန်ရစ်ခဲ့သမျှ လူများ၏ ဖြစ်ဟန်လက္ခဏာရှိ၏။ သို့ရှိစဉ် ရုတ်တရက် ကွစ်၏အသံဖြင့် . . .

"ဟာ . . . ကျွန်တော့်မီးအိမ် ဘယ်လိုဖြစ်ပါလိမ့် . . .

ဆီလည်းအရှိသားနဲ့ . . . ဟင် မီးစာကုန်တာဆရာကြီးရေ"

ဟု ပြောသဖြင့် ကြည့်လိုက်ရာ မီးအိမ်မှာ တဖြည်းဖြည်းမှိန်လာရာမှ နောက်ဆုံး ဟုတ်ခနဲတစချက်တောက်ကာ ငြိမ်းသွားလေ၏။ ထိုအချိန်၌ ကျွန်ုပ်၏မီးအိမ်မှာလည်း အတော်ပင်မှိန်လာပြီဖြစ်၍ မြှောက်ကြည့်လိုက်ရာ မီးစာမှာ ကုန်သလောက်ဖြစ်နေကြောင်းတွေ့ရ၏။ ထိုမီးအိမ်များမှာ မီးစာကိုလှည့်ရန် ဝက်အူများမပါချေ။

"ဟာ . . . ဆရာကြီးမီးအိမ်လည်း ငြိမ်းသွားပြီကော . . . ကျွန်တော့်ပခုံးကိုင်ထား ဆရာကြီး . . . အဲ . . . ဟုတ်ပြီ . . ."

သို့နှင့် ကျွန်ုပ်တို့နှစ်ယောက်မှာ မှောင်ကြီးထဲတွင် ကျန်ရစ်ခဲ့လေ၏။ ဆီဗူးပင်ပါသော်လည်း ကျွန်ုပ်တို့သည် မီးစာအပိုများယူခဲ့ရန် သတိမေ့၍ နေခဲ့လေသည်။ ဘုရင်မနှင့် အိုလီဗာတို့မှာ မီးအိမ်တစ်လုံးသာရှိရာ ယခင်ကပင် ရှေ့ကသွားနှင့်သည်ဖြစ်၍ ကျွန်ုပ်တို့မီးအိမ်များပြင်ခိုက် ကျွန်ုပ်တို့ရှေ့ အတော်ဝေးရောက်၍နေလေပြီ။ နောက်တခဏ၌ ဘုရင်မသည် သူ၏မီးအိမ်ကလေးကိုမြှောက်ကာ ကျွန်ုပ်တို့အား ခေါ်လျက်ရှိရာ အသံမှာမူ သဲ့သဲ့မျှသာ ကြားရ၏။ ထို့နောက် ကပ္ပတိန်၏အသံဖြင့် . . .

"ဒီနေရာမှာပဲ ရပ်နေကြဗျို့ . . . ကျုပ်တို့ပြန်လာခဲ့မယ်"

ဟု အော်လိုက်သဖြင့် ကွစ်က . . .

"ဟုတ်ကဲ့ . . . ကပ္ပတိန်"

ဟု ပြန်၍ပြောလိုက်သေး၏။ သို့သော် ထိုခဏ၌ပင် ဘုရင်မကိုင်ထားသော မီးအိမ်မှမီးရောင်သည် တဖြည်းဖြည်းဝေး၍ သွားပြီးလျှင် နောက်ဆုံး မီးပွားကလေးတစ်ခုကဲ့သို့ မြင်ရပြီးနောက် တစ်ခါတည်း ပျောက်ကွယ်၍ သွားလေ၏။

ဂူအတွင်း မှောင်ကြီးထဲ၌ ကျွန်ုပ်တို့ရှိနေပုံကို အထူးချဲ့

ထွင်ရေးသားရန် မလိုတော့ပေ။ အိုလီဗာ၏အသံမှာ ကျွန်ုပ်တို့၏ လက်ယာဘက်မှတစ်ကြိမ်ကြားရပြီးလျှင် . . . နောက်တစ်ကြိမ် ၌မူ ကျွန်ုပ်တို့နောက်မှ သဲ့သဲ့မျှကြားရပြန်၏။ သို့နှင့် ကျွန်ုပ်တို့ လည်း အသံလာသည်ဟု ထင်ရသောနေရာသို့ သွားကြလေ၏။ တစ်ကြိမ် ကျွန်ုပ်သည် လင်ပန်းတစ်ခုကို ခလုတ်တိုက်၍လဲရာ ကွစ်၏ ဘိနပ်မှတ်သဖြင့် လှမ်း၍ဆွဲလိုက်သည်တွင် ဦးခေါင်းခွံ ကြီးတစ်ခုကို ကိုင်မိသဖြင့် လွှတ်ချလိုက်ရလေ၏။ ထို့နောက် အလွန်ဝေးသော အရပ်ဆီမှ အသံတစ်သံကဲ့သို့ ကြားရ၏။ သို့ သော် ကျွန်ုပ်တို့အသံများပင် ပဲ့တင်ထပ်ကာ ပြန်၍လာခြင်းပေ လော မပြောတတ်သည်နှင့် ပါးစပ်ကိုပင် မဟဝံ့တော့ချေ။ သို့နှင့် ကျွန်ုပ်နှင့်ကွစ်သည် နာရီဝက်နီးပါးမျှ မှောင်ထဲတွင် အသံများ သဲ့သဲ့ ကြားသည်ထင်ရသော နေရာသို့သာ ရော်ရမ်းမှန်းဆကာ သွားလျက်ရှိကြကုန်၏။ ကွစ်သည် ဆောင်းဘီအိတ်ကိုစမ်းသပ် ကာ လှုပ်လှုပ်ရွရွလုပ်နေသဖြင့် ကျွန်ုပ်ကမေးရာ . . .

“ကျွန်တော်လန်ဒန်ကမထွက်ခင် ဒီဆောင်းဘီအိတ်ထဲမှာ မီးခြစ်တစ်ဘူး ထည့်ထားဘူးတာ သတိရလို့ခင်ဗျာ . . . ဟော တွေ့ပြီ . . .”

ထိုအခါ ကွစ်သည် မီးတုတ်လုပ်ရန် ယူလာသော တုတ် ကလေးတစ်ချောင်းကို အဝတ်စတစ်ခုဖြင့်ရစ်ပတ်ပြီးလျှင် ဆီအိုး ထဲသို့ နှစ်ပြီးနောက် မီးခြစ်၍ ထွန်းညှိလေ၏။ မီးလင်းသွားသည် နှင့်တပြိုင်နက် ကျွန်ုပ်တွေ့မြင်ရသောအရာမှာ အံ့ဩစရာလည်း ကောင်း ရယ်စရာလည်း ကောင်းဆိုသကဲ့သို့ ရှိတော့၏။ မီးရောင် ကျရာ အစွန်း၌ ကျောက်လှေကားထစ်တစ်ခုပေါ်တွင် အိုလီဗာ နှင့် ဘုရင်မသည် နီးကပ်စွာထိုင်လျက် အိုလီဗာသည် ဘုရင်မ ၏ခါးကို လက်တစ်ဘက်ဖြင့် ဖက်ထားပြီးလျှင် ဘုရင်မနှင့် မျက်

နှာချင်း ထိလုမတတ်ရှိလေ၏။ ထိုအခါ ကွစ်က . . .

“ဟိုက် . . . နေရာကျတာပဲ ဒေါက်တာ သူတို့နှစ်ယောက် တော့ . . .”

ထိုအခါ ကျွန်ုပ်လည်း ချောင်းဟန့်လိုက်၏။ ထို့နောက် ကွစ်က ဤကဲ့သို့ ပြန်၍တွေ့ဆုံရသည့်အတွက် အလွန်ကောင်း ကြောင်း၊ မီးခြစ်ကို မည်ကဲ့သို့ ရှာဖွေတွေ့ရသည့်အကြောင်းများ ကို ကပ္ပတိန်အား ပြန်ပြောင်းပြောဆိုလျက်ရှိလေ၏။ ထိုအချိန်၌ ဘုရင်မမှာ အိုလီဗာ၏လက်ထဲတွင် မိန်းမောလျက်ရှိနေသဖြင့် အိုလီဗာက . . .

“ကိုင်း . . . တတ်သမျှ မှတ်သမျှ လုပ်စမ်းပါဦး ဒေါက်တာ ပြီးတော့ ကျုပ်က မီးတုတ်နဲ့ရှေ့က သွားပါ့မယ်၊ သူ့ကိုဒေါက်တာပဲ တွဲခဲ့ပါတော့”

ဟု ပြောသဖြင့် ကျွန်ုပ်သည် ဘုရင်မအား သတိရလာ အောင် ပြုလုပ်ပေးရ၏။ မကြာမီ ဘုရင်မသည် ကောင်းစွာသတိ ရလာပြီဖြစ်၍ ကျွန်ုပ်တို့လည်း ပင်ပန်းကြီးစွာနှင့်ပင် ဆက်လက် သွားလေရာ . . . အကွေ့တစ်ခုကိုလွန်ပြီးနောက် ကျွန်ုပ်တို့ဝင်ခဲ့ သော ကျောက်နံရံအပေါက်မှ မီးအိမ်ကိုမြင်ရလေ၏။

ထိုနေ့ည အိပ်ရာဝင်ခါနီး၌ ကျွန်ုပ်နှင့် ကပ္ပတိန် အိုလီဗာ တို့သည် ရှေးဘုရင်များ၏ သချိုင်းရာ ကျောက်ဂူကြီးထဲ၌ဖြစ် ပျက် တွေ့ကြုံရပုံများကို စမြုံ့ပြန်လျက်ရှိရာမှ ကျွန်ုပ်က စကားကို လှည့်၍ . . .

“ဒီအရိုးစုတွေက ဘာဟုတ်သေးသလဲ၊ ဒီထက်ဆန်းတာ တောင် ကွစ်က မြင်သေးတယ်ပြောတာပဲ၊ ကျုပ်တော့ အသက်က လည်းကြီး မျက်စိကလည်း သိတော့ အသေအချာမြင်လိုက်ပါ ဘူး”

"ဘာလဲ ဒေါက်တာရဲ့ ပြောစမ်းပါဦး"

"ကျုပ်တို့ရဲ့ ခေါင်းဆောင်ကပ္ပတိန်က မာကွီဒါဘုရင်မကို ပွေ့ဖက်ထားလိုက်တာ မှောင်ထဲမှာ ကွစ်က မျက်စေ့မှားလို့လားတော့ မပြောတတ်ဘူး"

"အမှန်ပြောရမယ်ဆိုရင်တော့ ဒေါက်တာ ကျုပ်တို့ဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေကြပြီ၊ ကျုပ်လည်း အစက ဘယ်လိုမှ သဘောမထားမိပါဘူး၊ မှောင်ထဲမှာ အမှတ်မဲ့ဖြစ်သွားတဲ့ကိစ္စပါပဲဗျာ . . ."

"တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြတယ်ဆိုတာ သဘောတရားအားဖြင့်တော့ မှန်မြတ်တဲ့ ကိစ္စတစ်ခုပဲ။ သို့သော်လည်း ကျုပ်တို့ရဲ့အခြေအနေအရဆိုရင် မဖြစ်သင့်တဲ့အလုပ်တစ်ခုပေါ့ ကပ္ပတိန်၊ လန်ဒန်က မထွက်ခင် ကျုပ်တောင်းဆိုတဲ့ ခံဝန်ချက်ထဲမှာ ဘုရင်မနဲ့တွေ့တဲ့အခါ ဘယ်နည်းနဲ့မှ မချစ်ကြိုက်ရဘူးဆိုတာ ခင်ဗျားမေ့နေပြီထင်တယ်"

"ကျုပ်ခေါင်းလဲ ဒိုင်းနမိုင်းခွဲပြီးကတည်းကတယ်မကောင်းပါဘူးဗျာ၊ တကယ်မေ့နေတယ်ဗျို့ ခင်ဗျား အခုပြောမှပဲ သတိရတော့တယ်"

ဤနေရာတွင် ကွစ်က ဘိုအာစစ်ပွဲတွင် ဒိုင်းနမိုင်းခွဲသော စစ်သားတစ်ယောက်မှာ သူ၏နာမည်ကိုပင် အမှတ်မရတော့ပဲ သတိလစ်သွားဖူးကြောင်း၊ သူ့ဆရာဘက်မှ ထောက်ခံပြောဆိုသေး၏။ ဘုရင်မဘက်မှကြည့်လျှင်လည်း ရဟူဒီသွေးတစ်ဝက်ပါ၍ မယဉ်မရိုင်း တိုင်းရင်းသူတစ်ယောက်ပင် ဖြစ်သော်လည်း ရုပ်ရည်အားဖြင့်လည်းကောင်း အပြောအဆို အမူအရာအားဖြင့်လည်းကောင်း အမျိုးအနွယ်အားဖြင့်လည်းကောင်း အထက်တန်းကျလှသဖြင့် စွဲမက်လောက်သော မိန်းမတစ်ယောက်ဖြစ်ပေ၏။

သူသည် သတ္တိကောင်း၍ ရုပ်ရည်သနားကမားရှိသော အင်္ဂလိပ်လူမျိုးတစ်ယောက်နှင့် ကံအားလျော်စွာလာ၍တွေ့ဆုံရာ တွေ့ဆုံသည်မှာလည်း နီးနီးကပ်ကပ်တွေ့ရခြင်းဖြစ်ရကား . . . လူငယ်တို့ဘာဝ တစ်ဦးနှင့်တစ်ဦးမေတ္တာမျှခြင်းကို ကျွန်ုပ်တို့ အပြစ်ဆိုဖွယ်ရာ မရှိချေ။ သို့သော် အခြားတစ်ဘက်မှကြည့်လျှင်လည်း ဤကိစ္စမှာ ကျွန်ုပ်တို့အစီအစဉ်တွင် ကြောက်မက်ဖွယ်ကောင်းသော အနှောင့်အယှက်ကြီးတစ်ခုဖြစ်ရန်ရှိ၏။ အထူးသဖြင့် ဦးရှီးတော် ဂျိုရှူအာမှာ ဘုရင်မ၏မေတ္တာကို မရအရ လုယူတိုက်ခိုက်နေသူဖြစ်ရကား ဤကိစ္စပေါက်ကြားခဲ့သော် ကျွန်ုပ်တို့မည်ကဲ့သို့ဖြစ်မည်ကို တွေးမိတိုင်း ကျွန်ုပ်မှာ ရင်လေးမိတော့၏။

* * ၄ * *

ဟာစ်အားကယ်ဆယ်ရန်အကြံထုတ်ခြင်း

နောက်တစ်နေ့ နံနက်စာစားချိန်၌ ကျွန်ုပ်တို့သည် ကိုယ့်စိတ်ကူးနှင့်ကိုယ်ရှိနေကြသဖြင့် လွန်စွာစကားနည်းလျက်ရှိကြကုန်၏။ သို့ရှိစဉ် ဘုရင်မထံမှ သံတမန်တစ်ယောက်ရောက်လာပြီးလျှင် . . . နာဂါစတာဘုရင်မသည် ကျွန်ုပ်တို့သုံးယောက်အား နာရီဝက်အတွင်းတွေ့လိုကြောင်းနှင့် ပြောလေ၏။ သို့နှင့် ကျွန်ုပ်တို့သည် မည်သည့်အတွက်တွေ့လိုသည်ကို စဉ်းစား၍မရနိုင်အောင် ရှိတော့၏။

ချိန်းဆိုထားသော အချိန်သို့ရောက်လတ်သော် ကျွန်ုပ်တို့အား နန်းတော်၏ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်သွားရာ ကျွန်ုပ်က . . .

“သတိထားဗျို့နော် ကပ္ပတိန် ခင်ဗျားအမူအရာကိုရော ခင်ဗျား ပြောတဲ့စကားတွေကိုရော သူတို့အကဲခတ်နေကြတယ် ဗျာ”

ဟု ကပ္ပတိန်အနီးသို့ကပ်၍ သတိပေးလိုက်သေး၏။ မာကွီဒါအား စင်မြင့်တစ်ခုပေါ်တွင် တရားသူကြီးများနှင့် ဂိုရဂျုအာ ကြီးမှူးသောအရာရှိအချို့ဝိုင်းရံလျက်ရှိ၏။ ကျွန်ုပ်တို့က ထုံးစံအတိုင်း ဦးညွှတ်၍အရိုအသေပြုလေရာ . . . ဘုရင်မကလည်း မသိမသာပြန်၍ ဦးခေါင်းကိုညိတ်လိုက်လေသည်။ ထို့နောက် ဘုရင်မက ကျွန်ုပ်တို့အား နှုတ်ခွန်းစကားပြောပြီးနောက် . . .

“မိတ်ဆွေတို့ သင်တို့အား ယခုခေါ်ရခြင်းအကြောင်းမှာ ယခုနံနက် သစ္စာဖောက် ရှာဒရက်အား သတ်ရန်ထုတ်သွားသောအခါ သူက အကယ်၍ သူ့အသက်ကိုချမ်းသာပေးက သင်တို့မိတ်ဆွေကြီးအား . . . ကယ်ဆယ်နိုင်သည့် နည်းလမ်းကို ထုတ်ဖော်ပြောမည်ဆိုသဖြင့် ဆိုင်းငံ့ထားခြင်းဖြစ်၏”

“ဘယ်လိုကယ်ရမှာလဲ ဘုရင်မ”

ဟု ကျွန်ုပ်ရော အိုလီဗာပါ တပြိုင်နက် မေးလိုက်၏။ ထိုအခါ ဘုရင်မကလည်း ရှာဒရက်အား ခေါ်ခဲ့ရန်အမိန့်ပေးလေရာ . . . မကြာမီ အစောင့်နှစ်ယောက်တို့သည် ရှာဒရက်အား မလွယ်ပေါက်တစ်ခုမှ ဘုရင်မရှေ့သို့ သွင်းခဲ့လေ၏။ ရှာဒရက်မှာ တဆတ်ဆတ်တုန်လျက် လက်ပြန်ကြိုးများ ချည်နှောင်ထားရာမှ ဘုရင်မကို အရိုအသေပြုလေ၏။ ဘုရင်မက . . .

“အသင် သစ္စာဖောက် ကျွန်ုပ်တို့အား ဘာပြောရန်ရှိသနည်း”

“ဆူးတို့အလယ်တွင်ပေါက်အပ်သော နှင်းဆီမယ်ဘွဲ့ခံ ဘုရင်မ၊ ဤကိစ္စကား . . . လျှို့ဝှက်အပ်သောကိစ္စဖြစ်၍ လူအများရှေ့တွင် ကျွန်ုပ်ပြောရပါမည်လော”

ထိုအခါ ဘုရင်မသည် စစ်သားများနှင့် အာဏာသားများကို အခန်းတွင်းမှ ထွက်သွားစေ၏။ ဂိုရဂျုအာကလည်း ရှာဒရက်မှာ သေရမည့်သူဖြစ်၍ အစောင့်အရှောက်မရှိဘဲ မထားသင့်ကြောင်းဖြင့် သတိပေးသောအခါ ကွစ်က တာဝန်ယူလိုက်လေ

သည်။ ထိုအခါမှ ရှာဒရက်က . . .

"အို ဘုရင်မ မျက်လုံးတွင် ပြတင်းပေါက်အနက်တပ်ဆင်ထားသော လူဖြူကြီးကား ဖန်းရုပ်တုကြီး၏အတွင်း၌ ရှိနေပါသည်"

"သင်ဘယ်လိုသိသလဲ"

"ကျွန်ုပ်သိပါသည် ဘုရင်မ ဗာရန်ကလည်း ဤသို့ပင်ပြောပါသည်။ ထိုရုပ်တုသို့သွားရာ လျှို့ဝှက်သောလမ်းရှိ၍ သူ့အား ထိုလမ်းမှ ကယ်ဆယ်နိုင်ပါသည်။ ငယ်စဉ်က အတက်အချက်ကောင်းသဖြင့် ကျွန်ုပ်အား "ကြောင်" ဟုခေါ်ကြရာ ဖန်းတို့က ကျွန်ုပ်ကို ဖမ်းမိသွားပြီးလျှင် ခြင်္သေ့တွင်းထဲသို့ ပစ်ချစဉ်က ဤလမ်းကို ကျွန်ုပ်တွေ့ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏အသက်ကို ချမ်းသာပေးက ဤလမ်းကို ကျွန်ုပ်ပြပါမည် . . ."

"လမ်းပြရုံနဲ့ မပြီးသေးဘူး . . . ခွေးမိုက်၊ သင်သစ္စာဖောက်လို့ ရန်သူ့လက်ထဲရောက်သွားတဲ့လူကို သင်ကယ်ပြီးမပေးရင် သင့်အသက်သေရလိမ့်မယ် နားလည်လား . . ."

"အမှန်ပြောဖို့ ခက်လှပါသည် ဘုရင်မ၊ သို့သော် . . . ကျွန်ုပ်တတ်နိုင်သမျှ ကြိုးစားပါမည်။ ဘယ်နည်းနဲ့မဆို သူရှိသည့်နေရာသို့ သွားသောလမ်းကို ကျွန်ုပ်ပြပါမည်။ သို့သော် လမ်းကား ကြမ်းတမ်းလှပါသည်။"

ထိုအခါ ဂိုရှူအာက ဝင်၍ ဤမျှလောက် ကြမ်းတမ်းကြောက်မက်ဖွယ်ကောင်းသောလမ်းကို မသွားသင့်ကြောင်းဖြင့် ဟန့်တားသေး၏။ သို့သော် ဘုရင်မက . . .

"သွားမယ် ဦးရီးတော် . . . ကျွန်ုပ်ကိုမတားပါနဲ့၊ မားမြို့က အပြင်ဘက်ကိုထွက်နိုင်တဲ့လမ်းကို သိရရင် မကောင်းပေဘူးလား၊ သွားတာကတော့ အစောင့်အရှောက်ကောင်းကောင်းနဲ့

သွားရပေလိမ့်မယ်၊ ဦးရီးတော်လည်း ကျွန်ုပ်နဲ့လိုက်ဖို့ အသင့်ပြင်ထားပေတော့ . . . မွန်းတည့်ချိန်မှာ ကျွန်ုပ်တို့ထွက်ကြမယ်"

ထို့နောက် ဘုရင်မသည် ညီလာခံကို ရုပ်သိမ်းလိုက်၏။

ထိုနေ့ မွန်းလွဲပြီးနောက် ရှာဒရက် ခေါင်းဆောင်သော ကျွန်ုပ်တို့လူစုကလေးသည် မားတောင်များ၏ အနောက်ဘက်ချောက်ကမ်းပါးရှိရာ တောင်ထိပ်သို့ တက်လျက်ရှိလေ၏။ ကျွန်ုပ်တို့အောက် ပေပေါင်း ၁၅၀၀ ခန့်နိမ့်သောနေရာတွင် "ယာမာ့ခ်" မြို့ရှိရာ လွင်ပြင်ကြီးရှိ၏။ ဤနေရာတွင် ချောက်ကမ်းပါးမှာ ကွေ့ကောက်နေသဖြင့် ဖန်းရုပ်တုကြီးကိုကား မမြင်ရချေ။ တောင်ထိပ်သို့ ရောက်သောအခါ . . . ရှာဒရက်က လူနှင့်တကွ ပစ္စည်းများကိုပါ စေ့စပ်စွာကြည့်ရှုရေတွက်ရန်ပြောသဖြင့် ကျွန်ုပ်တို့လည်း ရေတွက်ကြရ၏။ ဘုရင်မ ဦးရီးတော် ဂိုရှူအာနှင့် ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုး ၃ ယောက် လမ်းပြသူ ရှာဒရက်နှင့် ကျန်လူများမှာ တောင်တက် တောင်ဆင်းကျွမ်းကျင်သော တောင်ပေါ်သားများဖြစ်၍ လူစုမှာ အားလုံး ၁၆ ယောက်မျှရှိ၏။ တောင်ပေါ်သားများမှာ ကြိုးများ မီးအိမ်များ ခေါက်၍ယူနိုင်သော ကြိုးလှေကားများပါရှိ၍ ကျွန်ုပ်တို့မှာ . . . ရိုင်ဖယ်နှင့် ခြောက်လုံးပြူး တစ်လက်စီ ပါရှိကြလေသည်။ ဘုရင်မမှာ သိုးမွေးအင်္ကျီကြမ်းကြီးကို ဝတ်ဆင်လျက်ရှိရာ တစ်မျိုးတစ်ဖုံကြည့်၍ကောင်းပေ၏။ ဤသို့ အသင့်ရှိနေကြပြီးနောက် ရှာဒရက်သည် ချောက်ဘက်ရှိ ခြုံပုတ်များရှိရာသို့ ကျွန်ုပ်တို့အား ခေါ်သွားပြီးလျှင် အပေါ်မှခြုံများကို ရှင်းလင်းလေရာ ရေညှိများတက်နေသော ကျောက်ဖျာတစ်ချပ် ပေါ်၍လာလေ၏။ ထိုကျောက်ဖျာကို ဖယ်လိုက်သောအခါ အတွင်း၌ လှေကားထစ်များကဲ့သို့ ဖြစ်နေသည့်တွင်းတစ်တွင်းကို တွေ့မြင်ရလေသည်။ ကျွန်ုပ်တို့မှာ ဤတွင်းထဲသို့ ဆင်း

ကြရမည်ဖြစ်၍ ဂျိုရှူအာသည် ဘုရင်မအား ဤအကြံကိုတစ်ခါတည်းလက်လျှော့ရန် တောင်းပန်လျက်ရှိရာ အိုလီဗာကလည်း ၎င်းအား မဆင်းစေလိုသည့် အရိပ်လက္ခဏာများကို ပြလျက်ရှိလေ၏။ ထိုအခါ ဘုရင်မက . . .

"ဒီအကောင်ပဲ ရှေ့က ခေါင်းဆောင်ပြီး ဆင်းဝံ့သေးတာ ကျွန်ုပ်တို့က ဘာမလိုက်ဝံ့စရာရှိသလဲ ဦးရီးတော် . . . ကိုင်းလေ အချိန်ကုန်ပါတယ် . . . ဆင်းရမယ့်အတူတူ မြန်မြန်ဆင်းဖို့သာ ပြင်ကြပါ . . ."

သို့နှင့် ကျွန်ုပ်တို့သည် လူများကို ရှေ့နောက် ကြိုးများဖြင့် တွဲ၍ ချည်နှောင်ရလေ၏။ ထို့နောက် မီးအိမ်များကို ထွန်းညှိပြီးလျှင် . . . ရှေ့ဆုံးမှ ရှာဒရက်ကသွား၍ ၎င်းနောက်မှ သူ၏အစောင့် ကွစ်နှင့်အတူ တောင်ပေါ်သားအချို့ လိုက်ကြ၏။ ဒုတိယလူစု၌ တောင်ပေါ်သားနှစ်ယောက် ဘုရင်မ ကပ္ပတိန်အိုလီဗာနှင့် ကျွန်ုပ်ကိုယ်တိုင်ပါရှိပြီးလျှင် ကျွန်ုပ်၏နောက်မှ ဂျိုရှူအာ လိုက်ပါလာ၏။ နောက်ဆုံး၌ ကျန်တောင်ပေါ်သားများက ရိက္ခာထုပ်များ ကြိုးအပိုများ ကြိုးလှေကားများ ဆီပုံးများနှင့် အခြား တိုလီမိုလီပစ္စည်းများကို သယ်ယူလိုက်ပါရလေသည်။

ပထမဆင်းရသော ပေ ၂၀၀ ခန့်၌ကား တွင်းကြီးမှာ သတ္တုတွင်းတစ်ခုမှ ပြွန်လုံးကြီးကဲ့သို့ ရှိနေ၍ လှေခါးထစ်များမှာ မတ်စောက်ရုံမျှမက ကျိုးပဲ့နေသော်လည်း ဆင်းရန်များစွာမခဲယဉ်းလှချေ၊ ကျွန်ုပ်တို့နောက်မှ ဂျိုရှူအာ လူဝကြီးတစ်ယောက်သာ တရှူးရှူး တရှားရှားဖြစ်၍နေလေသည်။ ထို့နောက် အရှေ့ဘက်ရှိ အခန်းကြီးတစ်ခုကဲ့သို့ ထိုးထွက်နေသော နေရာတစ်ခုကိုတွေ့ရပြီးလျှင် ခြေလှမ်း ၅၀ ခန့်မျှ သွားမိသောအခါ ဒုတိယတွင်းဝသို့ရောက်လာ၍ ယခင်က ဆင်းခဲ့သည့်အနက်မျှ ဆင်းရသော်လည်း ထိုနေရာ၌မူ လှေကားထစ်များမှာ ရေစားထားသည့် လက္ခဏာဖြင့် များစွာကျိုးပဲ့ပျက်စီးလျက်ရှိလေ၏။ အောက်မှ လေပင့်၍ တိုက်နေသဖြင့်လည်း မီးအိမ်များကိုထွန်းရန် ခဲယဉ်းလှ၏။

ထိုနေရာများ၌ကား လှေကားထစ်ဟူ၍ပင် မရှိသလောက်ဖြစ်၍ ကျွန်ုပ်တို့မှာ သတိကြီးစွာဖြင့် ဆင်းကြရ၏။ တစ်ကြိမ်၌ ဂျိုရှူအာသည် ကျွန်ုပ်နောက်မှ ခြေချော်၍ ကျလာရာ ကျွန်ုပ်သာ လက်မမြန်ဘဲ ကျောက်စွန်းတစ်ခုကို တွယ်၍မထားလိုက်ပါမူ ကျွန်ုပ်ကိုယ်တိုင် ဘုရင်မကိုယ်ပေါ်သို့ လဲကျကာ အားလုံးပင် တစ်ခါတည်း အောက်သို့ကျသွားရန်ရှိ၏။ ထိုအခါမှ ကျွန်ုပ်တို့နောက်မှ တောင်ပေါ်သားများရောက်လာပြီးလျှင် . . . ကြိုးများဖြင့် ဆွဲတင်ကယ်ဆယ်ရလေသည်။ ဂျိုရှူအာလည်း နောက်သို့ပြန်၍ တွင်းဝမှ စောင့်ဆိုင်းနေလိုကြောင်း ဘုရင်မအား ဟစ်အော်ပြောဆိုလေ၏။

"ဒါပေမယ့် ဦးရီးတော်ပြန်ပို့နေဖို့ အချိန်ကုန်ခံမနေနိုင်ဘူး ဦးရီးတော် . . ."

"ဒီနေရာမှာပဲ နေရစ်ပါရစေ မာကွီဒါ၊ သင်လည်း ကျွန်ုပ်နဲ့အတူ နေရစ်ပါ"

"မဖြစ်နိုင်ပါဘူး ဦးရီးတော် . . . ခရီးဖင့်အောင် မလုပ်စမ်းပါနဲ့ . . ."

ထို့နောက်၌ကား တောင်ပေါ်သားများမှာ လူဝကြီးအား တစ်ဘက်တစ်ချက်စီတွဲ၍ ခေါ်ခဲ့ရတော့၏။ အောက်သို့ ဆက်လက်ဆင်းကြသောအခါ ရှာဒရက်ပြောသည့်အတိုင်း လှေကားထစ်များသည် ယခင်ကထက် ကောင်းမွန်လာတော့၏။ ကျွန်ုပ်တို့မှာ အတွင်းသို့ ပေပေါင်း ၁၂၀၀ ခန့်မျှပင် ဆင်းမိကြသော်လည်း

လှေကားထစ်များမှာ မဆုံးနိုင်အောင် ရှိတော့၏။ ကျွန်ုပ်မှာအလွန်မောပန်းလျက်ရှိရာ . . . ဘုရင်မကိုယ်တိုင်မှာ အိုလီဗာ၏ပခုံးကို မှီ၍ လိုက်လေ၏။ သို့ရှိစဉ် ကျွန်ုပ်တို့ရှေ့မှ နေ၏အလင်းရောင်တစ်ခု ဝင်လာပြီးလျှင် ချက်ချင်းပင်ပျောက်ကွယ်သွားပြီးနောက် ကျွန်ုပ်တို့သည် တတိယတွင်းဝသို့ ရောက်လာပြီးလျှင် ကျွန်ုပ်တို့အား စောင့်ဆိုင်းနေသော ရှာဒရက်တို့လူစုကို တွေ့ရလေ၏။ ထိုအခါ ကပ္ပတိန်က . . .

"ဒီတွင်းက ဘယ်ဆင်းတာလဲ"

"တောင်အောက်မှာ သည့်ထက်နိမ့်တဲ့ မြေညီရှိပါသေးတယ်သခင် အဲဒီမြေပြင်အဆုံးမှာမှ ဖန်းတွေမွေးထားတဲ့ ခြင်္သေ့တွင်းရှိပါတယ်"

ထိုအခါ အိုလီဗာလည်း မျက်ခုံးတစ်ဘက်ကို ချီလိုက်ရာ ကွစ်က လေချွန်လိုက်သည်။ ထို့နောက် ကျွန်ုပ်တို့လည်း တဖြည်းဖြည်း ဆင်းခဲ့ပြန်ရာ နောက်ဆုံး၌ ဗက်မင်တံရိုက်သော ကွင်းကလေးခန့်ရှိသည့် ကုန်းမြေမြင့်ကလေးတစ်ခုပေါ်သို့ ရောက်ကြောင်း တွေ့ရလေ၏။ ကုန်းမြင့်ကလေးမှာ မြင့်မားမတ်စောက်သော ကျောက်နံရံကြီးတွင် အထစ်တစ်ခုသဖွယ်ဖြစ်နေပြီးလျှင် နံဘေးပတ်လည်၌ ခြုံများဝိုင်းရံလျက်ရှိနေရကား . . . အောက်သို့ ရုတ်တရက် မမြင်ရချေ။ အောက်၌ကား ပေထောင်ပေါင်းများစွာ နက်သည့် ချောက်ကြီးတည်ရှိလေသည်၊ ထိုချောက်ကြီးအတွင်းမှ အပေါ်သို့ ခပ်လျားလျားတက်လာသည့် ကျောက်ခက်တောင်ငယ်တစ်ခုလည်းရှိလေရာ . . . ထိုတောင်ငယ်မှ ကျောက်တန်းတစ်ခုသည် မြားတံကဲ့သို့ ထိုးထွက်လျက် ၎င်း၏အဆုံးတွင် တဲအိမ်တစ်လုံးစာခန့်ရှိသည့် အမြွာမြွာဖြစ်၍နေသော ကျောက်တက်ကျောက်ခက်များရှိ၏။ ကျောက်ခက်များရှိသည့်နေရာနှင့် ကျွန်ုပ်တို့ရောက်ရှိနေသော ကုန်းမြေမြင့်ကလေးမှာ မျက်နှာချင်းဆိုင်ဖြစ်ပြီးလျှင် . . . ပေ ၃၀ – ၄၀ ခန့် ကွာဝေးလေသည်။

ဘုရင်မသည် ရေတစ်ခွက် သောက်လျက်ရှိရာမှ ရှေ့သို့ လက်ညှိုးညွှန်၍ ရှာဒရက်အား . . .

"ဒီဟာက ဘာကြီးလဲကွဲ့."

"မှန်လှပါ . . . နာဂါစတာဘုရင်မ၊ ဤကျောက်နက်တောင်ကြီးကား . . . ခြင်္သေ့သဏ္ဌာန် ကျောက်တောင်ကိုထုလုပ်ထားသည့် ဖန်းရုပ်တုကြီးပင်ဖြစ်ပါသည်။ ၎င်းမှ ထိုးထွက်နေသော ကျောက်တန်းကြီးမှာ အမြီးဖြစ်၍ ကျောက်ခက်အုံကြီးမှာ ခြင်္သေ့အမြီးဖျားဖြစ်ပါသည်။ ရှေးက ဤနေရာမှ ခြင်္သေ့အမြီးဖျားသို့ ကူးနိုင်သော တံတားကလေးတစ်ခုရှိခဲ့သော်လည်း ယခု ပျက်စီး၍ နေပါပြီ . . . ကြည့်ပါလော့"

ကျွန်ုပ်တို့လည်း ရှာဒရက်ညွှန်ပြရာသို့ ကြည့်လိုက်ရာ ယခင်က တံတားဟောင်းနေရာကလေးကိုပင် တွေ့မြင်ရ၏။ ထိုအခါ ဘုရင်မက အိုလီဗာနားနားသို့ကပ်၍ . . .

"သူ ဒီလမ်းကနေပြီး ဖန်းတွေလက်ထဲက လွတ်လာတာနဲ့ တူတယ်၊ ပြီးတော့ ရန်သူတွေဆီကို သတင်းပို့နေတာလည်း ဒီလမ်းကပဲ ထင်တယ်"

ဟု ပြောလိုက်၏။

"သင် ဘာကြောင့် ကျွန်ုပ်တို့ကို ဒီနေရာအထိ ခေါ်လာရတာလဲ"

"ကျွန်ုပ်ပြောခဲ့သည့်အတိုင်း ကပ္ပတိန်ရဲ့ မိတ်ဆွေကိုကယ်ရန်ဖြစ်ပါတယ် . . . ဘုရင်မ . . . ရုပ်တုတွင်း၌ ချုပ်နှောင်ထားခြင်းခံရသူများမှာ နေထွက်ချိန်နှင့် နေဝင်ချိန်များတွင် ခြင်္သေ့၏ ကျောရိုးပေါ်သို့ အစောင့်အကြပ်မပါဘဲ လမ်းလျှောက်ခွင့်ရ၍

တပြည်သား မျက်မှန်ကြီးလည်း နေဝင်ချိန်တွင် ခြသေ့်ကျောရိုးပေါ်သို့ . . . ထွက်ကောင်းထွက်လာပါလိမ့်မယ်၊ ထိုအခါ ကျွန်ုပ်တို့က ရုပ်တုကြီးအမြီးဘက်သို့ ကူးကာ သွား၍ ကယ်ဆယ်ရန်ဖြစ်ပါတယ်”

“ဟဲ့ လူမိုက် . . . ဒီဟာကို ကူးလို့ဖြစ်ပါ့မလား”

“စိတ်ထင်သလောက် မခဲယဉ်းလှပါ ဘုရင်မ၊ ခြေလှမ်းအနည်းငယ်မျှ ချောက်ကိုဖြတ်၍ . . . အမြီးပေါ်သို့ ပေ ၁၀၀ ခန့် လျှောက်မိလျှင် . . . ခြသေ့်ကျောရိုးပေါ်သို့ ရောက်နိုင်ပါသည်။ အမြီးမှာလည်း ကောင်းစွာလျှောက်လောက်ပါသည်။ ကပ္ပတိန်အား ရဲရင့်သူတစ်ယောက်ဖြစ်၍ စွန့်စားဝံ့ပါလိမ့်မယ်”

“သင်က ဖန်းတွေလက်ထဲ ကျွန်ုပ်ကိုအပ်မလို့လား”

“အို . . . သွားရင် လိမ့်ကျမှာပေါ့ . . . မသွားရဘူး၊ ကပ္ပတိန် . . . မသွားရဘူး”

ဤနေရာတွင် ဂိုရှူအာကဝင်၍ ကပ္ပတိန်မှာ အလွန်ပဲရဲရင့်သည်ဟု မိမိကြားဖူးသည့်အတိုင်း ယခုကိစ္စ၌ သူရသတ္တိကိုပြရန်သင့်ကြောင်းနှင့် ဘုရင်မအား “တွန်း”လေရာ . . . မာကွီဒါသည် ဓားမကဲ့သို့ ခက်ထန်သော မျက်နှာထားဖြင့် . . .

“ကောင်းပြီ . . . ဦးရီးတော် ကပ္ပတိန်သွားလိမ့်မယ်၊ သူ့နောက်က ဦးရီးတော် ထပ်ကြပ်လိုက်ပေတော့၊ အက်ဗတီသွေးဟာလည်း နီရဲတဲ့ အကြောင်းပြလိုက်စမ်းပါ”

ဟု ပြန်၍ပြောလိုက်သောအခါမှ ဂိုရှူအာမှာ အမြီးကုပ်၍ သွားသော ခွေးတစ်ကောင်ကဲ့သို့ ရှိနေတော့၏။

အတန်ကြာ ဆိတ်ငြိမ်လျက်ရှိလေရာ . . . အိုလီဗာကား ထိုအချိန်တွင် ဘွတ်ဖိနပ်ကိုချွတ်၍ ပြီးလေပြီ . . . ထိုအခါ ဘုရင်မက မည်သည့်အတွက် ဘိနပ်ကို ချွတ်ကြောင်းမေးရာ အိုလီဗာက . . .

“ဘိနပ်မပါဘဲ လျှောက်မှသာ ခြသေ့်၏အမြီးပေါ်တွင် သွား၍လွယ်ကူပါမည်၊ ယခုကိစ္စမှာ ခဲယဉ်းသော်လည်း ကျွန်ုပ်အတွက် မစိုးရိမ်ပါနှင့် . . . ဘုရင်မ၊ ငယ်စဉ်မှစ၍ ဤကဲ့သို့ အခက်အခဲများကိုလုပ်ရန် ကျွန်ုပ်မှာ ကျင့်သားရလာသူဖြစ်ပါသည်။”

“အို . . . ဘာပဲပြောပြော ကျွန်ုပ်တော့ သင့်အတွက်စိုးရိမ်မိတာပဲ . . .”

ထိုအခါ ကွစ်လည်း ဘိနပ်ကိုချွတ်လျက်ရှိရာ ကပ္ပတိန်သည် ခက်ထန်သောမျက်နှာဖြင့် . . .

“ဆာဂျင့် . . . ကျုပ်ဟာ ကပ္ပတိန်၊ ခင်ဗျားကို ကျုပ်အမိန့်ပေးနေတယ် နားထောင်၊ ကျုပ်တစ်ယောက်ကလွဲလို့ ဘယ်သူမှ မလိုက်ရဘူး . . . တကယ်လို့ ကျုပ်တစ်စုံတစ်ရာဖြစ်ရင် ဒီဒိုင်းနမိုင်းတွေကို ခွဲဖို့ ခင်ဗျားတစ်ယောက်တော့ ကျန်ရစ်ခဲ့ရမယ်ဆိုတာ သိတယ် မဟုတ်လား . . .”

ကွစ်သည် ခြေစုံရပ်၍ ကပ္ပတိန်အား ဆလံပေးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့်ကွစ်တို့လည်း ချောက်ကိုကျော်ဖြတ်ကူးရမည့် ကြိုးတံတားကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် သွားရောက်ပြင်ဆင်လျက်ရှိ၏။ ကျွန်ုပ်က ကပ္ပတိန်နှင့် ရှာဒရက်တို့အပြင် မည်သူလိုက်ပါဦးမည်နည်းဟု မေးမြန်းသည်တွင် တောင်ပေါ်သားများခေါင်းဆောင် “ဂျေဖက်”ဆိုသူက သူလည်းလိုက်ပါမည့်အကြောင်း ပြောကြားရာ . . . ဘုရင်မသည် သူ့အားမြေနှင့်ကျွဲနွား အမြောက်အမြားပေးရန် ကတိပြုလေ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့မှာ အသင့်ရှိနေကြပြီဖြစ်ရာ ထိုအချိန်၌ ချောက်အတွင်းမှ ဟိန်းသံကြီးများကို ကြားရသဖြင့် ၎င်းမှာ ခြသေ့်များကို နေ့ည

အစာကျွေးခြင်းဖြစ်ကြောင်း၊ ယခုညမှာ လပြည့်နေ့ဖြစ်၍ ဟာစ်အား ခြင်္သေ့စာကျွေးမည်ဆိုပါက ယခုညပင် ဖြစ်လိမ့်မည့်အကြောင်း ရှာဒရက်က ပြောပြ၏။ မကြာမီ မှောင်စပြုလာသဖြင့် ရဲရဲနီသော နေလုံးကြီးမှ အရောင်များသည် ရုပ်တုကြီး၏အခြားဘက်တွင် ခပ်လင်းလင်းဖြစ်၍ နေလေ၏။

ထိုခဏ၌ ရုပ်တုကြီး၏ခေါင်းဘက်၌ နေရောင်ကိုနောက်ခံထားကာ လူရိပ်တစ်ခု ပေါ်လာပြီးလျှင် သီချင်းတစ်ပုဒ်ကို သီဆိုလိုက်ရာ အကယ်၍ ကွစ်သာ ဖမ်း၍ဆွဲမထားလိုက်ပါက ကျွန်ုပ်မှာ ချောက်ထဲသို့ ကျသွားမည်ဖြစ်၏။ ကျွန်ုပ်ထိတ်လန့်သွားခြင်းကား . . . အခြားမဟုတ် အသံမှာ ကျွန်ုပ်၏သား "ရောဒရစ်" ၏အသံဖြစ်သောကြောင့်ပေတည်း၊ ထိုအခါ ကျွန်ုပ်တို့အထဲတွင် လှုပ်လှုပ်ရွရွဖြစ်သွား၏။ အိုလီဗာက အသံကိုနှိမ့်လျက် . . .

"ဟာစ်လား . . . အဒမ်"

"မဟုတ်ဘူး . . . သီချင်းဆိုတာက ကျုပ်သား ရောဒရစ်ပဲ၊ တတ်နိုင်ရင် သူ့အသက်ကိုလည်း ကယ်ပါ ကပ္ပတိန် . . ."

ကွစ်က မှန်ပြောင်းဖြင့်ကြည့်လျက် . . .

"လူသေးသေးသွယ်သွယ် အင်္ကျီရှည်အဖြူကြီးဝတ်ထားတယ်၊ မျက်နှာကို ဟိုဘက်လှည့်နေလို့ မမြင်ရဘူး . . . ဟား မရှိတော့ဘူးဗျို့ ပျောက်သွားပြီ"

ဟု ပြောလိုက်၏။ ကျွန်ုပ်၏သားမှာ အပေါက်တစ်ခုခုအတွင်းသို့ ရုတ်တရက်ဝင်သွားဟန်ရှိ၏။ ကျွန်ုပ် မချင့်မရဲဖြစ်လျက်ရှိရာ ကပ္ပတိန်ကမူ အသက်မသေဘဲ တွေ့ရသည်ကိုပင် ကံကောင်းကြောင်းနှင့် အားပေးစကားပြောကြားရာ၏။ ထိုခဏ၌ ထိုနေရာဆီမှပင် လုံကိုင်စစ်သား ၃ ယောက် ပေါ်လာပြီးလျှင်

ရင်းတို့နောက်မှ တံပိုးခရာတစ်ခုကိုင်ထားသည့် လူတစ်ယောက်ပါလာ၏။ သူတို့သည် ခြင်္သေ့လည်ပင်းဆီမှ အမြီးရင်းအထိ ပတ္တရောင်လှည့်သည့်သဘောဖြင့် ရုပ်တုကြီး၏ကျောရိုးကိုတဖြည်းဖြည်း လျှောက်ကြည့်ပြီးနောက် ပြန်ကြရာ တံပိုးမှုတ်သမားက စူးရှစွာ တစ်ချက်မှုတ်လိုက်၏။

ထိုသူများ ကွယ်သွားပြီးနောက် လူတစ်ယောက်ပေါ်လာပြန်ရာ ဦးခေါင်းမှ ဦးထုပ်ပြားကြီး မျက်မှန်နက်ကြီးနှင့် ဆေးတံခေါက်ကြီးကို မြင်ရခြင်းအားဖြင့် ဟာစ်ဖြစ်နေကြောင်း ချက်ခြင်းပြောနိုင်ကြ၏။ ကျွန်ုပ်တို့ကား ဝမ်းသာ၍မဆုံးတော့ပြီ၊ ထိုအခါ အိုလီဗာသည် နေရာမှထ၍ . . .

"ဟုတ်တယ်ဗျို့ . . . ကျုပ်ဆရာကြီးအစစ်ပဲ ဟော့ ရှာဒရက် လှေကားဆွဲထုတ်ပြီး မင်းရှေ့က ကူးသွား ဒါမှ ငါ့ကိုတစ် တ်မရိုက်နိုင်မယ် . . ."

"ဒီလိုမဟုတ်ဘူး . . . ဒီခွေးကို အရင်မကူးစေနဲ့၊ သူ့မိတ်ဆွေ ဖန်းတွေနဲ့တွေ့ရင် ပြန်လာမယ့်အကောင် မဟုတ်ဘူး ဟော့ဂျေဖက် မင်းအရင်ကူးပေတော့ ဟိုဘက်ရောက်တဲ့အခါ လှေကားကို မြဲမြဲကိုင်ထား ဒီက ကပ္ပတိန်ကူးလိမ့်မယ်"

ဂျေဖက်သည် ဘုရင်မအား အရိုအသေပေးပြီးနောက် လှေကားကို ဆွဲထုတ်ကာ လှေကား၏ အစွန်းကို ခြင်္သေ့အမြီးမှ ကျောက်ကြားတစ်ခုတွင် သွင်းလေ၏။ ထို့နောက် လက်တစ်ဘက်ကိုမြှောက်၍ ဆုမွန်တောင်းပြီးလျှင် . . . သူ၏အဖော်များအား လှေကားအစွန်းကို ခိုင်မြဲစွာကိုင်ရန် ပြောပြီးနောက် ခိုင်မခိုင် သမ ခြေဖြင့်နင်း၍ စမ်းသပ်ကာ ကူးသွားလေ၏၊ ထို့နောက် အိုလီဗာ၏အလှည့်ဖြစ်တော့၏။ အိုလီဗာသည် ဘုရင်မအား ရှေ့မှာ ဦးညွှတ်လိုက်ပြီးနောက် ကျွန်ုပ်၏လက်ကိုဆွဲကိုင်နှုတ်ဆက်

လေ၏။ ကျွန်ုပ်က သူ၏နားနားသို့ကပ်၍ . . .

"ကျုပ်သားကိုလည်း ကယ်ပါနော် . . ."

ဟုပြောသည်တွင် အိုလီက . . .

"စိတ်ချပါဒေါက်တာ . . . ကျုပ်တတ်နိုင်သမျှ ကြိုးစားပါမယ် . . . ဆားဂျင့် ကျုပ်တစ်ခုခုဖြစ်ရင် ကိုယ့်ဝတ္တရားကို နားလည်တယ်နော် . . ."

ဟု ကွစ်အား ခေါင်းညိတ်နှုတ်ဆက်ပြီးနောက် ကူးသွားလေ၏။ ပထမခြေလှမ်း ၁၂ လှမ်း ၁၃ လှမ်းမှာ ခပ်မှန်မှန်ရှိနေလျက် . . . တံတား၏အလယ်တည့်တည့်လောက်သို့ရောက်လျှင် တံတားမှာ တစ်ဘက်က ဂျေဖက်ကကိုင်ထားသော်လည်း တစ်လက်မခန့် ရွေ့သွားသဖြင့် အိုလီဗာသည် တခဏမျှ ကိုယ်ကိုဟန်လျက် ရှိသဖြင့် ကျွန်ုပ်မှာ . . .

"တစ်ခါဖြင့် ခက်ရချေရဲ့"

ဟု အောက်မေ့လိုက်၏။ သို့သော် ဂျေဖက်က . . .

"မကြောက်ပါနဲ့သခင် တံတားခိုင်ပါတယ်"

ဟုပြောလိုက်သည်တွင် အိုလီဗာသည် ကိုယ်ကို ဟန်လျက် ခပ်မှန်မှန်ကူးသွားရာ တစ်ဘက်သို့ ရောက်သွားလေ၏။

အိုလီဗာသည် ဂျေဖက်ကို ကျော်လွန်ပြီးနောက် ဟာစ်ရပ်နေသောနေရာသို့ တည့်တည့်ကြီးလျှောက်သွားပြီးလျှင် ဟာစ်၏ပခုံးကို နောက်မှတို့လိုက်၏။ ဟာစ်သည် လန့်သွားသကဲ့သို့ဖြစ်နေရာမှ တစ်စုံတစ်ရာပြောကြားပြီးလျှင် ကျွန်ုပ်တို့ကုန်းမြင့်ကလေးရှိရာသို့ ညွှန်ပြ၏။ ထို့နောက် ဟာစ်က ခေါင်းခါ၍နေသည်ကို မြင်ရပြီးလျှင် ရုတ်တရက် ပျောက်ကွယ်သွားပြန်ရာ တစ်မိနစ်ခန့်မျှ ဤသို့ကြည့်နေရသောအချိန်ကို ကျွန်ုပ်မှာ တစ်နာရီခန့်မျှ ထင်မိ၏။ မကြာမီ အော်ဟာစ်သံများ ကြားရပြီးနောက် ဟာစ်၏ဦး

ခေါင်းသည် အောက်မှပေါ်လာပြီးနောက် ဖန်းစစ်သား ၂ ယောက်တို့သည် သူ၏လက်များကို ဆွဲကိုင်လျက်ရှိရာ . . ."

"ကပ္ပတိန်မြန်မြန်ပြေးပေတော့ ဒီအကောင် ၂ ယောက် ကျုပ်ခံချမယ်"

ဟူသောအသံကိုပင် ကျွန်ုပ်တို့နေရာမှ သဲ့သဲ့ကြားရ၏။

အိုလီဗာသည် တခဏမျှ ဆိုင်းငံ့နေသေးရာ ဂျေဖက်က အတင်းဆွဲခေါ်လျက်ရှိ၏။ သို့ရှိစဉ် ဖန်းစစ်သားများ၏ ဦးခေါင်းများ နောက်ထပ် ပေါ်လာရာ ထိုအခါမှ အိုလီဗာသည် လှည့်၍ ပြေးပြီးနောက် မကြာမီ ဂျေဖက်အား ကျော်၍တက်သွားလေ၏။ သူတို့နောက်မှကား . . . ဘုန်းကြီးများ စစ်သားများသည် ဓားကြီးကို ဝင့်ကာ လိုက်ပါလာကြကုန်၏။ ခြသေ့်အမြီးသို့ ရောက်သောအခါ၌ကား . . . ပြေးသူများက တစ်ယောက်စီပြေး၍ လိုက်သူများကလည်း တစ်ယောက်စီသာ လိုက်နိုင်ကြတော့၏။ ကြိုးတံတားသို့ရောက်သောအခါ အိုလီဗာမှာ တစ်ဝက်ခန့်ရောက်နေသည့် အချိန်၌ ဂျေဖက်အား စစ်သားတစ်ယောက်က နောက်မှနေ၍ ခြေတစ်ဘက်ကို ဆွဲလိုက်သဖြင့် ဂျေဖက်မှာ တံတားပေါ်သို့ မှောက်လျက်ကျသွားလေ၏။ ထိုခဏ၌ အိုလီဗာသည် ရှေ့သို့ မတိုးသေးဘဲ ရပ်တန့်ကာ ခါးထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူပြီးလျှင် ဂျေဖက်၏ခြေကို ဆွဲထားသော စစ်သားအား တည့်တည့်ကြီးချိန်၍ပစ်လိုက်ရာ . . . စစ်သားသည် လက်နှစ်ဘက်ကိုမြှောက်လိုက်ပြီးနောက် ချောက်ထဲသို့ ထိုးကျသွားလေ၏။ ထိုအချိန်၌ နှစ်ယောက်စလုံးပင် ရောက်ရှိလာကြလေပြီ။

အရဲစွန့်သော ဖန်း ၃ ယောက်တို့သည် ကြိုးတံတားမှ ကူးလာလျက်ရှိရာ . . . အလယ်လောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကွစ်သည် ကြိုးတံတားကို တစ်ခါတည်းဆွဲယူလိုက်ရာ ထို ၃ ယောက်တို့လည်း သူတို့၏ အဖော်နောက်သို့လိုက်ပါ

သွားကြကုန်၏။ ကျွန် စစ်သားများကိုကား . . . ထိုအခါ၌ မမြင်ရတော့ချေ။ မာကွီဒါမှာ ပြုံးရွှင်သောမျက်နှာနှင့် . . .

“သင့်ကိုတော့ ကျွန်ုပ် ချီးကျူးပါတယ် ကပ္ပတိန်”

ဟု အိုလီဗာအား ဆီးကြိုလျက်ရှိရာ . . . အိုလီဗာကမူ မျက်နှာကိုလက်နှစ်ဘက်ဖြင့်အုပ်လျက် . . .

“ကျုပ်တို့အကြံပျက်တာပဲ ဒေါက်တာ . . . ဒီကနေ့ည သူ့ကို အမှန်ပဲ ခြင်္သေ့စာကျွေးကြတော့မယ်ဗျာ၊ သူကလည်း ဒီအတိုင်းပြောရှာတယ် . . .”

ဘုရင်မသည် ဂျေဖက်အား လက်ကိုလှမ်း၍ပေးလေရာ ဂျေဖက်သည် လက်ကိုနမ်းရှုံ့၍ အရိုအသေပြုလေ၏။ ကျွန်ုပ်က အိုလီဗာအား အကြောင်းစုံမေးမြန်းရာ အိုလီဗာက . . .

“ဖြစ်ပုံတော့ မပြောနဲ့တော့ ဒေါက်တာ . . . သူကလည်း ဒေါက်တာရဲ့သား မပါရင် သူတစ်ယောက်တည်းတော့ မလိုက်ချင်ဘူး ပြောနေတယ်၊ အခုပဲ ပြန်ခေါ်ချေမယ်ဆိုပြီး လိုဏ်ပေါက်ထဲဝင်သွားတော့ ဆရာကြီးသားကို မတွေ့ဘဲ အစောင့်ကိုသွားတွေ့ပြီး ကိစ္စများကုန်တာပါပဲခင်ဗျာ၊ ကျုန်တာတွေတော့ ဆရာကြီးတို့မြင်တဲ့အတိုင်းပါပဲ၊ သူ့ကိုလည်း ဒီကနေ့ည လထွက်ပြီး ၂ နာရီကြာတဲ့အခါမှာ ခြင်္သေ့တွင်းထဲချပြီး ယဇ်ပူဇော်ကြမှာပဲတဲ့၊ ဒါကြောင့် သူလည်း သူ့ဒိုင်ယာရီစာအုပ်ထဲမှာ သေတမ်းစာရေးနေသတဲ့၊ ဒီသေတမ်းစာကို ဗာရုန်က သူသေပြီးတဲ့နောက် ကျွန်ုပ်တို့ဆီကို ပို့လိုက်လိမ့်မယ်တဲ့”

ဤအကြောင်းများကို ကြားရသောအခါ ကွစ်က ရာဒရက်အား . . .

“ဟေ့ ကြောင် . . . ငါပြောတာ နားထောင်၊ ခြင်္သေ့တွင်းထဲက မင်းဘယ်လိုလွတ်လာသလဲဆိုတာ ပြောပြစမ်း . . . လိမ် ပြောမယ်များတော့ စိတ်မကူးနဲ့နော် . . . ငါ့ခါးက သေနတ်ကြည့်ထား . . .”

“မပြောဝံ့ပါဘူး သခင်ကြီး . . . ခြင်္သေ့တွေကို အမဲသားချပြီး ကျွေးတဲ့ ခြင်းတောင်းထဲမှာ ကျွန်တော့်ကိုထည့်ပြီး သူတို့ကြိုးနဲ့ အပေါ်က လျှောချပါတယ်၊ ဒါပေမယ့် ကျွန်တော်က အခုန်အပျံကောင်းလေတော့ မြေကြီးပေါ် ခြင်းတောင်းမရောက်ခင် ခုန်ဆင်းပြီး မှောင်ကျတဲ့ တောင်ခါးပန်းတစ်နေရာ ကပ်နေရပါတယ်ခင်ဗျာ၊ သည့်နောက် လှောင်ချိုင့်သံတံခါးတွေကို အပေါ်ဆွဲပြီး မလိုက်တဲ့အခါ ခြင်္သေ့တွေထွက်လာပြီး ခြင်္သေ့မကြီးတစ်ကောင်ဟာ အနံ့ခံရင်း ကျွန်တော့်အနားရောက်လာပါရော၊ ဒီတော့ ကျွန်တော်လည်း လက်လှမ်းမမှီတမှီ ကျောက်ခွက်ကလေးတစ်ခုမြင်ရတာနဲ့ ဒီနေရာကို မရောက်ရောက်အောင် တွယ်ကပ်တက်တဲ့အခါ ခြင်္သေ့မက ခုန်ပြီးလက်နဲ့ပုတ်လိုက်တာ မျက်နှာမှာ လက်သည်းခြစ်မိလို့ အစင်းတွေထင်နေတာသာ ကြည့်ပါတော့ သည့်နောက် အင်မတန် စောက်တဲ့ကျောက်ကမ်းပါးရံကို လက်သည်းနဲ့ရော ခြေသည်းနဲ့ရော သွားနဲ့ရော တဖြည်းဖြည်းကုတ်ကပ်ပြီး အသက်ဘေးမို့ တက်ခဲ့ရ ၂ ရက်နဲ့ ၂ ညကြာမှ တောင်ထိပ်ကိုရောက်ပါတယ် သခင်ကြီး . . . ပြောလို့ ယုံနိုင်စရာ မရှိပါဘူးခင်ဗျာ . . .”

“နေပါဦး . . . ခြင်းတောင်းနဲ့အောက်ကို ချပေးတယ်ဆိုတာက ဘယ်နေရာက ချသလဲ”

“ရပ်တုကြီးရဲ့ ဝမ်းဗိုက်အောက်တည့်တည့်မှာ အပေါက်ကြီးရှိပါတယ် သခင်ကြီး၊ ပြီးတော့ ခြင်္သေ့တွေကို လွှတ်ဖို့ သံတံခါးကိုလည်း စက်သီးကြိုးနဲ့ အပေါ်ကနေပြီး တင်နိုင်ချနိုင်အောင် လုပ်ထားပါတယ်”

“ကိုင်း . . . ဒီလောက်သိရရင် တော်ပြီဟေ့”

* * * * *

ခြင်္သေ့တွင်းကြီး

ကျွန်ုပ်တို့သည် အခြေအနေအရ မည်သို့မည်ပုံလုပ်ရန် တိုင်ပင်လျက်ရှိကြ၏။ ရှာဒရက်၏စကားအဆုံး၌ ကပ္ပတိန်က–

“ကွစ်က ဘယ်လိုလုပ်ချင်လို့လဲ”

“ရှာဒရက်ပြောတဲ့အတိုင်းဆိုရင် အပေါ်က ဟစ်ကိုချပြီး လှောင်အိမ်တံခါးဖွင့်တဲ့အခါ ကျွန်တော်က ခြင်္သေ့တွေကို တတ်နိုင်သမျှ ရိုင်ဖယ်နဲ့ စောင့်ပစ်မယ်၊ ဒီအခါမှာ ဟစ်က ကြိုးလှေကားကို အရောက်ပြေးရမယ်”

“ကွစ် ခင်ဗျားချည်း မသွားရဘူး ကျုပ်လည်းလိုက်မယ်”

နောက်ဆုံး၌ ကျွန်ုပ်တို့လည်း အောက်ပါအတိုင်း သဘောတူကြ၏။ ဂျေဖက်သည်လည်း ကျွန်ုပ်တို့နှင့်လိုက်ပါရန် ကတိပေးပြန်သဖြင့် သူတို့သုံးယောက်က ရှေ့မှသွားနှင့်ပြီးလျှင် ကျွန်ုပ်က အပေါ်တွင်းဝမှ လိုရမယ်ရ သေနတ်နှင့် စောင့်နေရန်ဖြစ်လေသည်။ ကျွန်ုပ်မှာ အသက်အကြီးဆုံးဖြစ်သဖြင့် ဒုက္ခပေးလိုဟန်မတူချေ။ သို့သော် သေနတ်ပစ်ရာ၌မူ ကျွန်ုပ်လက်ဖြောင့်ကြောင်း သိကြသဖြင့် အပေါ်မှနေရသော်လည်း သူတို့အား များစွာအကူအညီပေးနိုင်ကြောင်း ယုံကြည်ကြလေသည်။ အိုလီဗာသည် ဘုရင်မအား တောင်ထိပ်သို့တက်၍ စောင့်ဆိုင်းနေစေလို၏။ သို့သော် မာကွီဒါကမူ မည်သို့ပင်ဖြစ်စေ နောက်ဆုံးအထိ စောင့်ဆိုင်းကြည့်တော့မည်ဟု ငြင်းပယ်လျက်ရှိလေသည်။ ဂျိုရှုအာကိုပင် ပြော၍မရချေ။ ဂျိုရှုအာက ဖန်းတို့သည် ကျွန်ုပ်တို့လာလမ်းကို သိသွားပြီဖြစ်၍ ထိုကုန်းမြေမြင့်သို့ တက်သည့်အပေါက်ကို ပိတ်ရန် အကြံပေးသဖြင့် ထိုအခါမှ ကျွန်ုပ်တို့လည်း အမှတ်ရကြလေ၏။ ကွစ်က ထိုလမ်းမှာ . . . ရုပ်တုကြီးအား မိုင်းဖြင့်ဖောက်ခွဲသည့်အခါ အသုံးကြလိမ့်မည်ဖြစ်ကြောင်း အကြံပေးသော်လည်း ကပ္ပတိန်ကမူ ရှေးဘုရင်များ၏ သင်္ချိုင်းမြို့မှလမ်းမှာ ပို၍သင့်လျော်ကြောင်းပြောသဖြင့် ကျွန်ုပ်တို့လည်း တောင်ပေါ်သားများကိုခေါ်ယူကာ . . . ကျောက်တုံးများဖြင့် ပိတ်ဆို့ကြလေ၏။

ဤသို့ ပြုလုပ်နေသည့်အချိန်၌ ဂျေဖက် ရှာဒရက်နှင့် ကွစ်တို့သည် ခြင်္သေ့တွင်းရှိရာသို့ ဆင်းသော တတိယတွင်းကြီးကို ဆင်းသက်ကြည့်ရှုပြီးနောက် ပြန်၍ရောက်လာကြပြီဖြစ်၏။ ကျောက်တုံးအချို့ကို ဖယ်ရှားခဲ့ပြီဖြစ်၍ ကြိုးလှေကားဖြင့် ဆင်းသက်မည်ဆိုက ခြင်္သေ့တွင်းသို့ ရောက်နိုင်ပြီဖြစ်ကြောင်းနှင့် ပြောကြားလေ၏။ သို့နှင့် ကျွန်ုပ်တို့သည် ယခင်က အစီအစဉ်အတိုင်း ပေ ၃၀၀ ခန့်နက်သော တတိယတွင်းကို ဆင်းသက်ကြရာ၊ နာရီဝက်ခန့်အကြာ ချောမောစွာရောက်ရှိကြလေ၏။ အောက်ဆုံး၌ကား လင်းနို့များဖြင့် ပြည့်နေသည့် လူများထွင်းထုထားသကဲ့သို့ အခန်းတစ်ခန်းကို တွေ့ရပြီးလျှင် . . . အရှေ့ဘက်ဖျားတွင် ဘဲဥပုံသဏ္ဌာန်ရှိ ကျောက်နက်တုံးကြီးတစ်ခုကို ရှာဒရက်က ညွှန်ပြလေ၏။ ထိုကျောက်တုံးကြီးမှာ အရှင်ဖြစ်၍ နံဘေးသို့တွန်းလိုက်လျှင် လည်၍သွားပြီးနောက် လူတစ်ယောက်ဝပ်၍ ဝင်နိုင်လောက်သော အပေါက်ငယ်တစ်ခုဖြစ်၍ သွားလေသည်။ ကျွန်ုပ်

တို့လည်း ထိုအပေါက်ငယ်မှ တစ်ယောက်စီဝင်ခဲ့ကြပြီးနောက် ခြင်္သေ့များရှိသော တွင်းနှုတ်ခမ်းသို့ ရောက်လာခဲ့ကြလေ၏။

လရောင်သည် တောင်ကြားတစ်ခုလုံးကိုပင် ထွန်းလင်းစေပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ အရိပ်ကြီးတစ်ခု ထိုးလျက်ရှိရာ . . . ၎င်းမှာ ကျောက်တောင်ပေါ်တွင် တည်ထားသော ရုပ်တုကြီး၏ ပေါင်ရင်းပိုင်းမှ အရိပ်ကြီးပင်ဖြစ်တော့၏။ ထိုနေရာမှာ ဟစ်အား ခြင်းတောင်းဖြင့် ချပေးမည့်နေရာပင်ဖြစ်လေသည်။ အရိပ်ကြီး၏ အခြားဘက်၌ကား ကိုက် ၁၀၀ ခန့်အဝန်းရှိသည့် သုံးဘက်တွင် ကျောက်နံရံများဝိုင်းနေသည့် ခြင်္သေ့များအား သိုလှောင်ထားရာ လှောင်ချိုင့်ကြီးရှိသည်ဖြစ်ရာ . . . သံတိုင်များ ကာထားသည်ကိုပင် လရောင်၌ မြင်ရ၏။ လှောင်ချိုင့်ကြီးအတွင်းမှ ခြင်္သေ့များ ဟိန်းသံကိုကြားရပြီးလျှင် . . . အပုတ်နံ့များလည်း ထွက်လျက်ရှိ၏။ ကျွန်ုပ်တို့အောက် အစွန်းဘက်တွင် အဝတ်စများနှင့် လူ့ကောင်များကို လရောင်တွင် မထင်မရှားမြင်ရသဖြင့် ၎င်းတို့မှာ ကြိုးလှေကားမှ ကျသွားသည့် "ဖန်း" စစ်သားများ၏ အလောင်းများဟု ယူဆရ၏။ အိုလီဗာသည် နာရီကိုကြည့်ပြီးနောက် . . .

"လထွက်ပြီးတာ ၂ နာရီပြည့်ဖို့ ၁၅ မိနစ်ပဲ လိုတော့တယ်၊ ကိုင်း . . . ကွစ် အားလုံးအသင့်ရှိပေစေနော် . . ."

"ရှိပါပြီ ကပ္ပတိန် . . . ဟောဒီမှာ ကပ္ပတိန်ရဲ့ရိုင်ဖယ်၊ ယမ်းတောင့် ၆ ကပ်လည်း အပိုပါတယ်၊ ကပ္ပတိန်ရဲ့ညာဘက် ဘောင်းဘီအိတ်ထဲမှာ အသင့်ယမ်းတောင့်ထိုးပြီး ၆ လုံးပြူးပါတယ် . . . သတိမမေ့နဲ့နော် . . .၊ ကျွန်တော့်အတွက်လည်း သည့်အတိုင်းပဲ၊ ဒေါက်တာအတွက်က ဒီမှာ ကျောက်တုံးနောက်ကသာ ဝပ်ပြီးစောင့်ပေတော့ . . . ပစ်ကွင်းကို လရောင်နဲ့ကောင်းကောင်းမြင်နိုင်တယ် . . . ဂျေဖက်လည်းရောက်ပြီ . . . ကိုင်း အမိန့်ပေးပါတော့ ကပ္ပတိန်၊ ကျွန်တော်တို့ အသင့်ရှိကြပါပြီ ဒေါက်တာက ဂျေဖက်ကို တဆိတ်ဘာသာပြန်ပြောပါခင်ဗျာ"

ထိုအခါ ကပ္ပတိန်က . . .

"ကျုပ်တို့က ကြိုးလှေကားက ဆင်းပြီးအလှမ်း ၅၀ လောက် အရိပ်ထဲဝင်၊ အပေါ်က ခြင်းတောင်းကျအလာကို စောင့်နေရမယ် . . . ဂျေဖက်က ခြင်းတောင်းထဲမှာပါလာတဲ့ မျက်လုံးမှာ ပြတင်းပေါက်တပ်ထားတဲ့ ဆရာကြီးကို တစ်ခါတည်းဖမ်းပြီး ကြိုးလှေကားကိုခေါ်သွား၊ တောင်ပေါ်သားတစ်ချို့က ကူညီလိမ့်မယ်၊ ကျုပ်ရယ် ကွစ်ရယ် ဒေါက်တာရယ် တွင်းနှုတ်ခမ်းက ဆိုပါတော့ဗျာ၊ ခြင်္သေ့တွေ လိုက်လာရင် ပစ်နိုင်သမျှ ပစ်ရင်းနောက်ဆုတ်ပေးရမယ်၊ တကယ်လို့ ကျုပ်နဲ့ကွစ် တစ်ယောက်ယောက်ကို ခြင်္သေ့က ကိုက်မိသွားရင် ဒီလူကိုထားပစ်ခဲ့၊ နှစ်ယောက်အသေခံဖို့ မလိုဘူး . . . နားလည်သလား . . . ကျန်တာတွေတော့ ကွစ်နဲ့ ဂျေဖက်တို့က အခြေအနေကိုကြည့်ပြီး စီမံသွားရမယ်၊ ကျုပ်ဆီက အမိန့်ကို စောင့်မနေနဲ့တော့ . . . ကိုင်း . . . သွားကြစို့ မစ္စတာအဒမ်က တောင်ထိပ်ကနေပြီး နန်းတော်အရောက် ပြန်ပို့ရမယ် . . . ဒါ ကျုပ်အမိန့်ပဲ . . . ကိုင်း . . . သွားပြီနော် . . . ဘုရင်မ . . ."

(ရဲရင့်တည်ကြည်သောအသံဖြင့်) "သင့် ဆရာကြီးနဲ့အတူ ချောချောမောမော ပြန်ရောက်လိမ့်မယ်လို့ ကျွန်ုပ်မျှော်လင့်ပါတယ်"

ဂျိုရှုအာပင် အားကျမခံ ကြိုးလှေကားရင်းမှ တတ်နိုင်သမျှ ခုခံကာကွယ်ရန် လိုက်သွားသေး၏။ နောက် ၂ မိနစ်ခန့် အကြာတွင် သူတို့အားလုံးဝင် ခြင်္သေ့စားကျက် ကွင်းထဲသို့ ရောက်သွားကြပြီးလျှင် . . . ၃ ဦးသားတို့သည် အရိပ်ကြီးအောက်

၌ ပျောက်ကွယ်သွားသည်ကို ကျွန်ုပ်တို့နေရာမှ မြင်ရ၏။

ကြည်လင်ဝိုင်းစက်သော လမင်းကြီးသည် ပြာလဲ့သော ကောင်းကင်၌ တဖြည်းဖြည်း မြင့်တက်၍လာလေရာ အရိပ်မရောက်သောနေရာများတွင် အတော်လင်းချင်းလျက်ရှိ၏။ တစ်ခါတစ်ခါ ဟိန်းလိုက်ဟောက်လိုက်သော ခြင်္သေ့သံများမှတစ်ပါး တောင်ကြားတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိ၏။ မကြာမီ ခြင်္သေ့တွင်းကြီး၏ အခြားဘက်ကျောက်နံရံအပေါ်တွင် လူရိပ်များ တဖြည်းဖြည်းများလာသည်ကို မြင်ရသဖြင့် ၎င်းတို့မှာ ယဇ်ပူဇော်ပွဲကို လာရောက်ကြည့်ရှုသူများဖြစ်ကြောင်း သိရ၏။ မကြာမီ ကျွန်ုပ်တို့အပေါ်ရှိ ရိပ်တုကြီး၏ ကျောက်တုံးထက်ဆီမှ သံသံချင်း ထိခိုက်သကဲ့သို့ အသံတစ်သံကြားလိုက်ရပြီးနောက် အထက်ပေ ၂၀၀ ခန့်မှ အောက်သို့ တဖြည်းဖြည်း နိမ့်ကျလာသော အရိပ်တစ်ခုကိုမြင်ရလေ၏။ ဘုရင်မသည် ကျွန်ုပ်၏အနီးမှ ဒူးထောက်ကာ ကြည့်နေသဖြင့် ကျွန်ုပ်အား လက်တို့၍ညွှန်ပြ၏။ သို့ရှိစဉ် ခြင်္သေ့လှောင်ချိုင့်အတွင်းမှ ခြင်္သေ့များသည်လည်း မိမိတို့အစာကို အနံ့ရသည့်လက္ခဏာဖြင့် ယခင်ကထက် မြူးထူးပြေးလွှားကာ အော်မြည်လျက်ရှိကြကုန်၏။

အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသော အရာမှာ ခြင်းတောင်းကြီးပင်ဖြစ်၍၊ မြေကြီးမှ ပေအနည်းငယ်ခန့်အကွာတွင် နာရီချိန်သီးကဲ့သို့ ရှေ့တိုးနောက်ငင် လှုပ်ရှားလာပြီးနောက် မြေပေါ်သို့ အရှိန်ဖြင့်ဆောင့်၍ကျကာ အတွင်းမှလူတစ်ယောက်၏ ပုံသဏ္ဌာန်တစ်ခု ထွက်ကျသွားသည်ကို မြင်လိုက်ရ၏။ ထိုသူသည် လဲနေရာမှ ကုန်း၍ ရုတ်တရက် ထလိုက်ရာ ဦးထုပ်ချွန်ကြီးနှင့်တကွ တုပ်ခိုင်သော ကိုယ်ကြီးကိုမြင်လိုက်ရသဖြင့် ၎င်းမှာ ဟာစ်ဖြစ်ကြောင်း ဒိဋ္ဌ သိရတော့၏။ ထိုခဏ၌ သံ သံချင်း ထိသံများကို ယခင်ကထက်ကျယ်လောင်စွာ ကြားလိုက်ရပြန်၏။ ထိုအခါ ဘုရင်မက ကျွန်ုပ်အနီးသို့ကပ်၍ . . .

"အဲဒါက လှောင်ချိုင့်ကိုဖွင့်တဲ့အသံနဲ့တူတယ် ဆရာကြီး"

ဟု ပြောလိုက်၏။ သို့ရှိစဉ် လှောင်ချိုင့်အတွင်းဆီမှ ခြင်္သေ့များ၏ တဝုန်းဝုန်းပြေးလွှားသံများကို ကြားရသည်နှင့်အမျှ တစ်ဘက်ကျောက်နံရံထိပ်မှ ပွဲကြည့်ပရိသတ်ဖန်းတို့၏ ဟစ်အော်သံများကို ကြားရ၏။ ဟာစ်မှာ ထိုအချိန်၌ ပြေးမည်ပြုပြီးမှ စိတ်ပြောင်းသွားသည့်အလား လက်နှစ်ဘက်ကိုပိုက်လိုက်ပြီးလျှင် လှောင်ချိုင့်ဘက်သို့ကြည့်ကာ တွေတွေကြီးရပ်လျက်ရှိလေ၏။ ကျွန်ုပ်စိတ်ထင်အားဖြင့် မျှော်လင့်ချက်ကုန်သော သူတစ်ယောက်သည် နောက်ဆုံးအချိန်တွင် သေမင်းကို ရဲရဲကြီး ရင်ဆိုင်ဝံ့သကဲ့သို့ပင်တည်း။

ကျွန်ုပ်စိတ်ထင်မှာ ခြင်္သေ့များသည် တစ်ဟုန်ထိုးပြေးထွက်ကာ လူကိုလိုက်လံဖမ်းဆီးလိမ့်မည်ဟု အောက်မေ့မိ၏။ ခြင်္သေ့ကြီးများ ခြင်္သေ့ကလေးများသည် နှစ်တန်းစီလျက်ထွက်ကာ ၂ ကောင် ၃ ကောင်သာ ဟာစ်ဘက်သို့ ကြည့်ရှုလျက်ရှိ၏။ အချို့လည်း မှောင်ရိပ်များ လရောင်မရောက်သော ကျောက်နံရံသားများတွင် ပျောက်ကွယ်သွားလေ၏။ တစ်ကောင်သည် ရှေ့သို့ နယ်ကျွံ၍ကြိုးလှေကားရင်းသို့ ရောက်လာပြီးလျှင် ဂိရုံအား လက်တစ်ဘက်ဖြင့် လှမ်း၍ပုတ်လေ၏။ ထိုအခါ လူဝကြီးသည် အလွန်ပေါ့ပါးစွာ ကြိုးလှေကားကို ပြေး၍တက်သဖြင့် ပေါင်တစ်ဘက်ကိုသာ ပုတ်မိ၍ အဝတ်များသာ စုတ်သွားလေ၏။ သို့သော် . . . နောက်တစ်ကြိမ်မပုတ်နိုင်ရှာတော့ချေ။ ကျွန်ုပ်သည် တောင်ပေါ်သားတစ်ယောက်အား ကျွန်ုပ်၏ခြေကိုနောက်မှ ဆွဲ၍ထားစေပြီးလျှင် . . . ရှေ့သို့ အလျားထိုးကာ ခြင်္သေ့၏

ပါးစပ်နီကြီးထဲသို့ သေနတ်ဖြင့် ၂ ချက်ဆင့်၍ ပစ်သွင်းလိုက်၏။ ထို့နောက် ဂျိုရှုအာအား သတိမထားမိတော့ချေ။

“ဟာစ်” ရှိရာသို့ ဂျေဖက်ရောက်သွားသည်ကို မီးခိုးလုံးများ ပျောက်သွားသည့်အကြားမှ မြင်လိုက်ရ၏။ ဟာစ်သည် သူ၏ခြေကို လက်ညှိုးထိုးပြရာ ဂျေဖက်က ကုန်း၍ပေး၏။ မကြာမီ သူသည် ဂျေဖက်၏ ပခုံးပေါ်သို့ရောက်သွားပြီးလျှင် . . . ဂျေဖက်သည် ဟာစ်အား ကျောပိုးကာ ကြိုးလှေကားရှိရာသို့ လာလေ၏။ ထိုအခါ၌ ခြင်္သေ့ထီးတစ်ကောင်နှင့် ခြင်္သေ့မတစ်ကောင်သည် အထူးအဆန်းတစ်ခုသဖွယ် ၎င်းတို့အား ကြည့်ရှုလျက်ရှိရာမှ ခြင်္သေ့မသည် ရှေ့သို့တိုး၍ လိုက်လာပြီးနောက် ရုတ်တရက်ထိုင်လိုက်ကာ ခပ်ကျယ်ကျယ်ဟိန်းလိုက်၏။ ထို့နောက် ရှေ့သို့ခုန်ရန် အရှိန်ယူသည့်ဟန်ဖြင့် အမြီးကိုတစ်ချက်နှစ်ချက် ပုတ်လိုက်ရာ . . . ကျွန်ုပ်စိတ်တွင် “တစ်ခါဖြင့် ကိစ္စချောချေပြီ” ဟုအောက်မေ့လိုက်၏။ ကျွန်ုပ်မှာ ပစ်ရန်လည်း မဖြစ်နိုင်ချေ။ ကျွန်ုပ်နေရာမှ ပစ်ခဲ့သော် . . . သေနတ်ကျည်ဆံသည် ခြင်္သေ့ကို မထိမှန်မီ ဟာစ်နှင့် ဂျေဖက်တို့၏ ကိုယ်ကိုဖောက်၍ထွက်ရမည်ဖြစ်၏။ ထိုခဏ၌ မှောင်ရိပ်ထဲမှ မီးများပွင့်ကာ ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း ဟူသော သေနတ်သံ ၄-၅ ချက်ကြားလိုက်ရပြီးနောက် ခြင်္သေ့မသည် ပက်လက်လန်၍ ကျသွားလေ၏။ ထိုအခါမှ ခြင်္သေ့ထီးသည် တွေဝေနေရာမှ သတိရလာဟန်ဖြင့် လူကိုခုန်၍ အုပ်မည့်အစား ခြင်္သေ့မကိုယ်ပေါ်သို့ ရောက်သွားကာ . . . နှစ်ကောင်သတ်လျက်ရှိကြလေ၏။ ထိုအခါ ကျောက်နံရံပေါ်မှ ပရိသတ်သည် အခြေအနေမှန်ကို သိရပြီဖြစ်၍ ဆူညံစွာဟစ်အော်လျက်ရှိရာ . . . ခြင်္သေ့များသည် ထိုမှဤမှ ပြေးသွားကြလျက်ရှိကြကုန်၏။ ကပ္ပတိန်နှင့် ကွစ်တို့သည် လရောင်အောက်တွင် တစ်ကြိမ်ဖြတ်၍ပြေးသွားပြီးနောက် မှောင်ရိပ်များကိုခိုကာ မိမိတို့ထံ ပြေးလာသမျှ ခြင်္သေ့များကို တဒိုင်းဒိုင်း ပစ်ခတ်လျက်ရှိတော့၏။

ဤသို့ ပစ်ခတ်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်လာကြရာ . . . သူတို့သည် မည်သည့်အခါမျှ နှစ်ယောက်ယှဉ်ပြိုင်မပစ်ဘဲ တစ်ယောက်က ခံ၍ပစ်နေသည့်အခိုက်တွင် တစ်ယောက်က ဆုတ်၍ပြေး၏၊ ဆုတ်သူက ပစ်ပြန်လျှင်လည်း ပစ်သူက ဆုတ်ပြန်၏။ ထိုအခါ၌ ကျွန်ုပ်လည်း အပေါ်မှစီး၍ တတ်နိုင်သမျှ ပစ်ခတ်လေ၏။ ဂျေဖက်ကား . . . ဟာစ်ကိုကျောပိုးကာ ကြိုးလှေကားနှင့် အလှမ်း ၂၀ မျှသာဝေးသောနေရာသို့ ရောက်ခဲ့လေပြီ၊ ထိုအခါ အခြေအနေမှာ တစ်မျိုးပြောင်းသွားပြန်၏။ ခြင်္သေ့များမှာ မည်မျှထိမှန်သေဆုံးသော်လည်း ကြောက်ရွံ့ခြင်းမရှိလှဘဲ အသစ်ထပ်၍ ရောက်လာသော အကောင်များသည် လဲကျသော အကောင်များကိုကျော်ကာ . . . ခုန်၍ လွှား၍ လာကြပြန်ရာ လေးဦးသားတို့မှာ . . . ခြင်္သေ့များပတ်လည်ဝိုင်းလုမတတ် ရှိနေကြလေ၏။ ထိုအခါ ဘုရင်မက . . .

“ဆရာကြီး ဒီလိုကြည့်နေလို့တော့ မဖြစ်ဘူး . . . ကျွန်ုပ်ကိုယ်တိုင်ဆင်းမယ်၊ လာကြဟဲ့ တောင်ပေါ်သားတွေ . . .”

“အို . . . မဟုတ်တာ ဘုရင်မကလည်း ကျွန်ုပ်ဆင်းမှာပေါ့၊ ဒီနေရာကပဲ အသာနေစမ်းပါ၊ လာကြဟေ့ ကိုယ့်လူတွေ”

ထို့နောက် ကျွန်ုပ်လည်း ကြိုးလှေကားမှဆင်းလေရာ ကျွန်ုပ်နောက်မှ တောင်ပေါ်သားအားလုံးလိုပင် ပါလာ၍ အချို့သည် လှေကားကိုမစောင့်နိုင်ဘဲ ပေ ၃၀ ခန့်အမြင့်ရှိသော ကျောက်ကမ်းပါးကို အချို့တွယ်ကပ်၍လည်းကောင်း၊ အချို့ လျှောချ၍လည်းကောင်း အောက်သို့ရောက်ကြလေ၏။ သူတို့

သည် ဓားကြီးများကို ဝင့်ကာ . . . ညာသံပေးလျက် ခြသေ့်များ ရှိရာသို့ အတင်းဝင်လေရာ . . . ထိုအခါတွင် ကျွန်ုပ်တို့ ၃ ယောက်ကလည်း ယမ်းတောင့်ကုန်သည်အထိပစ်ခတ်လေတော့၏။

မကြာမီ ကျွန်ုပ်တို့သည် လိုဏ်ခေါင်းဝသို့ ချောမောစွာ ပြန်၍ရောက်ကြပြီးလျှင် . . . ပရော်ဖက်ဆာဟာစ်အား ဤမျှလောက် အသက်ဆံဖျား ကယ်ဆယ်ခဲ့ကြရ၏။

* * *

ဟာစ်၏အတွေ့အကြုံများ

"ကျွန်ုပ်တို့အားလုံးမှာ သေရာမှ ပြန်ရှင်လာသူတစ်ယောက်အား . . . တွေ့ရဘိသကဲ့သို့ ဟာစ်အတွက် ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိလေရာ . . . ဂျိုရှုအာပင် ဝမ်းမြောက်သော လက္ခဏာကိုပြလေသည်၊ ကျွန်ုပ်မှာမူ သားဖြစ်သူပါ၍မလာသဖြင့် အခြားသူများလောက် ဝမ်းမသာနိုင်ချေ၊ လှည့်၍ရသော ကျောက်တုံးကြီးကို နေသားတကျ ပြန်၍ပိတ်ပြီးနောက် မီးအိမ်များကို ထွန်းညှိကြလေ၏။ ဟာစ်မှာ ရုတ်တရက်ကြည့်လျှင် ရယ်စရာတစ်ခုကဲ့သို့ ဖြစ်နေ၏။ တကိုယ်လုံးပွန်းပဲ့ကာ အချို့နေရာတွင် သွေးများ မြူမှုန်များဖြင့် အလိမ်းအလိမ်းကပ်လျက် ဆံပင်နီကြီးမှာ ဖရိုဖရဲရှိနေ၏။ အဝတ်များမှာလည်း စုတ်ပြတ်ပေါက်ပြဲကာ မျက်မှန်နက်ကြီးမှာ ရှုပ်ထွေးသော မှတ်ဆိတ်များနှင့်ပင် ရောစပ်လုမတတ်ရှိ၏။ မောပန်းလျက်ရှိရာမှပင် ရေမြှုပ်ဆေးတံကြီးကို အိတ်ထဲမှ ထုတ်လိုက်ပြီးနောက် . . .

"ကျုပ်ကို ဆေးတစ်ဆုံလောက် ပေးကြဗျာ"

ဟုပြောသဖြင့် ကျွန်ုပ်က ထုတ်ပေးရ၏။ ဘုရင်မသည် ဟာစ်အား အံ့သြသော မျက်နှာနှင့်ကြည့်လေရာ . . . ဟာစ်က . . .

"ထူးထူးခြားခြားလှတဲ့ မိန်းမတစ်ယောက်ပဲဗျို့၊ သူက

ဘယ်သူလဲဗျာ”

ဟု မေးလိုက်သဖြင့် ကျွန်ုပ်က မားပြည်၏ ဘုရင်မ မာကိုဒါဖြစ်ကြောင်း ပြောပြသောအခါ ဟစ်သည် ဦးညွှတ်၍ အရိုအသေပြုလိုက်၏။ ဘုရင်မကလည်း သူလွှတ်မြောက်လာသည့်အတွက် ကျေးဇူးတင်ကြောင်းဖြင့် တုန့်ပြန်ပြောဆိုလေ၏။ ထို့နောက် ဟစ်သည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ကာ ...

“ဩော် ... ဒါထက် ခင်ဗျာ့သားတော့ ကျန်းကျန်းမာမာပဲဗျို့ ... သူငယ်က သွက်သွက် လက်လက်နဲ့ သဘောလည်းကောင်းရှာပါတယ်၊ ခင်ဗျားသူ့အတွက်တော့ ဘာမှ မစိုးရိမ်နဲ့ ကျုပ်ကို ခြသေ့်စာကျွေးတာလည်း အမှန်တော့ ဘုန်းကြီးများရဲ့ သဘောပဲဗျာ ... ဗာရန်က ခင်ဗျာ့သားကို သူ့သမီးနဲ့တောင် လက်ဆက်ဖို့ စီစဉ်နေတယ် ဒေါက်တာ ...”

ထိုအချိန်၌ တောင်ပေါ်သားတစ်ယောက်လာ၍ ကျွန်ုပ်တို့အားလုံး တောင်ထိပ်သို့တက်ရန် အသင့်ရှိနေပြီဖြစ်ကြောင်းနှင့် ပြောကြားလေ၏။ ကျွန်ုပ်တို့မှာ အပေါ်သို့အတက်တွင် နှောင့်နှေးနေ၍မဖြစ်ပေ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ပိတ်ပြီးသည်နှင့်တပြိုင်နက် ကျောက်နံရံ၏အခြားဘက်တွင် လူသံများကို ကြားရလေရာ ဘုန်းကြီးများနှင့် ရုပ်တုစောင့်များသည် သူတို့၏ ယစ်ပူဇော်ခြင်းခံရသူကို ကယ်ဆယ်လိုက်သဖြင့် မခံမရပ်နိုင်ဖြစ်ကာ ကုန်းမြေမြင့်ဘက်သို့ကူးလာကြဟန် လက္ခဏာရှိလေသည်။

တောင်ထိပ်သို့ ရောက်လတ်သော် ... ဟစ် ကပ္ပတိန်နှင့် ကျွန်ုပ်တို့က တောင်ပေါ်သားအချို့နှင့် ယာယီမျှပိတ်ထားရသော တွင်းဝတွင် သေနတ်များကို ရင်ခွင်၌ပိုက်ကာ အိပ်ငိုက်ရင်း စောင့်ကြရ၏။ ကွစ်ကိုကား ဘုရင်မနှင့်အတူတူ တောင်ပေါ်သားနှစ်ယောက်အား လိုက်ပါစေလျက် မြို့တော်သို့ ဒိုင်းနမိုင်းများယူရန် စေလွှတ်လိုက်ရာ ... ၎င်းတို့နှင့်အတူ ရှာဒရက်လည်းပါသွားလေ၏။ ရှာဒရက်မှာ ဘုရင်မကပေးခဲ့သည့် ကတိအတိုင်း လွှတ်မြောက်လေပြီ။

မှန်းမတည့်မီ ကွစ်သည် ဒိုင်းနမိုင်းများကိုယူ၍ ပြန်ရောက်လာရာ ... သူနှင့်အတူ လူအတော်များများ ပါလာလေသည်။ ကျွန်ုပ်တို့သည် တွင်းဝ၌ ခေတ္တပိတ်ထားသည့် ကျောက်တုံးအချို့ကို ဖော်စေပြီးနောက် ဂျေဖက် ကပ္ပတိန်နှင့် တောင်ပေါ်သားအချို့သည် ဒိုင်းနမိုင်းများကို မြှုပ်ရန် ပထမတွင်းကြီး၏အဆုံး မြေညီအထိ ဆင်းကြလေ၏။ မကြာမီ ကပ္ပတိန်တို့လူစုလည်း ပြန်ရောက်လာရာ အိုလီဗာသည် ကြေးနန်းကြိုးများကိုဖြေချရင်း လိုက်ပါလာ၏။ ထို့နောက် သူသည် ဘက်ထရီစနက်တံကိုနှိပ်လိုက်ရာ ... “အုံး ... ဝုန်း ... ဝုန်း ... ဝုန်း ...” ဟူသော ငလျင်လှုပ်သကဲ့သို့ အောက်မှလှိုက်၍တက်လာသော အသံကြီးကို ကြားလိုက်ရပြီးနောက် တွင်းကြီးသည် နိမ့်ကျသွားလေ၏။ ထိုအခါ အိုလီဗာသည် ဦးခေါင်းကိုကုတ်လျက် ...

“မတတ်နိုင်တော့ဘူးဗျို့ လုပ်ရတော့တာပဲ၊ အောက်ဆုံးတွင်းမှာ ဘုန်းကြီးတွေနဲ့ ဖန်းတွေ အချို့တော့ ကိစ္စချောပြီထင်တယ်၊ သို့သော် သူ့ထိုက်နဲ့ သူ့ကံပေါ့ ဘယ်တတ်နိုင်မလဲ၊ ဒီတွင်းကို နောက်ဘယ်သူမှ အသုံးမပြုနိုင်တော့ဘူး ...”

* * * * *

နန်းတော်တွင်းရှိ ကျွန်ုပ်တို့တည်းခိုသော ဧည့်ခန်းဆောင်သို့ ပြန်၍ရောက်ကြသောအခါ ဟစ်သည် သူ၏အကြောင်းကို အောက်ပါအတိုင်း ပြောပြလေ၏။

ထိုညက သူ့အားဖမ်းသွားစဉ် ရှာဒရက်သည် ဖန်းစပိုင်တစ်ဦးနှင့်ပြောဆိုနေသည်ကို ကြားရသဖြင့် မိမိတစ်ယောက်

တည်းသာမဟုတ် အားလုံးကိုပါ ရန်သူ့လက်သို့ ရောက်အောင် ကြံစည်သည်ကို သိရကြောင်း၊ ဖန်းရုပ်တုကြီးထဲတွင် အခန်းများနှင့် အလုံထောင် အချုပ်ထောင်ပေါင်းများစွာရှိ၍ သူ့အား အခန်းတစ်ခုထဲတွင် ချုပ်နှောင်ထားကြောင်း၊ ဘုရင်ဗာရန်သည် သူ့အား တစ်ကြိမ်လာရောက်တွေ့ဆုံပြီးလျှင် ကျွန်ုပ်တို့နှင့်တွေ့ပုံ ကျွန်ုပ်တို့ သဘောထားကြီးပုံကို ပြောပြ၍ ကျွန်ုပ်တို့ပြောလိုက်သမျှ စကားအားလုံးကိုလည်း သူ့အား . . . ပြန်ပြောကြောင်း၊ ပထမ၌ သူသည် ကျွန်ုပ်တို့အပေါ်၌ မခံမရပ်နိုင်အောင် စိတ်ဆိုးမိကြောင်း၊ သို့သော် . . . ကျွန်ုပ်တို့ဘက်မှကြည့်လျှင် မှန်ကန်သည်ကို နောက်မှတွေးမိကြောင်း၊ ဗာရန်မှာ စဉ်းစားတတ်သူတစ်ယောက်ဖြစ်သော်လည်း ဘုန်းကြီးများ၏ တန်ခိုးအာဏာလွှမ်းမိုးလျက်ရှိသဖြင့် . . . နောက်ဆုံး ဘုန်းကြီးများအလိုကြောင့် ဤကဲ့သို့ ခြင်္သေ့များအား အစာကျွေးခြင်းကိုခံရကြောင်း၊ သူ့အား တတ်နိုင်သမျှ အခွင့်အရေးပေးကာ . . . နံနက်မိုးသောက်နှင့် ညနေဝင်ချိန်များတွင် ရုပ်တုကျောက်ကုန်းထက်၌ လမ်းလျှောက်ခွင့်ပြုထားကြောင်း၊ ဖန်းတို့၏ အဆက်အနွယ်မှာ . . . ရှေးအီဂျစ်လူမျိုးတို့နှင့် ဘာသာအယူဝါဒ အစွဲအလမ်းမှစ၍ လွန်စွာတူညီကြောင်း၊ သူ့အားလှောင်ထားသည့်အခန်းထဲတွင် အကျဉ်းသားတစ်ယောက်က ကျောက်ပေါ်တွင် ရေးခြစ်ထားခဲ့သည့် ကျောက်စာများကို တွေ့မြင်ခဲ့ရကြောင်းဖြင့် ပြောပြ၏။

ကျွန်ုပ်၏ သားအကြောင်း မေးမြန်းသောအခါ ဟာစ်က–

"အသံတော့ တကယ်ကောင်းတဲ့သူငယ်ဗျာ၊ ဒါကြောင့်လည်း ဗာရန်က သူ့ကို အင်မတန်ချစ်နေပြီး သူ့သမီးနဲ့ လက်ထပ်မယ့်အခမ်းအနားကို ရှေ့လပြည့်နေ့ကျရင် ဟာမာ့(ခ်)မြို့တော်မှာ ကျင်းပလိမ့်မယ်ဗျာ . . . ကျုပ်ရောက်လာတော့ . . . ကျုပ်ကို အင်မတန်ခင်ရှာပါတယ်ဗျာ . . . အင်္ဂလိပ်စကားလည်း ပြောနိုင်ပါသေးတယ်၊ နို့ပေမယ့် လူရိုင်းသံတော့ ပေါက်နေတယ်၊ ကျုပ်တို့ချင်း စကားပြောခွင့်ပြုထားတော့ နေ့ရော ညရော တတိုးတိုးပါပဲဗျာ၊ ခမျာလည်း လွတ်ချင်ရှာပါတယ်၊ သူက ဖန်းတွေရဲ့ထုံးစံဓလေ့ကို သိပြီးဖြစ်လေတော့ . . . ကျုပ်က တတ်နိုင်သမျှ သူ့ဆီကမေး၊ ကျုပ် ဒိုင်ယာရီထဲ မှတ်ရေးယူတာပေါ့ဗျာ . . . တကယ်အဖိုးထိုက်တဲ့ သမိုင်းဝင်အဖြစ်အပျက်တွေပေါ့၊ ကျုပ်ဒိုင်ယာရီကိုတောင် စိတ်မချသေးလေတော့ သိုးရေပေါ်မှာ သူတို့တိုင်းပြည်ဖြစ်မင်နဲ့ရေးပြီး ခင်ဗျာ့သားလက်ထဲ အပ်ထားခဲ့တယ် . . . ရောဒရစ်က ရုပ်ကလည်း ရုပ်ချောပဲဗျာ . . ."

"သူကကော ဘုရင့်သမီးကို မေတ္တာရှိသလား"

"ဘယ်ကလာ ရှိရှာမှာလဲဗျာ . . . ဘုရင့်အမိန့်ကိုမလွန်ဆန်နိုင်လို့ ကြည့်နေတာ ထွက်ပြေးဖို့ နေ့တိုင်းကြံနေတာပဲ"

ဟာစ်လည်း ရုပ်တုပေါ်တွင် အိုလီဗာသွားရောက်ကယ်စဉ်က ရောဒရစ်အား သူကိုယ်တိုင် ပြန်၍အခေါ်တွင် စစ်သားနှင့် ရင်ဆိုင်တွေ့ရသဖြင့် လက်မတင်ကလေးမျှလွဲခဲ့ရသည့်အကြောင်းများကိုပါ ပြန်ပြောင်းပြောဆိုလျက် ရှိလေ၏။ ထို့နောက် ရေမြုပ်ဆေးတံကြီးကို ကိုက်ကာ မီးညှိလိုက်ပြီးလျှင် . . .

"ကိုင်း ကျုပ် အကြောင်းတော့ပြောပြီးပြီ၊ ခင်ဗျားတို့အကြောင်းလည်း တဆိတ်ပြောကြစမ်းပါဦး"

ဟုပြောသဖြင့် ကျွန်ုပ်တို့လည်း ပြောကြရလေ၏။ ကျွန်ုပ်က ရှေးဘုရင်များ၏ သင်္ချိုင်းရာ မြေအောက်မြို့တော်ကြီးအကြောင်းကိုပြောပြလေရာ ဟာစ်သည် နေရာမှထ၍ခုန်လုမတတ်ဖြစ်သွားပြီးနောက် . . .

"ဒီအထဲက ပစ္စည်းတွေ ခင်ဗျားတို့ တစ်ခုမှမကိုင်ရသေး

ဘူးပေါ့ . . . ကျုပ်တို့ အသေအချာအစီအစဉ်အတိုင်း စာရင်းကောက်ပြီး တချို့ကိုလည်း ပုံစံအကြမ်းဆွဲခဲ့ရမယ်ဗျာ့”

ဟု အားပါးတရပြောပြလေသည်။

နောက်တစ်နေ့နံနက်၌ ဟစ်သည် ညဥ့်ဝတ်အင်္ကျီရှည်ကြီးကို ကပိုကရိုဝတ်ကာ ခြေထောက်နဲ့နှင့် ကျွန်ုပ်အိပ်ရာအနီးသို့ရောက်လာမှ ကျွန်ုပ်မှာ အိပ်ရာမှနိုးလေ၏။ ဆေးတံကြီးကိုသောက်လျက် ကျွန်ုပ်အနီးသို့ကပ်ခါ . . .

“ဒီမှာကိုယ့်လူကြီးရဲ့ ဝါလဒါနာဂါစတာ ဆိုတဲ့မိန်းကလေးအကြောင်း ပြောစမ်းပါဦး . . . မျက်နှာကလေးက ချိုကချိုပါဘိသနဲ့ဗျာ၊ သတ္တိလည်း တကယ့်သတ္တိကောင်းကလေးဗျာ့၊ ကျုပ်တော့ မိန်းမတွေရဲ့မျက်နှာ စေ့စေ့စပ်စပ်မကြည့်မိတာ နှစ်ပေါင်း ၂၀ လောက်ရှိသွားပြီ . . . ခြင်္သေ့တွေရဲ့မျက်လုံးတွေကို ကြည့်နေရလို့လားတော့ မပြောတတ်ဘူး၊ တကယ်လှပြီး စွဲစရာကောင်းတဲ့ မျက်လုံးပါပဲ . . .”

“နို့ပေမယ့် ခြင်္သေ့မျက်လုံးထက် ကြောက်စရာကောင်းသေးတယ် ဆရာကြီး . . . ဒီကိစ္စတွေထဲမှာ ခင်ဗျားမပါချင်ရင် ခပ်ရှောင်ရှောင်သာနေပေတော့ . . . ကျုပ်တို့ကပ္ပတိန်နဲ့တော့ မေတ္တာရှိနေကြပြီဗျာ့ . . .”

* * * * *

ထိုနေ့နံနက်၌ ကျွန်ုပ်သည် ဂျူရှူအာ၏ ခြင်္သေ့ကုတ်ခံရသော ဒဏ်ရာများကို ဆေးထည့်ပေးရန် ခေါ်သဖြင့် သူ၏အိမ်တော်သို့ သွားရောက်ရ၏။ ဂျူရှူအာမှာ ယခင်ကျွန်ုပ်တို့က ပျက်ရယ်ပြုနေခဲ့သဖြင့် အရောတဝင်ရှိခဲ့ရာ အပေါ်ယံသဘောကောင်းဟန်ရှိသော်လည်း သူ၏မျက်နှာထားနှင့် အပြောအဆိုအမူအရာတို့ကို နီးကပ်စွာ မြင်ရသောအခါ အတွင်းကြိတ် ကြိတ်၍ကြံစည်

တတ်သည့် ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်ကြောင်း သိရှိရ၏။ အနာကို ဆေးထည့်ပေးပြီးနောက် သူ၏ဒဏ်ရာမှာ အရေဖျားစုတ်ပြဲရုံမျှ အပေါ်ယံဒဏ်ရာများဖြစ်သဖြင့် တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိကြောင်းနှင့် ကျွန်ုပ်က ပြောပြ၏။ ထိုအခါ သူက . . .

“ဆေးဆရာကြီး . . . သင့်ကိုတော့ ကျွန်ုပ်စကားတစ်ခွန်း ခွင့်ပြောချင်တယ် . . .”

ကျွန်ုပ်က ဦးခေါင်းကိုညွှတ်လိုက်၏။

“ဒီလို ဆေးဆရာကြီး . . . ကျွန်ုပ်တို့ပြည်ကြီးရဲ့ ထီးနန်းကို အမွေဆက်ခံရရှိတဲ့ နှင်းဆီမယ်ဘွဲ့ခံ ဘုရင်မ မာကွဲဒါဟာ ကျွန်ုပ်တို့အတိုင်ပင်ခံအဖွဲ့က သဘောမတူဘဲ ရန်သူဖန်းများရဲ့ ပျက်စီးရာပျက်စီးကြောင်းကို သင်တို့ရဲ့လောင်မီးလက်နက် မိုးကြိုးလက်နက်များနဲ့ ကြံစည်ဖို့ သင်တို့လူဖြူတစ်စုကို ငှားပြီး အောင်မြင်ရင်လည်း ဆုငွေအမြောက်အမြားပေးဖို့ ကတိထားခဲ့တယ်၊ ဒါကြောင့် သင်တို့ကိုယ်ကို သင်တို့အထင်အမြင်ကြီးတာ သင်တို့တိုင်းပြည်မှာတော့ ဟုတ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်တို့ပြည်မှာဆိုရင် သင်တို့ဟာ အဖိုးအခနဲ့ငှားတဲ့ အစေခံမျှသာဖြစ်တယ်ဆိုတဲ့အကြောင်း နားလည်စေချင်တယ် . . .”

သူပြောလိုက်သော စကားသည် ကျွန်ုပ်၏နားတွင် ခါးခါးသီးသီးဝင်၍ သွားလေ၏။ သို့နှင့် ကျွန်ုပ်က . . .

“သင်ပြောလိုက်တဲ့ စကားက အတော်နှင့်သီးတာပဲ၊ ကျွန်ုပ်တို့ ဒီကိုရောက်လာတာ ဘာကြောင့်ထင်သလဲ . . . ကျွန်ုပ်က ပျောက်နေတဲ့ သားကိုရှာဖို့ကိစ္စရှိတယ်၊ ကပ္ပတိန်အိုလီဗာက သူ့နိုင်ငံမှာ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့လူကုံထံတစ်ယောက်ပဲ၊ စစ်တိုက်ဖို့နဲ့ စွန့်စားဖို့ အင်မတန်ဝါသနာပါတဲ့ လူတစ်ယောက်

ပြီးတော့ ပရော်ဖက်ဆာဟာစ်ကလည်း ရှေးလူများရဲ့ ရာဇဝင်ဟောင်းတွေ တမင်သက်သက် ရှာဖွေနေတဲ့ တကယ့်ပညာရှိ ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦး . . . ကွစ်ကတော့ စစ်သားဟောင်းတစ်ယောက်ဖြစ်ပြီး ကပ္ပတိန်ရဲ့ အစေခံတစ်ယောက်ဖြစ်တယ် . . .”

“ဪ . . . ဒီလူက အစေခံလား . . . ဒီလိုဂုဏ်ထူးမရှိတဲ့ လူတစ်ယောက်က ကျွန်ုပ်လို အက်ဗတီစစ်ဗိုလ်ချုပ်ရဲ့ နန်းရင်းဝန်တစ်ယောက်ကို ခြိမ်းခြောက်ဝံ့ပါကလား . . .”

“သေမင်းရဲ့ရှေ့မှာတော့ အတန်းအစားခွဲဖို့ မလိုပါဘူး အသင်မင်းသားကြီး၊ လူနဲ့လူချင်း အတူတူချည်းပါပဲ . . .”

“ကောင်းပါပြီလေ . . . သင်တို့ကို ငှားရမ်းတာက ဖန်းတွေကိုတိုက်ဖို့ ငှားတာပဲ၊ သင်တို့ရဲ့အစေခံပေါ်မှာ ကျွန်ုပ်အမျက်မထားပါဘူး . . . တစ်ခုတော့ ပြောလိုက်ရဦးမယ်၊ နှင်းဆီမယ်ဘုရင်မကလေးဟာ ရုပ်ရည်လည်းလှပတယ်၊ အသက်ကလည်းငယ်တယ်၊ စိတ်ကလည်း ထက်တယ်၊ ဒီတော့ တစ်ရုပ်တစ်မြေက နိုင်ငံခြားသားများဆိုရင် ကလေးစိတ်လို စိတ်စွဲလန်းမိချင်စွဲလန်းမိမှာပဲ၊ ဒါပေမယ့် ဒီမိန်းမဟာ ဘယ်သူ သူ့ကိုစွဲလန်းတဲ့ယောကျ်ားကဘယ်သူဆိုတာ ကိုယ့်ကိုယ်ကို ကောင်းကောင်းခွဲခြားပြီး သိထားရမယ်၊ အက်ဗတီမဟာမျိုး မဟာနွယ်ကလွဲပြီး မည်သူတစ်စုံတစ်ယောက်ကမှ စောလမုန်ဘုရင်ရဲ့သမီးတော်ကို မျက်စိနဲ့ စေ့စေ့ကြည့်ဖို့မရှိဘူး၊ ကြည့်ခဲ့လို့ရှိရင်တော့ သူရော သူ့ကိုကူညီအားပေးတဲ့လူရော . . . သေဖို့ပြင်ရလိမ့်မယ်၊ သေတယ်ဆိုပေမယ့် ပူပူနွေးနွေး ဖြုံးဆို သေရတဲ့ အသေမျိုးမဟုတ်ဘူး၊ အေးအေးဆေးဆေးနဲ့ ဝေဒနာခံစားပြီး ဓိမ်ဆွဲသေရတဲ့ သေခြင်းမျိုးနဲ့ သေရလိမ့်မယ်၊ ဘုရင်မဟာ ကျွန်ုပ်ရဲ့ ရည်းစား၊ ငယ်စဉ်ကတည်းက စေ့စပ်ထားပြီး မကြာခင်ပဲ ကျွန်ုပ်ရဲ့ ဇနီးမယား

ဖြစ်ရတော့မယ်၊ သင်တို့ရဲ့အကြီးအကဲလုပ်တဲ့လူက ဘုရင်မတို့သူနဲ့ အဖက်တန်တယ်များ ထင်နေသလား မပြောတတ်ဘူး ကျွန်ုပ်တို့ အက်ဗတီတွေဟာ ကျွန်ုပ်တို့မိန်းမများရဲ့ဂုဏ်ကို စောင့်ရှောက်တတ်တယ် ဆရာကြီး နားလည်ပြီလား . . .”

ကျွန်ုပ်မှာ အသက်ကြီးသော်လည်း စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်၍သွားမိ၏၊ သို့နှင့် ကျွန်ုပ်က . . .

“သင်နားလည်အောင်လည်း ကျွန်ုပ်က ပြောရလိမ့်ဦးမယ်၊ ကျွန်ုပ်တို့ဟာ မြင့်မြတ်တဲ့ အနွယ်အဆက်က ဆင်းသက်ပြီးကမ္ဘာကြီးရဲ့ တစ်ဝက်အောက်ကို အုပ်စိုးနေတာ သင်မသိရှာသလား အသင်မင်းသား . . . နောက်တစ်ခါ သင့်ဆီကိုလာရင် သင့်ဒဏ်ရာဟာ နောက်ကမဟုတ်ဘဲ ရှေ့ကဖြစ်နေပါဦးမယ် . . .”

ကျွန်ုပ်လည်း ဆေးအိတ်ကိုဆွဲပြီးလျှင် သူ၏မျက်မှောက်မှထွက်ခဲ့ပြီးနောက် ဤအကြောင်းကို ကျွန်ုပ်၏မိတ်ဆွေများအား ပြောကြားလေ၏။ နောင်၌ အိုလီဗာက သူသည် ဤအကြောင်းကို ဘုရင်မအား လျှို့ဝှက်စွာပြောပြကြောင်း၊ ထိုအခါ ဘုရင်မက ဂျိုရှူအာသည် ကောက်ကျစ်စဉ်းလဲသူတစ်ယောက်ဖြစ်ကြောင်း၊ သူ၌ နောက်လိုက်အခြွေအရံ အတော်များများရှိပြီးလျှင် အက်ဗတီလူမျိုးများမှာ တိုက်ရေးခိုက်ရေးတွင် သတ္တိကောင်းသလောက် ဝန်တိုမစ္ဆရိယများ၍ ကောက်ကျစ်စဉ်းလဲတတ်ကြောင်း ပြောပြသည်ဟု ကျွန်ုပ်အားပြန်၍ပြောလေသည်။ ကျွန်ုပ်တို့အခြေအနေကား ဤအထိရောက်လာလျက် အိုလီဗာနှင့် ဘုရင်မတို့မှာလည်း ယခင်ကထက် နီးကပ်စွာ ဆက်ဆံလျက်ရှိကြရာ တစ်နေ့နေ့တွင် ဒုက္ခတွေ့ရတော့မည်ဟု တင်ကြိုသိရှိသော်လည်း ကျွန်ုပ်တို့မှာ မည်သို့မျှ မတတ်နိုင်ဘဲ လက်ပိုက်၍ကြည့်နေရ၏။

ဂျိုရှူအာအား ကျွန်ုပ် စိတ်လိုက်မာန်ပါပြောဆိုခဲ့သည့်နေ့

ညနေ၌ ကျွန်ုပ်တို့အား ညနေခင်း ညီလာခံတွင် ဘုရင်မကတွေ့လိုကြောင်း သံတမန်များရောက်လာသဖြင့် ကျွန်ုပ်တို့လည်းလိုက်ပါသွားရ၏၊ ညီလာခံ ခန်းမကြီးသို့ ရောက်သောအခါ ဘုရင်မသည်ခြင်္သေ့ခံသော ပလ္လင်ပေါ်၌ စံနေကာ ဂျိုရှူအာအမှူးရှိသော မှူးမတ်အတိုင်ပင်ခံအဖွဲ့ ခြံရံလျက်ရှိ၏။ ကျွန်ုပ်တို့အား သီးသန့်နေရာပေးပြီးနောက် မကြာမီ ခန်းမကြီးအစွန်မှ သံတံခါးတစ်ချပ်ပွင့်လာပြီးလျှင် . . . အစောင့်များသည် ဝတ်လုံဖြူကြီးများ ဝတ်ထားသော မုတ်ဆိတ်ဖြူကြီးသုံးယောက်ကို သွင်းခဲ့လေ၏။ ထိုသူတို့ကား . . . ဖန်းတို့၏ သံတမန်များဖြစ်လေသည်။ သူတို့သည် ခေါင်းမြီးခြုံထားသော ဘုရင်မအား ရှေးဦးစွာအရိုအသေပြုလိုက်ပြီးလျှင် . . . ကျွန်ုပ်တို့ဘက်သို့လည်း ဦးညွှတ်လိုက်၏၊ ဂျိုရှူအာမှာ ကောင်းစွာမရပ်နိုင်သေးသဖြင့် ကျွန် ၂ ယောက်ကတွဲ၍ ထူမပေးရ၏။

"အသင်တို့ပြောရန်ရှိသည်ကို ပြောလော့ . . ."

"ကျွန်ုပ်တို့ကား . . . ဘုရင်ဗာရန်က စေလွှတ်သော သံများဖြစ်ပါသည်။ ဤစကားများသည် ဗာရန်၏နှုတ်ထွက်စကားများဖြစ်ပါသည်။ ဝါလဒါနာဂါစတာ ဘုရင်မ . . . သင့်အားကူညီရန် ခေါ်ဆောင်ခဲ့သော ဤလူဖြူအရှင်ကြီးများ၏ ပညာအစွမ်းဖြင့် ကျွန်ုပ်တို့၏ဘုရား "ဟာမာခ်"အားလည်းကောင်း သူ၏ကျေးကျွန်ဖြစ်သော ကျွန်ုပ်အားလည်းကောင်း များစွာဒုက္ခရောက်စေခဲ့၏။ သင်သည် ကျွန်ုပ်၏မြို့တံခါးတစ်ဘက်ကို ချိုးဖျက်ခဲ့၏။ ၎င်းနှင့်အတူ လူပေါင်းများစွာလည်း သေကြေခဲ့၏။ ယင်းကောင်ဖြစ်သော လူတစ်ယောက်ကိုကယ်ဆယ်ကာ . . . ကျွန်ုပ်တို့အပေါ်တွင် ဘုရားသခင်၏အမျက်တော်ကို ကျရောက်စေခဲ့၏။ ကျွန်ုပ်တို့အထွဋ်အမြတ်ထားသော ခြင်္သေ့များကို ပစ်သတ်

ကြ၏။ ဘုန်းတော်ကြီးအချို့နှင့် ရုပ်တုစောင့်များကိုလည်း ကျောက်လိုဏ်ခေါင်းထဲတွင် သတ်ခဲ့ကြ၏။ ထိုမျှသာမက ကျွန်ုပ်င့်တကွ ဘုရားကိုပါ ပျက်စီးစေဦးမည်ဟု ကျွန်ုပ်၏သူလျှိုများံမှ ကြားသိရ၏။ ကျွန်ုပ်၏သမီးတော်အား သင်တို့အထဲမှတစ်ာက်၏သားဖြစ်သူ အီဂျစ်သီချင်းဆိုသမားကလေးနှင့် လက်က်ဦးမည်ဖြစ်ရာ . . . ထိုလက်ထပ်ပွဲပြီး၍ မြေများကို ထွန်ပြီးသည့်အချိန်တွင် သင်တို့အက်ဗတီတစ်မျိုးလုံးအား ကျွန်ုပ်တို့၏ားစာသင့်စေအံ့၊ ယမန်ညက ဘုန်းတော်ကြီးများမှတစ်ဆင့်ကြားသည့် ဘုရားသခင်အမိန့်တော်မှာ . . . ကျွန်ုပ်တို့ကောက်ရိုတ်သိမ်းမိ ဟာမာ့(ခ်)၏ဦးခေါင်းသည် မားလွင်ပြင်သို့ကျကာကျွန်ုပ်နှင့်တကွ ကျွန်ုပ်နောက်အုပ်စိုးသူများသည် မားမြို့တွင်း၌တော်တော်ခေါ်ရအံ့ . . . သင်လက်နက်ချ၍ နိုင်ငံကိုအပ်ပါကွေးဝကြီး ဂျိုရှူအာနှင့် သူ၏အပေါင်း ၁၀ ဦးကိုသာ ကြိုးဆွဲချ၍သတ်ပြီးလျှင် . . . သင်နှင့်တကွ ကျန်လူများကို ချမ်းသာပေးအံ့ငြင်းဆန်ခုခံခဲ့သော် သဘောထားကြီးလှသော သင်တစ်ဦးတည်းနှင့် လူဖြူကြီး ၄ ယောက်ကိုသာ ချမ်းသာပေး၍ ကျန်မိန်းမမှန်သ၍ကို ကျွန်များပြုလုပ်အံ့ . . . ကျွန်ုပ်သည် ဟာဗာ့(ခ်)၏အမည်တော်ဖြင့် ကျိန်ဆိုပါ၏။ အသင်၏အဖြေကိုသာပေးပါလော့ . . . အို အက်ဗတီတို့၏သခင် အလှထိပ်ခေါင်တင်ဘုရင်မ"

ဘုရင်မသည် မှူး မတ်များ ဘက်သို့ ကြည့်လိုက်ရာ ၎င်းတို့၏ တုန်လှုပ်ချောက်ချားသော မျက်နှာထားများကို တွေ့ရလေ၏။ ထို့နောက်ဘုရင်မက တည်ငြိမ်လေးနက်သော အသံဖြင့်–

"အို . . . ဗာရန်၏သံတမန်များ၊ ကျွန်ုပ်၏အဖြေကားကိုတောင်းပါလိမ့်မည်၊ ကျွန်ုပ်မှာ မိန်းမသားတစ်ယောက်မျှသာဖြစ်သဖြင့် အက်ဗတီလူမျိုးတို့၏ ကိုယ်စားလှယ်ဖြစ်သူများက

ပြောလျှင် ပို၍သင့်လျော်ပါသည်၊ ဦးရီးတော် ဂျိုရှူအာကား ခေါင်းဆောင်ဖြစ်၍ သူပြောပါလိမ့်မည်။ အသို့နည်း ဦးရီးတော် မည်သို့ပြောရန် ရှိပါသနည်း၊ ငြိမ်းချမ်းရေးရရန် သင်၏အသက်ကို ဖန်းတို့လက်တွင်းသို့ ပေးအပ်မည်လော . . .”

(ဒေါသထွက်လျက်) “အသို့ဆိုရတာလဲ တူမတော်ရဲ့၊ ဦးလေးတော်သာမက လက်ထပ်ထိမ်းမြားရန် စေ့စပ်ထားတဲ့ ကျွန်ုပ်ကဲ့သို့ မဟာနွယ် မဟာသွေး ဂျိုရှူအာ မင်းသားကြီးက ရှေးအစဉ်အဆက် ရန်သူဟောင်းဖြစ်တဲ့ ဖန်းတွေလက်ထဲ ကြိုးဆွဲချ အသေခံရအောင် ပေးအပ်ရမတဲ့လား”

“မှန်တယ်မဟုတ်လား ဦးရီးတော် . . . ဦးရီးတော် သဘောကိုမေးတာပါ၊ မပေးအပ်ချင်ဘူး မဟုတ်လား”

“ကျွန်ုပ်အလိုအားဖြင့်လည်း မပေးဘူး၊ ကျွန်ုပ်ရဲ့အဖော် ၁၀ ယောက်အလိုအားဖြင့်လည်း မပေးဘူး၊ အက်ဗတီလူမျိုးတစ်မျိုးလုံးရဲ့အလိုအားဖြင့်လည်း မပေးဘူး၊ ကျွန်ုပ်တို့ဟာ ဖန်းတွေကို တိုက်ရမယ် သူတို့ကို ဖျက်ဆီးရမယ်၊ သူတို့ရဲ့ တိံရဋ္ဌာန်ခေါင်း တပ်ထားတဲ့ ရုပ်တုကြီးကိုလည်း ဖျက်ဆီးပြီး အဲဒီကရလာတဲ့ ကျောက်တွေနဲ့ ကျွန်ုပ်တို့မြို့က လမ်းတွေကိုခင်းရမယ်၊ သင်တို့ ကြားကြရဲ့လား . . . ဖန်းလူရိုင်းများ”

ဤသို့ဖြင့် ဂျိုရှူအာသည် ဒဏ်ရာကြောင့် ကောင်းစွာ မရပ်နိုင်သဖြင့် ကျွန်နှစ်ယောက်တို့က နံဘေးမှ တွဲချီထူမထားရ၏။

“ကျွန်ုပ်တို့ ကြားကြပါသည်၊ ကြားရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ပါသည်”

သံတို့၏ ခေါင်းဆောင်ဖြစ်သူက ဤသို့ဖြေဆိုပြီးလျှင် သံ ၃ ယောက်တို့သည် ဣန္ဒြေကြီးစွာနှင့် ဘုရင်မအား ဦးညွှတ် အရိုအသေပြုပြီးနောက် ထွက်သွားလေ၏။ ထို့နောက် နန်းတော် အပြင်တွင် ထားခဲ့သော မြင်းများပေါ်သို့တက်ကာ မားတောင်ကြားလမ်းရှိရာသို့ မောင်းနှင်သွားကြလေသည်။

* * *

အတိုင်ပင်ခံအဖွဲ့

သံများထွက်သွားပြီးနောက် ညီလာခံအခန်းကြီးတစ်ခုလုံ မှာ အပ်ကျသံကိုပင် ကြားလုမတတ် ငြိမ်သက်လျက် ရှိ၏။ ဤ အချိန် ဤအခါသည်ကား . . . သူတို့၏ရာဇဝင်တွင် အရေ အကြီးဆုံး အချိန့်တစ်ချိန်ဖြစ်ကြောင်း သိကြဟန်တူ၏။ မကြာ ဆိတ်ငြိမ်ခြင်း ပျောက်သွားပြီးနောက်-မှူး မတ်များသည် သူတ တိုင်းရင်းသား ဘာသာ အက်ဗတီစကားများနှင့် မျောက်များ သို့ တကွိကွိ ပြောဆိုလျက်ရှိကြရာမှ . . . အရောင်တောက်သော အဝတ်အစားများကို ဝတ်ထားသော ဘုန်းကြီးတစ်ပါးသည အလွန်ဒေါသထွက်သောအမူအရာဖြင့် ကျွန်ုပ်တို့ရှိရာသို့ မကြ ခဏ လက်ညှိုးပြီးလျှင် ဟစ်အော်ပြောဆိုလေသည်။

သူပြောဆိုပုံမှာ ယခုကဲ့သို့ ဖန်းတို့နှင့်ဖြစ်ရခြင်းမှာ .. ကျွန်ုပ်တို့ လူဖြူတစ်ပြည်သားများကြောင့်ဖြစ်ရကြောင်း၊ မာ ပြည်ကြီးမှာ ယခင်က ကြောက်ရသည်ဆိုစေကာမူ အလွန်အေ ချမ်းသာရှိ၍ သာယာစည်ကားလှကြောင်း၊ ဖန်းတို့အား ကျွန်ုပ်တ "စ"လိုက်ခြင်းမှာ . . . ပျားတူအုံကို ဒုတ်နှင့်ဆွပေးသည်နှင့်တ ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်တို့အား မားမြို့ကြီးမှ ချက်ချင်းနှင်ထုတ ပစ်လျှင် အကောင်းဆုံးဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုအချိန်၌ ဂျိုရှူအာသည် လူတစ်ယောက်နားနားသို့ ကပ်၍ တစ်စုံတစ်ရာပြောလိုက်ရာ . . . ထိုသူက ထ၍ပြောပြန်၏။

"ဤကဲ့သို့မဟုတ်ပါ၊ ဤသို့ဆိုလျှင် သူတို့သည် သူတို့ကဲ့သို့ အရိုင်းအစိုင်းဖြစ်သော သူတို့၏မိတ်ဆွေ ဇာရန်ထံသွားရောက်၍ အမှုထမ်းကြပါလိမ့်မည်၊ ထိုအခါ ကျွန်ုပ်တို့၏အတွင်းကြောင်းများကို သိပြီးဖြစ်၍ မှုချပြောကြားပါလိမ့်မည်၊ သို့ဖြစ်၍ သူတို့အား ချက်ချင်းသတ်ပစ်ရန် သင့်ပါသည်"

ထို့နောက် သူသည်ဓားကြီးကို အိမ်ထဲမှဆွဲထုတ်ကာ ဝင့်လိုက်သေး၏။ ထိုအခါ ကွစ်သည် ထိုသူရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားပြီးလျှင် ၆ လုံးပြူးသေနတ်ကြီးကို ဂျောက်ခနဲမြည်အောင် ဆွဲထုတ်လိုက်ပြီးနောက် . . .

"ဟော့ ဆရာကြီး ဒီဓားကြီးကို ချလိုက် မချရင် အစည်းအဝေးဆုံးအောင် မတက်ရဘဲ နေဦးမယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် ဘုရင်မသည် စကားစ၍ပြောလေရာ သူ၏အသံမှာ စိတ်အားထက်သန်လွန်းလှသဖြင့် အနည်းငယ်တုန်လှုပ်၍နေသော်လည်း ချိုသာပျော့ပျောင်းလှပေ၏။

"ဒီလူဖြူတွေဟာ ကျွန်ုပ်ရဲ့ ဧည့်သည်တော်တွေမဟုတ်လား . . . ကျွန်ုပ်တို့ကို အလုပ်လုပ်ပေးရအောင် လာကြတာမဟုတ်လား၊ ဒီ ဧည့်သည်တွေကို ကျွန်ုပ်တို့က သတ်ရမလား၊ သတ်လို့ကော ဘာအကျိုးရှိဦးမှာလဲ . . . ကျွန်ုပ်တို့ချမ်းသာရာရနိုင်တဲ့ နည်းလမ်းတစ်ခုသာရှိတယ်၊ ဒါဟာ ဘာလဲ . . . သူတို့ရဲ့ ရုပ်တုကြီးကို ကျွန်ုပ်တို့ဖျက်ရမယ်၊ သူတို့အစဉ်အဆက် စနည်းတဘောင်ရှိတဲ့အတိုင်း ဒီရုပ်တုကြီးပျက်စီးရင် ဖန်းတွေဟာ

သူတို့နေတဲ့ "ဟာမာ့(ခ်)မြို့"က ထွက်သွားလိမ့်မယ်၊ သူတို့ဘုန်းကြီးတွေက တစ်ဆင့်ပြောကြားတဲ့ စကားပုံအရတော့ ကောက်ရိတ်ချိန်မရောက်ခင်ဘဲ ဟာမာ့(ခ်)ရုပ်တုကြီးရဲ့ ဦးခေါင်းဟာ မားလွှင့်ပြင်ကို ရောက်လာလိမ့်မယ်လို့ အဆိုရှိတယ် . . . ဒါကြောင့် သင်တို့ဟာ မဖြစ်နိုင်တာတွေအပေါ်မှာ အကိုးအကားလုပ်ပြီး ပြောတဲ့စကားတွေအတွက် ဘာကြောက်စရာရှိသလဲ ကျွန်ုပ်တစ်ခုမေးပါရစေဦး . . . သင်တို့အထဲက ဘယ်သူဟာ ဒီရုပ်တုကြီးကို ဖျက်ဆီးနိုင်သလဲ၊ သင်တို့ကိုယ်တိုင် "ဖန်း"ကိုကော တိုက်ဝံ့သလား . . . မတိုက်ဝံ့ဘူးဟုတ်စ . . . ဒါကြောင့် ကျွန်ုပ်လည်း ဒီ အနောက်နိုင်ငံသား မျက်နှာဖြူတွေကိုခေါ်ယူရတယ် မဟုတ်လား၊ တကယ်လို့ ဒီလူတွေကို သတ်လိုက်ရင်ကော ဗာရန်ရှဲရန်ဟာ အေးသွားမလား . . . မအေးဘူး၊ သူခင်မင်တဲ့လူတွေကိုသတ်လိုက်တဲ့အတွက် အရင်ကထက် ဆယ်ဆဆယ်ထမ်းပိုး တိုးပြီးတော့ သင်တို့အပေါ် အငြိုးထားပြီး လက်စားချေလိမ့်မယ် . . . ဒီအခါ ကျွန်ုပ်လည်း ဆက်လက် အုပ်ချုပ်မှာမဟုတ်လို့ ဝါလဒါနာဂါစတာ အသစ်တစ်ယောက်ကိုသင်တို့ရှာရလိမ့်မယ် . . ."

ထိုအခါ မှူးမတ်တစ်ယောက်က . . .

"အို ဒီလိုမဖြစ်နိုင်ပါဘူး အသင်က ရှီဗာဘုရင်မရဲ့ သွေးသားအစစ်အမှန်ထဲမှာ နောက်ဆုံးဘုရင်မပဲ . . ."

"ဒါဖြင့် သွေးသားအစစ်အမှန် မဟုတ်တာ ရွေးရုံပေါ့ ရဟုဒီတွေတောင် "ဆော"ကို ရွေးချယ်ကြသေးတာပဲ . . . ကျွန်ုပ်ရဲ့ ညီ့ညီတော်တွေသာသတ်ရင် ကျွန်ုပ်ဟာ ရှက်လို့သေရလိမ့်မယ်"

ဘုရင်မ၏စကားများသည် အတိုင်ပင်ခံအဖွဲ့အား တုန်လှုပ်ချောက်ချား၍သွားစေ၏။ ထို့နှင့် တစ်ယောက်က မတ်တတ်ရပ်ပြီးလျှင် ဤသို့ဆိုလျှင် တစ်ပြည်သား လူဖြူများအား မည်သို့မည်ပုံ အသုံးချရမည့်အကြောင်းကို မေးမြန်းလေ၏။

ထိုအခါ ဘုရင်မသည် မျက်နှာပေါ်မှအဝတ်ကို နောက်သို့လှန်ချလိုက်ပြီးနောက် . . .

"ဘယ်လို အသုံးချရမှာလဲ . . . ကျွန်ုပ်တို့ဟာ စစ်တပ်ကြီးတစ်တပ် အမြန်ဆုံးဖွဲ့ရမယ်၊ ဖွဲ့ပြီး အက်ဗတီယောက်ျားအားလုံး ဓားကိုင်နိုင်လောက်တဲ့ အရွယ်မှန်သမျှ စစ်တပ်ထဲမှာပါရမယ် . . . ဒီအခါ ဒီလူဖြူတွေက ခေါင်းဆောင်ပြီး "ဖန်း" ကို အနိုင်တိုက်လိမ့်မယ် . . . ဒါကြောင့် သင်တို့တတွေသည် ဖန်းတွေလက်ချက်နဲ့ အသေခံပြီး သင်တို့ရဲ့ မိန်းမတွေ ကျွန်အဖြစ်ရောက်တာကို ကြည့်ကြမလား . . ."

"မကြည့်နိုင်ပါ . . . ဘုရင်မ"

"မကြည့်ရက်တော့ ဒီဘေးအန္တရာယ်ကြီးကို ကာကွယ်ကြရမယ် . . . သင်တို့မှာ လူအများကြီးရှိတယ်၊ ဒီနိုင်ငံခြားတွေဟာ စစ်ဘက်မှာ အထူးပဲ ကျွမ်းကျင်လေတော့ . . သင်တို့သာ တကယ်လို့ နောက်ကလိုက်ရင် ရှေ့ကခေါင်းဆောင်နိုင်တယ်။ နည်းနည်းကလေးသတ္တိစိတ်ကို မွေးလိုက်ကြစမ်းပါ၊ ကောက်ရိတ်ချိန်မရောက်ခင် "ဟာမာ့(ခ်)"ပြည်ကြီးမှာ သွားပြီးစံစားရပါလိမ့်မယ်၊ ကိုင်း ကျွန်ုပ် မိန့်ဆိုပြီးပြီ . . . သင်တို့သဘောအတိုင်းပဲလုပ်ပေတော့ . . ."

ဤသို့ပြောဆိုလိုက်ပြီးလျှင် ဘုရင်မသည် ရာဇပလ္လင်မှ ထကာ ကျွန်ုပ်တို့အားလည်း ထရန် အရိပ်ပြလိုက်ပြီးနောက် ညီလာခံခန်းထဲမှ ထွက်သွားလေ၏။

* * *

နောက်ဆုံး၌ ကျွန်ုပ်တို့၏ အတိုင်ပင်ခံအဖွဲ့မှာ ကြေအေးငြိမ်းချမ်းခြင်းသို့ ရောက်ကြပြီးလျှင် ဖန်းတို့ကို အောင်မြင်စေရန် သူတို့သည် ကျွန်ုပ်တို့အား မည်သည့်ဘက်မှမဆို ကူညီရုံမျှမက စစ်ဗိုလ်ကြီးတစု အဖွဲ့အစည်းမှ သဘောတူညီသည့် စစ်ကိစ္စမှန်သမျှ၌ ကျွန်ုပ်တို့အမိန့်ကိုပင် နာခံမည်ဖြစ်ကြောင်းနှင့် ပြောပြလေသည်။ အတိုချုပ်အားဖြင့် ပြောရမည်ဆိုသော် ကျွန်ုပ်တို့ တစ်ပြည်သား လူဖြူများအား မုန်းတီးသောစိတ်ကို ဖန်းများအား ကြောက်ရွံ့သည့်စိတ်က အခိုက်အတန့်အားဖြင့် မေ့လျော့သွားစေခြင်းပင်ဖြစ်လေသည်။

သို့နှင့် အက်ဗတီတို့ကို အုပ်ချုပ်လျက်ရှိသည့် ဘုရင်မဦးစီးသော အတိုင်ပင်ခံအဖွဲ့က စစ်ဥပဒေများကို ထုတ်ပြန်ကြေငြာ တိုင်းသူပြည်သားများလည်း များစွာမကျေမနပ်ဖြစ်ကြကုန်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ . . . လယ်ယာလုပ်ကိုင်စိုက်မျိုးခြင်း အလုပ်လောက်သာ နားလည်၍ စစ်မှုထမ်းရန် အလွန်မုန်းတီးကြသော လူမျိုးများဖြစ်ကြသောကြောင့်ပေတည်း၊ ငယ်စဉ်မှစ၍ တောင်များပတ်လည်ဝိုင်းရံလျက်ရှိသော နေရာတွင် ကြီးပြင်းလာကြသူများဖြစ်၍ ပင်လယ်သည် ကျွန်းတစ်ကျွန်းကို သောအန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်သည့်အလား သူတို့အားလည်း ထိုကျောက်တောင်ကြီးများက ကာကွယ်နိုင်လိမ့်မည်ဟု ယူဆထားသူများဖြစ်လေသည်။

တိုင်းပြည်တစ်ပြည်က အခြားတစ်ပြည်တွင်းသို့ဝင်ရောက်တိုက်ခိုက်ကာ ကျူးလွန်စော်ကားခြင်းခံရသည်ဟူသော စကားအဓိပ္ပါယ်ကို သူတို့ကိုယ်တိုင် လက်တွေ့လည်း မခံစားခဲ့ဖူးသဖြင့် ကောင်းစွာသဘောမပေါက် နားမလည်ချေ၊ လူရိုင်းတစ်မျိုးက အခြားလူရိုင်းတစ်မျိုး၏ တိုင်းပြည်အတွင်းသို့ ချဉ်းနင်းဝင်ရောက်

တိုက်ခိုက်သည်ဆိုခြင်းကား မသက်သာလှချေ၊ ကျွဲ နွား ပစ္စည်းဥစ္စာများကို လုယူခြင်း အိမ်များကို မီးနှင့်ရှို့ခြင်း မိန်းမများကို အနိုင်ကျင့်ကာ ကျွန်ပြုလုပ်ခြင်း ယောကျာ်းမှန်သမျှ သတ်ဖြတ်ပစ်ခြင်းများဖြစ်လေသည်။ သို့သော် အက်ဗတီတို့ကား ထိုအဖြစ်အပျက်မျိုးကို ကိုယ်တွေ့မကြုံဖူးသေးသဖြင့် ထိုစကားမှာ ယုံတမ်းစကား သို့မဟုတ် ပုံဝတ္ထုမျှသာ မှတ်ထင်ခဲ့ကြလေသည်။

သို့နှင့် ကျွန်ုပ်တို့အားလုံးမှာ စစ်သားများ စုဆောင်းသည့် အလုပ်များကို စတင်လုပ်ရ၍ အထူးသဖြင့် ကျွန်ုပ်မှာ အက်ဗတီကပ္ပတိန်များအား အကြံပေး ဉာဏ်ပေး ပြုလုပ်သည့်ဘက်မှ တာဝန်ချထားခြင်းခံရ၏၊ သို့နှင့် လှပသော ရေအိုင်ကြီးပတ်ဝန်းကျင်ရှိ အက်ဗတီရွာအုပ်စုများသို့ အလုပ်ဝတ္တရားနှင့် မြင်းစီးသွားရသော အခါများတွင် ကျွန်ုပ်တို့အား ရွာသားအချို့သည် ခဲများနှင့်ပင် ပေါက်ထုတ်ခြင်းခံရ၏။ ရသမျှ စစ်သားတို့ကို စုဆောင်း၍ သူ့လူနှင့်သူ အသင်းအအုပ်ဖွဲ့ကာ အကြီးအကဲများ ခန့်ထားရလေရာ . . . တပ်ထဲမှ ထွက်ပြေးသူများလည်း အလွန်များပြားပြီးလျှင် ထွက်ပြေးသော စစ်သားများသည် ၂ ကြိမ်မျှ အက်ဗတီကပ္ပတိန်များကို တိတ်တဆိတ် သတ်ဖြတ်သွားကြလေသည်။

“ကွစ်”မှာ တစ်ခါတစ်ခါတွင် စိတ်ပျက်လျက် . . .

“ဒီဝက်ကောင်တွေနဲ့တော့ မဖြစ်ပါဘူး ဒေါက်တာ၊ ဖန်းတွေ သူတို့ကို တစ်ခါလောက် နှိုင်ကြည့်စေချင်သေးတယ်၊ ဒါမှ သူတို့ကျောင်းမှန်းကန်မှန်း သိသွားမယ် ခင်ဗျာ၊ ကျွန်တော်က ဘုရင်မမျက်နှာနဲ့ ကျွန်တော် ကပ္ပတိန်မျက်နှာကိုထောက်ပြီး သည်းလောက် ဒုက္ခခံလုပ်နေတာ ဒေါက်တာ”

ဟု ကျွန်ုပ်အား ညည်းညူ၍ ပြောပြရှာ၏။

“ဒါပေမယ့် တစ်ခုရှိတယ် ဆာဂျင့် ကျုပ်ရော ပရော်ဖက်

ဆာရော ဒီမှာလာနေတာ ရည်ရွယ်ချက်ကိုယ်စီ ရှိကြတယ် ဆိုတာ သိတယ်မဟုတ်လား . . . ပရော်ဖက်ဆာကလည်း ဒီရှေးလူရိုင်းတွေ ရှေးဟောင်းပစ္စည်းတွေ ရှေးပဝေဏီက လူရိုးတွေကို တွေ့ရတာ အကျေနပ်ကြီး ကျေနပ်နေတာပဲကွစ်ရဲ့ . . .”

“ဟုတ်တယ် ဒေါက်တာ . . . ကျွန်တော်တို့ ကပ္ပတိန်ကတော့ အရိုးထက်သာတဲ့ “သွေးနဲ့ကိုယ် သားနဲ့ကိုယ်” ကိုတွေ့တာကို ဒေါက်တာရဲ့ . . . သာ ကျေနပ်တာပေါ့ . . .”

ထို့နောက် ကွစ်လည်း တဲစခန်းသို့သွားရောက်ကာ စစ်သားများအား ဒရိမ်းလေ့ကျင့်ခန်းများကို ပေးလျက်ရှိလေ၏။ ဤသို့ဖြင့် ကွစ်မှာ တစ်နေ့လျှင် ၆ နာရီခန့် စစ်သားများအား လေ့ကျင့်ပေးရလေသည်။

* * *

ဥမင်လိုဏ်ခေါင်းတူးရန်အကြံ

ကပ္ပတိန် အိုလီဗာနှင့် ကျွန်ုပ်တို့မှာမူ ရှေးဘုရင်များသင်္ချိုင်းရာ ကျောက်ဂူကြီးအစွန်းမှ ဖန်းရုပ်တုဘက်သို့ မည်သို့မည်ပုံ ဥမင်လိုဏ်ခေါင်း တူးဖော်ရမည့်ကိစ္စနှင့်ပတ်သက်၍ အမျိုးမျိုး စိတ်ကူးထုတ်လျက်ရှိကြရ၏။ အလုပ်မှာ မဖြစ်နိုင်သလောက်ပင် ခဲယဉ်းသည်ဟု ဆိုရပေမည်၊ သို့သော် ကပ္ပတိန်အိုလီဗာက ဂူကြီး၏အစွန်ဆုံးအရပ်မှ ထိုရုပ်တုကြီးရှိရာဘက်သို့ ရှေးနှစ်ပေါင်းများစွာက လျှို့ဝှက်သောလမ်းဟောင်းတစ်ခုရှိရမည်ဟု သူတွက်ချက်တွေးခေါ်သည့် အယူအဆများကား ကောင်းစွာမှန်ကန်ကြောင်း တွေ့ရလေသည်။ ဤသို့သာ မတွေ့ခဲ့ပါက ကျွန်ုပ်တို့အလုပ်မှာ ပြီးမြောက်နိုင်မည် မဟုတ်ပေ၊ ခါးကုန်းအရိုးကြီးရှိရာရာဇပလ္လင်နောက်တွင် ကျောက်နံရံကြီးနှစ်ခုအကြား၌ အပေါက်တစ်ပေါက်ကို တွေ့ရလေရာ ထိုအပေါက်သည် ကိုက်ရာပေါင်းများစွာခန့် အောက်သို့ဆင်းသွားပြီးနောက် ရှေ့သို့ ကိုက် ၁၀၀ ခန့်မျှ ရောက်သောအခါ နံဘေးမှ နံရံနှင့်တကွ ပေါ်မှ အမိုးသည် ပြိုကျလျက်ရှိသည်ကို တွေ့ရလေ၏။ သို့နှင့် ကျွန်ုပ်တို့လည်း အပေါ်မှ မတော်တဆ ပြိုကျမည်ကို စိုးရိမ်သဖြင့် အပေါ်သို့ ထုတ်လျောက်များပစ်၍ ဒိုင်းများဖြင့်ကန့်ကာ တဖြည်းဖြည်းသွား

ကြရ၏။ သို့နှင့် နောက်ဆုံး၌ တစ်နေရာသို့ရောက်သောအခါ ယခင်က လှုပ်ခဲ့သော ငလျင်ကြီးဒဏ်ကြောင့် နံရံရောအမိုးပါ လုံးလုံးပြိုကျ ပိတ်ဆို့လျက်ရှိနေသည်ကို တွေ့ရလေ၏။ ထိုနေရာသည်ကား အိုလီဗာ၏တွက်ချက် မှန်းဆချက်များအရ ခြင်္သေ့တွင်းရှိရာ မြေပြင်နှင့် ပေ ၂၀၀ ထက်ပို၍ ကွာနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရကား ပြဿနာမှာ ရှေ့သို့ မည်သို့မည်ပုံ ပြုလုပ်ကြရမည်ဟူသော ပြဿနာပင်ဖြစ်တော့၏။

သို့နှင့် ကျွန်ုပ်တိုပသည် ဘုရင်မနှင့် မှူးမတ်အချို့ပါဝင်သည့် အစည်းအဝေးတစ်ခုကို အဆောတလျင်ပြုလုပ်ကြ၏။ အစည်းအဝေးတွင် အိုလီဗာက ယခုတွေ့ရသော လမ်းဟောင်းကို ရှင်းလင်းရန် အသုံးမကျတော့ကြောင်း အဆုံးသတ်တွင် ထိုလမ်းဟောင်းမှာ "ခြင်္သေ့တွင်း" ရှိရာသို့သာ ပေါက်သွားလိမ့်မည်ဖြစ်ကြောင်းနှင့် ရှင်းလင်းပြောပြလေ၏။ ထိုအခါ ဘုရင်မက . . .

"ဒါဖြင့် သင့်စိတ်ကူးက ဘယ်လိုလဲ ကပ္ပတိန် . . ."

"ဘုရင်မ ကျွန်ုပ်မှာ သင်၏ကျေးကျွန်မျှသာဖြစ်၍ ဒိုင်းနမိုင်းများဖြင့် ဟာမာ့ခ် ရုပ်တုကြီးကိုဖျက်ဆီးရန် သင်ခိုင်းစေခဲ့ပါသည်။ ပထမ ကျွန်ုပ်သိလိုတာက ဒီအကြံကိုပဲ သင်ဆက်လက်ကြံစည်လိုပါသေးသလားဆိုတာ သိလိုပါတယ်"

"ဘာကြောင့် ဒီအကြံကို ဖျက်ရမှာလဲ . . . ကပ္ပတိန်ရဲ့ ဘာဖြစ်လို့လဲ . . ."

"အချက် ၂ ချက်ရှိပါတယ် ဘုရင်မ ပထမအချက်ကတော့ စစ်တိုက်တဲ့အနေနဲ့ကြည့်ရင် အကယ်၍ ဒီရုပ်တုကြီးကြေမွသွားလို့ ဘုန်းကြီးနဲ့ အစောင့်နည်းနည်းပါးပါး သေတာလောက်ကလွဲလို့ ဘာမှအသုံးမကျပါဘူး၊ ဒုတိယအချက်က တကယ်လို့ကြံစည်စေကာမူ အင်မတန်ခဲယဉ်းတဲ့အလုပ်ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် အင်္ဂလန်က ကျွန်ုပ်တို့ယူလာခဲ့တဲ့ ပေါက်ကွဲတတ်တဲ့ ပစ္စည်းတွေဟာ တန်ခိုးအင်မတန်ကြီးမားသော်လည်း ဒီပစ္စည်းလောက်နဲ့ ကျွန်ုပ်ကိုယ်တိုင် အတိုင်းအထွာထုထည်ကိုမသိရတဲ့ တောင်ကလေးတစ်ခုလောက်ကြီးမားတဲ့ ကျောက်ကြီးကို တစ်ခါတည်းပျက်စီးသွားဖို့ ခဲယဉ်းပါတယ်၊ နောက်ဆုံး ကျွန်ုပ်ပြောလိုတာက အကယ်၍ ကျွန်ုပ်တို့ကြံစည်ရင် ရုပ်တုရဲ့အောက်ခြေတည့်တည့် အထိရောက်အောင် ပထမအောက်ကိုအနက် ပြီးတော့မှ တစ်ခါ အပေါ်ကိုလိုဏ်ခေါင်းတူးယူရပါလိမ့်မယ်၊ လူပေါင်းရာပေါင်းများစွာနဲ့ပဲ အလုပ်လုပ်စေကာမူ ဗာရန်ရဲ့သမီး လက်ထပ်တဲ့နေ့အထိ အခုကစပြီး ရက်သတ္တ ၆ ပတ်မှာ အပြီးသတ်ဖို့ အင်မတန် ခဲယဉ်းပါလိမ့်မယ် . . ."

ဘုရင်မသည် တခဏမျှ စဉ်းစားလျက် ရှိနေပြီးနောက်–

"မိတ်ဆွေရဲ့ သင်ဟာ ရဲရင့်တယ် နားလည်ကျွမ်းကျင်မှုရှိတယ်ဆိုတာ ကျွန်ုပ်ယုံကြည်ပါတယ် တကယ်လို့ သင်ဟာ ကျွန်ုပ်နေရာမှာသာရှိရင် ဘယ်လိုစီမံမလဲဆိုတာ ပြောပြစမ်းပါဦး"

"ကျွန်ုပ်သာ သင့်နေရာမှာရှိရင် ဖန်းတွေရဲ့ကောက်ရိတ်ပွဲတော်ရက်ညမှာ သူတို့အစောင့်တွေ သတိလစ်တဲ့အချိန် ကျွန်ုပ်တို့ လက်နက်စွဲကိုင်နိုင်သမျှ အက်ဗတီတွေနဲ့ ဖန်းမြို့တော်ကို ဒိုင်းနမိုင်းနဲ့ခွဲပြီး တစ်ခါတည်း ဝင်တိုက်မှာပဲ နောက်မှ မြို့ကို အနိုင်စီးပြီး ရုပ်တုကြီးကိုတော့ တကယ်လို့ လိုအပ်ရင် အေးအေးဆေးဆေးခွဲချင်သလိုခွဲ . . . ဖျက်ချင်သလိုဖျက်ပေါ့ . . ."

ထိုအခါ ဘုရင်မသည် သူ၏မှူးမတ်များနှင့် တခဏမျှ တိုင်ပင်လျက်ရှိရာ မှူးမတ်များမှာ အိုလီဗာ၏အကြံပေးချက်ကို ရှုံ့ချဟန် မျက်နှာထားများပေါ်လွင်လျက်ရှိလေသည်။ ထို့နောက် ဘုရင်မက မှူးမတ်များအား ရှုံ့ရှာမုန်းတီးသည့်လေသံဖြင့် . . .

“အမတ်ကြီးများက သင်ရဲ့အကြံဟာ ရူးတာပဲလို့ ဆိုနေကြတယ် . . . သူတို့က ဒီအကြံကိုအခွင့်ပေးမှာလည်း မဟုတ်ဘူး၊ ဒီလောက် ဘေးအန္တရာယ်များတဲ့အလုပ်ကို စလုပ်ဖို့ အက်ဗတီတွေကို တိုက်တွန်းသွေးဆောင်လို့လည်း ရမှာမဟုတ်ဘူးတဲ့၊ လုပ်ရင် သူတို့အားလုံး ပျက်စီးကြရမယ်လို့ ယုံကြည်နေကြတယ်၊ သူတို့ဆိုလိုတာက သူတို့ကိုးကွယ်တဲ့ဘုရား “ဟာမာ့ခ်ရုပ်တုကြီး” ပျက်စီးတာနဲ့ တစ်ပြိုင်နက် ဖန်းတွေဟာ သူတို့မြို့ကထွက်သွားရမယ်ဆိုတဲ့ တဘောင်ကို ယုံကြည်ကြတယ်၊ ဒါကြောင့် ရုပ်တုကြီးကို ပထမဖျက်ရလိမ့်မယ် . . . ပြီးတော့ တစ်ခုရှိတာ ကလည်း ကပ္ပတိန်ရဲ့ . . . သင်နဲ့ သင့်အပေါင်းအဖော်တွေဟာ တစ်နှစ်အတွင်းမှာ ကျွန်ုပ်တို့အမိန့်ကို လိုက်နာပါ့မယ်ဆိုတဲ့ ကတိအတိုင်း အတိုင်ပင်ခံအဖွဲ့ရဲ့အကြီးအမှူး ဂျိုရှူအာ မင်းသားကြီးက သင်တို့ပြုလုပ်ရမယ့်ကိစ္စကို ချက်ချင်းဆောင်ရွက်ဖို့ အမိန့်ချမှတ်လိုက်တယ် . . .”

“သင့် သဘောကကော . . . ဘယ်လိုလဲ . . . နှင်းဆီမယ် ဘုရင့်မ . . .”

“ကျွန်ုပ်ထင်တာကလည်း ဒီအက်ဗတီတွေဟာ ဖန်းမြို့ကို တိုက်ဖို့ ဘယ်နည်းနဲ့မှ အတင်းပြုလုပ်လို့ရမယ့် လူစားတွေ မဟုတ်ဘူး၊ သူတို့ပြောတာက ကျွန်ုပ်ရဲ့စကားမဟုတ်ဘူး . . .”

“ကောင်းပါပြီ ဘုရင်မ . . . ကျွန်ုပ်တတ်စွမ်းသလောက် ဆောင်ရွက်ပါတော့မယ် . . . အပြီးသတ်မှာ သူတို့ထင်တာနဲ့ တခြားစီဖြစ်ရင်သာ . . . ကျွန်ုပ်တို့ကိုအပြစ်မတင်ပါနဲ့တော့ တံဘောင်ဆိုတာ အဓိပ္ပါယ်နှစ်မျိုး ထွက်တတ်ပါတယ်။ ကျွန်ုပ်စိတ်ထင်တော့ ဖန်းတွေလို ရဲစွမ်းသတ္တိရှိပြီး စစ်တိုက်ချင်တဲ့လူမျိုးဟာ အချိန်မီ ကျွန်ုပ်တို့မှာပါတဲ့ ပစ္စည်းနဲ့ဖျက်ဆီးလို့ ကျောက်ရုပ်တုကြီးတစ်ခု ပျက်စီးသွားရုံနဲ့ သင့်ကိုအနိုင်ပေးပြီး မြို့ကထွက်ပြေးလိမ့်မယ် မထင်ဘူး . . . ပြီးတော့ ကျွန်ုပ်တို့ရဲ့ အလုပ်ကို စဖို့ရန်အတွက် မြို့သားမဟုတ်တဲ့ လက်ရွေးစင်တောင်ပေါ်သား ၂၅၀ နဲ့ ဂျေဖက်ကို စစ်ဗိုလ်ခန့်ပြီး ကျွန်ုပ်အားပေးအပ်စေလိုပါတယ်”

“ကောင်းပါပြီ . . . ရပါစေ့မယ် . . . ကပ္ပတိန်”

ထို့နောက် ကျွန်ုပ်တို့သည် ဘုရင်မအား ဦးညွှတ်ခါ အစည်းအဝေးခန်းမှ ထွက်ခဲ့လေ၏။

* * *

ဥမင်စ၍တူးခြင်း

သို့နှင့် ကျွန်ုပ်တို့၏ အလုပ်ကြီးကို ပင်ပန်းကြီးစွာ စကြရတော့၏၊ ကျွန်ုပ်တို့သည် "ပစ်ကရစ်ကွန်ပေါင်း" ခေါ် ဆေးဝါမှုန့်များအပြင် ဒိုင်းနမိုင်းအသေးစားများကိုလည်း ယူခဲ့ကြရသေးသဖြင့် . . . လမ်းရှင်းရာတွင် ဖောက်ခွဲရန် ၎င်းတို့ကိုအသုံးပြုကြရသေး၏။ သို့နှင့် လိုအပ်သောနေရာများ၌ ကျောက်ကိုလွန်ပူဖြင့်ဖောက်ပြီးသော် . . . စနက်တံဖြင့် ဖောက်ခွဲကြရပြီးလျှင် ပေါက်ကွဲသော ကျောက်အကျိုးအပဲ့များကို ဘုရင်သချိုင်းမြို့သို့ သယ်ယူပို့ကြရလေသည်။ ဤသို့ဖြင့် ထပ်တလဲလဲပြုလုပ်ရာ၏။ အလွန်မြင့်သောတောင်ကြီးအောက်ရှိ ကျဉ်းမြောင်းလှသောတွင်းထဲတွင် လေသည်အလွန်ပူလောင်ဆိုးဝါးလှသဖြင့် အချို့နေရာများ၌ မီးများထွန်းညှိ၍မရချေ၊ ပေ ၁၀၀ ခန့်ရောက်သောအခါ လူ ၂ ယောက်မှာ မြောမေ့စေတတ်သော ဓာတ်ငွေ့များကြောင့် ရတ်တရက်သေဆုံးသွားရာ အခြားသူများမှာ တွင်းထဲသို့ဝင်ရန်ပင် ကြောက်ရွံ့လျက်ရှိကြကုန်၏။ နောက်ဆုံး၌ ကပ္ပတိန်အိုလီဗာနှင့် ဂျေ'ကက်တို့သည် တကယ်သတ္တိကောင်းသော သူများကို ထပ်မံရွေးချယ်ပြီးသော် . . . ဆက်လက်ရပြန်၏။ သို့သော် လေမှာ မကြာမီ သန့်ရှင်းလတ်ဆတ်လာသည်ကို ထူးဆန်းစွာ တွေ့ရ၏။

ဤသို့ဖြစ်ရခြင်းမှာ . . . ကျွန်ုပ်စိတ်ထင်အားဖြင့် အပေါ်တောင်ထိပ်သို့ ဒိုးလျှိုပေါက်ဖြစ်နေသည့် အပေါက်ကလေးများကို ဖြတ်၍ ဖောက်လုပ်မိသဖြင့် ဖြစ်ဟန်လက္ခဏာရှိလေသည်။

အခြား ဘေးအန္တရာယ်များလည်း ရှိချေသေး၏။ ၎င်းတို့မှာ အချို့နေရာများတွင် ကျောက်များ ဆွေးမြေ့နေသဖြင့် ရတ်တရက် အမိုးများ ပြိုကျတတ်ခြင်းဖြစ်ရာ . . . အချို့ကို သစ်သားတုံးကြီးများဖြင့် ထောက်ခံ၍လည်းကောင်း အချို့ကို ဖြိုချဖယ်ရှား၍လည်းကောင်း သွားကြရ၏။ အခြားဘေးအန္တရာယ်တစ်ခုကား . . . ကြေးနီ ရေစမ်းများ ရတ်တရက်ပေါက်ထွက်လာခြင်းဖြစ်၍ ထိုရေများထိလျှင် အရေပြားများမှာ မီးလောင်သကဲ့သို့ ပေါက်ပြဲကုန်တတ်၏။ ထိုအခါမျိုး၌ ရေကိုနိုင်အောင် ပိတ်ပြီးလျှင် . . . တွင်းထဲသို့ ရောက်သမျှ ရေများကို သစ်သားခွက်များထဲသို့ထည့်ခါ သင့်လျော်သောနေရာသို့သွား၍ သွန်ပစ်ရ၏။ အချို့နေရာများတွင် ရေတွင်းကဲ့သို့ တွင်းနက်များတူးကာ မြောင်းများဖောက်၍ သွယ်ချကြရကုန်၏။

ဤသို့ဖြင့် ကပ္ပတိန်နှင့် ကွစ်တို့မှာ ပင်ပန်းကြီးစွာ လုပ်ကိုင်လျက်ရှိကြလေရာ . . . နောက်ဆုံး၌ ပရော်ဖက်ဆာဟာစ်သည် တွင်းထဲမှ အပူကို မခံနိုင်တော့သဖြင့် လိုဏ်ခေါင်းတွင်းမှ အကျိုးအပဲ့ အပျက်အစီးများကို ထုတ်ခြင်း ပစ္စည်းများ ထိန်းသိမ်းခြင်း အလုပ်များကိုသာ အုပ်ချုပ်လုပ်ကိုင်ရတော့၏။ အမှန်အားဖြင့် ဆိုသော် ဆရာကြီးမှာ သချိုင်းမြို့တော်ကြီးအတွင်းတွင် ရှေးဟောင်းပစ္စည်းများ အရိုးစုများနှင့် ကျောက်စာများကို ရှာဖွေခြင်းဖြင့် အချိန်ကုန်စေ၏။

ဤသို့ဖြင့် အပန်းတကြီး လုပ်ကြလေရာ သတင်းပတ်တစ်ပတ်လုံး၌ အိုလီဗာသည် နေ့ဘက်ကိုယူလျက် ကွစ်ဇ

ညဘက်တွင် အုပ်ချုပ်စီမံရ၏။ လူများကိုလည်း တစ်ပတ်လျှင် တစ်ကြိမ်ကျ ပြောင်းလဲပေး၏။ ဤသို့ဖြင့် လူများပင်ပြောင်းလဲသော်လည်း အလုပ်မှာ ရပ်နားခြင်းမရှိချေ။ မကြာမကြာပင် ဘုရင်မကိုယ်တိုင် အလုပ်ကိုလာရောက်ကြည့်ရှုတတ်ရာ လာရောက်သည့်အခါတိုင်း အိုလီဗာအလုပ်နားချိန်ဖြစ်တတ်၏။ သို့နှင့် သူတို့ ၂ ယောက်သည် တစ်စုံတစ်ရာကို ရီးမယ်ဖွဲ့ကာ ကျောက်ဂူမြို့ကြီးအတွင်း တစ်နေရာရာသို့ လှည့်ပတ်ကြည့်ရှုလေ့ရှိ၏။ သူတို့နောက်မှ မယောင်မလည် အက်ဗတ်သူလျှိုများ လိုက်လျက်ရှိသည်ကို နှစ်ကြိမ်မျှ ကျွန်ုပ်တို့တွေ့ရသဖြင့် ကျွန်ုပ်က အိုလီဗာအား မကြာခဏ သတိပေး၏။ သို့သော် သူတို့ကား အချစ်မှိုင်းမိ၍နေလေပြီ ကျွန်ုပ်၏စကားကိုနားမထောင်တော့ချေ။

အိုလီဗာမှာ . . . လေကောင်းလေသန့်ကို ရှူရန် တစ်ပတ်လျှင် ၂ ကြိမ် ၃ ကြိမ်မျှသာ အပြင်သို့ထွက်၍ သချိုင်းရာများအလယ် ရှေးကျောင်းပျက်ဟောင်းကြီး၏ အခန်းတစ်ခုအတွင်း၌သာ “ဖာရီ”အား အဖော်ပြုကာ ကုတင်တစ်လုံးနှင့် နေထိုင်လေ၏။ ဖာရီမှာ အလွန်ပါးနပ်လိမ်မာလှသည့်ပြင် အိုလီဗာအလုပ်လုပ်နေသည့်နေရာ၌ပင် ကပ်၍လိုက်ပါတတ်လေသည်။ ပါးနပ်ရာ၌လည်း မည်မျှလောက်ပါးနပ်သနည်းဆိုပါမူ . . . ကျောက်တုံးများကို ဒိုင်းနမိုင်းနှင့်ခွဲလျှင် လူများထွက်မပြေးမီပင် သူက အလျင်ဦးအောင် ထွက်ပြေးတတ်၏။ တစ်ညသ၌ “ဖာရီ”သာ မရှိခဲ့သော် တစ်စုံတစ်ရာ မုချဖြစ်ရမည်ဟု ကျွန်ုပ်ယုံကြည်လေသည်။ ညနေ “စဉ်တိုက်” ၈ နာရီကြာမျှ အလုပ်လုပ်ပြီးနောက် ကွစ်အလုပ်မဝင်မီ ပရော်ဖက်ဆာ “ဟာစ်”နှင့် အလုပ်ကိုလွှဲထားခဲ့၏။ ကျွန်ုပ်မှာ ထိုနေ့က အပြင်၌ တစ်နေ့လုံး တော်လှန်လျက်ရှိသော တပ်သားများနှင့်ပတ်သက်၍ ခေါင်းဆောင်များကို အပြင်

ဆေးရာတွင် ဘုရင်မ၏အကူအညီကိုယူကာ . . . မအားမလပ်ရှိနေခဲ့လေသည်။ ထိုအလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ဘုရင်မသည် ကျွန်ုပ်အား လိုက်ပို့စေသဖြင့် ကျွန်ုပ်တို့နှစ်ယောက် အတူထွက်ခဲ့ကြရာ . . . လိုဏ်ခေါင်းဝတွင် အိုလီဗာနှင့်တွေ့ဆုံမိလေ၏။ သူတို့ချင်း သူတို့ချင်း ဤသို့တွေ့ဆုံရန် ချိန်းဆိုထားခြင်းပေလော မပြောတတ်ပေ၊ ထိုအခါ . . . အိုလီဗာက အလုပ်၏တိုးတက်လာပုံများကို အစီရင်ခံပြီးနောက် . . . မှန်အိမ်တစ်လုံးစီကိုင်ကာ ကျောက်ဂူမြို့ကြီးအတွင်း အလွန်ချောင်ကျသော နေရာများသို့ ယခင်ကနည်းအတိုင်း ထွက်သွားကြလေ၏။ ထိုအခါ ကျွန်ုပ်သည်း နောက် မနီးမဝေးမှ သူတို့မသိအောင် လိုက်ပါသွားလေရာ . . . ကျွန်ုပ်လိုက်ပါသွားခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်ဘဲ . . . သူတို့အား နောက်မှတကောက်ကောက်လိုက်နေသည့် သူလျှိုများရှိမရှိကို အတိအကျသိရန် ဖြစ်လေသည်။

အတန်ဝေး ရောက်သောအခါ ကျွန်ုပ်သည် မီးအိမ်ကိုငြိမ်း၍ သူတို့ပြန်အလာကို လဲနေသော ကျောက်တိုင်ကြီးတစ်ခုပေါ်၌ ထိုင်၍စောင့်လျက်ရှိလေ၏။ ထောင့်ချိုးတစ်ခုမှ သူတို့မီးအိမ်များကို ပြန်၍ မြင်ရသည့်ခဏ၌ ကျွန်ုပ်နှင့်မနီးမဝေးမှ လူတစ်ယောက် မီးခြစ်ခြစ်သည်ကို မြင်လိုက်ရလေရာ မီးရောင်တွင် ထိုသူ၏မျက်နှာမှာ ဂျိုရှူအာခ၏ ကိုယ်ရံတော်ဗိုလ်မှူးတစ်ယောက်ဖြစ်ကြောင်း သတိမိလိုက်၏။ ထို့နောက် . . . ထိုသူသည် ကျောက်လုံးကြီးတစ်ခုကို ကွယ်ပြီးနောက် ပျောက်ကွယ်၍သွားတော့၏။

ပထမ၌ ကျွန်ုပ်သည် ဤအကြောင်းများကို သူတို့စုံတွဲအား သတိပေးဦးမည် ကြံမိသေး၏။ သို့သော် သူလျှိုမှာ ပြန်သွားပြီဖြစ်၍ ကျွန်ုပ်လည်း ဟာစ်အလုပ်လုပ်နေသည့်နေရာသို့ လာခဲ့၏။ ဆာဂျင့်ကွစ်ရောက်လာ၍ ဟာစ်မှာ အလုပ်ကဆင်းခဲ့ပြီး

နောက် အရိုးများကို အမောပြေ သွားရောက်ကြည့်ရှုမှတ်သားလျက်ရှိစဉ် ကျွန်ုပ်လည်း အကျိုးအကြောင်းကို ဟစ်အား ပြောပြရာ ဟစ်က . . .

"သူ့ကိုတော့ အပြစ်မတင်ပါဘူးဗျာ . . . ငယ်တဲ့လူကိုဗျား၊ ကျုပ်ရော ခင်ဗျားရော သူ့အသက်အရွယ်ဆိုရင် ဖြစ်မိမှာပဲ၊ အင်း . . . နေရာတော့အကျသားဗျို့ ဘယ်နေရာမှ မတူတဲ့ ဘုရားပေးတဲ့ သဘာဝစုံတွဲပဲ၊ ခွဲလို့လည်း တစ်သက်ရတော့မယ် မဟုတ်ဘူး၊ ကြည့်လို့တော့ အတော်ကောင်းတယ်၊ နေပါဦး . . . ဒီလိုသာနေရင် ဘာဖြစ်မယ် ထင်သလဲ . . . အဘိုးကြီးရဲ့"

"ဘာဖြစ်ရမှာလဲ အိုလီဗာ အသတ်ခံရရုံပေါ့၊ ခင်ဗျားတို့ကျုပ်တို့က သူ့နောက်က လိုက်ရလိမ့်မယ် . . . လာသွားကြစို့ ညစာနီးနေပြီ . . ."

သို့နှင့် . . . ကျွန်ုပ်တို့သည် အိုလီဗာ၏ ယာယီစခန်းသို့ သွားရောက်ကြလေရာ . . . အိုလီဗာလည်း ကျွန်ုပ်တို့အား ညစာပြင်ပြီးနှင့် အသင့်စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရလေ၏။ ညစာ စားသောက်ကြပြီးနောက် ကျွန်ုပ်တို့လည်း ဆေးတံကိုယ်စီခဲကာ ရှိနေရာမှ ကျွန်ုပ်တွေ့ခဲ့သော သူလျှိုအကြောင်းကို အိုလီဗာအား ပြောပြလေ၏။ ထိုအခါ အိုလီဗာသည်လည်း သူတို့သွားကြသည့်အကြောင်းကို မျက်နှာများပျက်ကာ ရမယ်ရှာ၍ ပြောပြီးနောက် အတန်ကြာငြိမ်သက်လျက်ရှိပြန်လေ၏။ သို့ရှိစဉ် ကျွန်ုပ်က သူ့အား . . . ဤနေရာတွင် တစ်ယောက်တည်းညအိပ်လျှင် စိုးရိမ်ဖို့ကောင်းကြောင်း၊ သူ့၌ ရန်သူများရှိနေကြောင်း သတိပေးရာ အိုလီဗာက . . .

"အလကားကောင်တွေပါဗျာ၊ ကိစ္စမရှိပါဘူး . . . ဒါပေမယ့် မနေ့ညက ခြေသံလိုလိုတော့ ကြားမိတယ်ထင်တယ်၊ ပြီးတော့ ဖာရိလည်း ကောင်းကောင်းမအိပ်ဘူးဗျာ . . . တစ္ဆေများလား မပြောတတ်ဘူး . . ."

"တစ္ဆေ . . . ဘာတစ္ဆေလဲဗျာ၊ အလကား မရှိတာတွေပြောနေကြတာ၊ လူကိုသာ စိုးရိမ်စရာရှိတယ် မဟုတ်လား"

"ဒါကတော့ ကိစ္စမရှိပါဘူးခင်ဗျာ . . . အကြောင်းရှိရင် အလွယ်တကူရအောင် ကွစ်အလုပ်လုပ်နေတဲ့နေရာနဲ့လည်း တယ်လီဖုန်းကြိုးဆက်ထားပြီ"

ကျွန်ုပ်တို့မှာ အင်္ဂလန်မှ ထွက်လာစဉ်ကပင် အိုလီဗာသည် လိုရမယ်ရှာဆိုကာ . . . စစ်မြေပြင်တွင်အသုံးပြုသည့် တယ်လီဖုန်းတစ်စုံ ယူလာခဲ့လေသည်။ ထို့နောက် ကပ္ပတိန်က–

"ကိုင်း ပြန်ကြပေတော့လေ . . . ကျွန်တော်လည်း အချိန်ရခိုက် အိပ်လိုက်ပါရစေဦး . . . ကျွန်တော့်အတွက်တော့ ကိစ္စမရှိပါဘူး၊ တယ်လီဖုန်းရှိပြီ၊ ဖာရိလည်းရှိပြီ၊ ဟောဒီခြောက်လုံးပြူးလည်းရှိပြီ၊ တော်လောက်ပါပြီ . . ."

* * *

နောက်တစ်နေ့နံနက် ၅ နာရီအချိန်လောက်၌ ကျွန်ုပ်နှင့် ဟစ်တို့သည် အပြင်မှ တံခါးကိုပြင်းထန်စွာခေါက်သံဖြင့် အိပ်ရာမှ လန့်၍နိုးကြလေရာ . . . တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အလုပ်ခွင်မှလာသည့် ပေကျံလျက်ရှိသော အဝတ်အစားများနှင့် ဆာဂျင့်ကွစ်ကိုတွေ့ရ၏။ သို့နှင့် ကျွန်ုပ်က . . .

"မိုးမှ မလင်းသေးဘူး စောစောစီးစီး ဘာဖြစ်လာတာလဲ ကွစ်"

"ကပ္ပတိန်က ဆရာကြီးတို့နှစ်ယောက် အခုချက်ချင်း အမြန်ဆုံး တွေ့ချင်ပါသတဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ . . ."

“ဆရာကြီးတို့ကိုယ်တိုင် ဟိုရောက်တဲ့အခါ သိကြရပါလိမ့်မယ် . . .”

နောက် ၅ မိနစ်လောက်အကြာတွင် ကျွန်ုပ်တို့နှစ်ယောက်လည်း မီးအိမ်တစ်လုံးစီဆွဲကိုင်ကာ . . . ဥမင်လိုဏ်ခေါင်းအတွင်းသို့ဝင်သွားလေရာ . . . ကွစ်ပင် နောက်မှာကျန်ရစ်ခဲ့၏။ ကပ္ပတိန်၏ ယာယီစခန်းသို့ရောက်ကြ၍ ကျောင်းပျက်ကြီးတံခါးဝမှ မီးအိမ်ကို မြှောက်ပြနေသော အိုလီဗာကိုတွေ့ရလေရာ သူက–

“ကိုင်း . . . လာကြခင်ဗျာ . . . ခင်ဗျားတို့ကို ကျွန်တော်ပြစရာရှိပါတယ်”

ဟုပြော၍ ခေါ်သွားသဖြင့် ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်ပါသွားရလေ၏။ ဖာရီသည်လည်း ကျွန်ုပ်တို့အား . . . အနံ့ခံပြီးနောက် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာခဲ့လေသည်။

သို့နှင့် အိုလီဗာသည် သူအိပ်သော အခန်းကျယ်ကြီး၏ ထောင့်တစ်ထောင့်တွင် မီးအိမ်ကိုမြှောက်၍ . . .

“ကိုင်း . . . ကြည့်ကြစမ်းခင်ဗျာ”

ဟု တစ်စုံတစ်ရာကိုပြသဖြင့် ကြည့်လိုက်ရာ . . . ကြမ်းပြင်ပေါ်တွင် လဲ၍နေသော လူမည်းတစ်ယောက်အလောင်းနှင့် အနီး၌ အက်ဗတီဓားကြီးတစ်လက်ကို တွေ့မြင်ရလေ၏။ မျက်နှာကို ချက်ချင်းပင် ကျွန်ုပ်တို့မှတ်မိကြရာ . . . သေနေသူကား အခြားသူမဟုတ်၊ ကျွန်ုပ်တို့မိတ်ဆွေကြီး ရာဒရက်ပင်ဖြစ်လေသည်။ သူ၏လည်မျိုရှိအပေါက်ကလေးများမှ သွေးများထွက်လျက် ရှိလေရာ . . . ကျွန်ုပ်ရော ဟစ်ကပါ “ရာဒရက်” ဟု တပြိုင်နက် အော်လိုက်လေ၏။ ထိုအခါ အိုလီဗာက . . .

“ဟုတ်တယ် ကျွန်တော်တို့ကို လမ်းပြလုပ်ခဲ့တဲ့ ရာဒရက်ပဲ၊ သြော် . . . သူ့စာရိတ္တမကောင်းပေမယ့် သူ့အသက်တစ်ချောင်း ချမ်းသာဖို့ ဟစ်ကို ခြင်္သေ့တွင်းက မရရအောင် ကူညီခဲ့တဲ့ ကျေးဇူးတော့ ရှိရှာသေးတယ်”

ထိုအခါ . . . ကွစ်က ဝင်၍ . . .

“အင်း . . . ဟုတ်တာပေါ့လေ . . . ဒါပေမယ့် သူက “ကြောင်” ဖြစ်တော့ နောက်ဆုံး ကြောင်ကို ခွေးကိုက်သွားတာပါပဲ”

ထို့နောက် ကပ္ပတိန်က . . .

“ကျွန်တော်လည်း ဘယ်အချိန်ရယ်လို့တော့ မသိပါဘူး ခင်ဗျာ . . . မနေ့က အလုပ်ပင်ပန်းတာနဲ့ အိပ်မောကျနေတုန်း ဖြစ်တာနဲ့ တူပါတယ်၊ သူ့အကြံပဲလား . . . တစ်ယောက်ယောက်က ကြံစည်တာပဲလားတော့ မပြောတတ်ဘူး . . . ဒါပေမယ့် သူက သူ့မိတ်ဆွေဟောင်း ဖာရီကိုမေ့နေတာကိုခင်ဗျာ . . . ဖာရီနဲ့ တွေ့သွားပြီး ကိစ္စချောရှာတာပါပဲ၊ လည်မျိုက အစွယ်လေးချောင်းရာသာ ကြည့်ပါတော့”

“ခင်ဗျာ့ ခွေးကတော့ တကယ်ချီးမွမ်းလောက်တဲ့ခွေးပါပဲဗျာ . . . တကယ် သစ္စာရှိပါပေတယ်”

ကပ္ပတိန်အိုလီဗာသည် ဤသတင်းကို နန်းတော်သို့ချက်ချင်းစေလွှတ်ပြောကြားစေရာ . . . မကြာမီပင် ဘုရင်မကိုယ်တိုင် ဂျိုရှူအာနှင့် အခြားမှူးမတ်များ ခြံရံကာ ရောက်ရှိလာလေ၏။ အိုလီဗာက အကြောင်းစုံရှင်းလင်းပြသောအခါ ဘုရင်မသည် ဂျိုရှူအာအား ဤအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာသိရှိပါသလောဟု ခပ်မာမာမေးမြန်း၏။ ထိုအခါ ဂျိုရှူအာက မိမိကိုယ်တိုင် မသိ မည်သူပြုလုပ်မည်ဟူ၍လည်း မပြောနိုင်ကြောင်းနှင့် ခါးခါးသီးသီး ပြောဆိုလေသည်။ မည်သို့ပင်ဖြစ်စေ ရာဒရက်အား သူလုပ်သည့်အလုပ်အတွက်ဆုလာဘ်ကိုမူ ရ၍သွားလေပြီ–

သို့သော် ဝမ်းနည်းဖွယ်ကောင်းသော အချက်တစ်ခုကား ထိုနေ့၌ပင် ဖာရိုအဆိပ်သင့်၍ သေခြင်းဖြစ်၏။ ကျွန်ုပ်တို့ကား လူထက်ပင် သစ္စာရှိသေးသော "ဖာရို" အား ဤတစ်သက်တွင် မမေ့နိုင်တော့ပြီ . . ."

* * *

ထူးဆန်းသောတွေ့ရှိချက်များ

ထိုနေ့မှစ၍ ကျွန်ုပ်တို့တစ်စုမှာ လာဘ်ထိုး၍ မရနိုင်ဟု ထင်ရသော အစောင့်အရှောက်များနှင့် နေ့ရောညပါ နေရတော့၏။ ကျွန်ုပ်တို့မှာ ရုရှားပြည် ဇာဘုရင်ကဲ့သို့ အစားအစာများကိုပင် ရှေးဦးစွာ "အစားမြည်းသူက" စားသောက်ပြီးမှ ကျွန်ုပ်တို့စားရ၏။ သက်တော်စောင့်များအပြင် စန္ဒရီများစုံထောက်များကလည်း ချောင်ကြိုချောင်ကြားမှန်သမျှတို့၌ စောင့်ကြပ်ရ၏။ အထူးသဖြင့် အိုလီဗာအတွက် လက်နက်အပြည့်အစုံနှင့် လူ ၂ ယောက်မှာ မျက်စိအောက်မှ အပျောက်မခံဘဲ ရှိလေသည်။ သို့ဖြစ်ရကား . . . အိုလီဗာနှင့် ဘုရင်မမှာ ယခင်အခါများကကဲ့သို့ မကြာခဏ လွတ်လပ်စွာ တွေ့ဆုံနိုင်ခွင့်မရှိတော့ချေ၊ ဤသို့ရှိနေသည့်အတွင်းမှပင် ဘုရင်မသည် စွန့်စား၍ အိုလီဗာအား လျှို့ဝှက်စွာ တွေ့ဆုံသေးရာ ဤသတင်းမှာ တစ်ယောက်ကစ တစ်ရာဆိုဘိသကဲ့သို့ နောက်ဆုံး တိုင်းပြည်ကပင် အနံ့အပြားပြောဆိုလျက် ရှိကြလေပြီ . . .။

ကျွန်ုပ်တို့မှာ ဘုရားသခင် စောင်မသဖြင့် လည်ပင်းလည်း မပြတ်သေး၊ ဖာရိုကဲ့သို့ အဆိပ်ကျွေးလည်း မခံရသေးချေ။ သို့သော် . . . ချောင်းမြောင်းကြံစည်ခြင်းများကိုကား . . . ခံကြရ၏။

တစ်နေ့တွင် တောင်ကုန်းတစ်ခုနံဘေး၌ ကျွန်ုပ်တို့ထိုင်နေစဉ် တောင်ပေါ်မှ ကျောက်တုံးကြီးတစ်တုံး ကျွန်ုပ်တို့ရှိရာသို့ ကျလာဖူး၏။ တစ်နေ့မြင်းစီး၍သွားကြသောအခါ မြားများသည် ကျွန်ုပ်တို့အနီးမှ ဖြတ်၍သွားပြီးလျှင် ဟစ်၏မြင်းမှာ ထိမှန်သေဆုံးသွား၏။

ကာလအတန်ကြာသောအခါ တစ်နေ့တွင် သိုးကျောင်းသား ၂ ယောက်သည် သတင်းစကားများပေးပို့ရန် ရှိကြောင်းပြောဆိုကာ နန်းတော်သို့ရောက်လာ၏။ သူတို့အား စစ်ဆေးမေးမြန်းသောအခါ ဤသို့ပြောကြားလေသည်။ သူတို့သည် အနောက်ဘက်တောင်ထိပ်များပေါ်၌ ဆိတ်များကို ကျောင်းနေစဉ် ဖန်းစစ်သား ၁၅ ယောက် ရုတ်တရက်ပေါ်လာပြီးလျှင် . . . သူတို့အား မျက်စေ့များကိုပိတ်၍ အောက်ပါသတင်းစကား အစိုးရအဖွဲ့သို့ ပေးပို့ရန် စေခိုင်းသည်ဆို၏။ ထိုသတင်းမှာ . . .

"ဟာမော့ခ်ရုပ်တုကို မြန်မြန်ဖျက်ဆီးကြပါကုန်၊ ဤသို့မဟုတ်လျှင် တံဘောင်အရ ဤရုပ်တုမှ ခေါင်းသည် "မား"သို့ ရွှေ့ပြောင်း၍ ဖန်းတို့သည်လည်း လိုက်ကြရပါလိမ့်မည်"

ဤသို့ပြောကြား၍ စစ်သားများသည် သူတို့အား တောင်ထိပ်တစ်ခုတွင်ထားခဲ့ရာ နောက်ဆုံးအဖော်များက တွေ့ရှိကယ်ဆယ်ခဲ့ရကြောင်း ပြောပြလေသည်။

ထိုသတင်းအရ အစိုးရအဖွဲ့မှ အဖွဲ့ဖွဲ့စည်း၍ ထိုဖန်းစစ်သားများအား စုံစမ်းရှာဖွေစေ၏။ သို့သော် . . . စစ်သားများကို မတွေ့ဘဲ မားမြို့ဘက်သို့ အသွားလှည့်၍စိုက်ထားသော ဓားတစ်ချောင်းကိုသာ တွေ့ကြရ၏။ သို့နှင့် ဖန်းများလာနိုင်လောက်သည့် လမ်းကို အပတ်တကုတ် ကြိုးစားရှာဖွေကြသော်လည်း မည်သည့်လမ်းကိုမျှ မတွေ့ရချေ။ တက်နိုင်လောက်သည်ထင်ရသောနေရာများကို နေ့ရောညပါ စောင့်ကြ၏။ သို့သော် အချည်းနှီးပင်၊ သို့ဖြစ်ရကား . . . ဖန်းတို့သည် လျှို့ဝှက်သောလမ်းပေါက်တစ်ခုကို တွေ့ရှိထားလေပြီဟူ၍သာ နောက်ဆုံးတွေးထင်ယုံကြည်ကြရတော့၏။ လူ ၁၅ ယောက် ဝင်ရောက်နိုင်ခဲ့သော် လူ ၁၅၀၀၀ လည်း ဝင်ရောက်နိုင်ပေလိမ့်မည်၊ သို့နှင့် လမ်းပေါက်တွေ့သူအား ဂုဏ်ထူးများနှင့် မြေယာအမြောက်အမြားပေးမည်ဟု ကြေငြာသော်လည်း တွေ့သူမပေါ်ပေါက်ခဲ့ချေ။

အက်ဗတီတို့ကား . . . ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့လျက် သူတို့နိုင်ငံမှာ တောင်များပင် ပတ်လည်ကာရံထားသော်လည်း မလုံခြုံသကဲ့သို့ အလုပ်ကိုပင် ကောင်းစွာမလုပ်နိုင်ကြဘဲ နေရာတိုင်းလိုလို၌ပင် ထိုအကြောင်းကို ဝိုင်းဖွဲ့ပြောဆိုလျက်ရှိကြကုန်၏။ ရုပ်တုကြီးကို အမြန်ဖျက်ဆီးပစ်မှသာ မားသို့ ပြောင်းရွှေ့၍မလာမည်ကို သိရှိနားလည်လာကြလျက် ၎င်းကို ဖျက်ဆီးရန်မှာလည်း ကျွန်ုပ်တို့ တစ်ပြည်သားများသာ ဖြစ်ရကား . . . ကျွန်ုပ်တို့အား အချိန်ကာလအားလျော်စွာ အတော်ပင်ကြည်ညိုလေးစား၍ လာကြကုန်၏။ သို့နှင့် ကျွန်ုပ်တို့အသက်ကို ချောင်းမြောင်းကြံစည်မှုများလည်း လုံးဝရပ်စဲသွားလေတော့၏။

ဤအချိန်များအတွင်း၌ ကျွန်ုပ်တို့၏လိုဏ်ခေါင်းတူးဖောက်ခြင်းအလုပ်မှာ တစ်နေ့ထက်တစ်နေ့ ပြီးစီး၍ လာခဲ့၏။ သို့သော် . . . အလုပ်နားမလည်သော လုပ်သားများ ညံ့ဖျင်းသော ရုးဆောက်တန်ဆာများဖြင့် လုပ်ကိုင်ရသဖြင့် ခရီးတွင်သင့်သလောက် မတွင်သည်ကိုပင် ကျွန်ုပ်တို့မှာ အားမရနိုင်အောင်ရှိတော့၏။ အိုလီဗာကိုယ်တိုင် အင်ဂျင်နီယာတစ်ယောက်ဟု ဆိုရစေကာမူ ဤမျှလောက် ထုထည်ကြီးမားသော အလုပ်မျိုး၌ လည်း တွေ့မရှိခဲ့ဘူးချေ။ သူ၏ကြိုးပမ်းမှုကိုသာ အထူးသဖြင့် ချီးကျူး

ရတော့၏။ အလုပ်ခွင်မှနားနေသည့်အခိုက်၌ပင် ခမြာမှာ အတိုင်းအထွာများကို တွက်ချက်ခြင်းဖြင့် အချိန်ကုန်ရရှာ၏။ အဘယ်ကြောင့်ဆိုသော် . . . အတွက်လွဲချော်ပါက ဤမျှလောက် ဒိုင်းနမိုင်းများဖြင့် ထင်သည့်အတိုင်း ခရီးမပေါက်ဘဲ အချည်းအနှီးဖြစ်သွားမည်ကို စိုးရိမ်ရပေ၏။

နောက်ဆုံး၌ လိုဏ်ခေါင်းပေါက်သွားပြီဖြစ်၍ လူသာမန်တို့ လုပ်နိုင်မည်မထင်သည့် အလုပ်ကြီးသည် ပြီးမြောက်၍ သွားလေ၏။ ရုပ်တုကြီးထုလုပ်ထားရာ ကျောက်တောင်အတွင်းအောက်ခြေသို့ အခန်းကလေးပေါင်းများနိုင်သမျှ များစွာဖောက်ထွင်းရပြီးလျှင် . . . ၎င်းတို့အတွင်းသို့ ဝန်တင်ကုလားအုပ် ၄ စီးနှင့်အပြည့်တင်ခဲ့သော ဒိုင်းနမိုင်းများကို မျှ၍သွင်းရန်ဖြစ်၏။ ထိုအခန်းကလေးများမှာ တစ်ခန်းနှင့်တစ်ခန်း ပေ ၂၀ ခန့်စီကွာ၍ အိုလီဗာ၏တိုင်းထွာချက်အရ ဝပ်၍နေသော ခြင်္သေ့ရုပ်တုကြီးအောက် ပေ ၃၀ ခန့်အနက်၌ရှိလေသည်။ အမှန်အားဖြင့်သော် ဦးခေါင်းရှိရာ အရှေ့ဘက်သို့ များ၍သွားလေသည်။ သို့သော်မည်သို့ပင်ဖြစ်စေ အနည်းကပ်ဆုံး မှန်ကန်ခြင်းကိုပင် ချီးကျူးရတော့၏။ ဤသို့ အခန်းကလေးအားလုံး ပြီးစီးလတ်သော် အိုလီဗာနှင့် ကွစ်တို့သည် သဲဖြင့်ထုပ်ထားသည့် သံဓာတ်ဘူးများအတွင်းသို့ ဒိုင်းနမိုင်းယမ်းတောင့်များထည့်သွင်းခြင်း စနက်တံများတပ်ခြင်း လျှပ်စစ်ဓာတ်ကြိုးများသွယ်ရခြင်း စသောအလုပ်များကို ပြုလုပ်ကြရ၏။ ထိုအလုပ်များမှာ ဘေးအန္တရာယ်များလှသည့်ပြင် စိတ်ရှည်လက်ရှည်လည်း ပြုလုပ်ရ၏။ ထို့နောက် အခြားပင်ပန်းသော အလုပ်ကြီးကို စရပြန်ရာ ၎င်းမှာ လိုဏ်ခေါင်းကိုပြန်၍ဖို့ရသော အလုပ်ဖြစ်လေသည်။ ဤသို့ပြုလုပ်ရခြင်းမှာ ပေါက်ကွဲသော ယမ်းအားသည် နောက်သို့ပြန်၍မကန်ရန်ဖြစ်လေသည်။ အခြားခဲယဉ်းသော အလုပ်တစ်ခုလည်းရှိသေး၏။ ၎င်းမှာ ကျောက်ပေါ်တွင် ဝိုင်ယာကြိုးလွတ်လပ်စွာသွားနိုင်ရန် မြောင်းကလေးဖောက်ရခြင်းဖြစ်၏။ ဤသို့မပြုလုပ်၍ လျှပ်စစ်ဝိုင်ယာကြိုးသည် ကျောက်တုံးများနှင့် ပိညပ်၍ပြတ်ခဲ့သော် ဒိုင်းနမိုင်းမှာ ပေါက်ကွဲတော့မည်မဟုတ်ပေ။

ကျွန်ုပ်တို့အစီအစဉ်မှာ ကျွန်ုပ်၏သားကို ဗာရန်၏သမီးနှင့် လက်ထပ်မည့်နောက်လ လပြည့်နေ့ည၌ ဖောက်ခွဲရန်ဖြစ်လေသည်။ ထိုနေ့ကို ချိန်းရခြင်းမှာလည်း ဗာရန်က ကောက်ရိတ်ပွဲတော်အပြီးတွင် မားမြို့အား စတင်တိုက်ခိုက်ရန်စီစဉ်ကြောင်း ကျွန်ုပ်တို့သူလျှိုများထံမှ ကြားသိရသောကြောင့်ဖြစ်လေသည်။ သို့နှင့် ထိုနေ့၌ ကျွန်ုပ်၏သားမှာ ရုပ်တုကြီးအတွင်း၌ရှိမည်မဟုတ်ချေ။ ဤသည်လည်း အချက်တစ်ချက်ဖြစ်၏။

* * *

ဘုရင်မအားခိုးရန်အကြံ

သို့နှင့် နောက်ဆုံး၌ ထိုနေ့ကြီးသို့ ရောက်ရှိလာတော့၏။ လိုဏ်ခေါင်းပိတ်ထားခြင်းလည်း ပြီးစီးလုပြီဖြစ်၍ နောက်ဆုံး၌ တွင်းဝကို ကျောက်လုံးကြီးများဖြင့် လူပေါင်း ၁၀၀ ခန့်မျှ ပိတ်ဆို့လျက်ရှိကြ၏။ လျှပ်စစ်ဝိုင်ယာကြိုးကို အိုလီဗာနေသော ကျောင်းပျက်ကြီး၏ အခန်းတစ်ခန်းသို့ သွယ်လာ၏။ တစ်ခုမအောင်မြင်ခဲ့သော် တစ်ခုအောင်မြင်ရန် ဘက်ထရီအိုးကြီး ၂ အိုးထားရှိ၏။ သို့သော် ဝိုင်ယာကြိုးများနှင့်ကား မဆက်ရသေးချေ။ ဝိုင်ယာကြိုးလမ်းတစ်လျှောက်၌လည်း မတော်တဆသော်လည်းကောင်း တမင်သော်လည်းကောင်း ကြိုးများပြတ်မည်စိုးသဖြင့် အစောင့်များကို မလစ်ရအောင် ချထား၏။ ကျွန်ုပ်တို့ ၄ ဦးသည်လည်း ထိုအခန်းထဲတွင် ခေါင်းချင်းရိုက်ကာ ရှိနေကြ၏။

နံနက်စာ စားသောက်ကြပြီးနောက် အိုလီဗာသည် ခြေကုန်လက်ပမ်းကြကာ အိပ်ရာထဲတွင် အိပ်မောကျလျက်ရှိလေ၏။ ညနေ ၄ နာရီလောက်၌ တွင်းဝကိုဖို့၍နေသော ကွစ်ကြီးမှူးသည့်လူစုသည် အလုပ်ပြီး၍ပြန်လာကြရာ . . . ဟာစ်နှင့်ကျွန်ုပ်တို့က မီးအိမ်တစ်လုံးစီနှင့် ဝိုင်ယာကြိုးများကိုလျှောက်၍ စစ်ဆေးရ၏။ သို့စစ်ဆေးရာ ကောင်းမွန်စွာတွေ့ရသည်နှင့် ဘုရား

ရှိခိုးကျောင်းပျက်ကြီးရှိရာသို့ ပြန်လာကြရာ မောကြီးပန်းကြီးနှင့် ရပ်လျက်ရှိသော "ဂျေဖက်" ကို တံခါးဝတွင် တွေ့ရလေ၏။ ဂျေဖက်၏မျက်နှာမှာ ကြောက်ရွံ့ခြင်း စိုးရိမ်ခြင်းဖြင့် ညှိုးငယ်လျက်ရှိသည်ကိုတွေ့ရလေသည်။ သို့နှင့် ကျွန်ုပ်က အကျိုးအကြောင်း မေးမြန်းရာ . . . ဂျေဖက်က . . .

"အို . . . ဆေးဆရာကြီး၊ ကပ္ပတိန် အိုလီဗာကိုအရေးကြီးသော စကားတစ်ခွန်း ပြောရန်ရှိပါသည် . . ."

ကျွန်ုပ်တို့က ကပ္ပတိန်မှာ အလုပ်ပင်ပန်းလှသဖြင့် အိပ်ပျော်လျက်ရှိကြောင်း ပြောလေရာ . . . သူသည် ကျွန်ုပ်တို့ကိုလည်း နားထောင်စေလိုကြောင်း ပြောသဖြင့် ကျွန်ုပ်တို့လည်း အတွင်းခန်းကလေးသို့ သွားရောက်ကာ ကပ္ပတိန်အားအိပ်ရာမှ နှိုးရလေ၏။ အိုလီဗာသည် အိပ်ရာမှခုန်ထလိုက်ပြီးနောက် . . .

"ဘာလဲ ဂျေဖက် . . . ဖန်းတွေက ကျွန်ုပ်တို့ရဲ့ ဝိုင်ယာကြိုးတွေများ ဖြတ်ပစ်ကုန်ပြီလား . . ."

"မဟုတ်ပါ ကပ္ပတိန် ဤထက်ပင်ဆိုးရွားပါသေးသည်၊ ဂျိုရှူအာ မင်းသားကြီးသည် ကျွန်ုပ်တို့၏အရှင်သခင်မအား ခိုးရန် အကြံအစည်ပြုနေပါသည် . . . သူ့လက်အောက်၌ ကျွန်ုပ်၏သွေးသားထဲမှ စစ်ဗိုလ်တစ်ယောက်ရှိ၍ သူနှင့်အရက်သောက်သောအခါ အရက်မူးလာသဖြင့် ဤစကားပေါ်လာပါသည်။ အက်ဗတီလူမျိုးအတွက် ဖန်းရုပ်တုကြီးကို ဖျက်ဆီးရန်အလို့ငှာသာ ယခင်က သခင်ကြီးတို့လူစုအား ချမ်းသာပေးခဲ့ခြင်းဖြစ်ပါသည်။ ဖျက်ဆီး၍ အထမြောက်သောအခါ အက်ဗတီတစ်မျိုးလုံးက သခင်ကြီးတို့အား ကြည်ညို၍ သူ့ကောင်းပြုမည်ကို သူစိုးရိမ်ပါသည်။ ထို့ပြင်လည်း အထူးသဖြင့် သခင်ကြီးအား ကျွန်ုပ်တို့ဘုရင်မက မျက်နှာသာပေးထားသည်ကို သူမရှုစိမ့်နိုင်ဖို့ သူ

ကိုယ်တိုင် "နှင်းဆီမယ်"၏လက်ကို သိမ်းပိုက်ရန်အကြောင်း ၂ ခုရှိပါသည်။ ပထမအချက်မှာ ဘုရင်မအား လက်ထပ်နိုင်က အက်ဗတီတို့တွင် အမြင့်ဆုံးသောနေရာသို့ သူရောက်ရှိပါမည်။ ဒုတိယအချက်မှာ အရှင်တို့ရောက်လာသည့်အတွက် ဘုရင်မ ဆုံးရှုံးမည်ကို သူစိုးရိမ်ပါသည်။ သို့ဖြစ်၍ ထောင်ချောက်တစ်ခုကို သူဆင်လျက်ရှိပါသည်။

"ဘယ်လိုထောင်ချောက်မျိုးလဲ ဂျေဖက်ရဲ့ ပြောစမ်းပါဦး"

ထိုအခါ ဂျေဖက်က မိမိအသေအချာမသိကြောင်း၊ သို့သော် သတင်းကြားမှာ ဂျိုရှုအာသည် ဘုရင်မအား ရေအိုင်ကြီးအခြားဘက်တွင်ရှိနေသော သူ၏ရဲတိုက်ကြီးသို့ တစ်နည်းနည်းဖြင့် ကြံစည်ခေါ်ဆောင်သွားပြီးလျှင် ထိုနေရာ၌ အဓမ္မလက်ထပ်မည်ဆိုကြောင်း၊ ရဲတိုက်ကြီးမှာ မြို့မှ ၆ နာရီခန့် မြင်းစီးသွားမှ ရောက်နိုင်ကြောင်း၊ ရှေ့လာမည့် ဥပုသ်နေ့ နောက်တစ်နေ့တွင် ခိုးယူလိမ့်မည်ထင်ရသည်ဟု စစ်ဗိုလ်အား တီးခေါက်ကြည့်သဖြင့် သိခဲ့ရကြောင်း ပြောပြလေ၏။

ထိုအခါမှ ကပ္ပတိန်ကလည်း သက်ပြင်းချလျက် . . .

"ကောင်းပြီလေ . . . ဒီသတင်းပေးပို့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် . . . ၅ ရက်လောက်တော့ လိုပါသေးတယ် . . . ကိုင်း . . . ကိုင်း . . . ပြန်တော့၊ ဝိုင်ယာကြိုးသွားတဲ့ လမ်းတွေ ကောင်းမကောင်းသွားကြည့်ပြီး ကျွန်ုပ်ကိုပြန်ပြောပေတော့ . . ."

သို့နှင့် ဂျေဖက်လည်း အက်ဗတီတို့ထုံးစံအတိုင်း ကပ္ပတိန်အား အရိုအသေပြုပြီးလျှင် ထွက်သွားလေ၏။ ဟစ်ကမှ ထိုသတင်းမှာ ကောလာဟလ သတင်းမျှသာဖြစ်၍ မယုံကြည်ရသေးကြောင်း ပြော၏။ ထို့နောက် ကျွန်ုပ်တို့လည်း အချင်းချင်း တိုင်ပင်ကြပြီးလျှင် ဤအကြောင်းကို ဘုရင်မကြောက်ရွံ့မည်စိုးသဖြင့် အနိုက်အတန့်အားဖြင့် အသိမပေးသင့်သေးကြောင်း သဘောတူကြလေ၏။ ထို့နောက် ကပ္ပတိန်က . . .

"ကျုပ်မှာတော့ ဒီနေရာက အခုည ၁၀ နာရီမှ အစောဆုံး ထွက်ရလိမ့်မယ် . . . အခုကစပြီး ဖောက်ခဲ့တဲ့အချိန်ထိ အင်မတန်အရေးကြီးတယ်၊ ကျုပ် ဝိုင်ယာကြိုးတွေ . . . ဘက်ထရီတွေကို မျက်စိအောက်က အပျောက်ခံလို့ မဖြစ်ပေဘူး။ ဒါနဲ့ ကွစ်ကဘော ဘယ်လိုသဘောရသလဲ . . ."

ကွစ်သည် ကြမ်းပြင်ပေါ်မှ ဖုံများပေါ်တွင်လက်ချောင်းဖြင့် တစ်စုံတစ်ရာ ရေးဆွဲလျက်ရှိလေ၏။

"ကပ္ပတိန်ပြောတာ အားလုံးမှန်ပါတယ် . . . ကျွန်တော်ဆွဲနေတာက ဘုရင်မနေတဲ့ အခန်းတည်နေပုံကို ပုံကြမ်းဆွဲနေတာပါ၊ ဘုရင်မဟာ ဒီကနေ့ည နေဝင်တာနဲ့တစ်ပြိုင်နက် အိပ်ရာဝင်မယ့်အကြောင်း ကပ္ပတိန်ကိုပြောခဲ့သေးတယ် . . . မဟုတ်လား . . . ဒီဟာက အိပ်ခန်း . . . ဒါက သူ့အထိန်းတော်တွေ . . . အပျိုတော်တွေရဲ့အခန်း၊ သည့်နောက်မှ နံရံအမြင့်ကြီးကလွဲပြီး ဘာမှမရှိဘူး၊ ဒါက မြောင်းကြီး . . . ဘယ်သူမှ မတက်နိုင်ဘူး"

ထိုအခါ ဟစ်ကဝင်၍အစောင့်များနေသော အခန်းမှမိန်းမဆောင်သို့ ခြောက်ပေခန့်ကျယ်၍ ပေ ၂၀ ခန့်ရှည်သည့် လမ်းကျဉ်းကလေးတစ်ခုဖြင့် သွားရကြောင်း ပြောပြလေသည်။

"ဒါဖြင့် . . . ကျွန်တော်နဲ့ ပရော်ဖက်ဆာ အဲဒီအစောင့်တွေနေတဲ့အခန်း သွားအိပ်ရင်မကောင်းဘူးလား . . . အစောင့်တွေက အခု နန်းတော်တံခါးမှာ စောင့်ရတယ် . . . အဲဒီလမ်းက အကွေ့ကြီးလည်းရှိတော့ လက်နက်ကောင်းကောင်းနဲ့ လူနှစ်ယောက်ဆိုရင် လူအတော်များများကို ခုခံနိုင်တယ် . . . ဒီမှာ

ကပ္ပတိန်ကို ကူညီဖို့ ဒေါက်တာလည်း အရှိသားပဲ . . . ဂျေဖက်ကလည်း ဝိုင်ယာလိုင်းကို စောင့်နေပြီ . . . ဘာလိုသေးသလဲ၊ ဘယ့်နှယ်လဲ . . . ပရော်ဖက်ဆာ . . .”

“ကျုပ်တော့ ခင်ဗျားတို့ သဘောကျရာ ဘာမဆိုလုပ်ပါ့မယ် . . .”

“ဘုရင်မကို ကျုပ်စိတ်မချတာ ခင်ဗျားတို့နှစ်ယောက်သွားစောင့်ရင် စိတ်ချပါပြီ”

“ကောင်းပြီ . . . သည်အတိုင်းပဲ ထားတော့ . . . အခုပဲ ကျုပ်တို့သွားမယ်၊ ပြီးတော့ တယ်လီဖုန်းလည်းပေးလိုက်ဗျို့၊ နို့မှ တစ်ယောက်နဲ့တစ်ယောက် အခြေအနေကို အမြဲပြောနိုင်မှာ ဒီမှာလည်း မသုံးမလိုပါဘူး”

ကွစ်နှင့် ပရော်ဖက်ဆာတို့သည် သွားရန်အသင့်ရှိနေကြလေ၏။ ထိုအခါတွင် ကွစ်သည် ကပ္ပတိန်အား ဆလံပေးလိုက်ပြီးနောက် . . .

“တခြားအမိန့်ရှိပါသေးသလား . . . ကပ္ပတိန်”

“မရှိပါဘူး . . . ဆာဂျင့် . . . ကျုပ်တို့ အစီအစဉ်တွေကို သိပြီမဟုတ်လား . . . အခု ၈ နာရီရှိပြီ . . . ၁၀ နာရီတိတိမှာ ကျုပ်တို့ ဘက်ထရီကိုနှိပ်ရုံပဲ၊ လက်ထပ်ပွဲက လထွက်ပြီးနောက် ၃ နာရီမှလုပ်မယ်ဆိုတော့ . . . ဆယ်နာရီထက်စောလို့ မဖြစ်ဘူး၊ ဒေါက်တာလည်း လာကြည့်မယ်ဆိုရင်တော့ ကြည့်နိုင်ပါတယ် . . . ဘယ်နည်းနဲ့မဆို ၁၀ နာရီထက်မစောပါဘူး၊ ကိုင်း . . . ခင်ဗျားတို့ဘက်ကလည်း ခင်ဗျားတို့လုပ်ရမယ့်ကိစ္စသာ ထမ်းရွက်ကြပေတော့ . . . ၁၀ နာရီခွဲသာ လာကြပေတော့ . . . ဂွ(ဒ်)ဘိုင် . . .”

“ဂွ(ဒ်)ဘိုင် . . . ကပ္ပတိန် . . .”

သို့နှင့် ကွစ်နှင့် ကပ္ပတိန်တို့သည် လက်ဆွဲနှုတ်ဆက်ကြပြီးနောက် ကွစ်သည် သူ၏မီးအိမ်ကိုယူကာ အခန်းထဲမှထွက်သွားလေ၏။ ကျွန်ုပ်လည်း ကွစ်နှင့်အတူ လိုက်သွားလိုစိတ်ပေါ်လာသဖြင့် လိုက်သွားရာ . . . ထိုအချိန်၌ ပရော်ဖက်ဆာမှာ ကပ္ပတိန်နှင့် စကားပြော၍ ကျန်ရစ်ခဲ့၏။ ကိုက် ၅၀ ခန့်သွားမိသောအခါ ကျွန်ုပ်တို့သည် တစ်ဘက်တစ်ချက်တွင် အရိုးစုများဖြင့် ဆိတ်ငြိမ်လျက်ရှိသော နေရာကိုဖြတ်၍သွားရသဖြင့် ကွစ်ကရုတ်တရက် . . .

“ဒေါက်တာ . . . လောကမှာ တစ်စုံတစ်ခုမဖြစ်ခင် တင်ကြိုပြီး နိမိတ်ပြတယ်ဆိုတာ . . . ယုံသလား”

“နည်းနည်းကလေးမှ မယုံဘူး . . .”

“မယုံတာကောင်းတယ်ဒေါက်တာ . . . ကျွန်တော်တော့ ကပ္ပတိန်ကိုရော ဆရာကြီးတို့ကိုရော နောက်ထပ် မတွေ့ရတော့ဘူး ထင်တယ် . . .”

“ဘာဖြစ်လို့လဲ . . .”

“ကျွန်တော့်နာမည်ကို ဘယ်ကမှန်းမသိဘူး ခေါ်နေကြတယ် . . . ဒါပေမယ့် ဘုရားသခင် ဖန်ဆင်းတဲ့အတိုင်းပေါ့ ဒေါက်တာ . . . အရင်က ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဖြစ်စရာရှိရင် ဘာဖြစ်ဖြစ် ဖြစ်ရမှာပဲ၊ သို့သော် ကပ္ပတိန်ကို ခွဲသွားရမှာတော့ ကျွန်တော်ဝမ်းနည်းပါတယ်ခင်ဗျာ၊ သူဟာ ကျွန်တော်လက်ပေါ်မှာ ကြီးလာတဲ့လူတစ်ယောက်ပဲ . . . အခုနေတဲ့ လိုဏ်ခေါင်းထဲက ချောချောမောမောထွက်လာပြီး ဒီမိန်းမချောနဲ့လက်ထပ်တာ ကျွန်တော်မသေခင် ကြည့်သွားချင်သေးတယ် . . .”

“အဓိပ္ပါယ်မရှိတဲ့ စကားတွေပြောမနေစမ်းပါနဲ့ ကွစ်၊ အလုပ်ကလည်းပန်း . . . အစိုးရိမ်ကကြီးပြီး ဂယောင်ချောက်

ချားဖြစ်တာတွေပါ . . . နေကော ကောင်းရဲ့လား”

“ကျွန်တော်ဘာမှမဖြစ်ပါဘူး ဒေါက်တာ . . . ဒါပေမယ့် ဖြစ်သော်ရှိ . . . မဖြစ်သော်ရှိ အင်္ဂလန်ပြန်ရောက်သွားတဲ့အခါ ကျွန်တော့်မှာ တူမ ၃ ယောက်ရှိပါတယ်ဒေါက်တာ တစ်ဆိတ်တတ်နိုင်သလောက် ကြည့်ရှုလိုက်ပါ . . . ကပ္ပတိန်ကိုတော့ ဘာမှမပြောပါနဲ့ဦး ဒေါက်တာ ၁၀ နာရီမထိုးခင် သူစိတ်ကောင်းကောင်းနဲ့ ငြိမ်ငြိမ်သက်သက်နေမှဖြစ်မယ် . . .။ ကျွန်တော်နဲ့ နောက်မတွေ့ရင်သာ ဆယ်မြူယယ်ကွစ်ဟာ အလုပ်ဝတ္တရားဆောင်ရွက်ပြီး မေတ္တာပို့လိုက်တဲ့အကြောင်း ပြောလိုက်ပါတော့၊ ကိုင်း . . . သွားပြီဒေါက်တာ၊ ဟော ပရော်ဖက်ဆာလည်းရောက်လာပြီ . . . ဂွ(ဒ်)ဘိုင် ဒေါက်တာ”

နောက်တစ်မိနစ်ခန့် ကြာသောအခါ သူတို့နှစ်ယောက်ထွက်သွားကြ၍ သူတို့မီးအိမ်မှ အလင်းရောင်ကလေးနှစ်ခုပျောက်ကွယ်သွားသည်အထိ ကျွန်ုပ်လည်း ကြည့်နေမိ၏။

☼ ☼ ၆ ☼ ☼

ဆယ်နာရီမထိုးမီ

ဟာစ်နှင့်ကွစ်တို့သည် သူတို့သွားစဉ် တယ်လီဖုန်းကြိုးကို ချသွားသဖြင့် ကျွန်ုပ်သည် အလွန်မသာယာသော နှလုံးဖြင့်ဘုရားရှိခိုးကျောင်းပျက်ကြီးရှိရာသို့ ထိုလမ်းအတိုင်း ပြန်လာခဲ့လေ၏။ ကျွန်ုပ်၏အကြောင်းကို ပြောရမည်ဆိုသော် ကျွန်ုပ်မှာ ထိုဖောက်ခွဲမည့်ကိစ္စကြီးကို ကိုယ်ထိလက်ရောက် ကူညီလျက်ရှိ၏။ ထိုညမှာ ကျွန်ုပ်တို့နှင့် မိုင်အနည်းငယ်မျှသာဝေးသော ဟာမာ့(ခ်)မြို့၌ ကျွန်ုပ်၏သား ရော့ဒရစ်ကို လက်ထပ်မည့်ညဖြစ်၏။ ကျွန်ုပ်တို့ဘက်မှ သူလျှိုများစကားအရ မြို့ပေါ်၌ ကျင်းပမည်ဆိုသော်လည်း ရုပ်တုကြီး၌ ပြုလုပ်ခဲ့သော် . . . ခက်ချေတော့မည်၊ သို့နှင့် ရော့ဒရစ်၏ကံအတိုင်းပင် ဖြစ်စေတော့ဟု အောက်မေ့မိ၏။

အခြားအကြောင်းများလည်း ရှိသေး၏။ အကယ်၍ရုပ်တုကြီးပင် ပျက်စီးစေကာမူ ဖန်းတို့သည် ကျွန်ုပ်စိတ်ထင်အားဖြင့် ပိုမိုလှုပ်ရှားလာဖွယ်ရှိ၏။ ထောင်ပေါင်းများစွာနှင့် “မား”မြို့အား အတင်းဝင်ရောက်တိုက်ခိုက်ခဲ့သော် . . . မြင်မြင်သမျှ တွေ့သမျှကို သတ်ဖြတ်မည်ဖြစ်၍ ကျွန်ုပ်တို့လူဖြူများ ရှေးဦးစွာခံရမည်မဟုတ်ပါလော . . . အခန်းသို့ ရောက်သောအခါ အိုလီဗာ မှိုင်နေသည်ကို တွေ့ရ၏။

"ကျွန်တော် မာကွီဒါအတွက် စိုးရိမ်တယ်ဗျာ . . . သူက ဒီမှာ လာနေချင်ရှာတယ်၊ နို့ပေမယ့် ကွဲတဲ့အရှိန်နဲ့ မတော်တဆ အမိုးတွေ ဘာတွေ ပြိုကျမှာစိုးလို့ ကျွန်တော်က အခွင့်မပြုဘူး၊ ဒေါက်တာလည်း တခြားသွားနေချင်နေပါ"

သို့နှင့် ကျွန်ုပ်က ငြင်းပယ်လိုက်၏။ ဤအလုပ်မျိုး၌ သူ တစ်ယောက်တည်းထားခဲ့၍ မဖြစ်ချေ။

"မှန်တာပဲ ဒေါက်တာ . . . တကယ်လို့ ကျွန်တော်ပဲ သတိမေ့ချင်မေ့သွားမယ်၊ မတော်တဆ ဖြစ်ချင်ဖြစ်မယ်၊ နှစ်ယောက်ဆိုတော့ ကောင်းတာပါပဲ၊ ပြီးတော့ ဘက်ထရီတွေက အသစ်ဆိုပေမယ့် အားနည်းတယ်၊ ခရီးရှည်လည်း ယူလာရပြန် ရာသီဥတုကလည်း ပြောင်းလဲပြန်ဆိုတော့ သိပ်စိတ်မချရဘူး၊ ဒါကြောင့် သိပ်မဝေးဘဲ ဒီနေရာမှာ . . . ထားတာ ဒေါက်တာ . . . အလို တယ်လီဖုန်းလာနေပါလား . . . ဘာများပြောကြမလို့ ပါလိမ့်"

ထိုအချိန်၌ စားပွဲတင် တယ်လီဖုန်းခေါင်းလောင်းကလေး တီးသဖြင့် ကျွန်ုပ်က ကောက်ယူနားထောင်ရာ . . . တစ်ဘက်မှ ဟာစ်က သူတို့သည် ဘုရင်မ၏အိပ်ခန်းရှေ့မှ အခန်းပိုကလေးသို့ ကောင်းစွာရောက်ရှိကြောင်း ပြောသံကြားရ၏။

"နန်းတော်ကြီးတစ်ခုလုံးတော့ တိတ်ဆိတ်နေတာပဲဗျို့ အစောင့်တစ်ယောက်ထဲတွေ့တယ်၊ ဘုရင်မနဲ့ သူ့ကိုယ်ရံတော် နည်းနည်းပါးပါးလောက်ကလွဲလို့ ကျောက်တုံးတွေ ဘာတွေကျမှာစိုးတယ်ဆိုပြီး အားလုံးထွက်သွားကြသတဲ့၊ အစောင့်ကလည်း ကျုပ်တို့လာတာ မကြိုက်ဘူးဗျာ . . . ဘုရင်မရဲ့အဆောင်တော် အနီးကို ဘယ်သူမှမလာရဘူးလို့ မင်းသားကြီးရဲ့အမိန့်ရှိသတဲ့၊ သွားပြောမယ်ဆိုပြီး သူထွက်သွားလေရဲ့ . . ."

"ကွစ်ကော . . . ရှိရဲ့လား . . ."

"ရှိပါဗျာ . . . အခန်းထောင့်မှာ ဘုရားရှိခိုးနေတယ်၊ သူကြည့်ရတာ ဓားပြဗိုလ်နဲ့တူနေတယ်၊ ရိုင်ဖယ်ရော ခြောက်လုံးပြူးရော ဓားမြှောင်ရော စုံနေတာပဲ၊ ဟာ . . . ခဏနေဦးဗျို့ ပြောတော ပြောတော့ ဘာမှမဟုတ်ပါဘူး၊ အထိန်းတော်တစ်ယောက်က ကျုပ်တို့ဘယ်သူလဲဆိုတာ လာကြည့်တာပါ"

နောက် ၁၀ မိနစ်ခန့်၌ ခေါင်းလောင်းတီးသံကြားရပြန်သဖြင့် ကျွန်ုပ်လည်းကောက်ယူနားထောင်ရာ . . . ထိုအကြိမ်၌ စကားပြောသူမှာ ဘုရင်မကိုယ်တိုင်ဖြစ်နေသဖြင့် ကျွန်ုပ်လည်း "နားခွက်"ကို အိုလီဗာအား . . . ပေးလိုက်လေ၏။ နောက်တစ်နာရီခန့်ကြာလတ်သော် ဂျေဖက်သည် မျက်စိမျက်နှာမကောင်းဘဲ ရောက်လာသည်။ ကျွန်ုပ်တို့က ဝိုင်ယာကြိုးများကောင်းစွာ ရှိမရှိ မေးမြန်းရာ . . . ဂျေဖက်က ကြိုးများမှာ ကောင်းစွာရှိကြောင်း၊ သို့သော် သချိုင်းဂူများ၌ တစ္ဆေကိုတွေ့ခဲ့ရကြောင်းဖြင့် ပြောပြ၏။ ထိုအခါ ကျွန်ုပ်က "ဟော့ မြိရဲ့ မင်းကတော ဘာ့တစ္ဆေတွေ့လာပြန်တာလဲ"

"သချိုင်းဟိုဘက်အစွန်ဆုံးက ပလ္လင်ပေါ်မှာရှိတဲ့ အရိုးစုကွေးကွေးကြီးကို အသားအသွေးနဲ့ ကျွန်တော်မြင်ခဲ့ရပါတယ် ဆေးဆရာကြီး . . ."

"အင်း . . . တယ်ပြီး တစ္ဆေတွေ တွေ့နေကြပါကလား"

ထို့နောက် ကျွန်ုပ်လည်း ကပ္ပတိန်စားပွဲပေါ်ရှိ နာရီကို ကြည့်လိုက်ရာ . . . အချိန်မှာ ၁၀ နာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့ကြောင်း တွေ့ရှိရလေ၏။

နောက်ဆုံး ၅ မိနစ်မှာ ကျွန်ုပ်တို့စိတ်တွင် နှစ်ပေါင်းများစွာ ကြာသကဲ့သို့ ထင်မိ၏။ ကျွန်ုပ်တို့သည် စကားလည်း မပြော

ဘဲ မလှုပ်မယှက် ကျောက်ရုပ်များကဲ့သို့ ထိုင်လျက်ရှိကြ၏။ ကျွန်ုပ်၏ကိုယ်တွင်း၌ စဉ်းစားဆင်ခြင်တတ်သည့် ဉာဏ်ပင်မရှိတော့သလောက် ထင်မိ၏။ ကျွန်ုပ်သည် စားပွဲပေါ်မှနာရီကိုသာ စိုက်ကြည့်ရှုလျက် တဒက်ဒက်မြည်သံကိုလည်း နားထဲ၌ကြား၍နေရာ . . . လက်တံရှည်ကြီးမှာ ကျွန်ုပ်မျက်စိထဲ၌ ကြီးမားလာပြီးလျှင် . . . အခန်းတစ်ဘက်မှ တစ်ဘက်သို့ ခုန်၍သွားသကဲ့သို့ မှတ်ထင်ရ၏။ ထို့နောက် အိုလီဗာသည် အချိန်စေ့ရောက်ပြီဖြစ်၍ တစ် နှစ် သုံး လေး ငါးဟု ရေတွက်ပြီးနောက် ပထမဘက်ထရီအိုးကို နှိပ်လိုက်ပြီးနောက် ဒုတိယဘက်ထရီမနှိပ်မီပင် ကျောက်သားပကတိဖြစ်သော ကျွန်ုပ်တို့အောက်မှ မြေကြီးပင်တုန်၍သွားတော့၏။ ကြီးမားကြောက်မက်ဖွယ်ကောင်းလှသော အသံကြီးကို စာဖြင့်ဖော်ပြနိုင်စွမ်းမရှိပေ။ ကျွန်ုပ်တို့အခန်းရှေ့မှ နဖူးစီးသဖွယ်ရှိနေသည့် တန်ပေါင်းများစွာလေးသော ကျောက်တုံးကြီးသည် နေရာမှပြုတ်ထွက်သွားပြီးလျှင် . . . အခန်းကိုပိတ်ဆို့လျက်ရှိလေ၏။ ထို့နောက် အတော်ဝေးသော အရပ်ဒေသမှ ကျောက်တုံးများပြုတ်ကျသံကိုကြားရလေရာ သိမ့်သိမ့်တုန်၍သွားသော မြေကြီးထဲမှ လိုက်၍လာသောအသံကြီးနှင့် မရှေးမနှောင်းပင် လေသည် ကျွန်ုပ်တို့ရှိရာသို့ အေးကနဲတစ်ချက်သုတ်၍လာပြီးနောက် ကျွန်ုပ်အား ဖြတ်ကျော်၍သွားလေ၏။ သို့နှင့် ကျွန်ုပ်တို့ မီးအိမ်များလည်း ငြိမ်း၍သွားလေရာ . . . ကျွန်ုပ်စိတ်ထင် တစ်မိနစ်ခန့်အကြာ၌ ကျွန်ုပ်အထက် အတန်ဝေးသောအရပ်၌ မြေပေါ်သို့ လေးလံသော အရာကြီးတစ်ခုကို ပစ်ချလိုက်ဘိသကဲ့သို့ “အုန်း . . . ဝုန်း . . . ဝုန်း” ဟူသောအသံကြီးကိုကြားလိုက်ရပြန်လေသည်။ ထို့နောက် ကျွန်ုပ်တို့လည်း မှောင်မိုက်ထဲ၌ ကျန်ရစ်ခဲ့ပြီးလျှင် . . . ဆိတ်ငြိမ်လိုက်သည်မှာလည်း ကမ္ဘာပေါ်တွင် လူမရှိသကဲ့သို့ ရှိတော့၏။

သို့ရှိစဉ် အိုလီဗာ၏အသံနှင့် . . .

“တစ်ခါဖြင့် ကိစ္စချောပြီဒေါက်တာ . . . ကောင်းဖို့လား ဆိုးဖို့လားတော့ မပြောတတ်ဘူး . . . ကျွန်တော်က စိုးရိမ်မိလို့သာပါ၊ ပထမ ဘက်ထရီနဲ့လည်း ဖူလုံပါတယ်”

ဤသို့ ပြောဆိုပြီးနောက် ကပ္ပတိန်အိုလီဗာသည် သူ့ကိုယ်သူပြောဘိသကဲ့သို့ “အင်း တစ်တန်ခွဲရှိတဲ့ အဇိုအိုင်မိုက် (AZO-IMIDE)ဓာတ်ဆေးနဲ့ ခြင်္သေ့ရုပ်ကြီးကိုယ်ထဲသွင်းပြီး ခွဲလိုက်တာ ငါ့တွက်ကိန်းအရတော့ နေရာများသည့်ထက်နဲ့အောင် သွင်းနိုင်ရန် မုချပျက်စီးဖို့ရှိတာပဲ အခုတော့ မကွဲဘဲ အတွင်းဘက်လိုက်ပြီး ပြိုချင်ပြိုသွားမယ် စိတ်မချရဘူး . . . ဘာပဲပြောပြော နောက်တော့သိရမှာပေါ့လေ . . . ဆရာကြီးရဲ့မီးအိမ်တွေ မီးထွန်းစမ်းပါဦး၊ အလို . . . နားထောင်စမ်းဒေါက်တာ . . . ဘာသံပါလိမ့်ဗျို့”

သူပြောလိုက်စဉ် အလွန်ဝေးသောနေရာတစ်ခုမှ “ဒိုင်း . . . ဒိုင်း . . . ဒိုင်း” ဟူ၍ မကွဲမပြားသောအသံကြီးများကို ကြားရလေ၏။

ကျွန်ုပ်သည် မှောင်ထဲတွင် စမ်းသပ်လျက် တယ်လီဖုန်းရှိရာသို့ သွားပြီးလျှင် “နားခွက်” ကိုနားနှင့်ကပ်၍ နားထောင်ရာ ထိုအခါမှ ကောင်းစွာသိရတော့၏။ တယ်လီဖုန်းကြိုး၏အဆုံးဘက်တွင် သေနတ်များ ပစ်ခတ်နေကြ၏။ ဟာစ်၏အသံနှင့် “ကြည့်စမ်း ဆာဂျင့် . . . ဟိုမှာတက်လာပြန်ပြီ ပစ်ချ ပစ်ချ” ဟု တယ်လီဖုန်းနားခွက်ထဲမှာ သဲ့သဲ့ကြားရ၏။

ဘုရင်မအဆောင်တော်

“သူတို့တော့ အတိုက်ခံနေရပြီ ကပ္ပတိန်” ဟု ကျွန်ုပ်က လှမ်း၍ပြောလိုက်စဉ် ဘုရင်မအသံဖြင့် “အို ဖြစ်မှဖြစ်ရလေ ကွစ် ထိသွားပြီ၊ အိုလီဗာ . . . တဆိတ်မြန်မြန်လာပါ၊ ဂျူရှူအာရဲ့လူ တွေ ကျွန်ုပ်ကိုဖမ်းရအောင် လာနေကြပြီ၊ အို . . . အို” ဟု နောက်ဆုံးအော်သံကြီးတစ်ခုကို ကြားလိုက်ရပြီးလျှင် ရုတ်တရက် အသံရပ်၍သွားလေ၏။ အိုလီဗာက နောက်ထပ်ခေါ်သော်လည်း တစ်စုံတစ်ရာ မကြားရတော့ချေ။

ထိုအချိန်၌ ဂျေဖက်သည် မီးအိမ်များကိုပြန်၍ မီးများထွန်း ညှိပြီးပြီဖြစ်၍ အိုလီဗာသည် မီးအိမ်တစ်လုံးကိုဆွဲယူလိုက်ပြီး နောက် . . .

“တယ်လီဖုန်းကြိုး ပြတ်သွားပြီဗျို့ . . . ကိုင်း . . . လာ ကြမြန်မြန် . . . အလို ကျောက်တိုင်ကြီးကလည်း ပြိုကျပြီး လမ်းပိတ်နေပါသေးလားဗျာ . . .”

ဤသို့ပြောဆိုပြီးနောက် အိုလီဗာသည် တံခါးပေါက်ရှိရာ သို့ ခုန်၍တက်ရာ ပြန်၍ကျလာ၏။

“အလို ဘုရားရေ ကျုပ်တို့တတွေ ပိတ်မိနေပါကလား ဗျို့”

ဟုပြောပြောဆိုဆိုနှင့်ပင် အခန်း မှထွက်ပေါက်ရှာလျက်ရှိ သော်လည်း မတွေ့ရဘဲရှိနေလေသည်။ ကျောက်တုံးကိုတက်ရန် ကြိုးစားသော်လည်း လက်မမြဲဘဲ ပြန်၍သာ ကျလာလေ၏။ ဂျေဖက်သည် ကျောက်တိုင်ကြီးကိုရွှေ့ရန် ကြိုးစား၏။ သို့သော် လူကိုမဆိုထားဘိဦး ဆင်သော်ပင် ရွှေ့၍ ရနိုင်မည် မဟုတ်ချေ။ သို့နှင့် ဂျေဖက်သည် ဘက်ထရီအိုး ၂ လုံးတင်ထားသော စားပွဲ ကြီးကို နှစ်ယောက်သား မချီကာ ကျောက်တုံးကြီးအနီးသို့ ကပ် လေ၏။ နောက်တစ်ခဏ၌ ဂျေဖက်သည် စားပွဲပေါ်မှလှမ်း၍ ကျောက်တိုင်တွင် အစွန်းအဖျားထွက်နေသော နေရာများကို လက်နှစ်ဘက်စလုံးဖြင့် တွယ်ကပ်ကုတ်ခြစ်ကာ ကူးလေရာ မကြာမီအပေါ်သို့ ရောက်သွားလေ၏။

ကျန်အလုပ်များကား . . . မခဲယဉ်းလှတော့ချေ။ ဂျေဖက် သည် သူ၏ခါးဝတ်ရှည်ကြီးကို ဖြုတ်ချပြီးနောက် အထုံးများပြု လုပ်ပြီးသော် ကျွန်ုပ်တို့အား ချပေးသည်နှင့် ကျွန်ုပ်လည်း စားပွဲ ပေါ်မှကူး၍ အလွယ်တကူတက်နိုင်လေရာ . . . အပေါ်သို့ရောက် သွားသောအခါ အိုလီဗာအား ဆွဲတင်နိုင်ကြလေသည်။ ကျွန်ုပ် တို့ရောက်ရှိသောနေရာမှာ ကြမ်းပြင်မှ ပေ ၂၀ ခန့်မြင့်၏။ ဂျေ ဖက်က မီးအိမ်နှင့် ရှေးဦးစွာဆင်း၏။ အဆင်း၌ ကျွန်ုပ်တို့ကိုယ် ပေါ်တွင် ပွန်းပဲ့ခြင်းမှတစ်ပါး အနာတရမရှိသည်ကိုပင် ကျေးဇူး တင်ရသေး၏။ နောက်တစ်ခဏ၌ ကျွန်ုပ်တို့သည် လိုဏ်ခေါင်း တစ်လျှောက်သို့ ပြေးခဲ့ကြရာ နေရာအနှံ့အပြားတွင် အမိုးမှပြိုကျ နေသော ကျောက်လုံးများရှိနေသဖြင့် သတိကြီးစွာဖြင့် ရှောင် ရှားသွားကြရကုန်၏။

ဂူအတွင်းနေရာအနှံ့အပြားတွင် အမိုးမှပြုတ်ကျသော ကျောက်လုံး အကြီးအငယ်တို့ဖြင့် ပြည့်လျက်ရှိ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ဂူဝသို့ရောက်လာကြရာ . . . ထိုနေရာ၌ကား ကျောက်တုံးများမှာ အပြင်မှလေဟပ်သည့်အရှိန်ဖြင့် အတွင်း ဘက် စုပုံကျလျက်ရှိနေသဖြင့် အဝင်ဝကိုပင် ပိတ်ဆို့နေတော့ ၏။ ထိုအခါ ကပ္ပတိန်က . . .

“အလို . . . ဘုရားရေ . . . လမ်းပိတ်နေပြီဗျို့”

ထိုခဏ၌ ဂျေဖက်သည် လက်တွင် မီးအိမ်ကိုကိုင်ကာ ကျောက်တုံးတစ်တုံးမှ တစ်တုံးသို့ကျင်လည်စွာ ကျော်တက်လျက် ရှိလေ၏။ အပေါ်သို့ရောက်သောအခါ . . .

"လမ်းကလေးတစ်ခုတော့ ရှိပါသေးတယ်၊ နည်းနည်းတော့ ဒုက္ခခံသွားကြရလိမ့်မယ် သခင်ကြီးတို့"

ဟု ပြောသဖြင့် ကျွန်ုပ်နှင့်အိုလီဗာတို့လည်း တစ်ယောက်ကိုတစ်ယောက်ဖေးမကာ ကျောက်တုံးတစ်တုံးမှတစ်တုံးသို့ ကျော်လွှားတက်ချက်ကြလေ၏။ ထို့နောက် အခြားဘက်သို့ရောက်သောအခါ အစွန်းနှစ်ဘက်တင်၍နေသော ကျောက်တုံးကြီးတစ်တုံးအောက်မှ ပင်ပန်းကြီးစွာ ဝပ်လျှိုသွားကြရပြီးနောက် တံခါးရွက်ပြုတ်ကျနေသော တံခါးကြီးမှထွက်ကာ အပြင်သို့ရောက်ကြလေ၏။ ထို့နောက် ၆ လုံးပြူးသေနတ်များကို လက်တွင်အသင့်ကိုင်ကာ လမ်းကြားကလေးတစ်လျှောက်သို့ ပြေးလွှားသွားကြရာ ညီလာခံ ခန်းမကြီးသို့ ရောက်သောအခါ မှောင်နှင့်မည်းမည်းရှိနေသည်ကို တွေ့ရလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် လက်ဝဲဘက်သို့ကွေ့၍ အခန်းဆောင်များစွာတို့ကို ဖြတ်၍လာကြရာ နောက်ဆုံးအဆောင်မှာ နန်းတော်သို့ကူးနိုင်သဖြင့် ထိုနေရာတွင် သွေးကွက်ကြီးများကို ရှေးဦးစွာ တွေ့မြင်ရတော့၏။

သို့နှင့် ကပ္ပတိန်အိုလီဗာသည် ရှေ့မှပြေးလေရာ လူတစ်ယောက်သည် ဒဏ်ရာရရှိထားဟန်ဖြင့် သူ၏နံဘေးကိုလက်နှစ်ဘက်ဖြင့်ကိုင်ကာ မှောင်မိုက်ထဲမှ ဒယိမ်းဒယိုင်ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ ထိုအခါ၌ ကျွန်ုပ်တို့မှာ ဘုရင်မအဆောင်တော်ကူးသော စင်္ကြံလမ်းသို့ ရောက်ခဲ့ကြပြီဖြစ်၍ ထိုနေရာ၌ကား လူသေအလောင်းများ မသေမရှင် ဒဏ်ရာရနေသူများနှင့် ပြည့်ကြပ်ကာ ခြေချ၍မရအောင်ပင် ရှိနေ၏။ သေနေသူတစ်ယောက်လက်၌ကား . . . တယ်လီဖုန်းကြိုးစကို ကိုင်ထားလေသည်။ ဘုရင်မအိပ်ခန်းရှေ့ အပျိုတော်ဆောင်သို့ ရောက်သောအခါ ကျွန်ုပ်တို့တွေ့မြင်ရသော အရာများမှာ . . . ကျွန်ုပ်၏တစ်သက်တွင် မေ့ပျောက်နိုင်တော့မည် မဟုတ်ချေ။ ရှေ့မျက်နှာစာတွင် လူကောင်များမှာ အစုလိုက်အပြုံလိုက်ထပ်လျက် ၎င်းတို့၏ အဝတ်အစား၌ "ဂျိုရှုအာ"၏ တံဆိပ်အမှတ်အသားများကို မြင်ရ၏။ နောက်ပိုင်း၌မူ ကွစ်သည် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက်ရှိလေရာ တစ်ကိုယ်လုံး ဓားဖြင့်မွှန်းထားသကဲ့သို့ ဒဏ်ရာများမှာ . . . ရစရာမရှိအောင် ရှိနေ၏။ ဘုရင်မသည် သူ၏ဦးခေါင်းကို ထူမကာ ရေစိုသော အဝတ်တစ်ခုဖြင့် ဦးခေါင်းမှဓားနတ်ရာကြီးကို သိပ်ပေးလျက် . . . ရှိလေသည်။ မြှားတစ်စင်းကား သူ၏လက်ပြင်၌ စိုက်ကာ နောက်သို့ဖောက်ထွက်လျက်ရှိ၏။ ၎င်းတို့အနီး၌ကား . . . ဟစ်သည် ကိုယ်ပေါ်၌လည်း အချို့နေရာများတွင် သွေးများကိုမြင်ရ၏။ မာကွိဒါ၏နောက်မှအထိန်းတော်နှစ်ယောက် သုံးယောက်တို့သည် ငိုယိုလျက်ရှိကြလေသည်၊ အချင်းအရာများကိုမြင်ရသည်နှင့် ကျွန်ုပ်တို့မှာ . . . ကြက်သေသေလျက် ရှိကြကုန်၏။

ကွစ်သည် မီးရောင်ကို လက်တစ်ဘက်ဖြင့် ကွယ်လိုက်ကာ . . . မျက်လုံးများကိုဖွင့်ကြည့်ပြီးလျှင် . . . ကုလားထိုင်ပေါ်မှ ထရန် ကြိုးစားရှာသေး၏။ စကားမပြောနိုင်ကြောင်း ပြရန် လည်ပင်းကိုကိုင်လိုက်၏။ ထို့နောက် အိုလီဗာအား ဆလံပေးသည့်ဟန်ဖြင့် . . . လက်တစ်ဘက်ကိုမြှောက်လိုက်ပြီးလျှင် ဘုရင်မဘက်သို့ မျက်လုံးများလှည့်သွားပြီးနောက် မျက်နှာကို ခပ်ပြုံးပြုံးလုပ်ကာ . . . တစ်ခါတည်းလဲကျသွားလေ၏။ ဤသည်ကား . . . ကျွန်ုပ်တို့လက်ရုံးကဲ့သို့အားကိုးရသော "ဆာဂျင့်ကွစ်"၏ နောက်ဆုံးအဖြစ်အပျက်များပေတည်း။

ထို့နောက် မည်သို့ဖြစ်ပျက်ကြသည့် အကြောင်းမှာ . . . ကျွန်ုပ်စိတ်ထဲတွင် ရေးရေးမျှ ထင်မိ၏။ ဘုရင်မနှင့် အိုလီဗာတို့

သည် ကျွန်ုပ်တို့ရှိနေသည်ကိုမျှ သတိမထားနိုင်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ယုယလျက် . . . ရှိနေလေ၏။

ဘုရင်မသည် ကွစ်၏အလောင်းကို ညွှန်ပြလျက် . . .

"ဘယ်လို သေရမယ်ဆိုတာ ကျွန်ုပ်တို့ကို နည်းလမ်းပြသွားတဲ့ လူတစ်ယောက်တော့ ဆုံးသွားရှာပြီ . . . အိုလီဗာ . . . သူ့အကြောင်းကိုတော့ အမြဲသတိမမေ့ပါနဲ့ . . . သေတာထက် ဆိုးရွားတဲ့အဖြစ်က ကျွန်ုပ်ကိုကယ်လိုက်တာ . . . တခြားသူ မဟုတ်ဘူး သူပဲ"

"ဟာစ် . . . ဘယ်လိုဖြစ်ကြတာလဲ . . . အကျိုးအကြောင်း ပြောပြပါဦး"

"စီစဉ်တဲ့အတိုင်း ကျုပ်တို့ဒီကိုရောက်ပြီး ခင်ဗျာ့ဆီကိုဖုန်းဆက်တော့ ဘုရင်မကဝင်ပြီး . . . စကားပြောတယ်မဟုတ်လား နောက် ခင်ဗျားက ဂျေဖက်နဲ့ စကားပြောစရာရှိတယ်ဆိုပြီး ဖြတ်လိုက်တယ်၊ ၁၀ နာရီတိတိမှာ တစ်မိုးလုံးပြိုကျသလို ပေါက်ကွဲသံကြီးကြားရတော့ ကျုပ်တို့လည်း အပြင်ကိုထွက်ကြည့်မယ်လုပ်ကြတုန်း ဗြုန်းဆို ဂျူရှူအာတစ်ယောက်တည်း ရောက်လာပြီး ဖန်းရပ်တုကြီး ပျက်စီးသွားတဲ့အကြောင်း ပြောတယ်၊ ဘုရင်မကို တိုင်းရေးပြည်ရေးနဲ့ ပတ်သက်ပြီး သူနေတဲ့ရဲတိုက်ကို ချက်ချင်းလိုက်ခဲ့ဖို့ခေါ် . . . ဘုရင်မကလည်း အတင်းငြင်းနေတော့ ကျုပ်ကိုယ်တိုင်ဝင်ပြီး ဝက်ကြီးကို ဝက်ကန် ကန်ထုတ်လိုက်ရတယ်၊ နောက် သူထွက်သွားလို့ ခဏလည်းကြာရော . . . လမ်းကြားကလေးထဲမှာ မြှားမိုးရွာပြီး . . .

"လူဖြူတွေကိုသတ်ကြ နှင်းဆီ မယ်ကို ကယ်ကြ"

ဆိုပြီး အက်ဗတီတစ်အုပ် ပြေးဝင်လာတာပါပဲ ကျုပ်တို့လည်း တစ်ခါတည်း မရပ်မနားပစ်တာပဲဗျို့ ဒါပေမယ့် ကံဆိုးချင်တော့ ကွစ်မှာ လက်မောင်းရင်းကို မြှားထိသွားရှာတယ်၊ သုံးကြိမ် သူတို့တက်လာတယ် . . . သုံးကြိမ်စလုံး ကျုပ်တို့ပစ်လို့ ဆုတ်သွားကြရတယ်၊ ကျုပ်တို့မှာ ကျည်ဆံကလည်းကုန်လုပြီ ဆုတ်သွားကြရတယ်၊ ကျုပ်တို့မှာ ကျည်ဆံကလည်း ကုန်လုပြီ ခြောက်လုံးပြူးတစ်လက်ပဲကျန်တော့တယ် . . . ဒီတော့ ရှိသမျှနဲ့ပဲ တိုက်ရတော့တာပဲ . . . ဒီအကောင်တွေဟာ နောက်ဆုံးအချိန်မှာ ခဏတော့ တန့်သွားသေးတယ်ဗျာ . . . ဒါပေမယ့် နောက်တော့ အတင်းတက်လာတော့တာပဲ . . . အဲဒီအခါကျတော့ ကွစ်ဟာ ရူးများသွားသလား . . . မပြောတတ်ပါဘူးဗျာ၊ သေနေတဲ့ အက်ဗတီတစ်ယောက်လက်ထဲကဓားကို ဆွဲတဲ့ပြီး . . . ဘယ်ပြန်ညာပြန် အတင်းဝင်ခုတ်တော့တာပါပဲ . . . နို့ပေမယ့် တစ်ယောက်နဲ့အများဆိုတော့ ခမျာ ခံလိုက်ရရှာတယ် . . . ဒဏ်ရာတွေသာ ကြည့်ပေတော့၊ ခြော် . . . ကွစ် . . . ကွစ် အသက်နဲ့လဲပြီး ကျုပ်တို့အကျိုး ဆောင်ရွက်သွားရှာတယ်"

ဤသို့ပြောဆိုပြီးနောက် ဟာစ်သည် မျက်မှန်အနက်ကြီးကို ပွတ်တိုက်ရင်း . . . မျက်ရည်များကို သုတ်လိုက်ရှာလေ၏။

ထို့နောက် . . . ကျွန်ုပ်တို့လည်း ရင်ထဲတွင် ခဲများဆွဲထားဘိသကဲ့သို့ လေးလံလှသောစိတ်များဖြင့် ကွစ်၏အလောင်းကိုချီမကာ ဘုရင်မ၏ အိပ်ခန်းထဲသို့သွင်းခဲ့ပြီးလျှင် . . . သူ့အသက်ကိုကယ်ခဲ့သဖြင့် သူ့အိပ်ရာပေါ်၌ ထားရမည်ဟူသော ဘုရင်မ၏အမိန့်အတိုင်း သူ့အိပ်ရာပေါ်၌ တင်ထားရလေ၏။ ကွစ်သည်ကား . . . စစ်သားကောင်းတစ်ယောက်ပီပီ အမှုတော်ကို ရဲဝံ့စွာ ထမ်းဆောင်သွားရုံမျှမက . . . သေသည့်အခါ၌ပင် မျက်နှာမှာ ခပ်ပြုံးပြုံးရှိနေလျက် ပိုးနုလွှာပေါ်တွင် ရွှေကြယ် ငွေကြယ်များ ဖောက်ထားသော ဘုရင်မ၏သလွန်ပေါ်တွင် တင့်တယ်စွာရှိနေ

၏။ နံ့သာများဖြင့်ထုံကာ နှင်းပွင့်တမျှ ဖြူဆွတ်၍ ရွှေနားသတ်ထားသော ခေါင်းအုံးပေါ်တွင် ဦးခေါင်းချကာ ဆုမွန်တောင်း၍နေဘိသကဲ့သို့ "ကွစ်"သည် လက်နှစ်ဘက်ကို ရင်ဘတ်ပေါ်၌ ယှက် တင်ထား၏။ ကျွန်ုပ်တို့ကား . . . ယုံကြည်အားကိုးရသောသူ တစ်ယောက်ဆုံးရှုံးရသည့်အတွက် ယူကြုံးမရရှိကြကုန်၏။

ကျွန်ုပ်မှာ သွေးချင်းချင်းနီလျက်ရှိသောအပျိုတော်ဆောင်၌ပင် ဟာစ်၏ဦးခေါင်း၌ဓားခုတ်ရာ မျက်နှာပေါ်တွင် မြားပွတ်၍သွားသောဒဏ်ရာ ပေါင်တွင်လှံစူးသောဒဏ်ရာ စသောဒဏ်ရာများကို ချုပ်ခြင်း ဆေးများထည့်ပေးခြင်းများကို ပြုလုပ်ပေးရ၏။ သို့သော် . . . ကံကောင်းထောက်မသဖြင့် မည်သည့်ဒဏ်ရာမျှ မပြင်းထန်လှချေ။

သို့နှင့် ကျွန်ုပ်တို့လည်း အဆောတလျင် တိုင်ပင်ကြလေရာ ဘုရင်မသည် အိုလီဗာ၏လက်မောင်းရင်းကိုမှီလျက် ဦးရီးတော်ဟာ အခိုက်အတန့် ရှုံးတယ်ထားဦး၊ မကြာခင် စစ်သားအလုံးအရင်းနဲ့ မုချပြန်လာလိမ့်မယ်၊ ဒီတော့"

"ဒီတော့ . . . သင့်စိတ်က ဘယ်လိုစိတ်ကူးသလဲ . . . မားမြို့က ပြေးကြမှာလား . . ."

"ပြေးလို့ ဖြစ်နိုင်ပါဦးမလား . . . အိုလီဗာ . . . တောင်ကြားလမ်းမှာ ဂျိုရှုအာရဲလူတွေ စောင့်နေတယ်၊ အပြင်မှာလည်း ဖန်၊တွေရှိတယ်၊ ဒါနဲ့ အက်ဗတီလူမျိုးတွေက သင့်အပေါ်မုန်းနေပြီ . . . အိုလီဗာ၊ ရှပ်တုကြီးနဲ့ပြီးအောင်သာ သူတို့စောင့်နေကြတာ . . . အို . . . ကျွန်ုပ်မပြောချင်တော့ဘူး၊ သင် ဒီလိုဒုက္ခတွေနဲ့ တွေ့ဖို့ ကျွန်ုပ်က ခေါ်လာသလိုဖြစ်နေပြီ . . ."

ဘုရင်မသည် မျက်ရည်များ ကျဆင်းလျက် လှိုက်လှိုက်လှဲလှဲပြောလေရာ ကျွန်ုပ်တို့လည်း တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ မကြံတတ်သကဲ့သို့ ရှိနေကြကုန်၏။ ထိုအချိန်၌ "ဂျေဖက်"သည် ကွစ်၏အလောင်းကို သူတို့လူမျိုးဘာသာဘာဝ အလေးပြုလျက်ရှိရာမှ ကျွန်ုပ်တို့ရှိရာသို့ လာရောက်ကာ ဘုရင်မရှေ့တွင်ဒူးထောက်လျက် . . .

"အို . . . အလုထိပ်ခေါင်တင် နှင်းဆီမယ် ဘုရင်မ . . . သင်၏ ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သော ကျွန်ုပ်၏စကားကို နားထောင်ပါဦးလော့ . . . တောင်ကြားအဝင်ဝမှ သုံးမိုင်ခန့်အကွာတွင် ကျွန်ုပ်၏လူမျိုးများဖြစ်ကြသော တောင်ပေါ်သား ၅၀၀ တို့ရှိနေကြပါသည်။ သူတို့သည် ဂျိုရှုအာနှင့် သူ၏နောက်လိုက်များအား မုန်းတီးသူများဖြစ်ကြပါသည်။ သူတို့ထံသွားရောက်ပါက သင်၏အမှုတော်ကို ကျိုးနွံစွာဆောင်ရွက်၍ ကျွန်ုပ်၏စကားကိုလည်း သစ္စာရှိစွာ နာခံကြပါလိမ့်မည်။ ထိုအခါ အရှင်မ သဘောအတိုင်းပြုလုပ်နိုင်ပါသည်။"

မာက္ကဒါသည် မေးမြန်းတိုင်ပင်လိုသည့်ဟန်ဖြင့် အိုလီဗာ၏ မျက်နှာကိုကြည့်ရှုလိုက်လေ၏။ သို့နှင့် အိုလီဗာက . . .

"ဒီအကြံအကောင်းသားပဲ . . . ဒီမှာ ဒီခွေးတွေထဲနေရတာထက်တော့ တောင်ပေါ်သားတွေနဲ့ နေရတာက ကောင်းလိမ့်ဦးမယ်၊ သင့်အထိန်းတော်တွေသာ ကျွန်ုပ်တို့အတွက်လည်း ဝတ်လုံတွေကို ယူခဲ့ဖို့ ပြောပါ . . . လာ . . . သွားကြစို့ . . ."

* * *

ဟာမာ့ခ်ရုပ်တုကြီး

နောက် ၅ မိနစ်ခန့်ကြာသောအခါ ကျွန်ုပ်တို့လှဲ့စုသည် လူသေကောင်များဖြင့် ပြည့်လျက်ရှိသော လမ်းကြားတစ်လျှောက်မှထွက်ခဲ့ကြလေ၏။ ထို့နောက် နန်းတော်နံဘေးပေါက် တစ်ပေါက်သို့ ရောက်လာပြီးလျှင် မုခ်ဦးနှင့် ကျုံးတံတားကိုဖြတ်ကာ နန်းတော်ပြင်သို့ ရောက်ခဲ့ကြလေ၏။ ထိုတံတားမှာ ဂျိုရှူအာ၏ လူများ ဝင်ရောက်တိုက်ခိုက်ပြီးလျှင် ဒရောသောပါး ထွက်ပြေးကြစဉ်က ချထားခဲ့ဟန်ရှိလေသည်။ သို့နှင့်ကျွန်ုပ်လည်း အအေးမှကာကွယ်ရန် အက်ဗတီများ ညဉ့်အချိန်တွင် ဆောင်းလေ့ရှိသည့် ဦးခေါင်းစွပ်ပါ တပ်ထားသော ဝတ်လုံကြီးများကို ရုပ်ဖျောက်ဝတ်ဆင်ကာ နန်းတော်ပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လူအုပ်များနှင့် ရောလိုက်ကြလေ၏။ ထိုလူအုပ်မှာ သစ်ပင်များနှင့် ကုန်းမြင့်သော နေရာများမှ နန်းတော်နောက်ဘက်ရှိ ဖန်းရုပ်တုကြီးရှိရာသို့ လာရောက်ကြည့်ရှုကြသော ကလေးများ လူကြီးများနှင့် မိန်းမများဖြစ်လေသည်။

သို့ရှိစဉ် ကျွန်ုပ်တို့အနီးမှ မြင်းစီးစစ်သားတစ်စုဖြတ်၍ သွားသဖြင့် ကျွန်ုပ်တို့မှာ အိုလီဗာ၏အရုပ်မြင့်မြင့်ကြီးကို မှတ်မိမည်စိုးသဖြင့် လမ်းဘေးခြုံကွယ်များ၌ ပုန်း၍နေရသေး၏။ ထိုအချိန်၌ကား လပြည့်နေ့လဝန်းသည် တိမ်ပုတ်များအကြားမှ ထွက်လာပြီဖြစ်၍ ကျွန်ုပ်တို့လည်း မြို့သူမြို့သားများကြည့်နေသည့်နေရာကို လှမ်း၍ကြည့်မိလေ၏။ နန်းတော်၏နောက်ဘက်ရှိ တောင်ကုန်းများမှာ ပေ ၁၅၀ ခန့်အမြင့်ရှိ၏။ ထိုနေရာတွင် အလျားလိုက် အစွန်းကြီးထွက်လျက်ရှိရာ ၎င်းမှာ အက်ဗတီတို့အခေါ်အားဖြင့် "ခြသေ့်ကျောက်တောင်"ဟုခေါ်၏။ ထိုတောင်၏အစွန်း၌ကား ဖန်းရုပ်တု၏ဦးခေါင်းကြီးသည် ရွှေ့လျားလာပြီး မားတောင်ကြားလမ်းကိုမျက်နှာမူကာ တင်လျက်ရှိလေရာ . . . ရုပ်တုကြီးတစ်ခုလုံးသည် ချောက်၏အခြားဘက်ရှိတောင်ကြားမှ မားမြို့တောင်ကုန်းတစ်ခုအစွန်းသို့ တစ်ခါတည်းပြောင်းရွှေ့လာဘိသကဲ့သို့ ရှိနေတော့၏။ သို့နှင့် ကျွန်ုပ်တို့အားလုံးပင် အံ့သြခြင်းဖြင့် ကြက်သေ သေလျက်ရှိကြကုန်၏။

ထိုအခါ ဂျေဖက်က . . .

"ရှေးတံဘောင်ဟာ မှန်ပြီ၊ အရှင်ကြီးတို့ ဟာမာ့ခ်ရုပ်တုခေါင်းကြီးဟာ မားမြို့ကို ပြောင်းလာပြီ . . ."

ဟော့ . . . ဂျေဖက် မကြောက်ပါနဲ့ကွယ် . . . ငါတို့လက်နက်တန်ခိုးနဲ့ ရုပ်တုကြီး ခေါင်းပြုတ်ထွက်ပြီး အခုနေရာမှာလာတင်နေတာပေါ့ . . .

"ကျုပ်တို့လိုဏ်ခေါင်းထဲမှာတုန်းက ပေါက်ကွဲသံပြီးတဲ့နောက် သိမ့်ကနဲတစ်ချက်ဖြစ်သွားတာ ဒီဟာနဲ့ တူတယ်"

"ဘာပဲဖြစ်ဖြစ် အရှင်ကြီးတို့ ကျွန်ုပ်သိတာကတော့ ဟာမာ့ခ်ရုပ်တုကြီး မားမြို့ကိုရောက်လာရင် ဒီနေရာကိုဖန်းတွေလိုက်လာကြလိမ့်မယ် . . ."

"ပြောင်းလာရင် ကောင်းတာပေါ့ကွယ် . . . နို့မှ ငါအသေအချာအတိုင်းအထွာယူနိုင်မှာ . . ."

ဘုရင်မသည် မကောင်းသောနိမိတ်ဖြစ်ကြောင်း ယူဆဟန်ဖြင့် မျက်နှာများပျက်ကာ တုန်လှုပ်လျက်ရှိလေရာ အိုလီဗာပင် စကားမပြောနိုင်ဘဲ ရှိလေသည်။

မြို့သူမြို့သားအားလုံးသည် ကျေဖက်ကဲ့သို့ ထိတ်လန့်တုန်လှုပ်နေကြဟန်တူ၏။ သူတို့သည် ကျွန်ုပ်တို့ လူဖြူတစ်စုအား–

"ဒီအကောင်ဖြူကြီးတွေဟာ ရုပ်တုကိုမဖျက်ဘဲ နေရာပြောင်းအောင်လုပ်တာ စုန်းတွေပဲ"

ဟု ကျွန်ုပ်တို့အပေါ်တွင် ဆဲဆိုရေရွတ်လျက်ရှိကြကုန်၏။ ဤအကြောင်းနှင့်ပတ်သက်၍ နောင်ကျွန်ုပ်တို့တွေ့ရှိရသည်မှာ ကျောက်တောင်အတွင်းသို့ ကျွန်ုပ်တို့တူးခဲ့သည့် လိုဏ်ခေါင်းကလေးများသည် ကိုယ်၏ထုထည်ကြီးကို ဖောက်ခွဲ၍မထွက်ဘဲ မာကျောကြံ့ခိုင်လှသည့် ကျောက်သားအတိဖြစ်သော ဦးခေါင်းဘက်သို့ ရုန်းထွက်ကာ ခြသေ့်ခေါင်းကြီးသည် မားမြို့ရှိတောင်ကုန်းတစ်ခုအစွန်းတွင် မားမားကြီးလာ၍တင်နေခြင်းပင်ဖြစ်တော့၏။ ထို့နောက် ကျွန်ုပ်က . . .

"ဒီနေရာကျတာ ပေါ်ပေသေးတယ်ကွယ် . . . နည်းနည်းကလေးများ ဒီဘက်ရောက်ရင် နန်းတော်ပေါ် ကျပြီးသားပဲ"

ထိုအခါ၌ ဘုရင်မသည် မသာမယာလှသောမျက်နှာဖြင့် "ကိုင်း မြန်မြန်လာကြပါလေ လူတွေမသိခင် ကျွန်ုပ်တို့ရောက်အောင်သွားကြပါစို့ရဲ့" ဟု ကျွန်ုပ်တို့အား ခေါ်ငင်လျက်ရှိလေ၏။

* * *

တောင်ပေါ်သားများ

တောင်ကြားလမ်းသို့ ကျွန်ုပ်တို့လာခဲ့ရသော လမ်းကားအသစ်ထပ်မံဖွဲ့စည်းသော အက်ဗတီစစ်စခန်းများဖြစ်၍ ထိုအခါမှ ကျွန်ုပ်တို့လည်း အက်ဗတီတို့၏ အကျင့်စာရိတ္တပျက်ပြားမှုများ စည်းကမ်းမသေဝပ်မှုများကို လက်ငင်းဒိဋ္ဌတွေ့ကြုံရတော့၏။ စန္ဒရီများချထားသည့်နေရာတွင် အစောင့်စန္ဒရီများ မရှိချေ။ စစ်သားများရှိသင့်သည့် နေရာများတွင် အရာရှိများသည် မိန်းမများနှင့် စကားပြောလျက်ရှိကြ၏။ အရာရှိများ ရှိနေသင့်သော နေရာများတွင် စစ်သားမဟုတ်သူများက အရက်များကိုသောက်လျက်ရှိကြ၏။

ဤကဲ့သို့ ကစဉ့်ကရဲ ဖြစ်နေသည့်အကြား ကျွန်ုပ်တို့သည် တစ်စုံတစ်ရာမေးမြန်းခြင်း စစ်ဆေးခြင်း မခံရဘဲ အမှတ်မထင် ဖြတ်သန်းလာခဲ့ကြ၏။ သို့နှင့် ကျွန်ုပ်တို့သည် တောင်ပေါ်သားများ တပ်စခန်းသို့ရောက်ခဲ့ကြရာ . . . ထိုသူများမှာ မားတောင်စောင်းများ၌ နေထိုင်သည့် ဆိတ်ကျောင်းသမား သိုးကျောင်းသမားများဖြစ်ကြသည့်အတိုင်း အနေအထိုင်ရိုးသားပြီးလျှင် . . . သတ္တိလည်း ကောင်း ကျိုးနွံ့လည်း ကျိုးနွံ့ရှိသေ၍ သစ္စာရှိသူများဖြစ်ကြလေသည်။ ဤအကြောင်းများကြောင့်ပင် ဂျိုရှူအာသည်

အပြင်ရန်ကို သူတို့သာခုခံနိုင်စွမ်းရှိပြီးဖြစ်သဖြင့်တစ်ကြောင်း၊ ထို့ပြင်လည်း သူ့အကြံအစည်ကို မသိစေရန်တစ်ကြောင်း၊ အဝေးဆုံးသောနေရာ တောင်ကြားအဝင်ဝ၌ နေရာချပေးဟန်လက္ခဏာရှိ၏။ ဤရိုးသားသော တောင်ပေါ်သားများကား ဘုရင်မအပေါ်တွင် မိရိုးဖလာ ရိုသေကိုင်းညွှတ်လာကြသူများ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် သူတို့၏ စခန်းသို့ရောက်သည်နှင့်တစ်ပြိုင်နက် အခြားစစ်တပ်များကဲ့သို့ မဟုတ်ဘဲ “ကင်း” များသည် ကျွန်ုပ်တို့အား တားဆီးလေသည်၊ သို့သော် . . . “ဂျေဖက်”သည် အရာရှိ၏နားနားသို့ကပ်၍ တစ်စုံတစ်ရာ ပြောလိုက်သောအခါ ထိုသူသည် ကျွန်ုပ်တို့အားစိုက်ကြည့်ပြီးနောက် ခေါင်းမြီးခြုံထားသော ဘုရင်မအား အရိုအသေပေးလိုက်ပြီးလျှင် သူတို့၏စစ်ဗိုလ်မှူးရှိရာသို့ ကျွန်ုပ်တို့အား ခေါ်သွားလေ၏။ စစ်ဗိုလ်မှူးမှာ စစ်ဗိုလ်ကလေးများဝိုင်းရံကာ မီးဖိုဘေးတွင် တစ်စုံတစ်ရာ နှီးနှောတိုင်ပင်လျက်ရှိရာမှ ကျွန်ုပ်တို့ဘက်သို့လှည့်၍ . . .

“အသင်တို့၏မျက်နှာကိုပြရန် ရှေးဦးစွာ ကျွန်ုပ်တောင်းပန်ပါသည် . . .”

မာကွိဒါသည် ခေါင်းမြီးခြုံကိုဖွင့်ချလိုက်ရာ ထိုနေရာမှာ လထွက်သည့်နေရာနှင့် မျက်နှာချင်းဆိုင်နေသဖြင့် ဘုရင်မ၏ ကြည်လင်ပြည့်ရှန်းသောမျက်နှာကို ကျွန်ုပ်တို့အားလုံး မြင်လိုက်ကြရ၏။ ထိုသူသည် ဘုရင်မ၏ရှေ့တွင် ဒူးထောက်လိုက်ပြီးနောက် . . .

“အို . . . ဝါလဒါနာဂါစတာ ဘုရင်မ . . . သင်၏အမိန့်ကို နာခံလျက်ရှိပါသည်”

ဘုရင်မသည် ခုံပေါ်တွင်ထိုင်ကာ ကျွန်ုပ်တို့သုံးယောက်က ၎င်းနောက်မှ ရပ်လျက်ရှိကြ၏။ ဘုရင်မသည် ဗိုလ်မှူးအား စစ်တပ်ကိုဆင့်ခေါ်ရန် အမိန့်ပေးလေရာ ငါးရာကျော်ခန့်မျှသော စစ်သားများသည် ကွင်းပြင်တွင် ကျွန်ုပ်တို့အား သုံးဘက်မှအတန်းလိုက် စီတန်းဝိုင်းရံကာ ရှိနေကြလေ၏။ သို့ စုရုံးမိသောအခါ “မာကွိဒါ”သည် ခုံပေါ်တွင် မတ်တပ်ရပ်လိုက်ကာ လူအများမြင်စေရန် သူ၏ခေါင်းမြီးခြုံကို တစ်ခါတည်း ဖြုတ်ချလိုက်ပြီးနောက် အောက်ပါအတိုင်း မြွက်ကြားလေသည်။

“အသင် တောင်ပေါ်သားများ . . . ယနေ့ည ဖန်းရုပ်တုကြီး ပျက်စီးသွားသည့်အချိန်၌ ကျွန်ုပ်၏ဦးရီးတော် ဂျိုရှုအာသည် ကျွန်ုပ်ထံလာရောက်ပြီးလျှင် သူ့အား ကျွန်ုပ်၏ကိုယ်ကိုပေးအပ်ရန် တောင်းဆို၏။ သို့တောင်းဆိုခြင်းမှာ ကျွန်ုပ်အားသတ်ပစ်ရန်သော်လည်း ရေအိုင်၏အခြားဘက်ရှိ သူ၏ရဲတိုက်တွင် ချုပ်နှောင်ထားရန်သော်လည်းကောင်း အခြားမကောင်းသော အကြံအစည်ကြောင့်သော်လည်းကောင်း တောင်းဆိုခြင်းဖြစ်၏”

ပရိသတ်များထဲမှ ဟင်းကနဲ သက်ပြင်းချလိုက်သောအသံများ ထွက်ပေါ်လာ၏။ ဘုရင်မသည် လက်တစ်ဘက်ကိုမြှောက်၍ပြလိုက်ပြီးနောက် . . .

“နေဦးလော့ . . . ဤထက်ပင် ဆိုးရွားသော အကြောင်းများရှိသေး၏။ ကျွန်ုပ်က သူ့အား သစ္စာဖောက်တစ်ယောက်ဖြစ်၍ အမြန်ထွက်သွားရန်အကြောင်း ပြောသောအခါ သူသည် ကျွန်ုပ်အားခြိမ်းခြောက်၍ထွက်သွားပြီးနောက် . . . ကျွန်ုပ်၏ကိုယ်ရံတော်အစောင့်များကိုပါ ခေါ်သွား၏။ ဤတစ်ပြည်သား ကျွန်ုပ်၏မိတ်ဆွေများသည် ထိုသတင်းကိုသန့်သန့်ကြားရသဖြင့် ၂ ယောက်သည် ကျွန်ုပ်အား လာရောက်စောင့်ရှောက်ကြ၏။ ကပ္ပတိန်နှင့် ဆရာဝန်ကြီးမှာ လောင်မီးလက်နက်များကိုဖောက်ခွဲရန် ဂူအတွင်း၌ နေရစ်ခဲ့ကြရ၏။ ထို့နောက် မကြာမီ ဂျိုရှုအာ

၏လူများသည် ကျွန်ုပ်အားဖမ်းဆီးရန် ရောက်လာကြပါသည်။ ထိုအခါ ကျွန်ုပ်အားစောင့်ရှောက်နေသော မျက်မှန်နက်ကြီးနှင့် ကပ္ပတိန်၏တပည့် "ကွစ်"တို့သည် သူတို့၏မီးထွက်သောလက်နက်များဖြင့် ဂျူရှူအာ၏နောက်လိုက်များအား အတော်မြောက်မြားစွာ ပစ်သတ်နိုင်ကြ၏။ သို့သော် ထိုစစ်သားကောင်း"ကွစ်"သည် လမ်းကြားကိုဆို့ပိတ်တိုက်ခိုက်ရာတွင် တစ်ယောက်နှင့်အများဖြစ်သဖြင့် ဒဏ်ရာများရကာ သေဆုံးခဲ့ရှာ၏။ သူကား သင်တို့အရှင်သခင် "နှင်းဆီမယ်"အမည်ခံဘုရင်မအား လူမသမာတို့လက်တွင်းသို့ မကျရောက်စေရန် အသက်ပေး၍ ကယ်ဆယ်သွားရှာလေပြီ . . . မျက်မှန်ကြီးပင်ဒဏ်ရာများရရှိသွားကာ သူ၏ ဦးခေါင်း၌အဝတ်များ စည်းနှောင်ထားရသည်ကိုသာ ကြည့်ကြပါလော . . . ထို့နောက် ကပ္ပတိန်အိုလီဗာ . . . ဆေးဆရာကြီးနှင့် သင်တို့၏အစ်ကိုတော် ဂျေဖက်တို့သည် ကျောက်ဂူမြို့တော်ကြီးအောက်မှ ရောက်ရှိလာကြပါသည်။ ကျွန်ုပ်ကား သွေးအတိစွန်းထင်းလျက်ရှိသော ကျွန်ုပ်နန်းတော်၌နေရန် မလုံခြုံတော့သဖြင့် သင်တို့ထံ အကူအညီတောင်းရန် ပြေးလာခဲ့ပါပြီ . . . သင်တို့၏ဘုရင်မအား သင်တို့မကာကွယ်ကြတော့ပြီလော . . . အို . . . တောင်ပေါ်သားအပေါင်းတို့ . . .”

“အမိန့်သာပေးတော်မူပါ . . . ကျွန်ုပ်တို့လိုက်နာဆောင်ရွက်ပါမည်၊ အို . . . ဘုရင်မ ကျွန်ုပ်တို့မည်သို့ပြုလုပ်ရမည်နည်း”

ထို့နောက် ဘုရင်မသည် စစ်ဗိုလ်များအား တစ်ယောက်စီခေါ်ပြီးလျှင် သူတို့နှင့်တိုင်ပင်၏။ သူတို့၏အကြံဉာဏ်ကိုတောင်း၏။ အချို့က ဂျူရှူအာရှိသည့်နေရာကိုရှာဖွေကာတစ်ခါတည်း တိုက်ခိုက်ရန်အကြံပေးကြ၏။ မြွေကိုသတ်လျှင် ဦးခေါင်းကိုရှေးဦးစွာရိုက်လိုက်က အမြီးမှာ လှုပ်ရှားနိုင်တော့မည်မဟုတ်ကြောင်းဖြင့် ပြောကြ၏။ ဤသို့ကြားရခြင်းပင်လျှင် ကျွန်ုပ်တို့ကိုအားတက်စေတော့၏။

သို့သော် ဘုရင်မကား ထိုစကားများကို နားမထောင်ချေ။

“အို . . . ဒီလိုလည်း မဖြစ်နိုင်သေးဘူး . . . ရန်သူတွေမြို့ပြင်ဘက်က ဝိုင်းနေမှန်းသိရက်နဲ့ ကျွန်ုပ်တို့လူမျိုးအချင်းချင်း ပြည်တွင်းစစ်ဖြစ်အောင် ကျွန်ုပ်ကစရမလား . . . ပြီးတော့ သင်တို့တွေဟာ ဘယ်လောက်ပဲကျင်လည်ပြီး သတ္တိကောင်းစေကာမူ ထောင်ပေါင်းများစွာရှိတဲ့ ဂျူရှူအာရဲ့လူတွေကို ခံနိုင်ပါ့မလား”

“ဒါဖြင့် . . . အ[illegible]င်က ဘယ်လိုလုပ်ချင်သလဲ”

“ဒီတောင်ပေါ်သားတွေကိုခေါ်ပြီး ကျွန်ုပ်တို့နန်းတော်ကိုပြန်မယ် . . . နန်းတော်ရောက်တဲ့အခါ အတွင်းကနေပြီး ရန်သူမှန်သမျှကို ခုခံရမယ် . . . အိုလီဗာ . . .”

“ကောင်းပါတယ်လေ . . . မျက်စိလယ်နေတဲ့လူမှာ ဘယ်လမ်းမဆို လိုက်ရမှာပဲ . . . ကံစီမံတဲ့အတိုင်းပေါ့”

“ဒါ . . . ဟုတ်တာပဲ . . . သွားရင်လည်း မြန်မြန်သွားကြရင်ကောင်းပါတယ်၊ ကျုပ်ခြေထောက်ကလည်းနာ အိပ်ကလည်း အိပ်ချင်လှပြီဗျား”

သို့နှင့် ဘုရင်မက အမိန့်ပေးလိုက်သည်တွင် စစ်ဗိုလ်များသည် စစ်သားများအား ပြောသဖြင့် စစ်သားများသည် ဝမ်းမြောက်စွာ သူတို့တဲစခန်းများကို ရုပ်သိမ်းကြ၏။

ထို့နောက် ကျွန်ုပ်တို့သည် နန်းတော်သို့ချီတက်ရန် အမြန်ဆုံးပြင်ဆင်လျက်ရှိကြ၏။ အိုလီဗာနှင့် ဘုရင်မသည် အတော်ဝေးလှမ်းလှမ်း၌ တီးတိုးပြောဆိုတိုင်ပင်လျက်ရှိကြရာ ကျွန်ုပ်မှာ မြှားသေတ္တာတစ်လုံးပေါ်တွင်ထိုင်ကာ ငိုက်မြည်းလျက်ရှိသော ဟစ်အား ပခုံးနှင့်ဖေး၍ထားရ၏။ သို့ရှိစဉ် တပ်သားအချို့သည်

ရုတ်ရုတ်ရက်ရက်ဖြစ်သွား၍ မားတောင်ကြားဝအောက်ပိုင်း၌ ကင်း လှည့်ကျသော စစ်သားအချို့သည် လူတစ်ယောက်အား ခေါ် ဆောင်လာကြသည်ကို လရောင်၌တွေ့မြင်ရလေ၏။

* * *

ရော့ဒရစ်

ပထမ၌ သူလျှိုတစ်ယောက် မိလာကြသည်ဟု ကျွန်ုပ်လည်း အေးအေးပင်နေလိုက်၏။ သို့သော် အုတ်အုတ်ကျက်ကျက် ဖြစ်လာသဖြင့် ထူးခြားသောအချက်ရှိရမည်ဟု တွေးကာ . . . ကျွန်ုပ်လည်း မြှားသေတ္တာပေါ်မှထကာ ကျွန်ုပ်ရှေ့မှကွယ်နေသော အက်ဗတီများကို တွန်းဖယ်ရှောင်ရှား၍ သွားလေ၏။ ထိုသူသည် ကျွန်ုပ်လာသည်ကို မြင်လျှင် ဦးခေါင်းကိုညွှတ်လိုက်၏။ ထိုသူသည် အရပ်မြင့်၍ခြေတံလက်တံကောင်းပြီးချောင် အင်္ကျီရှည် အဖြူကြီးကို ဝတ်ထား၏။ လည်ပင်း၌လည်း ရွှေကြိုးကြီးတစ်ကုံးကို စွပ်၍ထားလေရာ . . . ဤကဲ့သို့ မငြိမ်မသက်ရှိသည့် အခါမျိုး၌ ဤကဲ့သို့ဝတ်စားထား သည့်အဖြစ်ကိုပင် အံ့ဩမိသေး၏။ နောက်တခဏ၌ ထိုသူသည် လရောင်ဘက်သို့ လှည့်၍ မျက်နှာကိုမော့လိုက်ရာ . . . သူ၏ညိုသော မျက်လုံးများ ဘဲဥပုံရှိနေသည့်မျက်နှာနှင့် မျက်လုံး မျက်ခုံး နှာတံတို့ကိုပါ ပေါင်းစပ်မြင်လိုက်ရသောကြောင့် . . . ကျွန်ုပ်၏သားရုပ်သွင်သည် တစ်ခါတည်းပေါ်လာရကား . . . "ဟာ . . . ကျုပ်သားပါကလား ဟော့ ရော့ဒရစ်" ဟု နှုတ်မှ ထွက်သွားလေ၏။ ထိုအခါ၌ ဖခင်၏မေတ္တာ ဓာတ်များသည် ကျွန်ုပ်ကိုယ်မှ

ယို စီးစိမ့် ထွက်လာသည့် အလား နှစ်ပေါင်းများစွာ ကွဲကွာနေရသော ကျွန်ုပ်၏သားအား ကလေး တစ်ယောက်ပမာ ရင်ခွင်ထဲတွင် ပွေ့ဖက်ထားလိုက်မိ၏။

"ကျေးဇူးတင်ပါတယ် ဖခင် . . . ကျွန်တော် ဘာမှမဖြစ်ပါဘူး . . . ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးလာရပါတယ်"

ထိုအခါမှ ဟာစ်လည်းရောက်လာပြီးလျှင် . . . ရော့ဒရစ်အား . . . အားပါးတရလက်ဆွဲနှုတ်ဆက်လေ၏။ ကျွန်ုပ်က ဟာရန့်၏သမီးနှင့် လက်ထပ်ပြီး မပြီးမေးမြန်းရာ သူက အကယ်စင်စစ် လက်မထပ်ရသေးကြောင်း . . . မင်းညီမင်းသားများ လက်ထပ်ပွဲမှာ ၂ ရက်ကြာမှ ပြီးမြောက်ကြောင်း . . . သူတို့သည် အုန်းကြီးရှေ့၌ လက်ထပ်ပျော်ပွဲများကို စားသောက်လျက်ရှိစဉ် လျှင်လျှပ်သကဲ့သို့ အသံကြီးကို ကြားလိုက်ရပြီးလျှင် . . . ရုပ်တုကြီးဆီမှ လျှပ်စစ်များ ပန်းထွက်သကဲ့သို့ အလင်းရောင်ကိုမြင်လိုက်ရကြောင်း၊ ထိုအခါ လူတိုင်းနေရာမှထ၍ ခုန်ကြပြီးလျှင်–

"လူဖြူတွေရဲ့လက်ချက် . . . လူဖြူကြီးတွေရဲ့ လက်နက်နဲ့ တဘောင်အတိုင်း ငါတို့ဘုရားဖြိုဖျက်ရပြီ . . ."

"ပြေးကြ . . . ပြေးကြ . . . ပြေးကြ"

ဟု ဟစ်အော်ကြကြောင်း၊ သို့နှင့် လူတိုင်းကစဥ့်ကရဲပြေးလွှားကြရာ . . . အများအားဖြင့် မြစ်ကြီးရှိရာ အရှေ့ဘက်သို့ပြေးကြကြောင်း၊ သို့သော် သူမှာ ပရော်ဖက်ဆာနှင့်တွေ့စဥ်က အကျိုးအကြောင်းကို သိပြီးဖြစ်သည့်အတိုင်း တစ်စုံတစ်ရာမကြောက်ရွံ့ဘဲ . . . "မား"မြို့ဘက်သို့ ပြေးခဲ့ကြောင်း တောင်ကြားဝသို့ရောက်သောအခါ အစောင့်များနှင့်တွေ့၍ . . . ယခုဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြလေ၏။

"ဒီရောက်ပေမယ့် သိပ်မသက်သာလှသေးဘူးကွယ် . . .

ဒယ်အိုးထဲမှာပူလို့ ခုန်ချတာ မီးဖိုထဲများရောက်နေမလား မပြောတတ်ဘူး . . ."

ကျွန်ုပ်က ကျွန်ုပ်တို့လက်ရှိအခြေအနေကို ရော့ဒရစ်အား ပြောပြ၏။ ထိုအခါ ဟာစ်က . . .

"ထွက်ပြေးကုန်တာတော့ ဟုတ်ပါရဲ့၊ သူတို့မြို့ကို ပြန်မလာကြတော့ဘူးလား"

"ဒီဟာတော့ ကျွန်တော်လည်း မပြောနိုင်ဘူးခင်ဗျာ၊ သူတို့တဘောင်ကတော့ ဟာမာ့ခ်ရုပ်တုပြောင်းရာ သူတို့လိုက်ကြရမယ်ဆိုတာပဲ"

ထို့နောက် ကျွန်ုပ်က စကားလက်စပြတ်စေသဖြင့် ရော့ဒရစ်၏လက်ကိုဆွဲကာ . . . ဘုရင်မရှိရာသို့ ခေါ်ဆောင်သွားပြီးနောက် ကျွန်ုပ်၏သားမှာ . . . ကံကောင်းထောက်မသဖြင့် ဖန်းတို့လက်မှ လွတ်မြောက်လာကြောင်းများကို ပြောကာ မိတ်ဆက်ပေး၏။ ထိုအခါ ဘုရင်မက ဤသို့တွေ့ရသဖြင့် ဝမ်းမြောက်ပါကြောင်းဖြင့် လောကွတ်စကားပြောကြားလေသည်။ ထို့နောက် ရော့ဒရစ်သည် ကျွန်ုပ်တို့ဘက်သို့လှည့်၍ . . .

"ဘုရင်မကဖြင့် တကယ်ချောတဲ့ မိန်းမတစ်ယောက်ပါပဲဗျာ"

ဟု ရေရွတ်လိုက်၏။

နောက်တခဏမျှကြာသောအခါ စစ်တပ်မှ [illegible]စုများဖွဲ့ကာ . . . ထွက်ရန်အသင့်ရှိနေကြလေပြီ၊ သို့သော် မထွက်မီ ရော့ဒရစ်အား ဖမ်းလာခဲ့သော တောင်ကြားကင်းတပ်စစ်ဗိုလ်က သူဖမ်းဆီးရမိခဲ့သောသူကို စစ်ဗိုလ်ချုပ်ကြီး ဂျိုရှုအာ၏လက်သို့ သုံ့ပန်းအဖြစ်ဖြင့် ပေးအပ်ရမည်ဖြစ်ကြောင်းနှင့် တောင်းဆိုလေ၏။ ကျွန်ုပ်တို့က ငြင်းသောအခါ ထိုစစ်ဗိုလ်က . . .

"ဘယ်သူ့အမိန့်လဲ"

ဟု မေးလိုက်၏။

သူသည် ဘုရင်မကိုယ်တိုင် စစ်စခန်း၌ ရောက်နေသည်ကို သိဟန်လက္ခဏာမရှိချေ။ ဘုရင်မသည် ထိုသူငေါက်ဆတ်ဆတ် ပြောသံကိုကြားလိုက်သဖြင့် ခေါင်းမြီးခြုံကိုဖွင့်ချလိုက်ပြီးနောက်–

"ကျွန်ုပ်အမိန့် . . . အက်ဗတီတွေကိုအုပ်စိုးနေတာ ဂျိုရှူအာမင်းသား မဟုတ်ဘူး၊ နင်းဆီမယ်ဘွဲ့ခံ မာကွီဒါဘုရင်မဖြစ်တယ်ဆိုတာ သင်တစ်သက်လုံးမှတ်ထား . . . ဘုရင်မရဲ့စစ်သားတွေမိလာတဲ့သုံ့ပန်းကို ဘုရင်မသာပိုင်တယ် . . . သူမပိုင်ဘူး၊ ကိုင်း . . . သင့်နေရာသာ သင်သွားပြီး ဝတ္တရားအတိုင်းဆောင့်ချေတော့"

ထိုအခါ စစ်ဗိုလ်သည် ဘုရင်မအား အရိုအသေပေးပြီးနောက် ထွက်သွားလေရာ . . . ကျွန်ုပ်စိတ်ထင်အားဖြင့် သူသည် အလုပ်ဝတ္တရားသို့ပြန်မသွားဘဲ ဖန်းများထွက်ပြေးကြောင်းကို သတင်းပေးရန် စစ်ဗိုလ်ချုပ် ဂျိုရှူအာထံသွားဟန် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် . . . ဖန်းများတိုင်းပြည်မှ ထွက်သွားကြပြီဟူသောသတင်းမှာ . . . တောမီးလောင်သည့်အလား မြို့ပေါ်၌ပင် ပျံ့နှံ့သွား၍ မြို့သူမြို့သားများသည် ကွက်လပ်ကြီးတွင်စုရုံးကာ အရက်သေစာများကို သောက်ကြကုန်လျက် အချို့လည်း ပျော်ပွဲများ[illegible]ကြကုန်လျက် အချို့လည်းအောင်မြင်သည့်အထိမ်းအမှတ်ဖြင့် မီးဒုတ်ကြီးများကို ထွန်းညှိကြကုန်လျက် အုပ်အုပ်သဲသဲ ဝမ်းမြောက်၍မဆုံးအောင် ရှိနေကြကုန်၏။

သို့ရှိစဉ် ကျွန်ုပ်တို့ စစ်တပ်လည်း နန်းတော်သို့ ရှေ့ရှုချီတက်လာလေပြီဖြစ်ရာ . . . ကွင်းပြင်ကြီးအလယ်သို့ ရောက်၍ နန်းတော်နှင့် မိုင်ဝက်ခန့်မျှသာလိုသော နေရာသို့ရောက်ရှိကြလေပြီ၊ ဤသို့ ရုတ်ရုတ်သဲသဲဖြစ်နေသည့်အကြားမှ ကျွန်ုပ်တို့သည် အမှတ်မထင်ချီတက်လာခဲ့ကြရာ . . . ထိုနေရာသို့ရောက်သောအခါ နန်းတော်ရှေ့၌ စစ်သား ၂၀၀၀ ကျော်ခန့်မျှရှိမည်ထင်ရသော စစ်တပ်ကြီးသည် ကျွန်ုပ်တို့လမ်းကိုပိတ်ဆီးလိုဟန်ဖြင့် ရပ်တည်လျက်ရှိနေသည်ကို လရောင်တွင်မြင်ရ၏။ မကြာမီ စစ်ဗိုလ် သုံးလေးယောက်တို့သည် ကျွန်ုပ်တို့ရှိရာသို့ မြင်းများကို စီးနင်းလာကြပြီးနောက် တောင်ပေါ်သားစစ်ဗိုလ် ဗိုလ်မှူးအား အဘယ်အကြောင်းကြောင့် သူ၏နေရာမှ ထွက်ခွာလာသည့်အကြောင်း၊ အဘယ်အရပ်သို့ သွားမည့်အကြောင်းနှင့် မေးမြန်းလေ၏။ ထိုအခါ တောင်ပေါ်သားဗိုလ်မှူးက . . .

"ကျွန်ုပ်ထက်ကြီးသောသူ ညွှန်ကြားရာသို့ ကျွန်ုပ်သွားရမည်"

"ထိုသူသည် မည်သူဖြစ်ပါသလဲ . . . လူဖြူကပ္ပတိန် အိုလီဗာဖြစ်က ယခုည သူတို့အလုပ်အကြောင်းအစီရင်ခံရန် ပေးအပ်ရမည်ဟု ဂျိုရှူအာမင်းသားကြီး၏ အမိန့်တော်ပါရှိပါသည်"

"အက်ဗတီတို့၏ အရှင်သခင် မာကွီဒါဘုရင်မ၏ အမိန့်တော်မှာ ထိုတစ်ပြည်သားများအား ဘုရင်မနှင့်အတူ နန်းတော်သို့ ပို့ဆောင်ရန်ဖြစ်ပါသည်"

(ခက်ထန်သောအသံဖြင့်) "သင်၏စကားမှာ အဓိပ္ပါယ်မရှိ . . . မှူး မတ်အဖွဲ့က တစ်စုံတစ်ရာ အသိအမှတ်မပြု၊ တစ်ပြည်သားများကို ကျွန်ုပ်တို့အား ပေးအပ်လော့ . . . သင်တို့၏ ဘုရင်မကိုလည်း ပေးအပ်လော့ . . ."

ထိုအခါ၌ ဘုရင်မသည် အတော်ပင်စိတ်ထွက်လာပြီဖြစ်၍ . . .

"ထိုသူများကို ဖမ်းကြလော့"

ဟု အမိန့်ပေးရာ တောင်ပေါ်တပ်သားများလည်း အက်ဗတီ စစ်ဗိုလ်များအား ချက်ချင်းပင် ဖမ်းဆီးလိုက်ကြလေ၏။

"ငါ၏ကိုယ်ကိုတောင်းခံဝံ့သူ၏ ဦးခေါင်းကိုဖြတ်ပြီးလျှင် ဂျိုရှုအာထံ ငါကပြန်၍ဖြေဆိုသည့် အထိမ်းအမှတ်အဖြစ်ဖြင့် သူ့လူများလက်ထဲသို့ ပေးအပ်လော့"

စစ်ဗိုလ်သည် အားလုံးသော အက်ဗတီများကဲ့သို့ သူရဲဘောကြောင်သူတစ်ယောက် ဖြစ်သည့်အတိုင်း ဘုရင်မရှေ့တွင် ဒူးထောက်ကာ . . . ဘုရင်မ၏ဝတ်လုံအကျီအဖျားကိုနမ်းရှုံ့ကာ အသက်ကိုချမ်းသာပေးပါရန် တောင်းပန်လေ၏။

"ဟဲ့ခွေး . . . နင်ဟာ ငါ့အဆောင်တော်ကို ဒီညလာတိုက်တဲ့အထဲမှာပါတယ် . . . နင်မလိမ်နဲ့၊ နင့်အသံကို ငါကျက်မိတယ် . . . ဒီအကောင်ကို အဆုံးစီရင်လိုက်ကြ . . ."

ကျွန်ုပ်တို့က ဝင်၍တားသော်လည်း မရချေ၊ ဘုရင်မသည် အိုလီဗာ၏စကားကိုပင် နားမထောင်ချေ။

"သင့်တပည့်ကြီးကွစ်ကို သတ်တဲ့လူအတွက် သင်က ဝင်ပြီး အသနားခံနေရသေးသလား . . . ကျွန်ုပ်အမိန့်ပေးပြီးပြီ"

☼ ☼ ☼ ☼ ☼

လရောင်အောက်တိုက်ပွဲ

သို့နှင့် ကျွန်ုပ်တို့စစ်သားများသည် ထိုစစ်ဗိုလ်အား ဆွဲခေါ်သွားပြီးလျှင် ဘုရင်မအမိန့်အတိုင်း စီရင်လိုက်ကြ၏။ ထို့နောက် ဦးခေါင်းပြတ်ကြီးကို ဒိုင်းပေါ်တွင်တင်ကာ နန်းတော်ဘက်သို့ ပြန်သွားကြလေသည်။ ခေါင်းပြတ်ကြီးရောက်သွားသောအချိန်၌ကား . . . ဂျိုရှုအာစစ်တပ်မှ စစ်ကြွေးကြော်သံများကို ကြားရ၏။ ဘုရင်မက

"ရှေ့သို့အမြန်ချီတက်၍ နန်းတော်ကိုသိမ်းကြ လော့"

ဟု အမိန့်ပေးသည်တွင် ကျွန်ုပ်တို့စစ်တပ်သည် လေးထောင့်ပုံသဏ္ဍာန် တန်းခွဲလိုက်၍ ဘုရင်မနှင့် ကျွန်ုပ်တို့လေးဦးအား အလယ်မှထားပြီးလျှင် ရှေ့သို့ချီတက်ကြလေ၏။

ထိုအခါ၌ကား . . . တိုက်ပွဲစတော့၏။ အက်ဗတီတို့သည် ကျွန်ုပ်တို့အား ရင်ဆိုင်ဝင်၍ မတိုက်ဝံ့သည်နှင့် မြှားများကိုလွှတ်စပြုလေရာ ကျွန်ုပ်တို့ဘက်မှ အတော်အတန်ကျဆုံးကြ၏။ သို့သော် တောင်ပေါ်သားများလည်း လေးပစ်ကောင်းများဖြစ်ကြရုံမျှမက သူတို့ထက်သန်မာတောင့်တင်းသော လေးများရှိကြ၏။ သို့နှင့် ကျွန်ုပ်တို့စစ်တပ်ကြီးသည် ခေတ္တရပ်လိုက်ပြီးလျှင် ရှေ့ဆုံးတန်းသည် ဒူးထောက်လျက်လည်းကောင်း နောက်တန်းသည်

မတ်တပ်ရပ်လျက်လည်းကောင်း တောဝက်နှင့် ခြသေ့်များကိုပစ်ခတ်နေကျဖြစ်သည့် လေးကြီးများကို နားရွက်သို့ရောက်သည်အထိ အားကုန်ဆွဲကာ အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မြှားအုပ်ကြီးကို အကြိမ်ကြိမ်ထပ်၍ လွှတ်လေ၏။ ဤမျှကျယ်ပြန့်သောနေရာ၌ ထူထပ်စွာရှိနေသော အက်ဗတီတို့မှာ တိုက်ခိုက်သော အလေ့အထမရှိသည့်ပြင် ကွပ်ကဲအုပ်ချုပ်သူလည်း နည်းပါးလှသဖြင့် အရမ်းမဲ့တိုက်ခိုက်၍သာ နေကြ၏။ ထိုမှတစ်ပါး အက်ဗတီတို့၏ ကိုယ်ကျပ်အင်္ကျီများမှာလည်း အဖျားတွင်ထစ်၍ထားသော တောင်ပေါ်သားများ၏ မြှားဒဏ်ကိုမခံနိုင်ဘဲ လဲကျကြကုန်၏။ ၂ မိနစ်အတွင်း၌ပင် သူတို့သည် နောက်သို့ဆုတ်ကာ ၃ မိနစ်ခန့်ကြာလတ်သော် အတုံးအရုံးလဲကျသေဆုံးနေသော မြင်းများနှင့်လူများကို ကျော်လွှားကာ ပြေးကြကုန်လေပြီ၊ ကျွန်ုပ်မှာ အင်္ဂလိပ်နှင့်ပြင်သစ်တို့ဖြစ်ပွားသော "ကရက်ဆီစစ်ပွဲ (Crecy)" စစ်ပွဲတွင် ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်ခဲ့ဖူးရကား ပြင်သစ်တို့သည် အင်္ဂလိပ်တို့၏ "လင်းလေး"ရှည်ကြီးများ၏ ဒဏ်ကို မခံမရပ်နိုင်သကဲ့သို့ ရှိတော့၏။

ဤအချင်းအရာများကို ကြည့်နေသော အိုလီဗာက ဂျေဖက်အနီးသို့ကပ်၍ တစ်စုံတစ်ရာပြောလိုက်ရာ ကျွန်ုပ်တို့စစ်တပ်မှာ လက်ဝဲ လက်ယာကိုဖြာတက်လာပြီးနောက် နောက်ပိုင်းမှစစ်သားများသည် အလယ်သို့ဝင်၍ အင်အားဖြည့်တင်းလေ၏။ ထိုအခါ စစ်တပ်မှာ စတုရန်းပုံရှိနေရာမှ ရင်ဆောင်တန်း ၃ တန်း အဖြစ်သို့ ပြောင်းလဲကာ ချီတက်လျက်ရှိလေ၏။ နောက်၌ကား စစ်သား ၁၀ ယောက်ခန့်တို့သည် ဘုရင်မအား လွှင့်စင်လာသော မြှားများမထိစေရန် ဒိုင်းများကိုမြှောက်ကာ ကွယ်၍လာကြရာ

ကျွန်ုပ်တို့လည်း ဘုရင်မနှင့်အတူ လိုက်ပါရ၏။ ကျွန်ုပ်တို့နောက်မှာကား . . . တဲစခန်းဆောက်လုပ်သူများနှင့် ကျေးကျွန်တို့သည် ဒဏ်ရာရသူတို့အား ဒိုင်းများပေါ်တွင် တင်ဆောင်လာကြကုန်၏။ သို့နှင့် ကျွန်ုပ်တို့သည် ကျဆုံးသူတို့ကို နေရာ၌ပင် ထားခဲ့၍ မြှားများကို မရပ်မစဲလွှတ်ကာ ရှေ့သို့ဒလကြမ်းတက်လေ၏။ ၂ ကြိမ်တိုင်တိုင် အက်ဗတီတို့သည် ပြန်၍တိုက်ခိုက်ရန် ကြံကြသော်လည်း ၂ ကြိမ်လုံးပင် လန်၍သွားကြ၏။ နောက်ဆုံး၌ ဗိုလ်မှူးချုပ်က အမိန့်ပေးလိုက်သည်တွင် တောင်ပေါ်သားများသည် လေးများကို ပခုံးတွင်လွယ်လိုက်ပြီးနောက် ခါးတွင်လွယ်ထားသော ဓားတိုများကို ထုတ်ကြလေ၏။

နောက် ၅ မိနစ်ခန့်ကြာလတ်သော် တိုက်ပွဲကားပြီးဆုံးခြင်းသို့ ရောက်လေ၏။ အချို့သည် ဝဲယာနှစ်ဘက်သို့ထွက်ပြေးကြကုန်လျက် အချို့သည် လက်နက်များကို မြေပေါ်သို့ ပစ်ချကာ အဖမ်းခံကြကုန်၏။ သို့သော် အချို့ကား ပေါင်းကူးတံတားကို ဖြတ်ကာ နန်းတော်တွင်းသို့ဝင်ပြေးရာ တောင်ပေါ်သားများလည်း ဘုရင်မက ချမ်းသာပေးရန်အမိန့်ပေးသည်ကို မကြားနိုင်သည့် နေရာများသို့ ရောက်နေသဖြင့် ဒလမ်ကြမ်းလိုက်ကာ တွေ့သမျှအား ဓားများဖြင့် သုတ်သင်ကြလေ၏။ သို့နှင့် နံနက် နေအရုဏ်တက်လာသည်နှင့်တစ်ပြိုင်နက် လရောင်အောက်တွင် တိုက်ခဲ့သော တိုက်ပွဲသည် ငြိမ်သက်၍သွားလေရာ အသေအပျောက်ကား မနည်းလှချေ. သို့သော် ကျွန်ုပ်တို့ဒုက္ခကား ဤမျှနှင့်မပြီးသေးချေ။

ကျွန်ုပ်တို့မှာ အခိုက်အတန့်အားဖြင့်ကား အောင်မြင်ချေပြီ၊ ဂိုရှူအာမှာ အတော်အသင့် သင်ခန်းစာရသွားပြီဖြစ်၍ ကျုံး မြောင်း တံတားများနှင့် အုတ်တံတိုင်းနှစ်ထပ်ရှိသော နန်းတော်

ကို တစ်စုံတစ်ရာပြင်ဆင်ခြင်းမရှိဘဲ တိုက်ခိုက်နိုင်တော့မည် မဟုတ်ပေ၊ သို့သော် နောက်ဒုက္ခတစ်ခုကား . . . ချက်ချင်းပင် စပြန်တော့၏။ ဘုရင်မအခန်းရှိ နန်းတော်အဆောင်များမှ ရတ်တရက် မီးနိုးလုံးကြီးများထွက်လာပြီးလျှင် မီးတောက်များသည် လျင်မြန်စွာ ကူးစက်လောင်ကျွမ်းလျက်ရှိလေ၏။ ကျွန်ုပ်တို့ထားခဲ့သော မီးခွက်များကပင် စ၍လောင်လေသလော . . . သို့မဟုတ် ဒဏ်ရာရ၍ ကျန်ရစ်သော စစ်သားတစ်ယောက်ယောက်ကပင် တမင်မီးရှို့လေသလော မပြောနိုင်ချေ။ သို့နှင့် ဘုရင်မအဆောင်နှင့်တကွ ထုတ်သျှောက် ဒိုင်းမြှားများ ချိုး ပန်းအိုးများ ခိုအိမ်များ အစရှိသည့် သစ်သားများကို လောင်ကျွမ်းလေရာ ၂ နာရီအတွင်း ပြာကျ၍သွားတော့၏။ ကျွန်ုပ်တို့ကိုယ်တိုင် ကြိုးစားငြိမ်းသတ်သဖြင့် လေကလည်း ငြိမ်သောကြောင့်သာ အချို့အဆောင်များ မီးမကူးဘဲ ကျန်ရစ်ခဲ့လေသည်။ ဤသည်ပင်လျှင် ကျွန်ုပ်တို့အပေါ်တွင် သစ္စာရှိလှသော တပည့်ကြီးကွစ်၏ အလောင်းကို နောက်ဆုံးမီးသင်္ဂြိုဟ်လိုက်ခြင်းဖြစ်တော့၏။

မီးများငြိမ်ကျသွား၍ အစောင့်အရှောက်များ ကင်းများကို နေရာတကျ ချထားပြီးသော် . . . ဘုရင်မသည် အထိန်းတော် ၃ ယောက်နှင့် အဆောင်လွတ်တစ်ခုတွင် နေရာယူလေရာ ကျွန်ုပ်တို့လည်း ယခင်က ကျွန်ုပ်တို့ အိပ်နေကျဖြစ်သည့် ဧည့်ခန်းဆောင်တွင် ကိုယ်များကိုပစ်လှဲချလိုက်ရာ ကျွန်ုပ်မှာညနေမှပင် အိပ်ရာမှနိုးတော့၏။ အိုလီဗာနှင့် ဟစ်တို့မှာ သစ်တုံးများကဲ့သို့ အိပ်လျက်ပင်ရှိနေကြသေး၏။ ကျွန်ုပ်၏သား ရှော့ဒရစ်မှာမူ ကျွန်ုပ်၏အနီးတွင်ရှိနေသည်ဖြစ်၍ သားအဖနှစ်ယောက်တို့မှာ ကွဲကွာသည့်အချိန်မှစ၍ ယခုပြန်တွေ့ရသောအချိန်အထိ ရှေးဟောင်းနှောင်းဖြစ်များကို စမြုံ့ပြန်လျက်ရှိကြလေ၏။ ရှော့ဒရစ်

မှာ လည်ပင်းတွင် မြှားပွတ်၍မှန်သွားသော ဒဏ်ရာရသဖြင့် ကျွန်ုပ်က ဆေးထည့်ပေးရ၏။ သို့ရှိစဉ် ဂျေဖက်သည် အရေးတကြီးရောက်လာ၍ ဘုရင်မထံသွားရောက်ကြလေ၏။ ဘုရင်မမှာ နန်းတော်အဝင်ဝ မျှော်စင်ဆောင်တွင်ရှိနေ၍ ကျွန်ုပ်တို့ကိုမြင်သောအခါ မျက်နှာပင်မကောင်းသော်လည်း တတ်နိုင်သမျှ ပြုံးယောင်ပြုကာ . . . ကျွန်ုပ်တို့အား နှုတ်ခွန်းဆက်ပြီးနောက် ရှော့ဒရစ်အား အလွန်ကံကောင်း၍သာ သားအဖ ၂ ယောက်ပြန်၍တွေ့ရသည့်အကြောင်းများကို လောကွတ်စကားပြောကြားရှာသေး၏။ ထို့နောက် ဘုရင်မ၏ အထိန်းတော်များသည် အစားအသောက်များ ယူလာသဖြင့် ကျွန်ုပ်တို့လည်း မြိန်ရှက်စွာ စားသောက်ကြလေ၏။ ထို့နောက် ဘုရင်မက ပြုံးလျက် . . .

“သိပ်တော့ အဝမစားကြနဲ့ဦး . . . ကျွန်ုပ်တို့မှာရှိနေတဲ့ ဘားရေရိက္ခာက ဘယ်လောက်ခံဦးမယ်မသိဘူး၊ ဩော် . . . ဒါထက် သတင်းဆန်းတစ်ခု သင်တို့ကိုပြောရဦးမယ်၊ ဟောဒီ “ပေရွက်” ကလေးက ဦးရီးတော်က ပို့လိုက်တဲ့ လက်ဆောင်ပဲ လူလာပြီးပို့တာတော့ မဟုတ်ဘူး၊ မြှားတစ်စင်းက ယူလာတယ် ကျွန်ုပ်ဖတ်ပြမယ်”

ဘုရင်မသည် ပေရွက်ပေါ်၌ပါသော သဝဏ်လွှာကို အောက်ပါအတိုင်း ဖတ်ကြားလေ၏။

ဝါလဒါနာဂါစတာဘွဲ့ခံ ဘုရင်မ . . .

> ကျွန်ုပ်တို့ သွေးချင်းသားချင်းဖြစ်ကြသော အက်ဗတီလူမျိုးများ၏သွေးကို မြေသို့ကျစေသော တောင်ပေါ်သား စစ်ဗိုလ်အရာရှိများနှင့်တကွ . . . သင့်အား ဤသို့ ပြုလုပ်ရန် သွေးဆောင်သော တစ်ပြည်သားလူဖြူတို့အား သေဒဏ်အပြစ်ပေးရန် ပေးအပ်က ကျန်လူများကို ချမ်း

သာပေးအံ့ . . . သင့်အားလည်း အသဏ်ချမ်းသာပေး၍ ကျွန်ုပ်၏ချစ်ဇနီးအဖြစ်သို့ ရောက်စေအံ့၊ ဤအမိန့်ကို ငြင်းဆန်ခဲ့သော် . . . သင့်အား မီနီအားထားနေသူ မှန်သမျှကို ကျွန်ုပ်သုတ်သင်ရလိမ့်မည်”

အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့အမိန့်အရ
ဂျိုရှုအာမင်းသားကြီး

ဘုရင်မသည် ကျွန်ုပ်တို့အားကြည့်လျက် . . .

“ကျွန်ုပ် ဘယ်လိုစကားပြန်ရမှာလဲ . . . ပြောပါဦး”

အိုလီဗာသည် မိမိ၏ပခုံးနှစ်ဘက်ကို ဆတ်ကနဲတွန့်လိုက်ပြီးနောက် . . .

“သင့်အား သစ္စာရှိသော စစ်ဘက်ဆိုင်ရာအရာရှိများ၏ မျက်နှာကို မထောက်ထားခဲ့သော် . . . သူ၏ရည်ညွှန်းချက်များကို လက်ခံသင့်ပါသည်။ အကယ်၍ သူတို့သည် စတင်တိုက်ခိုက်ရန် မဝံ့စေကာမူ . . . အနည်းနှင့်အများ ဖြစ်သဖြင့် ကျွန်ုပ်တို့အား နှစ်ရှည်လများ ဝိုင်းရံထားနိုင်ပါသည်၊ ကျွန်ုပ်တို့မှာ စားရေရိက္ခာလည်း လုံလောက်မှုမရှိပါ . . . ဘုရင်မ . . .”

“နောက်ဆုံးစာပိုဒ်များ သေသေချာချာဖတ်ပါဦး အိုလီဗာရဲ့ . . . ကျွန်ုပ်ကို သူ့ချစ်ဇနီးလုပ်မလို့ဆိုပါကလား . . .”

(မျက်နှာတွင် သွေးရောင်များလျှမ်းလျက်) “ကျွန်ုပ်ဘယ်နည်းနဲ့ ခံရမှာလဲ . . . ဘုရင်မ”

“အို . . . သင်တို့အကြံပေးသည်ဖြစ်စေ . . . မပေးသည်ဖြစ်စေ မထူးပါဘူး၊ ဟောဒီမှာ ကျွန်ုပ်ဒီအတိုင်း သဝဏ်လွှာကို မြှားနဲ့ပို့လိုက်ပြီ . . . ကြည့်ပေတော့”

ဘုရင်မ၏ သဝဏ်လွှာကား . . . အောက်ပါအတိုင်းဖြစ်၏။

“ကျွန်ုပ်အား ပုန်ကန်သောင်းကျန်းသော အက်ဗတီ လူမျိုးများ . . .

“ကျွန်ုပ်၏ ဦးရီးတော် ဂျိုရှုအာနှင့် အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့တွင်ပါဝင်သော မှူးမတ်အားလုံးအား ရှေးအက်ဗတီတို့ ထုံးတမ်းဥပဒေအရ စီရင်ရန် ကျွန်ုပ်အား ပေးအပ်လော့၊ ထိုအခါ ကျန်လူများ၏အသက်ကို ချမ်းသာခွင့်ပေးမည် . . . အကယ်၍ ငြင်းဆန်ခဲ့သော် . . . ဒေဗစ်မြို့တော် မြို့ရိုးများပေါ်သို့ လူရိုင်းများအလုံးလှုံ့ တက်စဉ်က တွေ့ကြုံရသည့်အတိုင်း ဤမားမြို့တွင် တွေ့ကြုံရအံ့ . . .။ ဤသည်ကား ညအချိန်စောင့်သော သူများက လာရောက်ပေးသော အကြံဉာဏ်ဖြစ်၏။ ထိုအကြောင်းမှန်ကန်သည်ကို စောလမုန်၏ သမီးတော် ကျွန်ုပ် ကျိန်ဆို၏။ သင်တို့သဘောအတိုင်းသာ ပြုလုပ်လေလော့ . . .”

ဝါလဒါနာဂါစတာ

ထိုအခါ ကျွန်ုပ်က

“ညဉ့်အချိန်စောင့်သောသူများက လာရောက်ပေးသော အကြံဉာဏ်ဆိုတာက ဘာကိုဆိုလိုတာလဲ . . . ဘုရင်မ”

ဟု မေးလိုက်၏။ ထိုအခါ ဘုရင်မက . . .

“ဒီလို ဆေးဆရာကြီးအဒမ်ရဲ့ . . . ဒီကနေ့ နံနက်ခင်း သင်တို့နဲ့ ခွဲခွာသွားပြီးတဲ့နောက် ကျွန်ုပ်ဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ ဒီအခါမှာ အသားညိုပြီး အင်မတန်မဟာဆန်တဲ့ မိဖုရားအသွင်ရှိတဲ့ မိန်းမတစ်ယောက် ပြုံးကာနဲ့ပေါ်ထွက်လာတယ်။ သူဟာ ကျွန်ုပ်တို့ရဲ့ အဆက်အနွယ်စောလမုန်ဘုရင်ရဲ့ မိဖုရားတစ်ဦးပဲ၊ သူက ကျွန်ုပ်ရဲ့မျက်နှာကို စိတ်မချမ်းသာဘဲ

အမှုအရာနဲ့ ကြည့်ပေမယ့် ကျွန်ုပ်ကိုချစ်ခင်နှစ်သက်ပုံပေါ်နေတယ်၊ နောက်သူက နောင်အနာဂတ်နဲ့တူတဲ့ တိမ်သား တိမ်လွှာတွေကို လှစ်ပြလိုက်တော့ . . . လား , . . . လား . . . ဘာမြင်ရသလဲသိလား . . . လတစ်ခြမ်းပုံရဲ့အရောင်အောက်မှာ “မား”မြို့ကြီး တစ်မြို့လုံးဟာ ခြောက်သွေ့ပြီး မီးတွေလောင်ထားတဲ့ အပျက်အစီးတွေ လူသေအလောင်းတွေ ထပ်နေတဲ့ လမ်းကိုမြင်ရတယ်၊ တခြားပြတာတွေကိုတော့ သင်တို့ကို မပြောအပ်ပေဘူး၊ ဒီနောက် . . . ကျွန်ုပ်ကိုဆုမွန်တောင်းပြီး ဒီမိန်းမဟာ တစ်ခါတည်း ကွယ်သွားတယ်”

ထိုအခါ ဟာစ်က . . .

“ဒါဟာ ဟီဗရူးအယူဝါဒနဲ့တော့ နိမိတ်ပြတာတစ်ခုပဲ”

ဟုပြောလိုက်ရာ ကျွန်ုပ်ကမူ ဆေးဆရာဝန်တစ်ယောက်ဖြစ်သည့်အတိုင်း အစာအိမ်ထဲတွင် အစာမရှိ၍ ဂယောင်ချောက်ချားမြင်မက်သော အိပ်မက်ဖြစ်ကြောင်း ယူဆ၏။ ကျွန်ုပ်၏သားမှာမူ နိမိတ်ပြခြင်း အိပ်မက်မက်ခြင်းများကို ယုံကြည်သူတစ်ယောက်ဖြစ်သည့်အတိုင်း . . .

“ဒါဟာ အတိတ်နမိတ်ပြတာပဲ ဘုရင်မ၊ အက်ဗတီလူမျိုးများ ကွယ်ပျောက်ဖို့ အချိန်ရောက်လာပြီထင်ပါတယ်”

ဟု ပြောလေသည်။

ကျွန်ုပ်က . . .

“အဘယ်ကြောင့် ဤသို့ပြောနိုင်သနည်း”

ဟု မေးမြန်းသည်တွင် ရှောဒရစ်က ဗာရန်လည်းမကြာမီက အိပ်မက်တစ်ခုမြင်မက်ရာ အိပ်မက်ထဲတွင် ဟာမာ့(ခ်)ရုပ်တုကြီး၏ ဦးခေါင်းသည် လေထဲတွင်လွင့်စင်သွားပြီးနောက် မားမြို့ချောက်ကမ္ဘားအဝရှိ တောင်ထိပ်ပေါ်သို့ သွား၍ကျသည်ဟု မြင်မက်ဖူးကြောင်းနှင့် ပြောပြ၏။

အိုလီဗာကမူ အတန်ကြာ စဉ်းစားနေပြီးနောက် . . .

“သင်တို့ အရှေ့တိုင်းပြည်ကတော့ အင်မတန်ထူးဆန်းတာပဲ၊ ယုံမယ်ဆိုရင်တော့ . . . အခုအိပ်မက်မှာ တစ်ခုခုအဓိပ္ပါယ်ရှိတာပေါ့ . . . ဒါထက် အခုသင်ပြန်ကြားလိုက်တဲ့ သဝဏ်လွှာအရဆိုရင်တော့ . . . အနေးနဲ့အမြန် စစ်ဖြစ်ကြဖို့ပဲ ရှိတော့တယ် ပြီးတော့ ဖြစ်ရမယ့်စစ်ကလည်း တစ်ဘက်နဲ့တစ်ဘက် အင်မတန်မညီမျှတဲ့စစ်ပဲ”

“မှန်တယ် အိုလီဗာ ဒီဟာကို ကျွန်ုပ်နားလည်ပါတယ် နို့ပေမယ့် အင်မတန်ထူးထူးဆန်းဆန်း ဖြစ်ပျက်လာတာတွေ ထောက်တော့ စစ်ပွဲ ဘယ်လိုအပြီးသတ်မယ်ဆိုတာ တွေးပြီး ကြောက်နေဖို့မရှိပါဘူး’

* * * * *

ဘုရင်မ၏နန်းတော်

ကပ္ပတိန်အိုလီဗာ၏စကားကား မှန်ပေ၏။ မာကွီဒါ၏ အပြန်သဝဏ်လွှာကား . . . စစ်ပြိုင်ခြင်းသာလျှင်ဖြစ်တော့၏။ ကျွန်ုပ်တို့နေရသောနေရာမှာ အခန်းခန်း အဆောင်ဆောင်တို့ဖြင့် စီတန်းလျက်ရှိသော နန်းတော်အဆောက်အဦ၏ အစွန်ဖြစ်၍ အခြားတစ်ဘက်၌ကား မီးလောင်ကျွမ်း၍သွားခဲ့လေပြီ၊ ကျုံးမြောင်းနှင့် အုတ်တံတိုင်းနှစ်ထပ်ကာရံလျက်ရှိသောကြောင့် ရန်သူတို့လာရောက်တိုက်ခိုက်မည်ဆိုက အမြောက်အမြား အကျဆုံးခံ၍ ဖွဲနဘဲနှင့်တိုက်ခိုက်မှသာလျှင် အောင်မြင်နိုင်ပေမည်၊ သို့သော် အက်ဗတီလူမျိုးတို့ကား ဤမျှလောက် ဖွဲလည်းမရှိ သတ္တိလည်း ကောင်းသူများမဟုတ်ကြချေ။

ကျွန်ုပ်တို့ဘက်မှကြည့်ပြန်သော် ကျွန်ုပ်တို့အင်အားမှာ ယမန်ညက ကျဆုံးသူများကို နုတ်လိုက်က လူ ၄၀၀ ကျော်ကျော်မျှသာရှိရာ ထိုအထဲတွင် ဒဏ်ရာရသူ ၅၀ ခန့်ရှိသေး၏။ အချို့ဒဏ်ရာများကား သေလောက်သော ဒဏ်ရာများဖြစ်၏။ ထို့ပြင် လက်နက်အင်အားမှာလည်း နည်းပါးလှ၏။ တောင်ပေါ်သားများမှာ မြားကိုပင်အားထားရလျက် မြားတံများမှာလည်း မိုးလင်းအားကြီးတိုက်ပွဲတွင် အတော်အမြောက်အမြားကုန်ခဲ့၍ နောက်ထပ်

လည်း မရနိုင်ချေ။ သို့သော် အဆိုးဆုံးမှာ ရိက္ခာနည်းပါးခြင်းဖြစ်၏။ တောင်ပေါ်သားများမှာ နွားသား သို့မဟုတ် ဆိတ်သားခြောက်နှင့် ဂျုံကိုဖုတ်ကင်ပြုလုပ်ထားသည့် မုန့်ခြောက်များ သုံးရက်စာမျှသာရှိ၏။ သို့နှင့် စားရေရိက္ခာ နောက်ထပ်မဖြည့်တင်းနိုင်ပါက ကျွန်ုပ်တို့အခြေအနေမှာ များစွာဆိုးရွားလှပေတော့မည်၊ အခြားဘေးအန္တရာယ်တစ်ခုလည်း ရှိသေး၏။ နန်းတော်မှာ ကျောက်ဖြင့် ဆောက်လုပ်ထားသည်မှန်သော်လည်း ထုတ်ချောက် ဒိုင်း မြှား ပစ္စင်ရင်တားနှင့် ပြသာဒ်ဆောင်တို့မှာ သစ်သားများဖြစ်၍ မီးလောင်ကျွမ်းနိုင်၏။ ယခင်ကလည်း တစ်ဘက်အစွန်းကို လောင်ကျွမ်းခဲ့လေပြီ၊ အက်ဗတီတို့ဘက်ကမူ စားရေရိက္ခာနှင့်လက်နက်များ လုံလောက်စွာရှိ၏၊ သတ္တိပင် ရှက်ရွှတ်ချွံချွံ မကောင်းသော်လည်း လူအင်အားများပြားလှ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် တတ်နိုင်သမျှ ပြင်ဆင်လျက်ရှိကြရာ ကျွန်ုပ်မှာမူ ကျွန်ုပ်၏သား ရှော့ဒရစ်နှင့် လုပ်ဖူးကိုင်ဖူးသူ အနည်းငယ်တို့၏အကူအညီဖြင့် ဒဏ်ရာရသူများအား ဆေးဝါးထည့်ပေးခြင်းဖြင့် အချိန်ကုန်၏။ ထိုအလုပ်ကား ဆေးဝါးမလုံမလောက် ကိရိယာတန်ဆာပလာ မလုံမလောက် စည်းနှောင်ရန်အဝတ်ပတ်တီးများပင် မလုံမလောက်ရှိနေသဖြင့် အလွန်စိတ်ပျက်ဖွယ်ကောင်းလှတော့၏။ ကျွန်ုပ်၏ဆေးသေတ္တာမှာ ဆေးအတော်အမြောက်အမြားပါသော်လည်း ယခုကုစားရသော ဒဏ်ရာရသူများအရေအတွက်နှင့် နှိုင်းစာသော် ကလေးကစားသလောက်ပင် ရှိတော့၏။ သို့နှင့်ပင် ကျွန်ုပ်သည် အသက်ပေါင်းများစွာတို့ကို တတ်နိုင်သမျှ ကယ်ဆယ်ရသေး၏။ ကံဆိုးသူအချို့လောက်သာ သေကြေပျက်စီးရရှာ၏။

ဟာစ် အိုလီဗာနှင့်တကွ "ဂျေဖက်" နှင့်စစ်ဗိုလ်အချို့ပါ

ကျွန်ုပ်အား များစွာအကူအညီပေးရာ၏။ နန်းတော်ရှိ မခိုင်လုံသောနေရာမှန်သမျှကို ပြင်ဆင်ပြီးလျှင် တတ်နိုင်သမျှ ကြံ့ခိုင်တောင့်တင်းအောင် ပြုလုပ်ကြရ၏။ ကျွန်ုပ်တို့၌ရှိသမျှ လူအင်အားကို ကောင်းစွာခုခံနိုင်လောက်သည့်နေရာတွင် တပ်စိတ်များ အသီးသီးခွဲကာ ဆိုင်ရာစစ်ဗိုလ်များ အုပ်ချုပ်စေလျက် နေရာချထားရ၏။ နန်းတော်နောက်ရှိ မြင်းဇောင်းများမှ ထုတ်လျောက်ဒိုင်းမြှားများမှ “စီဒါ”ခေါ် မာကျောသော ထင်းရှူးသားမျိုးဖြင့် ပြုလုပ်ထားသဖြင့် ၎င်းမှအချို့စစ်သားများကို မြှားတံများပြုလုပ်စေ၏။ အဖျားတွင်ချွန်၍ သံများတပ်ခြင်း အထစ်များပြုလုပ်ခြင်း အရင်းတွင် ငှက်တောင်များတပ်ခြင်းများကို ပြုလုပ်ကြရ၏။ အနည်းငယ်မျှကျန်ရှိသော မြင်းများကို သတ်ပြီးနောက် အသားများကို ဆားနယ်၍ အခြောက်လှမ်းကြရ၏။

အကယ်၍ အတင်းဝင်ရောက်တိုက်ခိုက်ပါက တိုက်ခိုက်သူတို့အပေါ်မှ လှိမ့်ချရန်ကျောက်တုံးများကို ဆင့်၍တင်ရခြင်း ရန်သူများအပေါ်သို့ လောင်းချရန် ပွက်ညက်များ ဆီများကို မီးဖိုများဖြင့် ကျိုရခြင်း အစရှိသည့်အစီအစဉ်များကိုလည်း ပြုလုပ်ကြရ၏။ သို့သော် အက်ဗတီတို့ကား ထိုအချိန်အထိ စတင်တိုက်ခိုက်ခြင်း မရှိကြသေးချေ။ သူတို့၏အစီအစဉ်မှာ မြို့ရိုးအပြင်ရှိ သစ်ပင်များ ခြုံပုတ်များအကွယ်မှ စောင့်ဆိုင်းကာ အုတ်တံတိုင်းပေါ်မှ တက်လာသမျှ ကျွန်ုပ်တို့လူများကို မြှားများဖြင့် ပစ်ခတ်ကြ၏။ တစ်ခါတစ်ရံလည်း မြှားများကို ကျွန်ုပ်တို့အပေါ်သို့ကျစေရန် ကောင်းကင်သို့ချိန်၍လွှတ်၏။ သို့သော် ကျွန်ုပ်တို့မှာ အရိပ်အာဝါသအောက်၌ ရှိကြသဖြင့် သူတို့ထံမှ ကျလာသော မြှားများကို စုဆောင်းကာ သူတို့အားပြန်၍ပစ်ရန် အသုံးပြုနိုင်ကြ၏။

ဤသို့သောနည်းဖြင့် ၃ ရက်ကြာမျှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အချိန်များကို ကုန်လွန်စေရ၏။ ဒုတိယနေ့ည၌မူ လေမိုးသည်းထန်စွာကျလာသဖြင့် အက်ဗတီတို့သည် ၎င်းကို အခွင့်ကောင်းယူကာ နန်းတော်အုတ်တံတိုင်းများကို ထိုးဖောက်ဝင်ရောက်ရန် ကြံစည်ကြသေး၏။ သို့သော် ကျွန်ုပ်တို့ထံမှ ရိုင်ဖယ်ကျည်ဆံအနည်းငယ်နှင့် မြှားတစ်အုပ်နှစ်အုပ် လွှတ်ခြင်းဖြင့် လန့်၍သွားကြ၏။ ထိုအချိန်၌ ကျွန်ုပ်တို့လက်တွင် ရိုင်ဖယ် ၁၂ လက်ခန့်ရှိသေး၍ အက်ဗတီတို့သည် သေနတ်ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြကုန်၏။ သေနတ်အပိုများကို သင့်လျော်မည့် စစ်ဗိုလ်အချို့အား အပစ်လေ့ကျင့်သင်ကြားရန် ပေးထားရ၏။ သို့ဖြစ်ရကား အက်ဗတီတို့မှာ ညဉ့်အချိန်သို့ မရောက်မချင်း ကျွန်ုပ်တို့ရှိသော်နေရာမှ ကိုက် ၅၀၀ အတွင်း တစ်ယောက်တစ်လေမျှ ထွက်ပြူ၍မလာရဲချေ။

သို့နှင့် တတိယနေ့ ညနေစောင်းတွင် ကျွန်ုပ်တို့လည်း မည်သို့မည်ပုံ ပြုလုပ်ရမည်ကို စည်းဝေးတိုင်ပင်ကြ၏။ ပထမအချက်မှာ . . . စားရေရိက္ခာပင်ဖြစ်၍ ကျွန်ုပ်တို့လက်တွင် နောက်ထပ် ၂ ရက်စာမျှ အစားအစာ အနိုင်နိုင်ကျန်ရှိတော့၏။ ကျွန်ုပ်တို့လူများမှာ တိုက်ခိုက်ရန် ရဲရင့်ကြသူများဖြစ်သော်လည်း ဤကဲ့သို့ တအုံ့နွေးနွေး စောင့်ဆိုင်းနေရခြင်းကို ငြီးငွေ့ကြကုန်၏။ ထို့ပြင် မိမိတို့သားမယားများနှင့် အိုးအိမ် လယ်ယာများ ကျွဲနွားများကို ပစ်၍ထားခဲ့ရသဖြင့် ဂျူရှုအာလက်အောက်တွင် မည်သို့မည်ပုံဖြစ်မည့်အရေးကိုတွေး၍ ကြောက်ရွံ့စိုးရိမ်ကာ . . . ဘုရင်မအား ပူဆာလျက်ရှိကြကုန်၏။

ဤအစည်းအဝေးတွင် ကျွန်ုပ်တို့လည်း နည်းလမ်းအမျိုးမျိုးကိုစဉ်းစားရာ . . . နောက်ဆုံး နည်းလမ်း ၂ ခုသာ ထွက်လာ

၍ ၎င်းအနက် တစ်ခုခုကိုရွေးချယ်ရန် ဆုံးဖြတ်လိုက်ကြ၏။ ပထမနည်းမှာ လက်နက်ချရန်ဖြစ်၍ ဒုတိယနည်းမှာ ညဥ့်အချိန်မဲ့၌ နန်းတော်မှထွက်ပြီးလျှင် ဂျူးရှူးအာ၏စစ်တပ်ကို ဒလကြမ်းဝင်ရောက်တိုက်ခိုက်ရန်ဖြစ်လေသည်။ ဒုတိယနည်းလမ်းမှာ မိမိတို့အသက်သေရန် နီးကပ်သော်လည်း အက်ဗာတီတို့မှာ သူရဲဘောကြောင်၍ စစ်စစ်ထိ မခံတတ်သောသူများဖြစ်သည့်အတိုင်း စိတ်ထင်သလောက် အခြေအနေမဆိုးရွားလှချေ။ ကျွန်ုပ်တို့ဘက်မှ အသက်ကိုအသေခံ၍ ရွတ်ရွတ်ချွံချွံတိုက်မည့်သူ သုံးလေးရာကို သူတို့မှာ လူပင်များသော်လည်း မခံနိုင်ဘဲ ကစင့်ကရဲ ပြေးကောင်းပြေးပေမည်၊ ကျွန်ုပ်တို့တစ်ချက်အရေးသာက ဘုရင်မအလံတော်အောက်သို့ အများအပြားဝင်ရောက်ခိုလှုံကြပေလိမ့်မည်။ လက်နက်ချခြင်းမှာ မာကွီဒါအတွက် မချစ်သော သူနှင့်ပေါင်းသင်းရခြင်းကြမ္မာဆိုးကို ခံစားရမည့်ပြင် ကျွန်ုပ်တို့အတွက်လည်း သေမင်းလက်ထဲသို့ အရှင်လတ်လတ် ပေးခြင်းပင်ဖြစ်တော့၏။

သို့သော် . . . ထိုအကြောင်းကို စစ်သားအားလုံးနားလည်ရန်လိုအပ်၏။ သို့နှင့် ဂျေဖက်သည် အစောင့်ဝတ္တရားကျနေသူများမှတစ်ပါး၊ စစ်သားအားလုံးကို နန်းတော်ရင်ပြင်၌ စုရုံးစေပြီးသော် . . . ဘုရင်မလည်း မိန့်ခွန်းစကား မြွက်ကြားလေရာ . . . ၎င်း၏စကားများကို အသေအချာမမှတ်မိသော်လည်း အောက်ပါအတိုင်း အဓိပ္ပါယ်ရရှိ၏။ ဘုရင်မက ကျွန်ုပ်တို့ထွက်ပြေးရပုံကိုလည်းကောင်း ဂျူးရှူးအာ၏ ယုတ်မာညစ်ညမ်းသော အကြံအစည်များကိုလည်းကောင်း စုံလင်စွာပြောပြပြီးနောက် ဤလမ်းနှစ်ခုကို အထူးရွေးချယ်နေရန် မလိုကြောင်း၊ မိမိအတွက်မှာမူ တစ်စုံတစ်ရာ မထူးတော့ဘဲ မိမိ၏ပျိုမြစ်နုနယ်သောကိုယ်ကို သူယုတ်

မာလက်သို့ ပေးအပ်မည့်အစား အသက်ကိုပင် အသေခံတော့မည့်အကြောင်း၊ လူဖြူများမှာမူ မိမိဖိတ်မန္တကပြု၍ စွန့်စားလာရောက်ခြင်းဖြစ်ရာ . . . အမှုတော်လည်း စွန့်စွန့်စားစား ထမ်းရွက်ခဲ့ကြပြီဖြစ်ကြောင်း၊ ၎င်းတို့၏အသက်ကို ဂျူးရှူးအာက တောင်းဆိုခြင်းမှာ အက်ဗတီတို့၏ လောကဝတ်ကျေပွန်မှုနှင့် ဖီလာဖြစ်ကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ပြောလေ၏။ ထိုအခါ အများအားဖြင့် ဘုရင်မ၏ သဘောတူညီကြသော်လည်း အရွယ်အတော်ကြီးသော စစ်ဗိုလ်တစ်ယောက်သည် လူအုပ်ထဲမှ ရှေ့သို့ထွက်လာပြီးလျှင် . . . ဘုရင်မအား ဦးညွှတ်အရိုအသေပြုလိုက်ပြီးနောက်–

“နှင်းဆီမယ်ဘွဲ့ခံ သခင်မ ဤကိစ္စ၌ ကျွန်ုပ်တို့သည် အမှန်ကိုရှာဖွေရပါမည်။ ယခု ဒုက္ခအားလုံးသည် တစ်ပြည်သားလူဖြူကပ္ပတိန်အပေါ်တွင် သခင်မကိုယ်တိုင် မေတ္တာထား၍သာ ဖြစ်ရခြင်းမဟုတ်ပါလော . . . ဂျူးရှူးအာမင်းသားကြီးနှင့် စေ့စပ်ပြီးဖြစ်ပါလျက် . . . အခြားသူတစ်ယောက်အပေါ်တွင် သခင်မ မေတ္တာထားရှိခြင်းသည် ကျွန်ုပ်တို့ထုံးစံအရ တရားနည်းလမ်းကျပါသလော . . .”

ဘုရင်မသည် တခဏမျှစဉ်းစားပြီးနောက် လေးနက်သောလေသံဖြင့် . . .

“အဆွေတော်ဪ . . . ကျွန်ုပ်၏စိတ်ကို ကျွန်ုပ်သာပိုင်၏။ သို့ဖြစ်၍ သင်၏အမေးကို သင်သာဖြေလော့ . . . ဂျူးရှူးအာနှင့် စေ့စပ်ထားသည်ဆိုခြင်းမှာ အကယ်၍ မှန်သည်ပင်ဆိုစေကာမူ ထိုညဥ့်က ကျွန်ုပ်အားလက်နက်ကိုင်စစ်သားများနှင့် အလိုမတူဘဲ အတင်းအဓမ္မခေါ်ဆောင်ရန် သူကြံစည်စဉ်အခါကပင် ထိုနှောင်ကြိုးမှာ ပျက်ပြယ်ခဲ့လေပြီ . . . သို့ဖြစ်၍ သင်တို့၏သခင်မအား ရက်စက်ကြမ်းကြုတ်သော သစ္စာဖောက်တို့လက်သို့ အရှင်လတ်

လတ် အပ်ကြမည်လော . . .”

“မအပ်ပါ . . . မအပ်ပါ”

ဟု စစ်သားများစွာတို့က ဟစ်အော်ကြလေ။

“အို . . . သခင်မ သင်ကား မိန်းမတစ်ယောက်မျှသာဖြစ်ပါ၍ ယခုအတိုင်း သင်၏အလိုအတိုင်းလိုက်နိုင်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ဂျိုရှူအာနှင့် ရှင်းလင်းရန်ရှိပါသည် မထူးတော့ပါ။ ကျွန်ုပ်အတွက်မှာမူ ကြိုးပေးခံရခြင်းထက် စစ်ပွဲတွင်သေရခြင်းက ပို၍မြတ်သဖြင့် ယခုည ထွက်၍ တိုက်ရန်အသင့်ရှိနေပါပြီ . . .”

ကပ္ပတိန်အိုကြီး၏စကားသည် စိတ်ပျက်နေသူအချို့ကိုပင် အားတက်၍သွားစေ၏။ သို့နှင့်အများသဘောအတိုင်း ကျွန်ုပ်တို့သည် နံနက်နေအရုဏ်မတက်မီ တစ်ချိန်၌ ဂျိုရှူအာ၏စစ်တပ်ကို အတင်းဖောက်ထွက်ရန် သဘောတူညီကြလေ၏။ သို့သော် ကျွန်ုပ်တို့၏ကံကြမ္မာကား . . . မည်ကဲ့သို့ဖန်လာသည်မသိ အခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားလေ၏။

* * *

ဂျိုရှူအာ၏အကြံ

စစ်မတိုက်မီ ကောင်းစွာနားနေရန် လိုအပ်သည့်အတိုင်း ကျွန်ုပ်တို့သည် အရေးကြီးသောနေရာများတွင် အစောင့်များချထားသည်မှတစ်ပါး အားလုံးစစ်သားများကို အိပ်စေ၏။ အပြင်မှ စတင်တိုက်ခိုက်မည်ကိုလည်း တစ်စုံတစ်ရာ ကြောက်ရွံ့စိုးရိမ်ရန် မရှိသဖြင့် အေးအေးဆေးဆေးပင် ရှိကြ၏။ သို့နှင့် ကျွန်ုပ်တို့လည်း လထွက်ကို စောင့်ဆိုင်းလျက်ရှိရာ ထိုညမှာ အထူးသဖြင့် မှောင်မိုက်သောညဖြစ်သဖြင့် ကျွန်ုပ်တို့ရှေ့လက်တစ်ကမ်းကိုမျှ ကောင်းစွာမမြင်ရချေ။ ည၌ ၈ နာရီထိုးပြီးလတ်သော် နန်းတော်မြို့ရိုးထိပ်ရှိ မျှော်စင်တစ်ခု၌ အစောင့်ကျနေသော ကျွန်ုပ်၏သားရော့ဒရစ်သည် ကျုံး၏အခြားဘက်မှ လူအမြောက်အမြားသွားသောခြေသံမျိုးကဲ့သို့ အသံများကို ကြားရကြောင်းနှင့် သတင်းပို့လာရာ ကျွန်ုပ်တို့မှာ အထူးအံ့သြလျက်ရှိကြ၏။

လမင်းသည် ထွက်ပြူ၍မလာဘဲ မိုးသားများသာ တက်လာပြီးလျှင် . . . ကောင်းကင်ပြင်တစ်ခုလုံး မည်းမှောင်လျက်ရှိနေရာ လေသည်လည်း အထူးငြိမ်သက်လျက်ရှိလေ၏။ ဤသို့ တစ်နာရီခန့်ကြာပြီးနောက် ကျွန်ုပ်မှာ အိပ်၍မပျော်နိုင်သဖြင့် နန်းတော်၏နောက်ဘက်သို့ကြည့်လိုက်မိရာ ကောင်းကင်တိမ်တိုက်

များကြားမှ နန်းတော်ဆီသို့ ဥက္ကာပျံသကဲ့သို့ ဝင်းကနဲကျလာသော အလင်းရောင်တစ်ခုကို မြင်လိုက်ရသည်နှင့် အိုလီဗာအား–

"ကြည့်လိုက်စမ်း အိုလီဗာ . . . ကြယ်ကြွေတာထင်တယ်"

"ဘယ်က ဟုတ်ရမှာလဲဗျာ . . . မီးဗျို့ . . . မီး"

ထိုအချိန်၌ နန်းတော်နောက်ရှိ တောင်ထိပ်ပေါ်မှ ကျွန်ုပ်တို့ရှိရာသို့ ဝင်းကနဲကျလာသော မီးများကို ထူးဆန်းစွာတွေ့မြင်ရတော့၏။

"ခင်ဗျားသိပြီလား . . . ဒီအကောင်တွေ တောင်ထိပ်တက်ပြီး မြှားတံကို မီးထုတ်တပ်ပစ်နေကြပြီဗျာ၊ ခရာမှုတ်စမ်းဗျို့ ဒေါက်တာ . . . မြန်မြန် . . . မြန်မြန် . . ."

ကျွန်ုပ်လည်း ခရာကိုမှုတ်လေရာ . . . အခန်းဆောင်အသီးသီးမှ စစ်သားများသည် ပျားအုံမှ ပျားများထွက်လာဘိသကဲ့သို့ အိပ်မှုန်စုံမွှားဖြင့် အလန့်တကြားဟစ်အော်ကာ ထွက်ကြသဖြင့် ကျွန်ုပ်တို့မှာ အတော်ပင် အုပ်ထိန်း၍ယူကြရ၏။ ထိုအချိန်၌ကား . . . နန်းတော်ဆောင် သုံးလေးခုကိုပင် မီးများစတင်လောင်စပြုနေလေပြီ၊ ကျုံးအတွင်း၌ ရေလုံလောက်စွာရှိနေသည်ကား မှန်၏၊ သို့သော် . . . နန်းတော်တွင်သယ်ယူရန်အိုးများ ပုံးများ ခရားများ လုံလောက်စွာမရှိသည့်ပြင် တောင်ပေါ်သားများမှာလည်း မီးငြိမ်းသတ်သည့်အလုပ်ကို လက်တွေ့မကြုံဘူးသဖြင့် ကျွန်ုပ်တို့က အုပ်ချုပ်ကြီးကြပ်လျက် ရေများကိုတွေ့ရှိသမျှ အိုးခွက်များဖြင့်သယ်ယူကာ သွန်းလောင်းစေခြင်း တုတ်များဖြင့် ရိုက်နှက်ငြိမ်းသတ်စေခြင်း မီးမကူးသေးသောနေရာများမှ သစ်သားများကို ဆွဲချဖြုတ်ပစ်ခြင်းများကို တတ်နိုင်သမျှ ပြုလုပ်ကြရတော့၏။ မီးတုတ်တပ်သော မြှားများသာမက ဆီပူများပါသော အိုးများကိုလည်း မီးရှို့ကာ တောင်ပေါ်မှပစ်ချသဖြင့်

မီးများသည် မိုးသီးမိုးပေါက်များကဲ့သို့ ဒလဟောကျဆင်းလျက်ရှိလေရာ ကျွန်ုပ်တို့မှာ တတ်နိုင်သမျှ ငြိမ်းသတ်လျက်ရှိကြရကုန်၏။

နန်းတော်ခန်းမကြီး၏ အမိုးပေါ်၌ ကျွန်ုပ်တို့လူဖြူလေးယောက် ဂျေဖက်နှင့် စစ်သားအချို့ရှိနေလျက် မီးအများဆုံးနေရာများကို ငြိမ်းသတ်လျက်ရှိ၏။ ကျွန်ုပ်တို့အနီး၌ကား ဝတ်လုံနက်ကြီးကိုခြုံ၍ထားသော ဘုရင်မနှင့် သူ၏ကိုယ်ရံတော်မိန်းမများရှိ၏။ အနီးပတ်ဝန်းကျင်၌ မည်မျှလောက်မြှားတံများ ဒလဟောကျလျက်ရှိသော်လည်း ဘုရင်မသည် ဣန္ဒြေမပျက်ပင်ရှိနေရာ အပျိုတော်များမှာမူ ငိုယိုဟစ်အော်ကာ ရှိနေကြကုန်၏။ သို့ရှိစဉ် မီးတုတ်ချည်ထားသော မြှားတစ်စင်းသည် ဘုရင်မအနီးတွင် မီးများငြိမ်းသတ်နေသော စစ်သားတစ်ယောက်ကို ထိမှန်ပြီးလျှင် ၎င်း၏အဝတ်ကို စွဲလောင်လေ၏။ ကျွန်ုပ်တို့က ဝိုင်းဝန်းငြိမ်းသတ်သော်လည်းမရဘဲ၊ ဆီပူများပျံ့နှံ့ကာ တစ်ကိုယ်လုံးလောင်လေရာ စစ်သားသည် လက်နှစ်ဘက်ကိုမြှောက်ကာ သွေးရူးသွေးတန်းဖြင့် ခေါင်မိုးမှပေါ်မှ တစ်ခါတည်းခုန်ချလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က အိုလီဗာ၏အမိန့်ဖြင့် ဘုရင်မအားလုံခြုံသောနေရာတစ်ခုသို့ ခေါ်သွားမည်ပြုရာ ဘုရင်မသည်အနီးတွင်ကျလာသော မြှားတစ်စင်းကို ခြေဖြင့်ဖယ်ရှားလိုက်ပြီးနောက် . . .

"နေပါစေ အဒမ် . . . ကံစီမံတဲ့အတိုင်းဖြစ်ပါလိမ့်မယ်၊ ကျုပ်လူတွေဟာ မတိုက်ဝံ့ဘူးဘဲထားဦး စစ်အကြောင်းကိုတော့နားလည်သွားကြပြီ၊ ဒါပေမယ့် သူတို့ဒီလိုလုပ်တာ သိပ်ပြီးမိုက်ရိုင်းရက်စက်တာပဲ . . . ကြည့်စမ်း ကျုံးအပြင်ဘက်ကလူတွေ အော်နေတာကြားလား . . . မီးလောင်ပြီးအသေခံမလား . . . အပြင်ဘက်ထွက်လာပြီး လည်ပင်းအဖြတ်ခံကြမလားတဲ့ . . . ရိုင်းလိုက်လေ အဒမ်ရယ် . . ."

ထို့နောက် . . . ဘုရင်မသည် အပျိုတော်များအား အမိုးအောက်သို့ဆင်းစေ၍ မိမိနောက်မှပဲ လိုက်လာမည့်အကြောင်း ပြောကြားလေ၏။ ထိုအချိန်၌ အပြင်ကွက်လပ်မှ အက်ဗတီတို့သည် ဆူညံစွာဟစ်အော်နေကြသည်ကို ကြားရလေ၏။ ကျွန်ုပ်လည်း အိုလီဗာထံ သွားရောက်ပြောကြားမည်ပြုစဉ် ထိုထက်ဆိုးရွားသော ကံကြမ္မာတစ်ခုနှင့် ရင်ဆိုင်ရပြန်တော့၏။ မြင်းဇောင်းများအကြား၌ မြက်ခြောက်ပုံကြီးတစ်ခုရှိရာ . . . ၎င်းမှ ရှေးဦးစွာ မီးခိုးများ အူ၍လာပြီးနောက် တစ်ခါတည်းမီးတောက်၍လာပြီးလျှင် မီးတောက်များသည် လေးဘက်လေးတန်သို့ လျှောက်၍ လောင်လေ၏။ ထိုအခါ ကျွန်ုပ်တို့လူဖြူ ၄ ယောက် ဂျေဖက်နှင့် ဘုရင်မသာ အမိုးပေါ်၌ကျန်ရစ်ခဲ့တော့၍ နန်းတော်အတွင်း အပြင်မှ တောင်ပေါ်သားမှန်သမျှတို့သည် ကျုံးကိုဖြတ်ကျော်နိုင်သော ပေါင်းကူးတံတားကြီးရှိရာသို့ စုရုံးပြေးလွှားကြလေတော့၏။ ထို့နောက် ပေါင်းကူးကြီးချလိုက်သံ ကြားလိုက်ရပြီးလျှင် . . .

"ဘုရင်မ ကလွဲပြီး တွေ့သမျှ သတ်ကြ . . . ခုတ်ကြ . . . ထိုးကြ"

ဟူသည့် ကျယ်လောင်လှသော ဂျိုရှုအာ၏အသံကြီးကိုပင် ကြားရလေ၏။ ရန်သူများက မှောင်ထဲတွင် ကြိုးတန်းများ ချထားသဖြင့် ထွက်ပြေးသော တောင်ပေါ်သားများသည် ကြိုးများကို ခလုတ်တိုက်၍ လဲကျကြလေရာ . . . နောက်မှဖိ၍လာသောလူအုပ်ကနင်းသဖြင့် မထနိုင်ဘဲရှိစဉ် ဂျိုရှုအာ၏လူများက ထိုးခုတ် သတ်ဖြတ်ကြကုန်၏။ ဤကား . . . ကျွန်ုပ်တို့၏ နောက်ဆုံးအခြေအနေပင် ဖြစ်တော့၏။

ကျွန်ုပ်တို့သည် ကြက်သေ-သေကာ မည်သို့မျှ မတတ်နိုင်ဘဲ တခဏမျှ ငြိမ်သက်လျက်ရှိလေ၏။ သို့ရှိစဉ် အိုလီဗာ

သည် ဘုရင်မ၏လက်ကိုဆွဲယူလျက် . . .

"ကိုင်း . . . လာ . . . သွားကြမယ် . . ."

"ဘယ်ကိုသွားမှာလဲ . . . အိုလီဗာ၊ ဂျိုရှုအာကို အညံ့ခံမယ့်အတူတူ ကျွန်ုပ်တော့ မီးထဲမှာပဲ အသေခံမယ် . . ."

"မဟုတ်ပါဘူး . . . မာကွဲဒါ . . . ကျွန်ုပ်တို့ ကျောက်ဂူမြို့ကို သွားကြမယ်၊ ကျုပ်တို့သေနတ်လေးလက်နဲ့ လူတစ်ထောင်ကျော်ကို ခုခံနိုင်တဲ့နေရာတွေရှိတယ် . . ."

ဘုရင်မသည် ဦးခေါင်းကို ညင်သာစွာညိတ်လိုက်၏။

သို့နှင့် ကျွန်ုပ်တို့သည် နောက်ဘက်လသာဆောင်လှေကားမှ ဆင်းခဲ့ကြ၍ အခန်းထဲသို့ အမြန်ဝင်ရောက်ကာ ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းကလေးများကို တတ်နိုင်သမျှ သယ်ယူခဲ့ပြီးလျှင် . . . မီးအိမ်တစ်လုံးစီ ထွန်းညှိဆွဲကိုင်ကာ ဥမင်လိုဏ်ခေါင်းဝသို့သွားသော လမ်းတစ်လျှောက်သို့ ပြေးသွားခဲ့ကြ၏။ ကျွန်ုပ်ယူခဲ့သော ပစ္စည်းများထဲတွင် အဖိုးအတန်ဆုံးသော မှတ်တမ်းစာအုပ်ကလေးပါရှိရာ . . . ထို့ကြောင့်သာ ဤအတ္ထုပ္ပတ္တိကို ခရားစေ့တွင်းကျ ကျွန်ုပ်ရေးသားနိုင်ခြင်းဖြစ်လေသည်။ နောက်တစ်မိနစ်မျှအကြာတွင် ကျွန်ုပ်နောက်မှ အုတ်နံရံကြီးပြိုကျလေရာ . . . နောက်ကျနေ ကျွန်ုပ်၏သားမှာ . . . အသက်ဘေးမှ အနိုင်နိုင်လွတ်ခဲ့၏။

ထို့နောက် ကျွန်ုပ်တို့သည် . . . ကျောက်ဂူမြို့ကြီးအတွင်းသို့ လျှို့ဝှက်သောအပေါက်ငယ်မှဝင်ခဲ့ကြ၍ လူတစ်ယောက်ဝင်သာရုံမျှသာ ချန်ပြီးလျှင် အခြားနေရာများကို ကျောက်တုံးများဖြင့် ဆို့ပိတ်ကြ၏။ ထိုအချိန်အထိ နန်းတော်တွင်းသို့ ဂျိုရှုအာ၏လူများ မရောက်လာခြင်းမှာ ပေါင်းကူးတံတားတွင် အလောင်းများပိတ်နေသဖြင့် မလာနိုင်ခြင်းသော်လည်းကောင်း မီးဝိုင်းညှိ

ကို စိုးသဖြင့်လည်းကောင်း ဖြစ်ဟန်တူ၏။ ကျောက်တုံးများကို သယ်၍ အပေါက်များကိုပိတ်ဆို့ရာ၌ ဘုရင်မကိုယ်တိုင်ပါဝင် လုပ်ကိုင်ရကား . . . ကျွန်ုပ်တို့မှာအခိုက်အတန့်အားဖြင့် အတော် စိတ်သက်သာရာ ရကြ၏။ သို့သော် မကြာမီ ကျွန်ုပ်တို့၏အခြေအနေမှန်ကို သတိရကြသောအခါ တွေး၍ စိတ်ပျက်မိကြ၏။ မီးဟုန်းဟုန်းတောက်လျက်ရှိသော နန်းတော်ကြီးမှ စွန့်ခွာခဲ့၍ အခိုက်အတန့်အားဖြင့် လွတ်ကင်းချမ်းသာခဲ့သည်မှန်သော်လည်း အေးမြ မဲမှောင်သော ဂူအနက်ထဲတွင် တဖြည်းဖြည်း ဒုက္ခတွေ့ကြရဦးမည့်အဖြစ်ကို စဉ်းစားမိကြ၏။

ဟစ်အား အဝင်ဝတွင် ခေတ္တအစောင့်ထားခဲ့၍ ကျွန်ုပ်တို့လည်း တယ်လီဖုန်းကြိုးအတိုင်း ယခင်က အိုလီဗာအသုံးပြုသော ဘုရားရှိခိုးကျောင်းပျက်ကြီးရှိရာသို့ . . . လျှောက်လာခဲ့ကြလေ၏။ ရောက်သောအခါ အိုလီဗာအခန်းမှာ . . . ကျောက်တုံးကြီး ပိတ်နေသဖြင့် . . . မဝင်နိုင်သော်လည်း . . . ကံအားလျော်စွာ အခြားဘက်မှ အခန်းတစ်ခန်းကို ဝင်နိုင်သည်နှင့် လင်းနို့များ အမှိုက်သရိုက်များနှင့် ကျောက်တုံးကလေးများကို ရှင်းလင်းပြီးလျှင် . . . ထိုနေရာကို ဘုရင်မအတွက် သတ်မှတ်လိုက်ကြလေ၏။

ဘုရင်မသည် သူနေရမည့်အခန်းကိုကြည့်ပြီးနောက် . . .

"အင်း . . . အခန်းကလေးကတော့ တယ်ပြီးသချိုင်းနဲ့တူတာပဲ . . . ဒါပေမယ့် လူများမှာ သချိုင်းထက်ပိုပြီး . . . အပန်းဖြေနိုင်တဲ့နေရာတော့ မရှိတော့ဘူး၊ ကျွန်ုပ်လည်း အပန်းဖြေဦးမယ် အိုလီဗာ . . ."

ထိုအခါ အိုလီဗာသည် စိတ်ကိုများစွာ ထိခိုက်သည့်ဟန်ဖြင့် မျက်နှာများပျက်သွားပြီး . . . ဘုရင်မအနီးသို့သွားရောက်ကာ တစ်စုံတစ်ရာ တီးတိုးပြောလိုက်ရာ . . . ဘုရင်မက . . .

"ကျွန်ုပ်သိပါတယ် အိုလီဗာ . . . တစ်နေ့နေ့ တစ်နေရာရာမှာတော့ ကျွန်ုပ်တို့သဘောအတိုင်း ဖြစ်ပါလိမ့်မယ် . . . ဒီကမ္ဘာမှာလား . . . နောက်ကမ္ဘာမှာလား . . . မပြောတတ်ဘူး"

ဟု ပြောပြီးလျှင် အိုလီဗာ၏ပခုံးကိုတွန်းဖယ်၍ အခန်းတွင်းသို့ဝင်သွားရာ . . . အိုလီဗာသည် သတိမေ့နေရာမှ သတိရလာသော သူကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့လေ၏။ ထိုအချိန်၌ဟစ်လည်း ရောက်လာ၍ သက်ပြင်းချပြီးလျှင် ကျွန်ုပ်အား . . .

"အင်း . . . ကျုပ်တို့တော့ ဘယ်အခြေဆိုက်နေကြပြီလဲ မပြောတတ်ဘူး . . . အဒမ် . . ."

"ဘယ်အခြေဆိုက်ရမှာလဲဗျာ . . . သူတို့ကလည်း ကျုပ်တို့တတွေဟာ မီးထဲမှာ သေပြီဆိုပြီး မရှာဘဲနေ ကျုပ်တို့မှာလည်း တွင်းထဲပိတ်ပြီး မိနေတဲ့ကြွက်တွေလို ဒီကျောက်ဂူမြို့ထဲမှာ ကျုပ်တို့ အရိုးစုတွေထပ်ပြီး တိုးဦးမှာပေါ့"

* * *

အငတ်ဘေးကြီး

ကျွန်ုပ်ထင်သည့်အတိုင်းမှန်၏။ အက်ဗတီများသည် မီးထဲတွင် ကျွန်ုပ်တို့သေဆုံးပြီအထင်နှင့် ကျွန်ုပ်တို့အား လိုက်လံရှာဖွေဟန်မရှိချေ။ ဂူဝအနီး၌ပင် ခြေသံများကို မကြားရ၊ ပထမတစ်ရက်၌ အတော်အတန် သက်သာရာရသေး၏။ သို့သော် စကားပြောရာ၌မူ အချင်းချင်း နားနားသို့ကပ်ကာ တီးတိုးသာ ပြောဝံ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သာမန်ပြောကြားသော စကားသံများပင် ကျယ်ဝန်းလှသော ဂူအတွင်းမှ ပဲ့တင်သံများကို ဖြစ်၍လာစေသောကြောင့်တည်း။

အိုလီဗာနေခဲ့စဉ်က ကျောင်းပျက်ကြီး၏ အခန်းတစ်ခန်းတွင် လန်ဒန်မှယူခဲ့သော အသားဘူး သုံးလေးဘူးနှင့် ဘီစကွတ်အနည်းငယ် ကျန်ရစ်သေးသဖြင့် ၂ ရက် ၃ ရက်မျှ စားသောက်နိုင်၏။ သို့နှင့် ကျွန်ုပ်တို့လည်း ပထမဦးစွာ သချိုင်းဂူများအတွင်းသို့ ဝင်ရောက်လာစဉ်က ဘုရင်မပြခဲ့သည့် အကြောင်းရှိက ရနိုင်ရန် သိုလှောင်ထားသည်ဆိုသော ဂျုံ စပါး မုယောစပါးတွင်းများကို အမှတ်ရသဖြင့် သွားရောက်ရှာဖွေကြ၏။ တွင်းတစ်တွင်းအောက်သို့ ရှော့ဒရစ်အား ကြိုးနှင့်ဆင်းကြည့်စေရာ ရှော့ဒရစ်သည် ပြန်၍တက်လာပြီး . . .

“အလကား . . . ဘာမှမတွေ့ဘူး၊ အားလုံးအခွံချည်းပဲ တချို့လည်း အောက်မှမြေဖြစ်နေပြီ . . . စားမရတော့ဘူး၊ အောက်မှာ ဘာတွေရှိတယ်ထင်သလဲ . . . သိလား . . . လူရိုးတွေ တောင်လိုပုံနေတာပဲ . . . ပြီးတော့ ကြွက်တွေ လင်းနို့တွေပဲ ရှိတယ် . . .”

နောက်ထပ် တွင်း ၂ တွင်းကို ဆင်းသက်ကြည့်သော်လည်း အကြောင်းမထူးချေ။ လူရိုးများဖြင့်သာ ပြည့်လျှက်ရှိ၏။ ထိုလူရိုးများအကြောင်းကို ကျွန်ုပ်တို့က ဘုရင်မအားပြောပြသော အခါ ဘုရင်မက လွန်ခဲ့သောနှစ်ဆက် ၅ ဆက်လောက်က မားမြို့ကြီးတွင် အဖျားရောဂါကြီး ကျရောက်၍ လူဦးရေထက်ဝက်ခန့် သေကြေပျက်စီးသွားခဲ့ကြောင်း ထို့ပြင် လူကောင်းများကို မကူးစက်စေရန် ရောဂါရသူတို့အား ထိုကျောက်ဂူအတွင်းသို့ပို့ပြီးလျှင် သီးခြားနေထိုင်စေခဲ့သည်ဟု ကြားရကြောင်းပြောပြ၏။ ထို့နောက် ဘုရင်မက အခြားတစ်ခုရှိသေးကြောင်းပြော၍ လိုက်လံပြသ၏။ ရှော့ဒရစ်သည် တွင်းတစ်ခုကို ဆင်း၍ကြည့်ရာ အပေါ်ရံအခွံများအောက်မှ ဂျုံမှုန့်အနည်းငယ်သာတွေ့ကြရ၏။ ဘုရင်မ၏ ရိက္ခာအရာရှိများသည် ရိက္ခာများကိုရသလောက် မထည့်ဘဲ ခိုးယူကြဟန်ရှိကြောင်းနှင့် ဘုရင်မကပြောပြ၏။

ထို့နောက် ကျွန်ုပ်တို့အိပ်သော ကျောင်းပျက်ကြီးသို့ပြန်လာကြ၏။ အစားအသောက်ပင်မရှိသော်လည်း ရေကားပေါများလှ၏။ ဖျင်းရိုင်းငွေ့ဖွယ်ကောင်းသော အချိန်များကား တရွေ့ရွေ့ကုန်လျက် ကျွန်ုပ်တို့လည်း အတော်ပင်စိတ်အားတင်းကြပြီးနောက် မည်သို့မည်ပုံ လုပ်ကြမည်ကို စည်းဝေးတိုင်ပင်ကြရာ အိုလီဗာက . . .

“ကျုပ်တို့တူးခဲ့တဲ့ ဥမင်လိုဏ်ခေါင်းထဲက လမ်းရှိလား

မပြောတတ်ဘူးဗျို့ . . . အဲဒီက ခြင်္သေ့တွင်းဆီကို ပေါက်မှာပဲ၊ ခြင်္သေ့တွေလည်း ရှိမယ်မဟုတ်တော့ပါဘူး . . . အဲဒီက အပြင်ကို ထွက်နိုင်မှာပေါ့ . . .”

“အပြင်ရောက်ရင် ဖန်းတွေက ဖမ်းဆီးမှာပေါ့ ကပ္ပတိန်”

ထိုအခါ ရှောဒရစ်ကဝင်၍ ဖန်းများအားလုံး ထွက်သွားကြပြီဖြစ်၍ ဖန်းတို့ရန်ကို စိုးရိမ်ရန်မရှိကြောင်းနှင့် ဝင်၍ပြော၏။ သို့နှင့် ကျွန်ုပ်တို့လည်း ကျောက်ဂူမြို့မှ သင်္ချိုင်းစခန်းသို့ လာကြရာ ထိုနေရာ ၂ ခုကိုခြားထားသည့် ကျောက်နံရံကြီးပင် ဂူမကြီးဘက်သို့ လဲပြိုကျခဲ့ပြီဖြစ်၍ ကျွန်ုပ်တို့လည်း လမ်းကြားကိုလူနှစ်ယောက် ဘေးချင်းယှဉ်၍လျှောက်သွားနိုင်ပြီကို တွေ့ရလေ၏။ အရိုးစုများရှိရာ သင်္ချိုင်းဂူ၌ကား များစွာပြောင်းလဲလျက်ရှိတော့၏။ အရိုးစုများသည် သူ့နေရာနှင့်သူ မဟုတ်တော့ဘဲ ရာဇပလ္လင်များ လင်ပန်းများ ရွှေတုံး ရွှေခဲများနှင့် ကျောက်မျက်ရွဲတို့လည်း လွင့်စင်လဲပြိုကာ ဖရိုဖရဲကြဲလျက်ရှိကြကုန်၏။ ဟစ်ကမူ ဤသို့ နေရာပျက်သွားသည်ကိုပင် ဝမ်းနည်းလျက်ရှိတော့၏။ ထို့နောက် ကျွန်ုပ်တို့လည်း လိုဏ်ခေါင်းစရာ ခါးကုန်းဘုရင်ကြီး၏ရာဇပလ္လင်သို့ ရောက်ခဲ့ရာ ထိုအခါကျမှ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်သည်ကို သိရတော့၏။ ကျွန်ုပ်တို့တူးခဲ့သော လိုဏ်ခေါင်းမှာ အပေါ်မှပြိုကျသော ကျောက်တုံးများဖြင့် မည်သည့်နည်းနှင့်မျှ ဖယ်ရှားမရအောင် လုံးလုံးပိတ်ဆို့လျက်ရှိနေလေပြီ၊ သို့နှင့် ကျွန်ုပ်တို့မှာ စိတ်ပျက်၍ ပြန်လာခဲ့ကြရ၏။

ဒုက္ခတစ်ခုတွေ့ပြီးနောက် အခြားဒုက္ခတစ်ခုဆက်၍လာခြင်းကား ကျွန်ုပ်တို့အတွက် အဆန်းမဟုတ်တော့ချေ။ မီးထွန်းရန် အက်ဗတီများအသုံးပြုသည့်ဆီမှာလည်း သုံးနေ့နှင့် သုံးရက်ညဉ့်မျှသာ ထွန်းရန်ကျန်ရှိတော့၏။ ကျွန်ုပ်တို့၌ မီးအိမ် ၄ လုံးရှိသည့်အနက် တစ်လုံးမှာ ဘုရင်မအတွက်လည်းကောင်း တစ်လုံးမှာ ဂူဝတွင် အစောင့်ကျသူအတွက်လည်းကောင်း တစ်လုံးမှာ ကျွန်ုပ်အတွက်လည်းကောင်း ကျန်တစ်လုံးမှာ အများသုံးအတွက်လည်းကောင်း ထားရှိ၏။ ထိုအများသုံးအတွက်ထားသော မီးအိမ်ကိုမူ ဟစ်တစ်ယောက်တည်းအသုံးချသည်က များ၏။ သူသည် တောင်းလွတ်တစ်လုံးနှင့် ထွက်သွားပြီးနောက် ထူးဆန်းသော ရှေးဟောင်းပစ္စည်းအသုံးအဆောင်ကလေးများ ရွှေတို ရွှေစများကို ယူလာ၍ ကျွန်ုပ်တို့ ဒိုင်းနမိုင်းထည့်သော သေတ္တာလွတ်များတွင် စာရင်းများပြုလုပ်၍ ထည့်ကာသံများနှင့်ပင် ရိုက်၍ပိတ်လိုက်ချေသေး၏။ ထိုအခါ ကျွန်ုပ်က . . .

“ဟစ် . . . တကယ့်အရေးထဲမှာ ဒီဟာတွေ ဘာလုပ်စရာလဲဗျာ . . .”

“ကျုပ်အတွက်တော့ မျှော်လင့်စရာ မရှိတော့ပါဘူး၊ ဒါပေမယ့် တစ်နေ့နေ့မှာ ကျုပ်လိုလူတစ်ယောက်ဟာ ကျုပ်အစီအစဉ် လုပ်ထားခဲ့တဲ့ ပစ္စည်းတွေကို မုချတွေ့ပြီး လန်ဒန်ပြတိုက်ကိုမုချ ရောက်ရမယ်ဗျာ . . . ဒီလိုဆိုရင် ကျုပ် ကျေနပ်ပါပြီ”

သေတ္တာများမှာ အလုံး ၂၀ ရှိပြီဖြစ်သော်လည်း ဟစ်မှာ မကျေနပ်သေးဘဲ နောက်ထပ် ၄ လုံးခန့်ထည့်သွင်းရဦးမည့် အကြောင်းပြောပြသေး၏။ တစ်ကြိမ်က ဟစ်သည် ရွှေသားအစစ်ဖြင့်ပြုလုပ်ထားသည့် ဘုရင့်ဦးခေါင်းပုံ တစ်ခုကို မနိုင်တနိုင် ချီမ၍လာရာ လမ်းတွင် အားပြတ်ကာ ဝန်ကိုမနိုင်တော့သဖြင့် တဖြည်းဖြည်း နား၍လိမ့်ယူလာသည်ကို ကျွန်ုပ်မှတ်မိသေး၏။ ထိုအခါ၌ကား ကျွန်ုပ်တို့မှာ အစားအစာကုန်ခမ်းခဲ့ပြီဖြစ်၍ ရေကိုသာ အာဟာရပြုလုပ်နေကြရလေပြီ၊ သို့နှင့်ပင် ဟစ်မှာ စိတ်မပျက်နိုင်ဘဲ နောက်ဆုံးသေတ္တာများကို ဂျေဖက်၏အကူအညီဖြင့်

ထည့်သွင်းပိတ်ဆို့လိုက်၏။ ထို့နောက် မပွန်းမပဲ့စေရန် သူခြုံသော ဆိတ်ရေစောင်ကြီးကိုပင် ဆုတ်ဖဲ့ထည့်လိုက်သေးသဖြင့် ကျွန်ုပ်လည်း ဟာစ်မှာ ရှူးချေပြီဟု အောက်မေ့လိုက်မိ၏။ သို့နှင့် သူ၏အရိပ်အကဲကိုကြည့်နေစဉ် ဟာစ်သည် နောက်ဆုံးသံတစ်ချောင်းကိုရိုက်လိုက်ပြီးနောက် အားပြတ်ကာ . . . သေတ္တာပေါ်မှ လဲကျသွားရှာလေ၏။ ကျွန်ုပ်လည်း ဂျေဖက်အား ရေခရားကို အမြန်ယူခဲ့စေ၍ သူ၏မျက်နှာကို ရေဖြင့်ဆွတ်ဖြန်းပေးသောအခါမှ သတိရလာပြီး အိပ်ပျော်၍သွားလေ၏။

ထိုအချိန်၌ ပထမမီးအိမ်မှာ ငြိမ်းသွားလေပြီ၊ ထိုအခါ ဘုရင်မက . . .

“ဟဲ့ ဂျေဖက် . . . မှောင်လှပါတယ် မီးအိမ်ကိုထွန်းစမ်းပါဦး”

“ဆီကုန်နေပါပြီ . . . သခင်မ”

နာရီဝက်ခန့်အကြာတွင် ဒုတိယမီးအိမ်လည်း ငြိမ်းသွားပြန်လေ၏။ သို့ဖြင့် ကျွန်ုပ်တို့လည်း မကြာမီမှောင်ထဲတွင် နေကြရတော့မည်ကို သိသဖြင့် . . . ကျန်သေးသော မီးအိမ်ကလေး၏ အလင်းရောင်တွင် ရေခရားနှစ်လုံးကို ကျွန်ုပ်တို့အနီး၌ ချထားခြင်း သေနတ်နှင့် ယမ်းတောင့်များကို လက်လှမ်းမီတွင် အသင့်ရှိစေခြင်း . . . အစရှိသော ပြင်ဆင်ဖွယ်ကိစ္စများကို ပြင်ဆင်ပြီးနောက် စောင်များကိုခင်းကာ နံ့သားချင်းယှဉ်၍ အိပ်လိုက်ကြ၏။ ထိုအိပ်ရာကား . . . ကျွန်ုပ်တို့အလောင်းများတင်ရမည့် နောက်ဆုံးအိပ်ရာများပင် ဖြစ်ကောင်းဖြစ်ပေမည်။

သို့ရှိစဉ် . . .

“ဂျေဖက်လည်း ဂူဝတွင် စောင့်၍နေရာမှရောက်လာပြီးလျှင် . . . သူ့မီးအိမ်လည်း ဆီကုန်လုပြီဖြစ်ကြောင်း ပြောပြလေ၏။”

ထိုအခါ အိုလီဗာက . . .

“နောက်ထပ်ဘာသတင်းများ အစီရင်ခံစရာ ရှိသေးသလဲ . . . ဂျေဖက် . . .”

“များစွာမရှိပါ . . . ကပ္ပတိန် . . . ကျောက်တုံးအကြားတစ်နေရာမှ ကြည့်သောအခါ နေရောင်နှင့်တကွ မီးခိုးများထွက်နေသေးသည့် အဆောက်အဦပျက်များကို မြင်ရပါသည်၊ အက်ဗတီများစုရုံးနေစဉ် တစ်ယောက်က . . . လူဖြူတို့အရိုးများကို မတွေ့ရကြောင်း၊ တွေ့လျှင် သူတို့အနီးတွင် သေနတ်များတွေ့ရမည်ဖြစ်ကြောင်းနှင့် ပြောရာ . . . အခြားတစ်ယောက်က လူဖြူများမှာ မှော်ဆရာကြီးများ ဖြစ်ကြသည့်အတိုင်း ကိုယ်ရောင်ဖျောက်၍ပင် သွားလေပြီလော၊ သို့မဟုတ် ပုန်း၍နေကြလေသလောဟု ပြောပါသည်။ ကျွန်ုပ်တို့အားလုံးမှာ “နှင်းဆီမယ်” အား ခိုးယူသွားသည့်အတွက် တွေ့ရှိက မုချသေဒဏ်ခံကြရပါမည်၊ ကျွန်ုပ်လည်း ကြောက်ရွံ့သဖြင့် ချက်ချင်းပြေးခဲ့ရာ လမ်းတွင်မီးအိမ်မှာ ဆီနည်း၍သွားပါတော့သည်။”

ကျွန်ုပ်က တစ်စုံတစ်ရာ ပြန်၍မပြောချေ။ ပြောရန်လည်း မရှိချေ။ ဂျေဖက်၏မီးအိမ်ကလေးမှာ မီးတောက်ရှိသည်ဆိုရုံမျှသာ ကျန်တော့၏။ ထိုအခါ ဂျေဖက်သည် ဘုရင်မ၏ ခြေကိုဖက်ပြီးနောက် . . .

“သခင်မ . . . ကျွန်ုပ်သည် ရဲရင့်သူတစ်ယောက်ဖြစ်သည် ဆိုသော်လည်း . . . နေရောင်အောက်၌သာ ရဲရင့်၍ မှောင်အတိပြီးသော ဤအရိုးစုဂူကြီးထဲတွင် ကြောက်ရွံ့လှပါသည်။ ကျွန်ုပ်တို့သည် အလင်းရောင်သို့ထွက်ကာ . . . ကျွန်ုပ်တို့ကိုယ်ကို မင်းသားလက်သို့ အပ်ကြပါကုန်စို့ . . . သူသည် အနည်းဆုံး သခင်မ၏အသက်ကို ချမ်းသာပေးပါလိမ့်မည်၊ သေပင်သေရ

သော်လည်း အလင်းရောင်၌ ကျွန်ုပ်တို့သေလိုပါသည်”

ဘုရင်မသည် ဦးခေါင်းကိုခါလိုက်၏။ ထိုအခါ သူသည် အိုလီဗာဘက်သို့လှည့်၍ . . .

“အို . . . သခင် . . . ဘုရင်မအား ချစ်မြတ်နိုးသည့်မှန်ပါက ယခုကဲ့သို့ မှောင်ထဲတွင် အသက်ဆုံးမည်ကို သခင်ကြည့်နေပါမည်လော . . . သူ့အား အပြင်သို့ခေါ်ဆောင်သွားပါလော့”

ထိုအခါ အိုလီဗာက ဘုရင်မအား . . .

“ဘယ့်နှယ်လဲ . . . မာကွီဒါ . . . ဂျေဖက်ပြောတာကြားရဲ့မဟုတ်လား . . . သူပြောတာလည်း မှန်တာပဲ၊ ကျွန်ုပ်တို့မှာတော့ အက်ဗတီလက်ချက်နဲ့ပဲ သေသေ ဒီမှာ အစာငတ်လို့သေသေ မထူးတော့ပါဘူး၊ ဒီတော့ ပထမနည်းနဲ့ အသေခံတာကောင်းလိမ့်မယ်ထင်တယ်၊ ဒါမှ သင့်အသက် ချမ်းသာရာရမယ် သင်သွားမယ် မဟုတ်လား”

“မသွားဘူး အိုလီဗာ . . . ဂျိုရှုအာက ချမ်းသာပေးတာကို ခံမယ့်အတူတူ အပြန်တစ်ရာ ကျွန်ုပ်သေဝံ့တယ်၊ ကံကြမ္မာကို သူသွားချင်တဲ့လမ်းကြောင်းအတိုင်းသာ သွားပါစေ . . . ကျွန်ုပ်တို့မမြင်နိုင်တဲ့ တံခါးပေါက်ရဲ့နောက်မှာ ကျွန်ုပ်တို့နှစ်ယောက်အပန်းဖြေဖို့ နေရာရှိပါတယ်လို့ ကျွန်ုပ်ပြောပြီးပြီမဟုတ်လား သင့်လူကို ငြိမ်ငြိမ်နေပါစေ၊ နောက်ထပ် ကျွန်ုပ်ကိုမနှောင့်ယှက်ပါစေနဲ့ . . .”

မီးရောင်သည် ထိုအချိန်၌ လင်းသည်ဆိုရုံမျှသာ ရှိတော့၍ ခြောက်ယောက်သားတို့၏ ဖျော့တော့သော မျက်နှာများမှာ သင်္ချိုင်းတွင်းမှ အလောင်းကောင်များကဲ့သို့သာ ရှိနေကြလေ၏။ ထို့နောက် မီးတောက်လည်း တစ်ခါတည်း ငြိမ်း၍သွားရာ ကျွန်ုပ်တို့မှာ မှောင်ထဲတွင် ကျန်ရစ်ခဲ့တော့၏။

ထိုနေရာ၌ အချိန်မည်မျှ ကျွန်ုပ်တို့ကြာရှိလေသနည်း ကျွန်ုပ်စိတ်ထင် အနည်းဆုံး ၃ ရက်နှင့် ၃ ည ကြာရှိပေလိမ့်မည်၊ ထို့နောက် ကျွန်ုပ်တို့သည် အချိန်ကိုပင် မမှတ်သားနိုင်တော့ပေ၊ ကျွန်ုပ်တို့၏ ဆာလောင်မွတ်သိပ်ခြင်းဝေဒနာကား တစ်နေ့ထက်တစ်နေ့ တစ်နာရီထက်တစ်နာရီ တိုးလျက်ရှိတော့၏။ ရေမှာ အာဟာရပင်မဖြစ်သော်လည်း သေခြင်းကိုဆွဲထားနိုင်ဟန်ရှိ၏။ မည်မျှလောက် မွတ်သိပ်ကြသနည်းဆိုသော် ကျွန်ုပ်၏စိတ်တွင် စားကောင်းသည်ဖြစ်စေ မစားကောင်းသည်ဖြစ်စေ အနီးတွင်တွေ့ရသော အစိုင်အခဲမှန်သမျှကို တစ်ခါတည်းဝါးမျိုစားသောက်၍ပစ်လိုက်ချင်တော့၏။ တစ်ကြိမ်၌ ငှက်သိုက်ကဲ့သို့ ရှုပ်ထွေးနေသော ဟာစ်၏ ဆံပင်နီမွှေးထဲတွင် လင်းနို့တစ်ကောင်လာ၍တွယ်ကပ်လေရာ . . . ဟာစ်သည် လင်းနို့ကိုဖမ်းပြီးနောက် ရှိုးရှိုးရွှတ်ရွှတ်ဝါး၍စားလိုက်၏။ ကျွန်ုပ်မှာ ခြောက်၍နေသော ဘီစကွတ်မုန့်အနည်းငယ်မျှ ကျန်ရှိသေးရာ ၎င်းကို ဘုရင်မအတွက် ထားရ၏။ ကျွန်ုပ်က စားသောက်ရန်အချိန်ရောက်ပြီဖြစ်ကြောင်း ပြော၍ဘုရင်မအား မုန့်တစ်ချပ်လှမ်း၍ပေးလိုက်ပြီးလျှင် ကျွန်ုပ်တို့ကိုယ်တိုင် စားရသည်ဟုလည်း ဘုရင်မထင်စေရန် သစ်သားစများကို အသံထွက်အောင် ဝါး၍နေကြရ၏။

ဤသို့နေရသော အချိန်မှာ ကျွန်ုပ်စိတ်ထင် ၄၈ နာရီခန့်ကြာ၍သွားပြန်ရာ . . . ဂျေဖက်သည် ကျွန်ုပ်တို့အနီးမှရုတ်တရက်ပျောက်၍သွားလေ၏။ မှောင်ထဲတွင် စမ်းသပ်၍လည်းမတွေ့ ခေါ်၍လည်းမရသဖြင့် သူပျောက်သွားကြောင်း သိရ၏။ ကျွန်ုပ်စိတ်ထဲကမူ ချောင်တစ်ခုခုတွင် အေးအေးသက်သာ အသက်ထွက်ရန် ရှောင်ထွက်သွားခြင်းဖြစ်လိမ့်မည်ဟု ထင်မိ၏။ ကျွန်ုပ်တို့ နောက်ဆုံးသတိလစ်၍မသွားမီ ထူးခြားသောအာရုံတစ်ခုစိတ်

ထဲတွင် ဖြစ်ပေါ်လာ၏။ ဆာလောင်မွတ်သိပ်ခြင်းသည် ရက်တရက် ရပ်တန့်သွားရာ . . . ဒဏ်ရာရသောအခါ နာလွန်းလှသဖြင့် ထုံ၍သွားသကဲ့သို့ပင် ဖြစ်ဟန်တူ၏။ ကျွန်ုပ်စိတ်များမှာ အခိုက်အတန့်၌ ပျော်ရွှင်သကဲ့သို့ဖြစ်လာပြီးလျှင် စကားကိုပင် ခပ်များများပြောလာကြ၏။ ရှောဒရစ်က ဖန်းတို့နေပုံထိုင်ပုံများ ယဉ်ကျေးမှုများ သူ့အားဖမ်းဆီးခဲ့ပုံ သူလွတ်မြောက်လာပုံများကို အသေးစိတ်ပြောပြပြီးလျှင် အာရပ်သီချင်းကိုပင် ဆိုလိုက်သေး၏။ သေခြင်းနှင့် နီးကပ်လာပြီဖြစ်၍ ကျွန်ုပ်တို့အားလုံးပင် ရူးသွပ်သွပ်ဖြစ်၍ နေကြလေသလော မပြောတတ်ပေ၊ နောက်ဆုံး မီးခြစ်ဆံတစ်ဆံကို ကျွန်ုပ်ခြစ်ကြည့်လိုက်သဖြင့် မီးရောင်တွင် တွေ့မြင်ရပုံကို ကျွန်ုပ်သတိပြုလိုက်မိ၏။ အိုလီဗာက ဆံပင်များ ဖရိုဖရဲကျနေသော ဘုရင်မ၏ခါးကိုဖက်ထားလျက် မျက်နှာချင်း ထိလုမတတ်ရှိနေ၏။ သို့သော် အိုလီဗာ၏မျက်နှာမှာ မျက်တွင်း ဟောက်ပက်ရှိနေ၏။ အခြားဘက်၌ ရှောဒရစ်သည် နံရံကိုမှီလျက်ရှိ၏။ ဟာစ်မှာ သူ၏မြက်ဦးထုပ်ကို မှတ်စုစာအုပ်ထင်လေသလောမသိ၊ ခဲတံဖြင့် ရေးခြစ်လျက်ရှိ၏။

ထို့နောက် ကျွန်ုပ်လည်း ဦးခေါင်းထဲ၌ မိုက်ခနဲဖြစ်သွားပြီးလျှင် ပြင်းထန်သော အရှိန်ဖြင့် လည်နေသော ရဟတ်တစ်ခုပေါ်တွင်ထိုင်၍ လိုက်ပါသွားရသကဲ့သို့ ထင်မှတ်ရပြီးနောက် နောက်ထပ်တစ်စုံတစ်ရာ သတိမရတော့ချေ။

* * * *

ကျွန်ုပ်အိပ်ပျော်နေသကဲ့သို့ရှိစဉ်အတွင်း ကျွန်ုပ်အား ပွေ့ချီ ယူဆောင်သွားသကဲ့သို့ ထင်ရ၏။ ကျွန်ုပ်၏နားတွင်လည်း မကွဲမပြား နားမလည်သောအသံများ ကြားရ၏။ ထို့နောက် ကျွန်ုပ်၏မျက်လုံးအိမ်များမှ နာကျင်လျက် တစ်ကိုယ်လုံးကိုက်ခဲလျက်ရှိရာသတိမရတစ်ချက် ရတစ်ချက်၌ ပူနွေးသောအရည်များ ကျွန်ုပ်လည်ပင်းထဲသို့ ဝင်သွားသည်ကို သိလိုက်ရပြီးလျှင် ကျွန်ုပ်လည်း အိပ်ပျော်၍သွားပြန်၏။ ထို့နောက် အိပ်ရာမှ နိုးလာလေရာ ကျွန်ုပ်မှာ အခန်းတစ်ခုအတွင်းရှိ အိပ်ရာပေါ်သို့ ရောက်နေလျက် ရှောဒရစ် ဟာစ်နှင့် အိုလီဗာတို့မှာ ကျွန်ုပ်နံဘေးရှိ အိပ်ရာများပေါ်တွင် အသီးသီးအိပ်ပျော်လျက်ရှိကြသည်ကို သံတိုင်များအကြားမှ ဝင်လာသော နေရောင်ဖြင့် မြင်ရ၏။

ထိုခဏ၌ အက်ဗတီအစေခံများ ဝင်လာ၍ အသားတုံးတစ်တုံးပါသော ဟင်းရည်များကို သစ်သားခွက်တစ်ခုဖြင့် ထည့်ပေးရာ ကျွန်ုပ်လည်း လောဘတကြီး ဝါးမျိုလိုက်၏။ မကြာမီ သူတို့လည်း အိပ်ရာမှနိုးလာကြပြီးလျှင် ကျွန်ုပ်ကဲ့သို့ စားသောက်ကြပြီးနောက် အိပ်ပျော်သွားကြပြန်၏။ အတန်ကြာသော် ဟာစ်သည် အိပ်ရာမှထ၍ထိုင်လိုက်ပြီးနောက် ကျွန်ုပ်အား စေ့စေ့ကြည့်လျက် . . .

“အိုင်ဆေး . . . အဖိုးကြီးရဲ့ . . . ကျုပ်တို့တကယ်ဘဲ အသက်ရှင်နေကြသေးသလား . . . တစ္ဆေပြည်များပဲ ရောက်နေကြသလားဗျာ . . .”

“ဘယ်က တစ္ဆေပြည်ဟုတ်ရမှာလဲဗျာ . . . တစ္ဆေပြည်မှာ အက်ဗတီတွေ ရှိနိုင်ပါ့မလား . . .”

“အင်း . . . ဟုတ်တယ်ဗျို့ . . . ခင်ဗျားပြောတာ မှန်တယ်၊ ဟေး . . . အိုလီဗာ ထလေ . . . ဒါပေမယ့် ဘယ်နည်းနဲ့မဆို ကျုပ်တို့ဂူထဲကတော့ လွတ်လာကြပြီ”

အိုလီဗာသည် လက်နှစ်ဘက်ထောက်၍ အိပ်ရာပေါ်မှ ထကာ ကျွန်ုပ်တို့အား စေ့စေ့ကြည့်လျက် . . .

“မာကွီဒါကော . . .”

ဟု မေးလိုက်၏။ ထိုအခါ ဂျော့ဒရစ်လည်း အိပ်ရာမှနိုးလာပြီဖြစ်၍ ဂျေဖက်ပါဝင်သော အက်ဗတီတစ်စုသည် ကျွန်ုပ်တို့အား ယူဆောင်သွားသည်ကိုလည်းကောင်း သူတို့သည် "ဘုရင်မ"အား ကျွန်ုပ်တို့နှင့် ခွဲ၍ အခြားတစ်နေရာသို့ ယူဆောင်သွားကြသည်ကိုလည်းကောင်း ခပ်ရေးရေးမျှ သတိရကြောင်းတို့ဖြင့် ပြောပြလေ၏။

နောက်များမကြာမီ အက်ဗတီ အစေခံများဝင်လာ၍ အသားနှင့် မုန့်ချိုများပေးသဖြင့် စားသောက်ကြရပြန်၏။ ကျွန်ုပ်တို့က မေးခွန်းအမျိုးမျိုး ထုတ်သော်လည်း အက်ဗတီများကား နှုတ်ပိတ်လျက်ရှိလေသည်။ သို့နှင့် ကျွန်ုပ်တို့လည်း နောက်ဆုံး၌ မျက်နှာများသစ်ရန် ရေများယူလာပါမည့်အကြောင်းနှင့်တောင်းပန်သည်တွင် ရေများသာမက အက်ဗတီများ မှန်ကဲ့သို့အသုံးပြုသည့် ပြောင်လက်သော ကြေးဝါပြားတစ်ခုကိုပါ ယူလာခဲ့၏။ ကျွန်ုပ်တို့လည်း ကြေးဝါပြားပေါ်တွင် မျက်နှာများကိုပါ တစ်ယောက်တစ်လှည့်ကြည့်ကြရာ မျက်တွင်းဟောက်ပက် မုတ်ဆိတ်မွေး ဗလဗျစ် ဆံပင်စုတ်ဖွားနှင့်ရှိနေသော ကျွန်ုပ်တို့မျက်နှာများကို မြင်ကြရ၏။

ကျွန်ုပ်တို့သည် အက်ဗတီများအား ကျွန်ုပ်တို့၏အခြေအနေအမှန်ကို မေးမြန်း၍မရသော်လည်း သူတို့ကြည့်ရှုပုံမှာ ကြောင်သည် ကြွက်ကိုကြည့်နေဘိသကဲ့သို့ ရှိတော့၏။ တစ်ကြိမ်၌ သူတို့အချင်းချင်း တစ်ယောက်က ကျွန်ုပ်တို့အား မည်သည့်အချိန် စီရင်မည်နည်းဟု မေးမြန်းသည်တွင် အဖွဲ့က အမိန့်မချမှတ်ရသေးကြောင်း၊ ကျွန်ုပ်တို့ကောင်းစွာ ကျန်းမာလာသည်နှင့် တစ်ပြိုင်နက် အမှုစစ်ဆေးစီရင်မည်ဖြစ်ကြောင်း၊ အလွန်ဆုံးနက်ဖြန် သဘက်လောက်တွင် အမိန့်ချလိမ့်မည် ထင်ကြောင်းနှင့်

အခြားတစ်ယောက်က ပြန်၍ဖြေဆိုသည်ကို ဂျော့ဒရစ်က ကြားလိုက်ရ၏။

ထိုနေ့ည၌ ကျွန်ုပ်တို့အား အကျယ်ချုပ် ချုပ်နှောင်ထားရာ အချုပ်ထောင်အပြင်သို့ အက်ဗတီလူအုပ်ကြီးတစ်စု ရောက်ရှိလာပြီးလျှင် . . .

"လူဖြူတွေ . . . ငါတို့ပေး . . . လူဖြူတွေ . . . ငါတို့လက်အပ်"

စသည်ဖြင့် ဆူညံစွာ ဟစ်အော်ကြရာ စစ်သားများက အတော်ခဲယဉ်းစွာ မောင်းထုတ်လိုက်ရ၏။ ကျွန်ုပ်တို့မှာ . . .

"မာကိုဒါမှတစ်ပါး မိတ်ဆွေဟူ၍ မရှိရကား . . . အားကိုးရာမဲ့ဖြစ်တော့၏။ ဘုရင်မကိုယ်တိုင်ပင် ကျွန်ုပ်တို့ကဲ့သို့ အကျဉ်းခံ၍ နေရရှာပေလိမ့်မည်၊ လွတ်မြောက်ရန်လည်း နည်းလမ်းမမြင်ချေ၊ ထိုအခါ ဟစ်က . . ."

"ဒယ်အိုးထဲမှာ ပူတာနဲ့ . . . မီးထဲခုန်ချသလို ဖြစ်နေတာပေါ့ဗျာ၊ ဂူထဲမှာ အိပ်ပျော်ရင်း သေသွားရင် . . . အကောင်းသား"

အိုလီဗာက (သက်ပြင်းချလျက်) "ဟုတ်တာပေါ့ဗျာ ကျုပ်တို့ကို အသက်ရှင်အောင် လုပ်တာက . . . သစ္စာဖောက်မှုနဲ့ သတ်ချင်လို့ပေါ့"

"သစ္စာဖောက်မှု . . . ဟုတ်စ . . . ကျုပ်တို့အင်္ဂလန်မှာတော့ ဒီအမှုမျိုး ကြိုးပေးရုံရှိတာပဲ . . . နို့ပေမယ့် ဒီခွေးတွေက ဒီထက်ဆိုးတဲ့ . . ."

စကားမဆုံးမီ ကျွန်ုပ်က ကြားဖြတ်၍ . . .

"ဟောဒီမှာ ကြည့်ကြစမ်း . . . မိတ်ဆွေတို့ . . . တကယ်အရေးအကြောင်းပေါ်လာလို့ သေရိုးသေစဉ်မဟုတ်ဘဲ ကျုပ်တို့ကို ဝေဒနာနဲ့ ခံစားရအောင် အချိန်ဆွဲပြီးသတ်မယ်ဆိုရင် . . . ဒီဝဋ္ဋ

က လွတ်နိုင်ဖို့ ဟောဒီမှာ ကျုပ်ခါးပိုက်ဆောင်ဝေဒနာ မခံစားရဘဲ ချက်ချင်းသေစေနိုင်တဲ့ ဆေးလုံးရှိတယ်၊ နောက်ဆုံးအချိန်ကျရင် ပါးစပ်ထဲသာ ပစ်ထည့်လိုက်ပေတော့ . . .”

ဟု ပြောကာ ကျွန်ုပ်အိတ်ထဲမှ အဆိပ်ဆေးလုံးများကို တစ်ယောက်တစ်လုံးစီ ဝေငှပေးလိုက်လေ၏။

ထို့နောက် ၃ ရက်မျှ အကြောင်းတစ်စုံတစ်ရာ မထူးခြားဘဲ အချိန်ကုန်၍ သွားပြန်ရာ ကျွန်ုပ်တို့မှာ ဝဝလင်လင် စားသောက်နေရသဖြင့် အားအင်တို့သည်လည်း နဂိုပကတိအတိုင်း ပြည့်ဖြိုး၍လာပြန်တော့၏။ မသေမီ ကောင်းကောင်းစား၍သွားမည်ဟူသော သဘောဖြင့် အစားအာဟာရများကို အဝစားသောက်ရုံမျှမက အကြောင်းရှိက ခွန်အားကိုသုံးနိုင်ရန် ကိုယ်လက်လှုပ်ရှား ကစားခြင်းကိုပင် အချိန်မှန်မှန်ကြီး ပြုလုပ်ကြသေး၏။ ရှေ့ခရီးမှာ သေဘေးအမျိုးမျိုးမှ လွတ်မြောက်လာခဲ့ဖူးသည့်အတိုင်း တစ်စုံတစ်ရာ စိတ်ညစ်ညူးဟန်မရှိဘဲ . . .

“ဘယ်လိုဖြစ်လာဦးမယ်ဆိုတာ . . . ဘယ်သူသိနိုင်မလဲ . . . အဘရာ . . . ဘုရင်မက ကျွန်တော်တို့ကို နောက်ဆုံးလာကယ်ချင် ကယ်ဦးမှာပေါ့၊ ပြီးတော့လည်း တစ်မျိုးတစ်ဖုံဖြစ်ချင်ဖြစ်လာမယ် . . .”

ဟု ကျွန်ုပ်ကိုပင် အားပေးစကားပြောကြားရာ၏၊ ထိုအခါ ကျွန်ုပ်က . . .

“နေပါဦးကွဲ့ . . . တစ်မျိုးတစ်ဖုံဖြစ်ချင်ဖြစ်လာမယ် ဆိုတာက ဘာကိုဆိုလိုတာလဲ”

“ဖန်းတွေအကြောင်းပေါ့ အဘရ . . . သူတို့ဟာ ဝေးဝေးထွက်ပြေးတာ မဟုတ်ဘူး . . . ဒီကနေ့ ပြန်လာချင်လာမယ်၊ နက်ဖြန် ပြန်လာချင်လာမယ် . . .”

နောက်တစ်နေ့၌ကား . . . ကျွန်ုပ်တို့ အချိန်စေ့ရောက်လာပြီလော မသိ၊ နံနက်စာ စားသောက်ပြီးကြသည်နှင့်တစ်ပြိုင်နက် အချုပ်ခန်းတံခါး ပွင့်သွားပြီးနောက် ဂျိုရှုအာ၏ တံဆိပ်အမှတ်အသားများတပ်ထားသည့် စစ်သားများသည် အခန်းတွင်းသို့ ဝင်ရောက်လာလေ၏။ ထိုအထဲတွင် သူ၏ကိုယ်ရံတော် ဗိုလ်မှူးကိုယ်တိုင် စစ်ဗိုလ်အဖြစ်ဖြင့် . . . ပါလာ၍ ကျွန်ုပ်တို့အား သူ့နောက်သို့လိုက်ခဲ့ရန် အမိန့်ပေးလေ၏။

“ဘယ်ကိုလိုက်ရမှာလဲ . . .”

(ခက်ထန်သောမျက်နှာဖြင့်) “တိုင်းသူပြည်သားအချို့ကို သတ်ပစ်တဲ့အတွက် သင်တို့ကို နှင်းဆီမယ်ဘုရင်မနဲ့ သူ့ဥပဒေပြုအဖွဲ့က တရားစီရင်မယ့်ရုံးတော်ကို လိုက်ရလိမ့်မယ် . . .”

ထိုအခါ ဟာစ်က ကျွန်ုပ်အား . . .

“ဟာ . . . ဘုရားမတာပဲဗျို့ . . . ကျုပ်တို့ဘုရင်မသာ အဖွဲ့ထဲမှာ သဘာပတိဖြစ်ရင် ကျုပ်တို့မှချလွှတ်ပြီးသားပဲ . . .”

“တယ်လဲ မထင်နဲ့ဦး ဆရာကြီး . . . အခြေအနေဆိုတာ အင်မတန် ထူးဆန်းတယ်ဗျာ . . . ပြီးတော့ မိန်းမဆိုတာလဲ သိပ်ပြီး စိတ်ပြောင်းလဲတတ်တယ်”

“ပြောင်းနိုင်ပါ့မလား အဒမ်ရယ် . . . သူဟာ အိုလီဗာကို မေတ္တာရှိနေတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား”

“ဒါပေမယ့် တစ်ဘက်က ဂျိုရှုအာကလည်း မာကွီဒါကို ကြိုက်နေတယ်ဗျာ . . . အခုအခါမှာ ဘုရင်မက သူ့လက်ခုပ်ထဲမှာ ဖြစ်နေတယ်”

* * * * *

ကျွန်ုပ်တို့အား စစ်ဆေးစီရင်ခြင်း

ကျွန်ုပ်တို့ ၄ ဦးသားတို့မှာ အစုတ်စုတ်အပြတ်ပြတ်ဖြစ်နေသော အဝတ်အစားများနှင့် စီတန်းကာ . . . မတ်တတ်ရပ်၍နေရ၏။ အချုပ်ထောင်မှ ထွက်လာ၍ ခြံဝင်းထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် စစ်သားများသည် သုံးတန်း တန်းကာ ကျွန်ုပ်တို့အား ဝိုင်းရံ၍လိုက်ပါလာကြ၏။ ပထမ၌ ကျွန်ုပ်တို့ထွက်ပြေးမည်စိုးသဖြင့်သာ ဤသို့စောင့်ကြပ်ခြင်းဖြစ်မည်ဟု ထင်မိ၏။ သို့သော် . . . ဤသို့မဟုတ်ချေ။ အက်ဗတီမြို့သူမြို့သားများသည် ကျွန်ုပ်တို့အသားကိုစား၍ အသွေးကိုသောက်လိုကြသဖြင့် ကျွန်ုပ်တို့အား အတင်းဝင်ရောက်သတ်ဖြတ်မည့်အန္တရာယ်မှ ကာကွယ်ရန် စောင့်ကြပ်ခြင်းဖြစ်လေသည်။ လမ်းတစ်လျှောက်လုံး၌ မိန်းမများ ကလေးများကပင် ကျွန်ုပ်တို့အား လက်သီးပြခြင်း တံထွေးဖြင့်ထွေးခြင်းများကို ပြုလုပ်ကြ၏။

"အဘတို့က သူတို့အတွက် ဒီလောက်လုပ်ပေးပါရက်သားနဲ့ အဘတို့ကို ဘာကြောင့် ဒီလောက်မုန်းရတာလဲ . . . အဘရဲ့"

"အချက် ၂ ချက်ရှိတယ် ငါ့သား၊ ပထမအချက်က သူတို့ဘုရင်မက ငါတို့အထဲက တစ်ယောက်ကို မေတ္တာရှိနေတယ်ကွဲ့၊ ဒုတိယအချက်က ငါတို့ကြောင့် သူတို့လူတွေ အတော်များများ သေခဲ့တယ်၊ ပြီးတော့ သူတို့ဟာ နိုင်ငံခြားသားတွေကို အင်မတန်မုန်းတယ်၊ နောက် ဖန်းတွေလည်းမရှိတော့တဲ့အတွက် တို့ကို သတ်ရင် ဘာမှမဖြစ်နိုင်တော့ဘူးလို့ အောက်မေ့ကြတယ်"

"ဒါပေမယ့် . . . ဟိုမှာကြည့်စမ်း . . . အဘ၊ ဟာမာ့ခ်ရုပ်တုကြီးရဲ့ခေါင်းဟာ . . . အခု မားမြို့ကိုရောက်နေပြီ . . . မဟုတ်လား . . . ဟာမာ့ခ်သွားရာကို ဖန်းတွေလိုက်ကြလိမ့်မယ်၊ သူတို့က ဖန်းတွေပြေးပြီထင်နေတယ် . . . ကြည့်သာနေပါ အဘရာ . . . တစ်နှစ်မှာပြန်လာမလား တစ်လမှာ ပြန်လာမလားပဲ"

ထိုအချိန်၌ ကျွန်ုပ်တို့မှာ ဘုန်းကြီးများ တရားသူကြီးများ တရားစီရင်ရာ ရုံးအနီးသို့ ရောက်လာကြပြီးဖြစ်၍ . . . အစောင့်အကြပ်များသည် နန်းတွင်းသူ နန်းတွင်းသား စစ်ဗိုလ် စစ်သားများအကြားမှဖြတ်၍ ကျွန်ုပ်တို့အား ခေါ်သွားရာ ထိုအဆောင်ကြီးပင် ပရိသတ်များဖြင့် ပြည့်နှက်လျက်ရှိနှင့်လေပြီ၊ ထို့နောက် ကျွန်ုပ်တို့အား အခန်းအလယ် တရားခံများထားသည့် နေရာကွက်လပ်၌ . . . ရပ်နေစေ၏။ နံရံနှင့် ကပ်လျက်သား . . . တရားသူကြီးများထိုင်သည့် ခုံများရှိ၏။ ဥပဒေပြုအဖွဲ့ဝင်များမှာ (၅)ယောက်သာဖြစ်၍ ဂျိုရှူအာ အပါအဝင်ဖြစ်လေသည်၊ အလယ်ဗဟို၌ကား . . . အဖွဲ့၏သဘာပတိအဖြစ်ဖြင့် မာကွဲဒါဘုရင်မကိုယ်တိုင် တစ်ကိုယ်လုံးပါးလွှာသော ပိုးခြုံထည်ခြုံကာ . . . ထိုင်လျက်ရှိလေသည်။

ဘုရင်မကို မြင်လိုက်လျှင် မြင်လိုက်ခြင်း အိုလီဗာက . . .

"ဘုရားမလို့ မသက်မသေဘဲတွေ့ရတာ"

ဟု အင်္ဂလိပ်ဘာသာဖြင့် တီးတိုးရေရွတ်လိုက်သေး၏။ အစောင့်စစ်သားများက ကျွန်ုပ်တို့အား အတန်ငယ်ရှေ့သို့တိုးစေ

သဖြင့် . . . ကျွန်ုပ်တို့လည်း ရှေ့သို့အနည်းငယ်တိုးကာ ဘုရင်မအား ဦးညွှတ်လိုက်ကြ၏။ သို့သော် . . . ဘုရင်မမှာမူ ကျွန်ုပ်တို့ကို အနည်းငယ်မျှ ဂရုမစိုက်ချေ။ သူ၏လက်ယာတွင်ရှိသော ဂျူရှူအာဘာကသို့သာ ဦးခေါင်းကိုငဲ့လိုက်ပြီးလျှင် တစ်စုံတစ်ရာ ပြောလိုက်သဖြင့် . . . ဂျူရှူအာက ရယ်မောလိုက်လေသည်။

ထို့နောက် ကျွန်ုပ်တို့အမှုကို စ၍ဖွင့်လေရာ အင်္ဂလိပ်ရုံးများတွင် အစိုးရအမှုလိုက်ရှေ့နေကြီးကဲ့သို့ အမှုကြေညာသူတစ်ဦးက “ကျွန်ုပ်တို့သည် အက်ဗတီတို့လက်အောက်တွင် စစ်မှုထမ်းနေသူများဖြစ်၍ ၎င်းကိုအခွင့်အရေးယူကာ . . . ပြည်တွင်းစစ်ဖြစ်လေအောင် ကျွန်ုပ်တို့က လှုံ့ဆော်ပေးခဲ့ကြောင်း ဤတွင်အက်ဗတီအသက်ပေါင်းများစွာ သေဆုံးရကြောင်း၊ အချို့မှာ ကျွန်ုပ်တို့နှင့် သေသူ ကွစ်၏လက်ချက်ဖြင့် တိုက်ရိုက်သေဆုံးကြရကြောင်း၊ နန်းတော်ကြီးမီးသင့်လောင်သည်မှာလည်း . . . ကျွန်ုပ်တို့အတွက်ပင်ဖြစ်ကြောင်း၊ ဤမျှသာမက “နှင်းဆီမယ်” ဘုရင်မအားလည်း မြေအောက်ကျောက်ဂူမြို့ကြီးသို့ တိတ်တဆိတ်ခေါ်ဆောင်သွားရာ . . . ကျွန်ုပ်တို့အဖော် ဂျေဖက်က ထုတ်ဖော်ပြောသဖြင့်သာ ကျွန်ုပ်တို့ပုန်းအောင်းသောနေရာကို သိရကြောင်းဖြင့် စွပ်စွဲပြောဆိုလေ၏။

ဤသည်ပင် ကျွန်ုပ်တို့အပေါ်တွင် စွပ်စွဲချက်များဖြစ်၍ အိုင်္ဂါဇာနှင့် ဘုရင်မတို့ မေတ္တာသက်ဝင်ပုံကိစ္စ အလျဉ်းမပါချေ။ ထို့နောက် အစိုးရရှေ့နေကြီးက ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ခုခံပြောဆိုရန် ရှိပါသလောဟု စကားပြန်နှင့်မေးမြန်းရာ . . . အိုလီဗာက နှစ်ဦးနှစ်ဘက် တိုက်ခိုက်၍ လူများကျဆုံးခြင်းမှာ မှန်ကြောင်း၊ သို့သော် ကျွန်ုပ်တို့သည် ကျောက်ဂူမြို့ကြီးအတွင်းသို့ ပြေးဝင်ခိုလှုံခြင်းမျှသာဖြစ်ရာ . . . ကျန်အကြောင်းများကို

ဘုရင်မကိုယ်တိုင် သိရှိပြီးဖြစ်သည့်အတိုင်း ဘုရင်မသည် ကျွန်ုပ်တို့အတွက် . . . သူ့သဘောအတိုင်း ပြောကြားလိမ့်မည်ဖြစ်ကြောင်းနှင့် ပြန်ပြောလေ၏။

ထိုအခါ နားထောင်နေသော ပရိသတ်က . . .

“သူတို့အပြစ်ရှိကြောင်း ဝန်ခံပြီး . . . သေဒဏ်ပေးလော့”

ဟု ဟစ်အော်ကြရာ တရားသူကြီးများလည်း နေရာမှထကာ မာကွီဒါအား ဝိုင်းရံ၍ နီးနှောတိုင်ပင်ကြလေ၏။

နောက်ဆုံး၌ တိုင်ပင်၍ပြီးကြသောအခါ တရားသူကြီးများလည်း နေရာသို့ပြန်၍ထိုင်ကြလေ၏။ ထိုအခါ ဘုရင်မက လက်ကိုမြှောက်ရမ်းလိုက်ရာ . . . အခန်းတစ်ခုလုံးမှာ လူတစ်ယောက်မျှ မရှိသကဲ့သို့ ငြိမ်သက်၍သွားလေ၏။ ထို့နောက် ဘုရင်မက အားယူ၍ပြောရဘိသကဲ့သို့ အေးစက်သောလေသံဖြင့် . . .

“တစ်ပြည်သားများ . . . သင်တို့သည် မားမြို့တော်ကြီးတွင် ပြည်တွင်းသူပုန်ဖြစ်အောင် လှုံ့ဆော်ခြင်း မြို့သူမြို့သားများ သေဆုံးရခြင်းများကို ပြုသဖြင့် အပြစ်ရှိကြောင်း ဖြောင့်ဆိုဝန်ခံလေပြီ၊ မြို့သူမြို့သား အမြောက်အမြား သေဆုံးခြင်းကိုအထူးသက်သေပြရန် မလို မုဆိုးမများနှင့် အဖမဲ့ကလေးများက သက်သေခံနိုင်သည်၊ ထိုမှတစ်ပါး “ကျွန်ုပ်” အားလည်း ဂူတွင်းသို့ အနိုင်အထက် ယူဆောင်ကာ သင်တို့၏ လုံခြုံမှုအတွက် ဓားစာခံအဖြစ်ထားခဲ့၏”

ဤနေရာသို့ရောက်လျှင် ဟစ်က . . .

“အလို ဘုရားရေ . . . မမှန်လိုက်တဲ့ မုသား ပြောရက်လေဗျာ”

ဟု အင်္ဂလိပ်ဘာသာဖြင့် ရေရွတ်လိုက်ရာ . . . ကျွန်ုပ်တို့ကမူ တစ်စုံတစ်ရာ မပြောဆိုချေ၊ ဘုရင်မက ဆက်လက်၍ . . .

“ဤပြစ်မှုများကြောင့် သင်တို့အားလုံးသည် ရက်ရက်စက်စက် သေခြင်းဆိုးမျိုးနှင့်ထိုက်တန်၏” (ဤနေရာတွင် ဘုရင်မသည် တခဏမျှရပ်တန့်လိုက်ပြီးနောက် ဆက်လက်၍) “သို့သော် . . . ကျွန်ုပ်၌ တန်ခိုးအာဏာရှိသည့်အတိုင်း ပြစ်မှုကို ကျွန်ုပ်လျှော့လိုက်၏။ ဤနေ့မှစ၍ သင်တို့အား သင်တို့၏ပစ္စည်းများနှင့်တကွ ကုလားအုပ်များကိုပါ ယူဆောင်ပြီးလျှင် မားမြို့မှ ချက်ချင်းထွက်ခွာသွားရန် ကျွန်ုပ်အမိန့်ချမှတ်လိုက်၏။ အကယ်၍ တစ်စုံတစ်ယောက်သည် ပြန်ရောက်လာက သေစေရမည်၊ ဤသို့ပြုလုပ်ခြင်းမှာ ပထမက သင်တို့နှင့် အပေးအယူကတိရှိခဲ့သောကြောင့်ဖြစ်၍ . . . သင်တို့သည် ကြီးလေးသော အပြစ်ကို ကျူးလွန်သော်လည်း မြင့်မြတ်သော အက်ဗတီလူမျိုးများ၏ ဂုဏ်သိက္ခာကို အနည်းငယ်မျှ စွန်းထင်းခြင်းမဖြစ်စေလိုသဖြင့် ဤသို့ အမိန့်ချမှတ်ခြင်းဖြစ်၏၊ အခြေအနေမရှိသော တပြည်သားများ . . . ချက်ချင်းထွက်သွားကြလော့၊ သင်တို့၏မျက်နှာကို နောက်ထပ် ကျွန်ုပ်မကြည့်လိုတော့ပြီ . . .”

ပရိသတ်တမူ . . .

“သူတို့အား သတ်ပါဘုရင်မ . . . သေဒဏ်ပေးတော်မူပါ”

ဟု ဟစ်အော်ကြလေ၏။ သို့သော် . . . လူအုပ်ကြီးအသံငြိမ်သက်သွားသောအခါ ဘုရင်မက . . .

“အမျိုးမြင့်မြတ်သော အက်ဗတီများ . . . ဤလျှော့ပေါ့သောအပြစ်ဒဏ်ကို သင်တို့က သဘောတူကြသည် မဟုတ်ပါလော၊ သင်တို့မကြားဖူးသော်လည်း အခြားနိုင်ငံခြားသားများသည် သူတို့ကိုယ်ကို အသင်တို့လောက် ကြီးကျယ်မြင့်မြတ်သည် ထင်ကာ . . . သင်တို့အား ရက်စက်သည် တရားမဲ့သည်ဟု ကဲ့ရဲ့ကြလိမ့်မည်၊ ကျွန်ုပ်တို့အမျိုးကား ကမ္ဘာပေါ်တွင် အမြင့်ဆုံး အကောင်းဆုံးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံသို့ ရောက်လာသော ဤခွေးလေ ခွေးလွင့်များအား . . . ရက်စက်ခြင်းဖြင့် ဓောလမုန်ဘုရင်၏ သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့အပေါ်တွင် အပြစ်စွန်းငြိကဲ့ရဲ့ခြင်းကို မခံလိုကြပါနှင့်၊ ဒီခွေးတွေကိုခေါ်ယူရတာ တခြားအကြောင်းကြောင့် မဟုတ်ဘူး အမဲလိုက်နိုင်းဖို့ခေါ်ရတာ . . .၊ သိကြရဲ့လား . . . ဖန်းဆိုတဲ့ အမဲကိုလိုက်ဖို့ပဲ၊ အမဲလိုက်လည်း ကောင်းကြပါပေတယ် . . . ဒါကြောင့် လွှတ်ပေးလိုက်ကြပါ၊ သူတို့ကြိုက်တတ်တဲ့ အရိုးတွေချီပြီး ပြေးကြပါစေ၊ ချမ်းသာတဲ့ အက်ဗတီလူမျိုးတွေမှာ သူတို့ အဖိုးတန်တယ်ထင်တဲ့ အရိုးတွေဟာ အသုံးမကျပါဘူး၊ ကျွန်ုပ်တို့မြေပေါ်မှာ ဒီခွေးတွေရဲ့သွေးအစွန်း ခံချင်ကြသလား . . .”

“မခံချင်ပါ . . . ဘုရင်မ . . . အရိုးကို သူတို့အမြီးမှာ ချည်ပြီး မြန်မြန်သာ လွှတ်လိုက်ပါ . . .”

“ကောင်းပြီ သင်တို့သဘောအတိုင်းဖြစ်ပါစေမယ် ပြီးတော့ သင်တို့ကို စကားတစ်ခွန်းပြောစရာရှိပါသေးတယ်၊ သူတို့အထဲက တစ်ယောက်ကို ကျွန်ုပ်က မျက်နှာသာပေးတယ်ဆိုတာ သင်တို့ကြားကြမှာပေါ့ . . .” (ဤနေရာ၌ ဘုရင်မသည် အိုလီဗာအား လှမ်း၍ကြည့်လိုက်၏)

“တချို့ခွေးများဟာ . . . သူတို့ခေါင်းကိုသပ်ပြီး ချော့ပေးမှသာ . . . အလုပ်လုပ်ချင်ကြတယ် . . . သူက အင်မတန်လိမ်မာတဲ့ ခွေး . . . ကျွန်ုပ်တို့မသိတာ သူသိတယ်၊ ဥပမာ ဖန်းရုပ်တုကြီး ဘယ်လိုဖျက်ရမယ် ဆိုတာပေါ့ . . . ကိုင်း ဒီတော့ ကျွန်ုပ်ကဲ့သို့ ဓောလမုန်ဘုရင်နဲ့ ရှီဗာဘုရင်မတို့က ပေါက်ဖွားဆင်းသက်တဲ့ အမျိုးအနွယ် နှင်းဆီမယ်ဘွဲ့ခံ ဘုရင်မတစ်ပါးက အခုလို အခပေးပြီး ငှားတဲ့ တစ်ပြည်သားကလေကဝတစ်ယောက်ကို

မေတ္တာရှိတယ်ဆိုတာ သင်တို့ယုံကြသလား . . . ကျွန်ုပ်ဟာ ကျွန်ုပ် ဦးရီးတော်မင်းသားကြီး ဂျိုရှူအာနဲ့ စေ့စပ်ကြောင်းလမ်းပြီးဖြစ်ကြောင်း သင်တို့သိကြတယ် မဟုတ်လား . . .”

အိုလီဗာသည် တရှူးရှူး တရှားရှားဖြစ်ကာ တစ်စုံတစ်ရာ ပြန်၍ ပြောတော့မည်ပြုစဉ် ဘုရင်မက ဆက်လက်၍ . . .

“သင်တို့ သိတဲ့အတိုင်း အမှန်ဖြစ်တယ်ဆိုတာ နက်ဖြန်ညကျတော့ သင်တို့သာပြီးသိမှာပေါ့၊ နက်ဖြန်ည ကျွန်ုပ်ဦးရီးတော်နဲ့ ကျွန်ုပ် ရှေးထုံးစံအတိုင်း ပထမနေ့ မင်္ဂလာပွဲပြုလုပ်ပြီး နောက်တစ်နေ့မှာ လက်ထပ်မဲ့အခမ်းအနားကို သင်တို့အား ဖိတ်ကြားလိုက်ပါတယ်”

ဟု ပြောကြားပြီးလျှင် ပရိသတ်များဘက်သို့ ၃ ကြိမ်ဦးညွှတ်လိုက်ပြီးလျှင် . . . ဂျိုရှူအာဘက်သို့ သူ၏လက်ကို ကမ်းပေးလိုက်ရာ . . . ဂျိုရှူအာသည်လည်း မာကွီဒါ၏လက်ကို နမ်းရှုံ့လိုက်လေ၏။ ထိုအခါ ပရိသတ်များက ဆူညံစွာသြဘာပေးကြလေသည်။

အိုလီဗာက ရွံ့ရှာမုန်းတီးသည့်လေသံဖြင့် အောက်ပါအတိုင်း ပြန်၍ပြော၏။

“အို . . . ဘုရင်မ ကျွန်ုပ်တို့ တစ်ပြည်သားများကား, . . . သင်မိန့်မြွက်သော စကားကိုကြားရပြီဖြစ်ပါ၍ ဖန်းရုပ်တုကို ဖျက်ဆီးခြင်းဟု ဆိုအပ်သော ကျွန်ုပ်တို့၏ဆောင်ရွက်မှုကို ထုတ်ဖော်ချီးကျူးသည့်အတွက် ကျေးဇူးတင်လှပါသည်။ ကျွန်ုပ်တို့အား ညှဉ်းပန်း၍ သတ်ဖြတ်နိုင်သော အာဏာ သင်နှင့်အဖွဲ့တွင်ရှိပါလျက် ၎င်းအစား ကျွန်ုပ်တို့ပြုလုပ်ခဲ့သည့် အလုပ်အတွက် ဆုလာဘ်အဖြစ်ဖြင့် ကျွန်ုပ်တို့အား လက်ရှိပိုင်ဆိုင်သော ပစ္စည်းများကို ယူဆောင်ကာ ပြင်းပြင်းထန်ထန် ဆော်ကားသော စကားများဖြင့် မားမြို့မှ နှင်ထုတ်လိုက်သည်ကိုလည်း ကျေးဇူးတင်လှပါသည်။ ကျွန်ုပ်တို့သည် အသက်မသေ ကျွန်ုပ်တို့တိုင်းပြည်သို့ ပြန်ရောက်က သင်နှင့်တကွ အက်ဗတီတို့၏ ရက်ရောဖော်ရွေမှုကို ပြော၍ မပြီးနိုင်အောင်ရှိကြပါတော့မည်။ ဤသတင်းသည် ဖန်းလူရိုင်းများနားသို့လည်း ရောက်မည်ယုံကြည်၍ ကြီးကျယ်ခြင်း မြင့်မြတ်ခြင်းဆိုသည်မှာ လက်နက်ဖြင့် ကြံစည်အပ်သော ရိုင်းစိုင်းသည့်အလုပ်များပေါ်၌ မတည်၍ လူ၏အသည်းနှလုံး၌သာ တည်ကြောင်း သူတို့သိရှိကြပါလိမ့်မည် . . . ကျွန်ုပ် နောက်ဆုံးတောင်းခံလိုသည်မှာ ယခုစကားများကို သင့်မျက်နှာဖုံးအောက်မှ အခြားမည်သူမျှ မဟုတ်ဘဲ သင်ကိုယ်တိုင်ပြောကြားသည်ကို အမှန်သိရရန် သင်၏မျက်နှာကို နောက်ဆုံးတစ်ကြိမ် ကြည့်ပါရစေ . . . သို့မှသာ တိုင်းပြည်အပေါ်တွင် သစ္စာရှိသူ စစ်သည်တော်များအပေါ်၌ စိတ်ထားမြင့်မြတ်သူ၏ ရုပ်ပုံကို ကျွန်ုပ်စိတ်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သား၍သွားနိုင်ပါမည်”

ဘုရင်မသည် အိုလီဗာ၏စကားကိုစိုက်၍နားထောင်နေရာမှ ပြီးဆုံးသောအခါ မျက်နှာကိုအုပ်ထားသော အဝတ်ပါးကလေးကို ဖြည်းညှင်းစွာ လှပ်လိုက်လေ၏။ ဤမျက်နှာကို အသက်သေသည့်တိုင်အောင် မေ့တော့မည်မဟုတ်ချေ။ သူသည်ကား . . . အမှန်ပင် မာကွီဒါဖြစ်သော်လည်း များစွာပြောင်းလဲလျက်ရှိလေ၏။ မျက်နှာမှာ ပင်ပန်းနွမ်းနယ်ခြင်းဖြင့် ဖြူဖတ်ဖြူရော်ဖြစ်ကာ မျက်လုံးများမှာ ကျောက်မီးသွေးတမျှ နက်မှောင်၍နေပြီးလျှင် နှုတ်ခမ်းမှာ ခပ်စိစိရှိနေ၏။ မျက်နှာထားမှာ ပြောင်ပြောင်ကြီး သစ္စာမရှိသော မိန်းမတစ်ယောက်က မိမိအလိမ်ပေါ်မည်ကို စိုးရိမ်နေသကဲ့သို့ အဓိပ္ပါယ်မျိုးရှိသည်ဟု ကျွန်ုပ်ထင်မိပေ၏။

ဘုရင်မသည် အိုလီဗာနှင့် မျက်လုံးချင်းဆိုင်မိကြရာ အိုလီဗာက တောင်းပန်ခြင်း စိတ်ပျက်ခြင်း အဓိပ္ပါယ်မျိုးရှိနေသော မျက်လုံးများဖြင့်ကြည့်၏။ ဘုရင်မကမူ မျက်နှာထားကို တင်းနိုင်သမျှတင်းတင်းကြီးထားကာ အနည်းငယ်မျှ အလျှော့မပေးသည့် အမူအရာရှိလေသည်။ ထို့နောက် အိုလီဗာအား ပျက်ရယ်ပြောင်လှောင်သည့်ဟန်ဖြင့် ကြည့်ကာ မျက်နှာဖုံးကို ပြန်၍ချလိုက်လေ၏။ ထိုအခါ ဟစ်က ကျွန်ုပ်နားနားသို့ကပ်၍ . . .

"အိုင်ဆေး . . . ကြည့်စမ်းပါဦးဗျာ . . . ကြောက်စရာကောင်းလိုက်တဲ့မျက်နှာနယ် . . . ကျုပ်ဖြင့် ခြင်္သေ့တွင်းထဲတောင် ပြန်သွားချင်ပြီ"

ဟု ပြောလိုက်၏။

ထိုခဏ၌ အိုလီဗာသည် ခြောက်လုံးပြူးအိတ်ကို စမ်းသပ်ကြည့်သေး၏။ သို့သော် ကျွန်ုပ်တို့ထံမှ လက်နက်များကို သိမ်းဆည်းခဲ့ပြီဖြစ်၍ သူသည် အိတ်ထဲမှ အဆိပ်ဆေးလုံးကို ထုတ်ယူကာ ပါးစပ်တွင်းသို့ထည့်ရန် လက်မြှောက်လိုက်လေ၏။ သို့သော် သူနှင့်ကပ်နေသော ရှေ့ဒရစ်က မြင်သည်နှင့် လျင်မြန်စွာ ပုတ်ချလိုက်ပြီးလျှင် ဆေးလုံးကို ခြေဖြင့်နင်းချေပစ်လိုက်လေသည်။ အိုလီဗာသည် ရှေ့ဒရစ်ကို ထိုးသတ်ရန် လက်ကိုမြှောက်လိုက်၏။ သို့သော် . . . တစ်စုံတစ်ရာ မပြုလုပ်နိုင်မီ သူသည် နေရာ၌ပင် ပုံ၍လဲကျသွားရာ . . . သတိလုံးလုံးမရတော့ချေ။ မာကွီဒါကိုယ်တိုင် ထိုအခြင်းအရာများကိုမြင်ရသဖြင့် ဘုရင်မသည် သူထိုင်နေသော ကုလားထိုင်လက်တန်းကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ကြောင်း ကျွန်ုပ်သတိပြုလိုက်မိ၏။ ထို့နောက် ဘုရင်မက . . .

"ဟဲ့ ဒီလူဖြူလည်း စိတ်ပျက်ပြီး သတိမေ့သွားတာနဲ့တူတယ် . . . အပြင်ထုတ်သွားပြီး သူ့အဖော် ဆေးဆရာကြီးအဒမ်က ပြုစုပါစေ သတိရလာတာနဲ့ တစ်ပြိုင်နက် သူတို့ကို ဘာမှ ရန်မမူကြဘဲ မားမြို့က ချက်ချင်းထွက်သွားပေစေ။ စားရေရိက္ခာတွေလည်း လုံလုံလောက်လောက် ပေးလိုက်ကြပါ၊ အသက်ချမ်းသာပေးပြီး အစာငတ်အောင် လုပ်လွှတ်လိုက်တယ်လို့ ပြောစရာဖြစ်နေပါဦးမယ် . . ."

အရာရှိများအား ဤသို့အမိန့်ပေးပြီးလျှင် မာကွီဒါသည် တရားစီရင်ခြင်း ပြီးဆုံးကြောင်း အထိမ်းအမှတ်ဖြင့် လက်ကိုဝှေ့ရမ်းပြပြီးနောက် တရားခွင်မှ ဆင်းသွားလေရာ တရားသူကြီးများနှင့် အရာရှိများလည်း နောက်မှပါသွားကြလေ၏။ ထိုအခါ၌ အက်ဗတီအစောင့်အကြပ်များသည် ထမ်းစင်တစ်ခုကို ယူခဲ့ကြပြီးလျှင် . . . အိုလီဗာအား ရုံးအပြင်သို့ ထုတ်သွားသဖြင့် ကျွန်ုပ်တို့လည်း နောက်မှလိုက်ပါသွားကြလေ၏။ ကျွန်ုပ်သည် အက်ဗတီအရာရှိနှစ်ယောက် စကားပြောနေသည့်အနီးမှ ဖြတ်၍သွားစဉ် တစ်ယောက်က သူ့အဖော်အား . . .

"ဒါပေါ့၊ ဗိုလ်ကလေးရဲ့ နှင်းဆီပွင့်ကို ခူးချင်တဲ့ခွေးတော့ ပန်းပွင့်ကိုမရဘဲ ဆူးစူးတာ အဖတ်တင်တာပေါ့ . . ."

ဟု ပြောလိုက်သံကို ကြားရ၏။

* * *

တိုင်းပြည်မှထွက်ခွာသွားရခြင်း

ကျွန်ုပ်တို့အခန်းသို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်သည် အိုလီဗာအား သတိရအောင် ပြုလုပ်ရလေရာ မကြာမီ အိုလီဗာသည် သတိရလာသဖြင့် ကျွန်ုပ်တို့အား . . .

"ခင်ဗျားတို့ကို ကျုပ်တစ်ခု တောင်းပန်ချင်တာက . . . အားလုံးမြင်ကြတဲ့အတိုင်းပဲ၊ ဘာမှ ငြင်းနေစရာ ရှင်းလင်းစရာ မလိုတော့ဘူး . . . ဒီတော့ ကျုပ်ကိုချစ်ကြရင် ဒီအချိန်ကစပြီး မာကွီဒါအကြောင်း ကျုပ်ကို မပြောဖို့ ကျုပ်တောင်းပန်ချင်တယ် ကျုပ်တို့ကို ဒီလိုလုပ်ဖို့သူ့မှာ လုံလောက်တဲ့အကြောင်းရှိတယ်၊ သူကြီးပြင်းလာရတာကလည်း ကျုပ်တို့လိုမဟုတ်တော့ သူ့နည်းနဲ့သူပဲ . . . သူ့ကို ဘာမှအပြစ်တင်စရာမလိုဘူး၊ အဆုံးမှာတော့ ကျုပ်ဟာကျုပ် မိုက်ပြစ်အတွက် ခံရတာပဲ . . . ကိုင်း . . . သွားခါနီး အစာကလေးများ ဝအောင်သွတ်လိုက်ကြဦးစို့၊ နောက်ဘယ်လောက်ကြာမှ အစာနဲ့တွေ့မယ်ဆိုတာ မပြောနိုင်သေးဘူး . . ."

ဟုပြောသဖြင့် ကျွန်ုပ်တို့လည်း ရှိသမျှ အစားအစာများကို ဗိုက်ကားအောင် စားသောက်ကြလေ၏။

ကျွန်ုပ်တို့ စားသောက်ပြီးသည့်အချိန်နှင့် တစ်ပြိုင်နက်လိုပင် အခန်းတွင်းသို့ အရာရှိတစ်ယောက် ဝင်လာပြီးလျှင် ထွက်ခွာသွားရန် အချိန်ကျပြီဖြစ်ကြောင်းနှင့် ကြမ်းတမ်းစွာပြောဆိုလေ၏။ သူ့နောက်မှ အရံစစ်သားသည် အဝတ်ထုပ်များကိုယူလာကြ၍ ကျွန်ုပ်တို့အားပေးကြရာ . . . ၎င်းအနက် ကုလားအုပ်မွေးနှင့် ရက်လုပ်သော သားမွေးအင်္ကျီရှည်ကြီး ၄ ထည်ရှိလေသည်။ သို့နှင့် ကျွန်ုပ်တို့လည်း ဝန်စည်စလယ်များကို အထုပ်အပိုးပြုလုပ်ကြရ၏။ ထို့နောက် ကျွန်ုပ်တို့၏ စုတ်ပြတ်သော အင်္ကျီ ဘောင်းဘီများကို စွန့်ပစ်ကာ အထက်တန်းစား အက်ဗတီများကဲ့သို့ ဝတ်ဆင်ကြပြီးလျှင် ထွက်ခဲ့ကြရာ တန်းလျား၏အဆုံး တံခါးဝတွင် ကျွန်ုပ်တို့စီးရန် အသင့်ရှိနေသည့် ကုလားအုပ်များနှင့် အခြားဝန်တင်ကုလားအုပ်များကို တွေ့ရလေ၏။ ကုလားအုပ်များမှာ အကောင်းဆုံးများကို ရွေးချယ်ပေးသည့်ပြင် အိုလီဗာစီးရမည့် ကုလားအုပ်မှာလည်း အခမ်းအနားများတွင် မာကွီဒါစီးနင်းသော ကုလားအုပ်ဖြစ်လေသည်။ အိုလီဗာသည် မာကွီဒါအား စိတ်ထဲက အမှတ်ရဟန်ဖြင့် မချိပြုံး ပြုံးလိုက်ရှာသေး၏။

ထိုအခါ စစ်ဗိုလ်က ကျွန်ုပ်တို့အား . . .

"တစ်ပြည်သားများ . . . သင်တို့ပစ္စည်းများ စေ့စုံလင်စွာ ပါသည် မပါသည်ကို ဤနေရာတွင် ရေတွက်၍ ကြည့်ပါလော့၊ ဤအထုပ်မှာ သင်တို့၏ လောင်မီးလက်နက်များဖြစ်၍ မြို့တံခါးသို့ရောက်သောအခါမှ သင်တို့လက်သို့ပေးအပ်ရန် အမိန့်ရှိ၏။ ဤကုလားအုပ်များပေါ်၌ကား ကျောက်ဂူထဲမှ တွေ့ရသော သေတ္တာများဖြစ်၍ မည်သည့်ပစ္စည်းများပါရှိသည်ကို ကျွန်ုပ်တို့ မသိရသော်လည်း သင်တို့ပိုင်ပစ္စည်းဖြစ်၍ ယူသွားလော့၊ အခြားကုလားအုပ်နှစ်ကောင်မှ အထုပ်မှာ ဘုရင်မက သင်တို့အတွက် ချီးမြှင့်လိုက်သည့် လစာငွေရိက္ခာတော်များဖြစ်၍ အီဂျစ်နိုင်ငံသို့ရောက်မှသာ ရေတွက်ကြည့်ရန် အမိန့်ပါ၏။ အခြားကုလားအုပ်

နှစ်ကောင်မှာ သင်တို့စားသောက်ရန် အစားအစာများပါ၍ နောက်ဆုံးမှ ကုလားအုပ်နှစ်ကောင်ကိုလည်း အလွတ်ထည့်ပေးလိုက်၏။ ကုလားအုပ်များပေါ်သို့ ယခုပင်တက်၍ မောင်းနှင်သွားကြလော့ . . .”

သို့နှင့် ကျွန်ုပ်တို့လည်း ကုလားအုပ်များပေါ်သို့ တက်ပြီးလျှင် အစောင့်များခြံရံကာ မားတောင်ကြားလမ်းရှိရာသို့ ရှေးရှုနှင်ကြလေ၏။ ဟာစ်က ကျွန်ုပ်အနီးသို့ကပ်၍ . . .

“အိုင်ဆေး . . . ဒေါက်တာ . . . ကျုပ်တို့တော့ သချိုင်းဂူထဲက အရှားဆုံး အဖိုးအတန်ဆုံး ပစ္စည်းတွေ တစ်ခါတည်းရလာတာပဲ၊ ဒီပစ္စည်းတွေများ လန်ဒန်ကိုချောချောမောမောရောက်ရင် ကျုပ်တော့ ကမ္ဘာကျော်တစ်ယောက်ဖြစ်ဦးမယ်၊ ကိုင်း . . . ခင်ဗျားကုလားအုပ် မြန်မြန်နှင်ပေးဗျို့၊ ဒီအကောင်တွေ စိတ်မပြောင်းခင် မြို့က ကျုပ်တို့ခပ်မြန်မြန် ထွက်နိုင်မှ ကောင်းမယ်ဗျာ့ . . .”

တောင်ကြားဝ စခန်းသို့ ရောက်သောအခါ ဂျိုရှူအာကိုယ်တိုင် သံကိုယ်ကျပ်အင်္ကျီကြီးကိုဝတ်ကာ မြင်းတစ်စီးကိုစီးနင်းလျက် အခြွေအရံများနှင့်တကွ ကျွန်ုပ်တို့အား စောင့်ဆိုင်းနေသည်ကို တွေ့ရလေ၏။ သူသည် ကျွန်ုပ်တို့အား . . . လှောင်ပြောင်သည့် အမူအရာမျိုးဖြင့် . . .

“အသင်တစ်ပြည်သားများ . . . သင်တို့အား ကျွန်ုပ်နောက်ဆုံးနှုတ်ဆက်လိုက်ပါသည်။ တိုင်းပြည်သို့ ချောမောစွာရောက်ရန်လည်း ဆုတောင်းပါသည်။ အသင် အိုလီဗာ . . . မာကွီဒါက သင့်အား စကားလက်ဆောင်တစ်ခုပါးလိုက်ပါသေးသည်။ ၎င်းမှာ သူသည် သင်တို့အား သူ၏မင်္ဂလာလက်ထပ်ပွဲတွင် ဧည့်ခံခြင်းမပြုရသဖြင့် ဝမ်းနည်းကြောင်း၊ သင်နေခဲ့သော်

တိုင်းသူပြည်သားများသည် သင်၏လည်ပင်းကိုမဖြတ်ဟု တာဝန်မယူနိုင်ဘဲ သင်ကဲ့သို့ခွေးတစ်ကောင်၏သွေးဖြင့် မားမြို့တွင် အစွန်းအထင်းမခံနိုင်ကြောင်းပင် ဖြစ်ပါသည်။ ထို့ပြင်လည်း သူ၏ကိုယ်ကျိုးအတွက် သင့်အား အသုံးပြုသော မိန်းမတိုင်းသည် သင်၏ရုပ်ရုံကိုစွဲလန်းနေပြီဟု သင်မယုံကြည်ရန် ဤမြို့မှ သင်ခန်းစာတစ်ခု သင်ရရှိသွားလိမ့်မည်ဟု မျှော်လင့်ကြောင်း ကျွန်ုပ်မှတစ်ဆင့်ပြောကြားရန် သင့်အားမှာလိုက်ပါသေး;သည်။ နက်ဖြန်ညနှင့် နောက်တစ်နေ့ညတွင် မာကွီဒါနှင့် သူ၏ခင်ပွန်းတို့၏ပျော်ရွှင်မှုအတွက် အရက်တစ်ခွက်ကိုသာ သင်သောက်လိုက်ပါလေ၊ ကျွန်ုပ်အား လက်ဆွဲ၍နောက်ဆုံးနှုတ်ဆက်သွားပါဦးလော့ . . . အို . . . တစ်ပြည်သား”

အိုလီဗာ၏မျက်နှာမှာ စက္ကူကဲ့သို့ ဖွေးကနဲဖြစ်၍သွားလေ၏။ ထို့နောက် ဂျိုရှူအာအား စိမ်းစိမ်းကြည့်လိုက်ပြီးလျှင် တည်ငြိမ်အေးဆေးလှသောအသံဖြင့် . . .

“အသင် မင်းသား . . . မားမြို့တွင် နေ ၃ ကြိမ်မထွက်မီ မည်သို့ဖြစ်မည်ကို မည်သူပြောနိုင်ပါသနည်း၊ မည်သည့်အရာမဆို အစဦးကောင်းလျှင် အဆုံးသတ်၌ ချောချောမောမောမရှိတတ်သည်ကို ကျွန်ုပ်သိသလို သင်လည်းသိပါလိမ့်မည်၊ အနည်းဆုံးအနေးနှင့်အမြန် သင်၏အလှည့်ကြုံကာ သင်လည်း လှည့်ပတ်ဖြားယောင်းခြင်းကို မုချခံရပေမည် မှတ်လေလော့ . . .”

သို့ပြောဆိုပြီးနောက် အိုလီဗာသည် နောက်သို့ပြန်လှည့်၍မကြည့်ဘဲ ကုလားအုပ်ကို အမြန်မောင်းနှင်သွားလေ၏။ ကျွန်ုပ်တို့က နောက်မှလိုက်သွားရာ ကျွန်ုပ်လည်း ဂျိုရှူအာအား တစ်ချက်လှည့်၍ကြည့်လိုက်သည်တွင် ဂျိုရှူအာ၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြစ်သွားပြီးနောက် သူ၏မျက်လုံးကြီးများသည်

လည်း ငါး၏မျက်လုံးများကဲ့သို့ ပြူးထွက်လျက်ရှိနေသည်ကို မြင်လိုက်ရလေ၏။ ဤသည်ကား ဂျိုရှုအာကို ကျွန်ုပ်တို့နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပေတည်း။

* * * *

ကျွန်ုပ်တို့လည်း "မား"တောင်ကြားလမ်းတစ်လျှောက် လွင်ပြင်သို့အရောက် တဖြည်းဖြည်းလာခဲ့ကြရာ နေရာအသီးသီးမှ တံခါးများသည် ကျွန်ုပ်တို့အားဖွင့်ပေးပြီးနောက် ကျွန်ုပ်တို့ထွက်မိလျှင် ပြန်၍ပိတ်သွားကြလေ၏။ သူတို့ကလည်း လိုက်ပို့ရသော အလုပ်ဝတ္တရားကို အမြန်ပြီးလို၍ ကျွန်ုပ်တို့ကလည်း သူတို့၏မျက်နှာကို မကြည့်မမြင်လိုကြရကား လမ်းတွင်တစ်စုံတစ်ရာ ဖင့်နွဲ့နှောင့်နှေးခြင်းမရှိကြချေ၊ သို့နှင့် နောက်ဆုံးတံခါးဝသို့ရောက်လျှင် အစောင့်များလည်း ကျွန်ုပ်တို့အား မလိုမုန်းတီးသော နှုတ်ဆက်ခြင်းမျိုးဖြင့် နောက်ဆုံးနှုတ်ဆက်ပြီးသော် ဖန်းတို့၏ဘေးရန်ကိုလည်း အစဉ်ကြောက်နေရသဖြင့် မြို့တံခါးကြီးများကို လျင်မြန်စွာပိတ်လိုက်ကြလေ၏။ ကျွန်ုပ်တို့ကလည်း အက်ဗတီလူမျိုးဟူ၍ ဤဘဝ ထိုဘဝတွင် မတွေ့ မကြုံရစေရန် ဆုတောင်းမိကြ၏။

လွင်ပြင်သို့ရောက်သောအခါ ကျွန်ုပ်တို့လည်း အတော်ပင်စိတ်သက်သာရာ ရကြပြီဖြစ်၍ ကိုယ်တိုင်စီးနင်းသော ကုလားအုပ်များနှင့် ဝန်တင်ကုလားအုပ်များကို ကြိုးများဖြင့် သီကာသွားကြလေ၏။ မကြာမီ ကျွန်ုပ်တို့သည် ဖန်းတို့၏ဘုရင် "ဗာရန်" နှင့်တွေ့ဆုံသော နေရာသို့ရောက်လာကြရာ အချိန်လပေါင်းများစွာပင် ကြာခဲ့သော်လည်း ဘုရင်မနှင့် ဗာရန်တို့ အချီအချစကားပြောပုံ ဂျိုရှုအာက "ဗာရန်"အား အလစ်တွင် ဖမ်းပုံ ကျွန်ုပ်တို့က ဗာရန်၏အသက်ကို ကယ်လိုက်ပုံ သွားလေသူ ကွစ်အား ဗာရန်

က အထိမ်းအမှတ်အဖြစ်ဖြင့် ရွှေကြိုးတစ်ကုံးပေးခဲ့ပုံများကို ကျွန်ုပ်သည် သတိရမိ၏။

ထိုနေရာ၌ ကျွန်ုပ်တို့သည် ခေတ္တမျှ ရပ်နား၍ ရိုင်ဖယ်နှင့် ခြောက်လုံးပြူးသေနတ်များကို ယမ်းတောင့်များထိုးကာ . . . အသင့်ပြင်ဆင်ကြ၏။ ကုလားအုပ်တန်းကြီးကို အုပ်ချုပ်ရန် ကျွန်ုပ်တို့လေးယောက်သာရှိသဖြင့် တာဝန်များကိုအသီးသီးခွေပုံကျ ခွဲယူကြရလေရာ . . . ဟစ်နှင့် ကျွန်ုပ်က ရှေ့ဆုံးမှသွားရ၏။ အထူးသဖြင့် ကျွန်ုပ်မှာ သဲကန္တာရခရီးတွင် ကျွမ်းကျင်၍ လမ်းများကိုသိသည့်အတိုင်း လမ်းပြသဘောဖြင့် ရှေ့ဆုံးမှသွားရခြင်းဖြစ်လေသည်။ အိုလီဗာက အလည်မှတာဝန်ယူရ၏။ ဈေဒရစ်မှာ မျက်စိရှင်ခြင်း နားပါးခြင်းတို့ကြောင့် နောက်ဆုံးမှ ကုလားအုပ်များကို ထိန်း၍လိုက်ရ၏။

ကျွန်ုပ်တို့၏လက်ယာဘက်တွင် ဟာမာ့(ခ်)မြို့ တည်ရှိ၍ . . . ဒိုင်းနမိုင်းနှင့် ကျွန်ုပ်တို့ဖောက်ခွဲခဲ့သော တံခါးကြီးမှာ ပြန်၍ပြုပြင်ထားသော်လည်း လူဝင်လူထွက်ဟူ၍ မမြင်ရချေ၊ ဂျုံပင်ပြောင်းပင်တို့မှာလည်း အသီးအနှံများဖြင့် ဝေလျက်ရှိလေရာ မရိတ်မသိမ်းရသေးသည်ကိုထောက်သော် ဖန်းတို့သည် မြို့ကိုစွန့်ပစ်သွားကြောင်း ထင်ရှား၏။ ထို့နောက် ဟာမာ့ခ်တောင်ကြားသို့ရောက်လာခဲ့ကြရာ . . . ဦးခေါင်းမှာပြုတ်ထွက်လွင့်စင်သွားပြီဖြစ်၍ ကိုယ်ချည်းသာကျန်ရစ်ခဲ့သော ရုပ်တုကြီးကို မြင်ကြရ၏။ ခြင်္သေ့များထားသည့် ဝင်းခြံများအတွင်းမှလည်း မည်သည့်အသံကိုမျှ မကြားရချေ။ ဟစ်ကမူ ရုပ်တုကြီးအနီးတစ်နေရာတွင် စခန်းချကာ . . . ရုပ်တုကြီးကိုဓာတ်ပုံရိုက်၍မယူနိုင်စေကာမူ နံနက်လင်းသောအခါ ပုံကြမ်းရေးဆွဲယူလိုကြောင်းနှင့်ပင် ပြောသေး၏။

သို့သော် . . . ကျွန်ုပ်တို့က မရပ်ဘဲ ဆက်လက်သွားကြရာ ဖာရီအား ရှာဒရက်က အဆိပ်ကျွေး၍သတ်ရန်ကြံစည်သော ရွာပျက်ကလေးနှင့် ရင်ဆောင်တန်းလောက်ကျသော နေရာသို့ နေဝင်လုချိန်တွင် ရောက်လာကြ၍ ထိုနေရာ၌ ရေများပေါသည့်ပြင် ကုလားအုပ်များအားကျွေးရန် ပြောင်းခင်းကလေးတစ်ခုကိုလည်း တွေ့ရသဖြင့် စခန်းချကြလေ၏။ ဘေးအန္တရာယ်အတွက် စိုးရိမ်သဖြင့် ရှောဒရစ်အား အလင်းရောင်မပျောက်သေးမီ အနီးပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်ရှုစေရာ . . . တစ်စုံတစ်ရာ မတွေ့ရကြောင်း ပြောသဖြင့် ကျွန်ုပ်တို့လည်း အက်ဗတီများထည့်ပေးလိုက်သော အစားအစာများကို အဆိပ်ဆေးများခပ်ထားလေမည်လောဟု စိတ်တထင့်ထင့်နှင့်ပင် စားသောက်ကြရ၏။ ထို့နောက် ရှေ့သို့သွားရမည့် ခရီးစဉ်အတွက် စည်းဝေးတိုင်ပင်လျက်ရှိကြလေသည်။ ကျွန်ုပ်တို့၏ ပြဿနာမှာ အီဂျစ်ပြည်သို့သွားရာ လမ်းဟောင်းကြီးအတိုင်းပင်လိုက်မည်လော၊ သို့မဟုတ် ထိုအချိန်၌ ညွှန်များမှာခြောက်သွေ့နေပြီဖြစ်၍ ညွှန်များကိုကျော်ကာ . . . ရှာဒရက်ပြောဖူးသည့် မြောက်ဘက်သို့တည့်တည့်ပေါက်၍သွားသော လမ်းအတိုင်းပင် သွားမည်လောဟူသော ပြဿနာပင်ဖြစ်လေသည်။ မြေပုံအရလမ်းမှာ အီဂျစ်ပြည်သို့သွားသည့် လမ်းဟောင်းထက် တိုသဖြင့် များစွာခရီးရောက်နိုင်ပေမည်။

ဟစ်က လမ်းတိုကိုလိုက်ရန် အကြံပေး၏။ (နောင် ကျွန်ုပ်သိရသည်မှာ ဟစ်သည် ဤလမ်းတွင် ကျောက်စာဟောင်းများ တွေ့မည်အထင်နှင့် အကြံပေးခြင်းဖြစ်လေသည်။) ကျွန်ုပ်ကမူ ကျွန်ုပ်တို့သိကျွမ်းပြီးဖြစ်သည့် လမ်းဟောင်းကြီးအတိုင်းသွားလို၏။ အဘယ်ကြောင့်ဆိုသော် . . . ထိုလမ်းကြီးမှာ အလွန်ရှည်၍ ပင်ပန်းသော်လည်း ဘေးရန်နည်းပါး၏။ ကျယ်ပြန့်သော

သဲကန္တာရဖြစ်သဖြင့်လည်း ကျွန်ုပ်တို့လိုက်လံတိုက်ခိုက်မည့်သူ ရှိမည်မထင်ချေ။ ကပ္ပတိန်အိုလီဗာကား ကျွန်ုပ်တို့ပြောသမျှ စကားကိုသာ နားထောင်လျက် သူ၏သဘောကိုမူ ဖွင့်၍မပြောသေးချေ။

ကျွန်ုပ်တို့၏ပြဿနာကို ရှောဒရစ်က ဝင်၍တစ်နည်းရှင်းလင်းပြပြန်၏။ ညနေ နေဝင်လုနီးအချိန်က သူ ကင်းထောက်လှည့်လည်ကြည့်ရှုရာ . . . လူသူအစအနဟူ၍ မတွေ့ရသည်မှန်သော်လည်း ကျွန်ုပ်တို့ယခုနေထိုင်သောနေရာနှင့် ကိုက် ၁၀၀၀ မျှပင်မဝေးသောနေရာ၌ ခြေရာပေါင်းမြောက်မြားစွာ နင်းသွားသော လမ်းကြောင်းကြီးတစ်ခုကို တွေ့ရကြောင်း၊ ၎င်းမှာ ဖန်းစစ်တပ်ကြီးပင်ဖြစ်ရမည်ဖြစ်၍ မြောက်ဘက်သို့ ကျွန်ုပ်တို့သွားက ဖန်းများနှင့် တွေ့ရန်ရှိကြောင်း ပြောပြလေသည်။ ထိုအခါ ကျွန်ုပ်က . . .

"ဒါဖြင့် သူတို့ဘယ်သွားတယ် မင်းထင်သလဲ ရှောဒရစ်"

"မသိနိုင်ဘူး အဘ . . . မားမြို့ကို တိုက်ရအောင်သွားတာပဲလား . . . ဒါမှမဟုတ်ရင် . . . ဟို မြောက်ဘက်ဖျားမှာ သူတို့နေဖို့ နေရာသစ်များ ရှာဖို့ပဲ သွားသလား . . . မပြောတတ်ဘူး"

"ကိုင်း . . . ဒီတော့ ကျုပ်တို့လမ်းဟောင်းကြီးအတိုင်း လိုက်ကြရုံပေါ့ဗျာ၊ ကျုပ်လည်း ဒီလမ်းအကြောင်းကို ကောင်းကောင်းသိပါတယ် . . . အခုတော့ ကျုပ်တို့ ခဏနားကြဦးမှဖြစ်မယ် . . ."

ကျွန်ုပ်တို့သည် ကောင်းစွာအိပ်စက်ကြ၍ နံနက် ၂ နာရီတွင် အိပ်ရာမှထပြီးလျှင် ခရီးဆက်လက်ထွက်ရန် ပြင်ဆင်ကြပြီးနောက် . . . နံနက်မိုးမသောက်မီပင် စခန်းမှ ထွက်ခဲ့ကြလေပြီ၊

ရှေ့ဒရစ်ပြောသောနေရာသို့ ရောက်သောအခါ ထောင်ပေါင်းများစွာ လူများနင်းသွားသော ခြေရာလမ်းကြောင်းကြီးကို တွေ့ရ၏။ ထိုနောက်မှ ကုလားအုပ်များနှင့် မြင်းများ၏ခြေရာများလည်း ထပ်လျက်ရှိသည့်ပြင် စစ်သားခေါင်းစွပ်တစ်ခုနှင့် မြားကျိုးတစ်ချောင်းကိုကောက်၍ရသဖြင့် ၎င်းတို့မှာ အခြားလူမျိုးများမဖြစ်နိုင်ဘဲ ဖန်းစစ်သားများသာဖြစ်ရမည်ဟု တစ်ထစ်ချတွက်ကြရ၏။ မည်သည့်သက်ရှိသတ္တဝါကိုမျှ မတွေ့ရသဖြင့် ကျွန်ုပ်တို့လည်း စိတ်လက်အေးချမ်းစွာ ဆက်လက်သွားကြရာ နေ့လယ်လောက်တွင် “အီဗာ”မြစ်သို့ ရောက်လာသဖြင့် မြစ်ရေလည်း တိမ်သောကြောင့် အလွယ်တကူပင် ဖြတ်ကူးနိုင်ကြလေသည်။ ညနေစောင်းသို့ရောက်သောအခါ မြေသည် မြစ်ရှိရာမှ တဖြည်းဖြည်း မြင့်တက်သွားသည့်ပြင် . . . တောများလည်း ထူထပ်လာသဖြင့် ထိုည၌ ကျွန်ုပ်တို့သည် တောစပ်တွင် စခန်းချကြရလေ၏။

နံနက် ဝေလီဝေလင်းတွင် ကုလားအုပ်များအား စောင့်ရန် အစောင့်ချထားသော ဟာစ်သည် ကျွန်ုပ်အားလာ၍နှိုးသဖြင့် ကျွန်ုပ်လည်း အိပ်ရာမှ ထရလေ၏။

“အိုင်ဆေး ဒေါက်တာ ခင်ဗျာ့ကိုနှောင့်ယှက်တယ်လည်း မထင်နဲ့နော် . . . ဟိုမှာကြည့်လိုက်စမ်း”

ကျွန်ုပ်လည်း ဟာစ်ညွှန်ပြရာသို့ ကြည့်လိုက်ရာ . . . ကျွန်ုပ်တို့ထွက်လာခဲ့သော မားတောင်တန်းများကို ခပ်ရေးရေးမျှမြင်ရလျက် . . . ၎င်းအပေါ်တွင် နီရဲလျက်ရှိသော အရောင်ကိုမြင်ရသဖြင့် အိုလီဗာထံ အကျိုးအကြောင်းကိုသွားရောက်ပြောဆိုလေ၏။ အိုလီဗာ၏မျက်လုံးများနီလျက် . . . မာကွီဒါ၏လက်ထပ်ပွဲကျင်းပသော ညဖြစ်သဖြင့် တစ်ညလုံးအိပ်စက်ဟန် မတူချေ။

သူသည် သက်ပြင်းချလိုက်ကာ . . . မားတောင်တန်းများဆီသို့ ကြည့်လျက် . . .

“မားမြို့ကြီးတော့ ပြာကျပြီထင်တယ် . . . ဒေါက်တာ ဘုရားသခင် ကယ်တော်မူမှပဲ”

ထိုအချိန်၌ ရှေ့ဒရစ်လည်း ကျွန်ုပ်ထံသို့ရောက်လာပြီဖြစ်၍ . . .

“မားမြို့ကြီးကို ဖန်းတွေက မီးရှို့ပြီထင်တယ်၊ လက်ထပ်ပွဲကျင်းပနေတဲ့ ဂျိုရှူအာတော့ ဘယ်လိုနေမလဲ မပြောတတ်ဘူး၊ ဗာရန်က သူ့အပေါ် ဘယ်တော့မှ အခဲမကျေဘူး”

ဟု ဝင်၍ပြောလေ၏။

“အင်း . . . မာကွီဒါတစ်ယောက်တော့ သနားစရာပေပဲ ပရော်ဖက်ဆာ . . .”

“တိုင်းပြည်ကို သစ္စာစောင့်သလောက် . . . ယောက်ျားတွေအပေါ်မှာ ရူပါရုံနဲ့ဘမ်းပြပြီး ဖမ်းစားနေတဲ့စုန်းမကလေးပေါ့ဗျာ . . . နို့ပေမယ့် ကျုပ်တို့ကို ကုလားအုပ်တွေနဲ့ စားရေရိက္ခာတွေ ပေးလိုက်လို့ တော်ပါသေးရဲ့”

ထိုနေ့၌ ကျွန်ုပ်တို့သည် ခရီးအတော်ပန်းနေသည့်ပြင် နောက်မှ ဘေးအန္တရာယ်ကိုလည်း စိုးရိမ်ရန်မရှိတော့သဖြင့် ခပ်ဖြည်းဖြည်းသာ သွားကြ၏။ ကျွန်ုပ်တို့ရှေ့တွင် အလွန်နက်သော ကန္တာရကြီးကိုဖြတ်ရမည်ဖြစ်၍ စမ်းချောင်းကလေးတစ်ခုနံဘေး၌ စခန်းချကာ . . . ကုလားအုပ်များကိုလည်း ရေအဝတိုက်ကြရ၏။ နံနက်မိုးသောက်လတ်သော် . . . အစောင့်ကျသော ရှေ့ဒရစ်က ကျွန်ုပ်တို့အား အလန့်တကြားခေါ်လိုက်သဖြင့် ကျွန်ုပ်တို့လည်း ရိုင်ဖယ်များကို အသင့်ကိုင်ထားကြပြီးနောက် ကျွန်ုပ်က . . .

“ဘာလဲ ရှေ့ဒရစ် . . . ရန်သူဘယ်မှာလဲ”

"ဟိုမှာ . . . ဟိုမှာ . . . ကြည့်လိုက်ကြမ်း"

ခြုံပုတ်များကို ကွေ့သွားပြီးနောက် . . . ကျွန်ုပ်တို့သည် ရှော့ဒရစ်ညွှန်ပြသော နေရာသို့ကြည့်လိုက်ရာ . . . တောင်ကမူကလေးတစ်ခုပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသော မြင်းတစ်စီးပေါ်မှ ပုံသဏ္ဍာန်တစ်ခုကိုတွေ့မြင်ရလေ၏။ ထိုသဏ္ဍာန်မှာ မျက်နှာနှင့်တကွ တစ်ကိုယ်လုံး အဝတ်နက်ကြီးကို ခြုံထားပြီးလျှင် ကျွန်ုပ်တို့စခန်းချသော နေရာသို့ သူလျှိုတစ်ယောက်ကဲ့သို့ ကြည့်ရှုနေသည်ကို တွေ့ရလေ၏။

"ဟာစ်" သည် သေနတ်ကိုမြှောက်၍ ချိန်လိုက်ပြီးနောက် မောင်းဖြုတ်လိုက်လေ၏။ သို့သော် သူ့အနီး၌ ရပ်နေသော အိုလီဗာက ပြောင်းကိုလက်နှင့်ကိုင်၍ မြှောက်လိုက်သဖြင့် ကျည်ဆံမှာ မြင့်တက်သွားလေသည်။

"မလုပ်ပါနဲ့ ဆရာကြီးရဲ့ ရန်သူကတစ်ယောက်ထဲပဲ ပစ်ဖို့မလိုပါဘူး"

ထိုအချိန်၌ မြင်းစီးသမားသည် မောပန်း၍ ခေါင်းစိုက်စိုက်ကျလျက်ရှိသောမြင်းကို တစ်ဖန်နှင်ကာ ကျွန်ုပ်တို့ရှိရာသို့တဖြည်းဖြည်း လာလျက်ရှိရာ . . . လူလုံးလှဖန်မှာ ငယ်လွန်းလှသဖြင့် ကျွန်ုပ်က "ကလေးတစ်ယောက် ထင်ပါရဲ့ဗျာ . . . ကျုပ်တို့ဆီ သဝဏ်လွှာများကို လိုက်ပို့တဲ့ကလေးများလား မပြောတတ်ဘူး"

မြင်းစီးသမားသည် ကျွန်ုပ်တို့အနီးသို့ ရောက်လတ်သော် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးလျှင် . . . ငြိမ်သက်စွာရှိနေလေ၏။ ထိုအခါ အိုလီဗာသည် ၎င်းအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် . . .

"သင် ဘယ်သူလဲ"

(ခပ်ဝါးဝါးအသံဖြင့်) "ကျွန်ုပ်ကား သင်တို့ထံ အထိမ်းအမှတ်တစ်ခု ယူလာသူဖြစ်ပါသည်။ ဤသည်ကားကျွန်ုပ်ယူလာသော အထိမ်းအမှတ်ပင် ဖြစ်ပါသည်"

ထိုသူသည် ပြောပြောဆိုဆိုနှင့်ပင် ဝတ်လုံတွင်းမှ လက်တစ်ဘက်ကို ထုတ်ပြီးနောက် အိုလီဗာအား လက်စွပ်တစ်ကွင်းကို လှမ်း၍ပေးလိုက်လေ၏။ ကျွန်ုပ်က . . . ဤလက်စွပ်ကို မြင်လိုက်ပြီး မာကွီဒါဘုရင်မက သူ၏ကတိသစ္စာတည်သော အထိမ်းအမှတ်အဖြစ်ဖြင့် . . . ကျွန်ုပ်အားပေးအပ်လိုက်ဖူးသော ရှီဗာဘုရင်မ၏ လက်စွပ်ဖြစ်ကြောင်း သိလေပြီ . . . အိုလီဗာသည် ထိုလက်စွပ်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် စိတ်မကောင်းဖြစ်ကာ . . . မျက်နှာပျက်၍သွား၏။ ထို့နောက် ခက်ထန်သော အသံဖြင့် "သင်ဤလက်စွပ်ကို မည်သို့ရရှိခဲ့သနည်း ဤလက်စွပ်ကို ဝတ်ပိုင်ခွင့်ရှိသူကား သေလေပြီလော . . ."

"မှန်ပါသည် သခင် . . . နှင်းဆီမယ်မှာ ကွယ်လွန်ပြီဖြစ်၍ သူ၏တန်ခိုးအာဏာအတွက် အထိမ်းအမှတ်တစ်ခုဖြစ်သည့် ဤရှေးဟောင်းပစ္စည်းမှာ အသုံးမဝင်တော့သဖြင့် နောက်ဆုံးအချိန် သူအမှတ်ရသော သင့်ထံပို့လိုက်ခြင်းဖြစ်ပါသည်။"

အိုလီဗာသည် မျက်နှာကို လက်နှစ်ဘက်ဖြင့်အုပ်ကာ အခြားတစ်ဘက်သို့ လှည့်လိုက်လေ၏။ ထိုအခါ မြင်းစီးသမားကလေးက ဆက်လက်၍ . . .

"သို့သော် . . . သင်နှင့်တစ်ကြိမ်က မေတ္တာရှိခဲ့ဖူးသည်ဆိုသော မာကွီဒါဆိုသူမိန်းမကား . . ."

အိုလီဗာသည် လက်နှစ်ဘက်ကို ချလိုက်ပြီးနောက် ၎င်းအားစိုက်ကြည့်နေလေသည်။

"သင် . . . တစ်ကြိမ်က ချစ်ခဲ့ဖူးသည်ဆိုသော မာကွီဒါ

ကား . . . အသက်ရှင်လျက်ရှိပါသည်”

ထိုအချိန်၌ မြင်းစီးသမား၏ဦးခေါင်း၌ စွပ်ထားသော အဝတ်သည် နောက်သို့လန်၍ကျသွားသဖြင့် . . . အဝတ်အောက်မှ မျက်နှာကို ထွက်ပြူစ နေရောင်အောက်တွင် . . . ကျွန်ုပ်တို့ ကောင်းစွာမြင်ရလေတော့၏။

ထိုမျက်နှာကား . . . မာကွီဒါ၏မျက်နှာပေတည်း။

ကျွန်ုပ်တို့လူစုကား ကြက်သေ သေကာ ဆိတ်ငြိမ်လျက်ရှိလေ၏။ ထိုအခါ မာကွီဒါက . . .

“အို . . . သခင် အိုလီဗာ . . . ကျွန်ုပ်၏လက်ဆောင်ကို သင်လက်ခံပါမည်လော”

ဟု မေးလိုက်လေသတည်း။

* * * * *

မာကွီဒါကိုယ်တိုင်ရေးသားသောမှတ်တမ်း

ကျွန်ုပ် မာကွီဒါသည် ဤမှတ်တမ်းကို ကျွန်ုပ်၏အရှင်သခင်ဖြစ်သူ အိုလီဗာ၏ အခွင့်အမိန့်အရ ရေးသားခြင်းဖြစ်ပါသည်။

အမှန်ဆိုသော် ယောက်ျားများသည် လူအများဖြစ်ကြ၍ အိုလီဗာမှာ ဉာဏ်ပညာအရည်အချင်းအားဖြင့် မျက်မှန်နက်ကြီး ဆေးဆရာကြီးတို့နှင့် တူညီသော်လည်း “အ အဆုံး” လူတစ်ယောက်ဖြစ်ပါသည်။ ရှော့ဒရစ်ဆိုသော သူငယ်သာ အတော်အကင်းပါး၍ ကျွန်ုပ်၏အကြံအစည်နှင့် ရည်ရွယ်ချက်ကိုမြင်သူဖြစ်လေသည်။ သို့သော် ကိုယ်တိုင်နှင့်တကွ အပေါင်းအဖော်များ၏အသက်ကိုပါ ချမ်းသာရစေရန် သူဖွင့်၍မပြောဘဲ နေခဲ့လေသည်။

ကျွန်ုပ်မှာ စာပေရေးသားရာတွင် မကျွမ်းကျင်သဖြင့် ကျွန်ုပ်၏အဖြစ်အပျက် လိုရင်းကိုသာ တိုတိုတုတ်တုတ်နှင့်ရေးသားရပါမည်။

ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏အရှင်သခင် အိုလီဗာ သူ၏အပေါင်းအဖော်များကိုပါ ကျောက်ဂူအတွင်းမှယူဆောင်သွားခြင်းခံရပါသည်။ ထိုအခါ ကျွန်ုပ်မှာ မိမိကိုယ်ကိုမိမိ အဆုံးစီရင်ရန်

တရားစီရင်ရန် ကျွန်ုပ်ရှေ့သို့ ယူဆောင်လာသောအခါ ကျွန်ုပ်သည် သူတို့အား . . . ပြောင်လှောင်ပါတော့သည်၊ သူတို့သည် "တကယ့် လူအ"များဖြစ်ကြသည့်အတိုင်း ကျွန်ုပ်ပြုလုပ်သည်ကို အကယ်ထင်မှတ်ကြပါသည်။ ကျွန်ုပ်၏မျက်နှာကိုလှစ်ပြသောအခါ ကျွန်ုပ်၏မျက်လုံးကို သူတို့ထင်သည့်အတိုင်း တွေ့မြင်သွားကြပါသည်။ သို့သော် . . . ကျွန်ုပ်သည် မိန်းမတစ်ယောက်ဖြစ်၍ မိန်းမများသည် မျက်လုံးကိုမာယာဖြင့် ထားချင်သလိုထားနိုင်သည်ဆိုသောအချက်ကို သူတို့မေ့လျော့သွားကြဟန်တူပါသည်။ အိုလီဗာသည် လူရိုးထဲတွင် "အရိုးဆုံး" လူအထဲတွင် "အ အဆုံး" လူတစ်ယောက်ဖြစ်သည့်အတိုင်း မိန်းမများ၌ အဆမတန်ဆန်းကြယ်များပြားလှသော မာယာများရှိ၍ သူတို့လိုအပ်သောအခါ ထင်သလိုကစားနိုင်ကြောင်း သူမရိပ်မိပါ။ ကျွန်ုပ်မှာ သူတို့ကိုသာ လိမ်လည်ရသည်မဟုတ်၊ ကျွန်ုပ်၏မြည်သား အက်ဗတီများကိုလည်း တစ်ဘက်က လိမ်ရပါသေးသည်။ အကယ်၍ အက်ဗတီများကသာ ကျွန်ုပ်လိမ်လည်ကြောင်းသိက အိုလီဗာတို့လူစုမှာ ထိုနေရာ၌ပင် ခေါင်းတစ်ခြား ကိုယ်တစ်ခြား ခြေလက်တစ်ခြား ဖြစ်သွားဖို့ရှိပါသည်။ ကျွန်ုပ်လိမ်လည်သည်ကို ကျွန်ုပ်မငြင်းပါ။ ယောကျ်ားများအပေါ်၌ မာယာဖြင့်လှည့်ပတ်ဖြားယောင်းခြင်းသည် မိန်းမများတွင် အဆိုးရွားဆုံးသော အပြုအမူဖြစ်ရကား ကျွန်ုပ်မှာ . . . ကျွန်ုပ်၏အရှင်သခင် လင်ယောကျ်ားလောင်း ကျွန်ုပ်၏ အချစ်ဖြစ်သူအား . . . ပြောင်ပြောင်ကြီးလိမ်လိုက်ခြင်းအတွက် ကမ္ဘာပေါ်တွင် ကျွန်ုပ်ထက်ဆိုးရွားသောမိန်းမ ကျွန်ုပ်ထက် သစ္စာမဲ့သောမိန်းမ ကျွန်ုပ်ထက် ယုတ်ညံ့သောမိန်းမ မရှိသကဲ့သို့ ဖြစ်၍သွားပါသည်။

ထိုအခါ သူတို့လူစုသည် ကျွန်ုပ်ပေးသမျှပစ္စည်းများနှင့်

မားမြို့မှ ထွက်ခွာသွားကြပါသည်။ အိုလီဗာသည်လည်းကောင်း သူ့အဖော်များသည်လည်းကောင်း ပစ္စည်းကိုတပ်မက်သူများ မဟုတ်သည်ကို ကျွန်ုပ်သိပါသည်။ မျက်မှန်နက်ကြီးကလည်း အဖိုးမတန်သော ရှေးပစ္စည်းအတိုအစကလေးများကိုသာ ကြိုက်နှစ်သက်သူဖြစ်၏။ ဆေးဆရာကြီး "အဒမ်"ကလည်း အခြားရည်ရွယ်ချက်မရှိ နှစ်ပေါင်းများစွာက ပျောက်ဆုံးသွားခဲ့သော သူ၏သားနှင့်တွေ့ရန်သာ ရည်ရွယ်ချက်ရှိပါသည်။ ကံကောင်းထောက်မသဖြင့် တွေ့လည်းတွေ့ရပါပြီ၊ သူတို့အားလုံးပင် မည်သူတစ်ဦးတစ်ယောက်မျှ လောဘဇောတိုက်သူများမဟုတ်၊ အထူးသဖြင့် အိုလီဗာမှာ ရွှေငွေပစ္စည်း ဘဏ္ဍာထက် စွန့်စားမှု ယောကျ်ားပီသမှုကို ပို၍နှစ်သက်လိုလားသူတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ ၎င်းနောက် သူတို့ထွက်သွားကြောင်း ကြားရသည့်နှင့်တစ်ပြိုင်နက် အိုလီဗာသည် ကျွန်ုပ်အပေါ်တွင် အထင်လွဲတော့မည့်အကြောင်းကို စဉ်းစားမိသောအခါ ကျွန်ုပ်၏အသည်းနှလုံးမှာ မီးကဲ့သို့ပူပါတော့သည်။ ကျွန်ုပ်မှာ ဂျိုရှူအာ၏ မယားဖြစ်သွားပြီဟု သူအောက်မေ့တော့မည်၊ ဩော် . . . လူအ . . . လူအ . . . မိန်းမတို့မာယာကိုမှ မသိပါတကား . . . ကျွန်ုပ်မရေးနိုင်တော့ပြီ၊ ဤဘဝ၌ အမှန်ကိုမသိခဲ့သော . . . "သေခြင်း"ကိုကျော်လွန်ပြီးသည့်နောက် ကျွန်ုပ်တို့အချင်းချင်း တွေ့ဆုံကြသောအခါ ကျွန်ုပ်ပြောပြရပေတော့မည်။ သူတို့လူစုအား လိုက်၍မမီတော့ကြောင်း သိသောအခါ ဂျိုရှူအာအား အမှန်ကိုဖွင့်ပြော၍ သူတို့မျက်စိအောက်၌ပင် ကျွန်ုပ်ကိုယ်ကို အဆုံးစီရင်လိုက်ခြင်းဖြင့် ရာဇဝင်ကို တွင်စေတော့မည်ဟု စိတ်ကူးမိ၏။ သို့နှင့် ကျွန်ုပ်၏ကိုယ်ရံအောက် ရင်ခွင်ထဲတွင် ထက်လှစွာသော ဓားမြှောင်တစ်လက်ကို အသင့်ဆောင်ထား၏။

သို့နှင့် ကျွန်ုပ်သည် ပထမဧည့်ခံပွဲသဘင်၌ မျက်နှာကို အစဉ်မပြတ် ခပ်ပြုံးပြုံးထား၍နေ၏။ ရှေးထုံးစံအတိုင်း ဖန်ခွက်တစ်ခွက်ကို ခွဲကာ လက်ထပ်ပွဲကိုအထမြောက်စေပြီးနောက် ဂျိုရှူအာသည် နေရာမှရပ်ကာ ဘုန်းကြီးများ မင်းညီမင်းသားများ စစ်ဗိုလ် စစ်သားများ နယ်စားများ အစရှိသော မင်းပရိသတ်ကြီး ရှေ့တွင် လက်ထပ်မင်္ဂလာ ခိုင်မြဲမှုအတွက် ကျမ်းသစ္စာကျိန်ဆိုလေ၏။ ကျွန်ုပ်၏အကြံအစည်ကား . . . နီးသည်ထက်နီးကပ်၍လာခဲ့လေပြီ . . .။

ဘုရားသခင်၏ ဝိညာဉ်တော်က ဖွင့်ဟပြောဆိုဘိသကဲ့သို့ ကျွန်ုပ်မြင်မက်ခဲ့သော အိပ်မက်သည်လည်း မှန်ကန်တော့၏။ အလွန်ဝေးလံသော အရပ်မှ ကျယ်လောင်သောအသံတစ်ခုကို ရှေးဦးစွာ ကြားလိုက်ရပြီးနောက် ကျယ်လောင်သောအသံများနှင့် အတူ ဟစ်၍အော်သံများ ကြားရလေ၏။ ထိုဝေးလံသော အရပ်မှ မီးရှူးမီးပန်းများ ပျံသန်းနေသည်ကိုလည်း မြင်ကြရ၏။ အက်ဗတီများသည် တစ်ယောက်ကိုတစ်ယောက် . . .

“ဘာလဲ . . . ဘာဖြစ်တာပါလိမ့်”

ဟု အချင်းချင်း မိမိအနီးရှိလူများအား တစ်ယောက်တစ်ခွန်း မေးမြန်းရာမှ ထောင်ပေါင်းများစွာသော အက်ဗတီတို့၏ တစ်ခဲနက်သောအသံကြီးဖြင့် . . .

“ဖန်း . . . ဖန်း . . . ဖန်းတွေ ဝင် လာကုန်ပြီ . . . ပြေးကြ . . . ပြေး . . . ပြေးကြ”

ဟူသောအသံကြီးများကို ကြားရလေ၏။

ထိုအခါ ဂျိုရှူအာသည် ကျွန်ုပ်၏လက်ကိုဆွဲ၍ ခေါ်လေရာ ကျွန်ုပ်သည် ရင်ခွင်ထဲတွင် ဝှက်ထားသော ဓားမြှောင်ကို ထုတ်လိုက်သည်နှင့် ကျွန်ုပ်၏လက်ကို လွှတ်လိုက်ပါသည်။ ထိုအခါ သူသည် အခြားမှူးမတ်များ စစ်ဗိုလ်များနှင့်အတူ ရောနှော ပြေးလွှားလေရာ ကျွန်ုပ်တစ်ယောက်တည်းသာ ရွှေမျက်နှာကြက်အောက်ရှိ ရာဇပလ္လင်ပေါ်တွင် ကျန်ရစ်ခဲ့တော့၏။ အက်ဗတီတို့ကား . . . တစ်စုံတစ်ရာ ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ကျွန်ုပ်အနီးမှ ဖြတ်ကာ ပြေးလွှားကြလေကုန်၏။ သူတို့သည် ကျောက်တောင်များရှိရာသို့လည်းကောင်း မြေအောက်ကျောက်ဂူမြို့သို့လည်းကောင်း ပြေးလွှားကာ အကြိုအကြားမှန်သမျှတို့၌ ပုန်းအောင်းကြလေရာ . . . ဖန်းတို့သည်လည်း သူတို့နောက်မှလိုက်ကာ တွေ့သမျှတို့ကို သတ်ဖြတ်ကြလေ၏။ အဆောက်အဦမှန်သမျှကို မီးတိုက်ကြလေ၏။ ဓားမြို့ကြီးကား မီးဟုန်းဟုန်းတောက်လျက်ရှိလေရာ . . . ကျွန်ုပ်မှာမူ နေရာမှ မရွေ့ဘဲ ကြည့်ရှုလျက် သေရမည့်အချိန်ကိုသာ စောင့်ဆိုင်း၍နေမိလေ၏။

မည်မျှလောက် အချိန်ကြာသည်မသိ နောက်ဆုံး၌“ဗာရန်” သည် သွေးချင်းချင်းနီပြီးလျှင် . . . သွေးအစက်စက်ကျလျက်ရှိသော ဓားကြီးကိုကိုင်ကာ . . . ကျွန်ုပ်ရှေ့သို့ရောက်လာ၍ ဓားကိုမြှောက်ပြီးလျှင် . . . ကျွန်ုပ်အား အရိုအသေပြုပြီးနောက် . . .

“အသင့်အား နှုတ်ဆက်ပါသည် နှင်းဆီမယ် ဘုရင်မ ဟာမာ့ခ်သည် ဓားသို့ အိပ်စက်ရန် ရောက်လာပါပြီ . . .”

“မှန်ပေသည် ဗာရန် . . . ဟာမာ့ခ်သည် ဓားမြို့၌ အိပ်စက်လေပြီ၊ ဟာမာ့ခ်မြို့သားမြောက်မြားစွာလည်း ရုပ်တုကြီး၏ ဦးခေါင်းနှင့်အတူ အိပ်စက်ကြလေပြီ . . . အသို့နည်းဗာရန် . . . ကျွန်ုပ်ကို သင်သတ်မည်လော . . . သို့မဟုတ် ကျွန်ုပ်ကပဲ သင့်ကို သတ်ရမည်လော . . .”

“မည်သူက မည်သူ့ကိုမျှ သတ်ရန်မရှိပါ . . . ဘုရင်မ ဓားတောင်ကြားဝတွင် အနောက်တိုင်းသား လူဖြူများရှေ့၌

ကျွန်ုပ်ကတိတစ်ခု ထားဖူးသည်မဟုတ်ပါလော . . . ဖန်းတို့ဘုရင်သည် သူ၏ကတိကို ဖျက်ပါမည်လော . . . ကျွန်ုပ်သည် ကျွန်ုပ်ပိုင်ခဲ့သည့် မြို့တော်ဖြစ်သော “မား”ကိုပြန်လည်သိမ်းပိုက်၍ မီးရှို့ကာ စင်ကြယ်အောင် ဆေးကြောလိုက်ခြင်းမျှသာဖြစ်၏။ မြို့တော်ကို ကျွန်ုပ်ပြန်လည်ထူထောင်၍ သင်သည် ကျွန်ုပ်၏လက်အောက်၌ အုပ်စိုးပါလော့ . . .”

ထိုအခါ ကျွန်ုပ်က . . .

“ကျွန်ုပ်အလိုမရှိပါ . . . ဤသို့အုပ်စိုးမည့်အစား သင့်အား ကျွန်ုပ်အချက် ၃ ချက်ကိုသာ တောင်းဆိုလိုပါသည်”

“ပြောပါလော့ . . . ဘုရင်မ . . .”

“ဤသုံးချက်ကား . . . ပထမ ကျွန်ုပ်အား မြင်းကောင်းတစ်စီးနှင့် စားရေရိက္ခာ ၅ ရက်စာပေးပြီးနောက် ကျွန်ုပ်သွားလိုရာ သွားခွင့်ပြုပါလော . . . ဒုတိယအချက်မှာ အကယ်၍ ကျွန်ုပ်၏အဆွေတော် တောင်ပေါ်သား စစ်ဗိုလ်တစ်ဦးဖြစ်သော ဂျေဗက်သည် အသက်ရှင်လျက်ရှိနေသေးပါက သူ့အား ရာထူးများပေးအပ် ချီးမြှင့်ပါလော့ . . . တတိယအချက်ကား ကျန်အက်ဗတီများအား ၎င်းတို့၏အသက်ကို ချမ်းသာပေးပါလော့ . . .”

“အသင်အလိုရှိရာသို့ သွားပါလော့ . . .၊ အသင်သွားမည့်အရပ်ကိုလည်း ကျွန်ုပ်သိသည်ထင်ပါသည် . . . အက်ဗတီတို့မသိသော လျှို့ဝှက်သော မားတောင်ကြားလမ်းဆီသို့ ကျွန်ုပ်သည် စစ်သည်တော်များနှင့် ချီတက်လာစဉ် ကျွန်ုပ်၏ရှေ့တော်ပြေး သူလျှိုများက လူဖြူ ၄ ယောက်တို့သည် ကုလားအုပ်များနှင့် အီဂျစ်ပြည်ဘက်သို့ သွားသည်ကိုတွေ့လိုက်ရကြောင်းနှင့် ကျွန်ုပ်ထံ သတင်းပို့လာပါသည်။ ထိုအခါ ကျွန်ုပ်က ၎င်းတို့အား တစ်စုံတစ်ရာအနှောင့်အယှက်မပေးဘဲ သူတို့သွားလိုရာ သွားစေရန် သူလျှိုများအား အမိန့်ပေးလိုက်ပါသည်။ တစ်ယောက်မှာ ကျွန်ုပ်၏သားသမက်ဖြစ်သော်လည်း ကျွန်ုပ်တို့ထံမှ ထွက်ပြေးသူဖြစ်၍ ကျွန်ုပ်၏သမီးက ၎င်းအား စွန့်ပစ်လိုက်ပြီးဖြစ်ပါသည်။

“မှန်ပေသည် . . . ဗာရန် . . . ထိုအနောက်တိုင်းသား လူဖြူများနောက်သို့ ကျွန်ုပ်လိုက်အံ့ . . . တိုင်းသစ်ပြည်သစ်များကိုလည်း ကျွန်ုပ်သွားရောက်ကြည့်ရှုလိုသည်”

ထိုအခါ ဗာရန်သည် သူ၏မုတ်ဆိတ်ကြီးကို လက်ဖြင့်သပ်လိုက်ကာ မျက်နှာထား ခပ်ပြုံးပြုံးနှင့် . . .

“အသို့နည်း ဘုရင်မ . . . ယခုအခမ်းအနားသည် သင်၏လက်ထပ်ပွဲပင် မဟုတ်ပါလော . . . သင့်အား တစ်ဘက်သတ်စွဲလန်းနေသူ လူဝကြီး ဂျိုရှုအာနှင့်ပင် သင်လက်ထပ်မည်မဟုတ်ပါလော”

ဟု မေးလေသည်။

သို့နှင့် ကျွန်ုပ်က ရင်ခွင်ထဲတွင် ဝှက်ထားသော ဓားမြှောင်ကို ထုတ်၍ပြကာ ဂျိုရှုအာနှင့်လက်ထပ်မည့်အစား ဤဓားမြှောင်နှင့်သာ လက်ထပ်မည့်အကြောင်း ရှင်းလင်း၍ပြောပြလိုက်၏။

ထိုအခါ ဗာရန်က ပြုံးလျက် . . .

“ဤဓားကား သင်၏စင်ကြယ်သောသွေးကို သောက်ရန်မဟုတ် . . . ယုတ်မာညစ်ညမ်းသော ဂျိုရှုအာ၏သွေးကိုသာ သောက်ရန်ဖြစ်၏။ သို့သော် သင်သည် ရဲရင့်သောမိန်းမတစ်ယောက်ဖြစ်သည့်အတိုင်း သင့်ချစ်သူကို သင့်အသက်နှင့်လဲ၍ပင် ကယ်နိုင်စွမ်းရှိ၏။ သို့သော် . . . သင်စဉ်းစားပါဦးလော . . .’

ဟုပြောပြီးနောက် ဗာရန်က ကျွန်ုပ်သည် ဘုရင်အဆက်ဆက်က ဆင်းသက်အုပ်စိုးလာခဲ့သူ မဟာမျိုး မဟာနွယ်ဖြစ်သည့်အတိုင်း အနောက်တိုင်းသား မျက်နှာဖြူနောက်သို့ လိုက်မည့်

အစား . . . သူနှင့်အတူ ဘုရင်မအဖြစ်ဖြင့် တိုင်းပြည်ကိုအုပ်ချုပ်နေရန် ပြောပါသည်။ သို့သော် ကျွန်ုပ်ကမူ ကျွန်ုပ်၏ချစ်သူနှင့်နေ၍ မဖြစ်နိုင်မှသာ ပြန်လာခဲ့မည့်အကြောင်း ပြောပါသည်။

သို့နှင့် ဗာရန်က . . .

“ကောင်းပါပြီ ဘုရင်မ . . . ဤသို့ဆိုလျှင် ကျွန်ုပ်၏အကောင်းဆုံးသော မြင်းတစ်စီးသည် တံခါးဝ၌စောင့်ဆိုင်းနေလျက် အစောင့်များသည်လည်း အနောက်တိုင်းသား လူဖြူများစခန်းချရာတဲကို သင်တွေ့မြင်နိုင်သည့်အချိန်ထိ သင့်အားစောင့်ရှောက်ကာ လိုက်ကြပါလိမ့်မည်၊ ဆူးတို့အလယ်တွင်ပေါက်အပ်သော “နှင်းဆီပွင့်” ကို ဆွတ်ခူးနိုင်သူသည်ကား ကံကောင်းလေစွ ဂျေဖက်မှာ သူ၏မိတ်ဆွေဖြစ်သော အနောက်တိုင်းသား လူဖြူများကို တိုက်ခိုက်သည့် အက်ဗတီတို့အတွက် ခုခံ၍တိုက်ခိုက်ရန် မလိုလားသဖြင့် ကျွန်ုပ်အောက်သို့ လက်နက်ချကာ ဝင်ရောက်လာပါပြီ၊ သို့နှင့် သူသည် ယခုအခါ ကျွန်ုပ်၏လက်တွင်းတွင်ရှိနေပြီဖြစ်၍ သူ့အား ရာထူးများကို ကျွန်ုပ်ပေးအပ်ပါမည်၊ အက်ဗတီလူမျိုးများကိုလည်း သတ်ဖြတ်ခြင်းမှ ရပ်စဲရန် ကျွန်ုပ်၏လူများအား အမိန့်ပေးလိုက်ပါပြီ . . . သို့သော် တစ်ယောက်သာလျှင် သေရပေမည်၊ ထိုသူကား အခြားမဟုတ် ဂျိုရှုအာပင်ဖြစ်၍ သူသည် မားတောင်ကြား၌ ကျွန်ုပ်အားလှည့်ဖြားကာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြုလုပ်ခဲ့ဖူးသူဖြစ်၏။ သူ့အတွက်ကိုမူ သင်မတောင်းပန်လေနှင့် . . . ကျွန်ုပ်ချမ်းသာမပေးနိုင်တော့ပြီ”

ဟုဆို၏။ ထိုအခါ ကျွန်ုပ်ကလည်း ဗာရန်အမျက်ထွက်မည်စိုးသဖြင့် နောက်ထပ်၍ မတောင်းပန်ဝံ့တော့ပါ။

နံနက်လင်းလျှင် ကျွန်ုပ်လည်း မြင်းစီး၍ ထွက်ခဲ့ရာ ဗာရန်အမိန့်ဖြင့် ဖန်းစစ်မိုလ် ၅ ယောက်တို့သည် ကျွန်ုပ်အား ထက်ကြပ်စောင့်ရှောက်လိုက်ပါလာကြ၏။ ကျွန်ုပ်သည် နန်းတော်ရှေ့ကွက်လပ်သို့ဖြတ်လာစဉ် ဖန်းတို့သည် အက်ဗတီများအား ကျွဲအုပ် နွားအုပ်များမောင်းသကဲ့သို့ မောင်းလာသည်ကို တွေ့ရ၍ ယင်းတို့အထဲတွင် ဂျိုရှုအာကိုလည်း ဖန်းတစ်ယောက်က လည်ပင်းတွင် ကြိုးတပ်၍ ခေါ်လာသည်ကိုမြင်ရ၏။ ဂျိုရှုအာသည် ကျွန်ုပ်ကိုမြင်ရသောအခါ ကျွန်ုပ်၏မြင်းရှေ့တွင် ဒူးထောက်ကာ တောင်းဝန်၏။ ကျွန်ုပ်ကလည်း သူမကောင်းကြံစည်ခြင်းများကို အခွင့်လွှတ်၍ ဗာရန်အား တောင်းပန်ပေး၏။ သို့သော်လည်း ဗာရန်သည် ကျွန်ုပ်၏စကားကို နားမထောင်ချေ။ ကျွန်ုပ်က ဂျိုရှုအာအား ကျွန်ုပ်ကိုယ်တိုင်မှာ ယခုအခါ တန်ခိုးအာဏာမရှိတော့ပြီ၊ ဗာရန်သည်သာလျှင် မားမြို့ကြီးနှင့်တကွ အက်ဗတီတို့၏ သက်ဦးဆံပိုင်ဖြစ်ကြောင်း ပြောပြ၏။ ထိုအခါ ဂျိုရှုအာသည် တောင်းပန်၍အကျိုးမရှိတော့ကြောင်း သိသည်နှင့်တစ်ပြိုင်နက် သတ်မာစွာ ဆဲဆိုပြီးလျှင် ကျွန်ုပ်အားသတ်ရန် ခုန်လိုက်လေ၏။ သို့သော် သူ၏လက်များသည် ကျွန်ုပ်၏ကိုယ်ပေါ်သို့မကျမီ သူ၏အစောင့်ဖြစ်သော ဖန်းလူမျိုးတစ်ယောက်က ကြိုးကိုဆောင့်၍ဆွဲလိုက်သဖြင့် မြေပေါ်သို့လဲကျသွားလေ၏။ ထိုနောက်၌ကား သူ၏မျက်နှာကို ကျွန်ုပ်မမြင်ရတော့ချေ။

ထိုအခါ ရာပေါင်းများစွာသော အက်ဗတီယောကျ်ားများ မိန်းမများ ကလေးသူငယ်တို့သည် သူတို့အား အသက်ဘေးမှ ချမ်းသာပေးရန် ဗာရန်အား တောင်းပန်ပေးပါမည့်အကြောင်းနှင့် ဆူညံစွာ ဟစ်အော်လျက် ရှိကြကုန်၏။ ထိုအခါ ကျွန်ုပ်က . . .

"သင်တို့ ယခုတွေ့ကြုံရသော ဒုက္ခသည်ကား ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ညီသည်တော် တစ်ပြည်သားများ အပေါ်တွင် သူတို့စိတ်ထားယုတ်မာမှုအတွက် ခံစားရသော အကျိုးတရားများ ပေတည်း . . . အကယ်၍ သင်တို့သာ ကျွန်ုပ်တို့နှင့်တကွ တစ်ပြည်သားများအား ကူညီပါက သင်တို့သည် ဖန်းတို့အား ညီညာစွာ မောင်းထုတ်နိုင်မည် မဟုတ်ပါလော . . . သို့သော် သင်တို့ကား သူရဲဘောကြောင်သူများဖြစ်ကြ၏။ ဝန်တိုစိတ်ရှိသူများဖြစ်ကြ၏ . . . သင်တို့ကား ယောကျ်ားကဲ့သို့ လက်နက်ကိုမျှ နိုင်နင်းစွာ ကိုင်နိုင်သူများ မဟုတ်ချေ။ သင်တို့၏မြို့ရိုး မားတောင်တန်းများကိုပင် သင်တို့သည် ကောင်းစွာစောင့်ရှောက်ခြင်းမပြုလိုကြ . . . ထိုသို့တပြီးကား မိမိတို့တိုင်းပြည်ကိုကာကွယ်၍ ခုခံတိုက်ခိုက်ရန် ငြင်းနေသူများသည် အနေးနှင့်အမြန် သတ္တိကောင်းသူများ ကိုယ့်အမျိုးကိုယ်ချစ်သူများ စည်းလုံးညီညွတ်သူများ၏ ခြေဖဝါးအောက်သို့ ကျရောက်အံ့ . . . ကိုယ့်အမျိုးကိုယ်ချစ်၍ စစ်တိုက်ဝံ့သောသူများ၏လက်အောက်သို့ကျွန်သဘောက် အဖြစ်ကျရောက်ကာ . . . သင်တို့ကား အမျိုးပါပျောက်ရတော့အံ့ . . . ဤသည်ကား မားမြို့ကြီးနှင့်တကွ သင်အက်ဗတီတို့အား အုပ်စိုးခဲ့သူ "နှင်းဆီမယ်" ဘွဲ့ခံ ကျွန်ုပ်မာကွီဒါ၏ နောက်ဆုံးစကားများပေတည်း . . ."

ဤသို့ နောက်ဆုံးပြောကြားပြီးနောက် ကျွန်ုပ်လည်း မြင်းကိုနှင်ကာ ဖန်းစစ်ဗိုလ် ၅ ယောက်ခြံရံလျက် မားမြို့ကြီးမှ ထွက်ခဲ့လေ၏။

ယခုကား . . . အို . . . ကျွန်ုပ်၏အရှင်သခင် အိုလီဗာ . . . နောက်ထပ်ရေးရန် မရှိတော့ပြီ . . . ကျွန်ုပ်၏ လိုအင်ဆန္ဒလည်း ပြည့်ဝ၍ ကျွန်ုပ်လိုအပ်သော အချက်ကိုရပေပြီ၊ သင်ကိုယ်တိုင်လည်း မွှန်မြတ်သော နှင်းဆီပန်းကို သင်၏ရင်ပတ်တွင် ဆင်မြန်းရပေပြီ . . . သင်၏အချစ်သည် ကျွန်ုပ်တွင် အမွှန်မြတ်ဆုံးအရာဖြစ်၍ ထိုအချစ်ကို ကျွန်ုပ်သောက်သုံးရပေပြီ၊ ထိုသို့တပြီးကား . . . မားမြို့သို့ပြန်၍ ထီးနန်းစည်းစိမ်ကို ရယူလိုသော ဆန္ဒသည်လည်း ကျွန်ုပ်၌ မရှိတော့ပြီ၊ ကျွန်ုပ်ကား ယခုအခါ ရာဇပလ္လင်ထက်မွှန်မြတ်သော "အချစ်"ကို တွေ့ရပေပြီ။

* * *

မြန်မာဘာသာပြန်ဆိုရေးသားသူ

၁၁–၁၁–၅၂